
www.burmeseclassic.com

...al M...
...lications

အမေ့နှင့်သမီးများ

# ဟောင်စိုင်းထိုင်



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး.......................ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး...........ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး...............ဒို့အရေး

### ပြည်သူ့ သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာအုပ်အမှတ်စဉ်
၁

# ဓနုမိုးကြိုး

## အမေနှင့်သမီးများ

**Royal Snow Publications**

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၇၉၆/ ၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၇၇၂/ ၂၀၀၂ (၈)

**အတွင်းစာစီ**
နဝရတ်
**အတွင်းဖလင်**
ထွန်းဆိုင်

**မျက်နှာဖုံး**
ပန်းချီဝသုန်
ငှင်း၏မိသားစု
**(မစမ်းအေး၊ စပယ်ဖြူ၊ အင်ကြင်းမွှေး)**
မျက်နှာဖုံးဖလင် – Stars
မျက်နှာဖုံးပုံနှိပ် – စာပေလုပ်သား

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်
အုပ်ရေ – ၂၀၀၀

**ပုံနှိပ်/ ထုတ်ဝေ**
ဦးစိုးနိုင်၊ ဓိဇဝါပုံနှိပ်တိုက် (၀၅၇၇၂)၊
၅၅၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့က ပုံနှိပ်၍
ဦးသန်းမြင့်၊ လင်းလင်းစာပေ (၀၁၀၄၀)
၄/ ၂၉၊ မြဝတီမင်းကြီးလမ်း၊ အင်းစိန်
ရန်ကုန်မြို့မှ ထုတ်ဝေသည်။

**အမှာ** ရန်ကုန်မြို့၏ အသည်းနှလုံးရပ်ကွက်ဟု ဆိုအပ်သော ဆူးလေဘုရားလမ်းမကြီးပေါ်မှာ "Sakura" လို မိုးထိုးတိုက်ကြီးများ မတည်ဆောက်ရသေးခင် "Traders" လို ဟိုတယ်ကြီးများ မပေါ်ပေါက်သေးခင်၊ "Super Market" ကြီးတွေ မရှိသေးခင်၊ "Beauty Sloon" တွေ မှိုလိုမပေါက်သေးခင်၊ "Fashin Show" တွေ မလျှောက်ကြသေးခင်၊ "Stage Show" တွေ ပွင့်လင်းရာသီ မဖြစ်သေးခင်၊ Beer Pub နှင့် Night Club တွေ ခေတ်မစားသေးခင်၊ Plaza နှင့် Condomenium တွေ မရှိသေးခင်၊ ၁၉၇၀ ခုနှစ်များ၏အစောပိုင်းတွင် သည်ဝတ္ထု **"အမေနှင့်သမီးများ"** ကို တကယ့်ဖြစ်ရပ်မှန်တစ်ခု အပေါ် အခြေခံကာ ကျွန်တော် ရေးခဲ့ပါသည်။

ဝတ္ထုထွက်သောအခါ ဒါရိုက်တာအောင်မြင့်မြတ်က ဝယ်ယူပြီး **"မိန်းကလေးရှင်ရဲ့ဆန္ဒ"** အမည်ဖြင့် ရုပ်ရှင် ရိုက်ကူးသည်။ ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ၊ ဆွေဇင်ထိုက်၊ မေဝင်းမောင်တို့ ခေါင်းဆောင် ပါဝင်ကြသည်။ ဝါဝါဝင်းရွှေနှင့် ဆွေဇင်ထိုက်တို့ **"ရုပ်ရှင်ထူးချွန်ဆု"** (အကယ်ဒမီ)ရကြသည်။ ဝါဝါဝင်းရွှေမှာ

www.burmeseclassic.com

ဒုတိယအကြိမ်ဖြစ်ပြီး၊ ဆွေဇင်ထိုက်မှာ ပထမအကြိမ်ဖြစ်သည်။

အကယ်ဒမီစည့်ခံပွဲများ ကျင်းပသောအခါ စာရေးသူမှာ ဖိတ်ကြားခြင်း မခံရပါ။ ဝါဝါဝင်းရွှေကသူမ၏ ဒုတိယသားကလေး မွေးဖွားချိန်၌ ဒုတိယအကြိမ်ဆု ရခြင်းဖြစ်၍ သားနှင့်ကံစပ်သည့်အကြောင်း ဧည့်ခံပွဲတွင် ပြောကြားသွားပြီး ဆွေဇင်ထိုက်ကတော့ ဝတ္ထုအခြေခံကောင်းပြီး သရုပ်ဆောင်ရသော ဇာတ်ဆောင်အနေအထား ကောင်း၍ အကယ်ဒမီရခြင်းဖြစ်ကြောင်း ပြောကြားသွားသည်ဟု ရုပ်ရှင်စာစောင်များမှာဖတ်ခဲ့ရသည်။

ယခု ထိုဝတ္ထုကို ဒုတိယအကြိမ်အဖြစ် ပြန်လည်ထုတ်ဝေရာ ခေတ်ကာလ အခြေအနေချင်း များစွာကွာခြားသည်ကို တွေ့ရလိမ့်မည် ဖြစ်သလို "**စာပေဟူသည် ခေတ်၏ကြေးမုံဖြစ်သည်**" ဆိုသော အချက်ကိုလည်း စာဖတ်သူများ သတိထားမိကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မောင်သိန်းဆိုင်

20, Aug, 2002

စိစဉ်သူ
ပန်းချီ–သန်းထွန်းစိုး

20, December. 2002

ရောင်းဈေး
၇၀၀ – ကျပ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

❖ *A Kindom is a nets of families*
*and a family,*
*a small kindom.*

*Martin Farqwhar Tupper*

❖ *Gentleman never breaks*
*a child's heart.*

*Anonymous*

၁ ပုရွက်အုံကို တုတ်နှင့်ဆွလိုက်သည့်ပမာ၊ ရေပြည့်အိုးကို ရိုက်ခွဲလိုက်သည့်နှယ် ဖြစ်ပါသည်။

လူတို့သည် အဆောက်အအုံများထဲမှ လမ်းပေါ်သို့ လျှံကျလာသည်။ တခဏချင်းမှာပင် လမ်းများ၊ ပလက်ဖောင်းများတွင် လူတွေ ဖွေးဖွေးလှုပ်သွားသည်။ ပြည့်သိပ် ကျပ်ညပ်သွားသည်။

ဪ.... လေးနာရီ ထိုးပါပကောလား။

ရုံးဆင်းချိန်ပါကလား။ အလုပ်ပြီးစီးချိန်ပါကလား။

ကော်လာဖြူ လူတန်းစားတို့၏ အိမ်ပြန်ချိန်။

သည်အချိန်မှာ ထာဝရ ကြက်ပျံမကျ စည်ကားလေ့ရှိသော ရန်ကုန်မြို့၏ အသည်းနှလုံး ရုံးရပ်ကွက်သည် ပိုမိုစည်ကားလာတတ်သည်။

သန့်သည် ကြောက်ခမန်းလိလိ များပြားလှသော လူအုပ်ကြီးကို ကြည့်ကာ သက်ပြင်းရှိုက်လိုက်မိသည်။ သက်မ ချလိုက်မိသည်။

*Royal Snow*
*Publications*

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဘတ်စ်ကား မှတ်တိုင်တွင် လွန်ခဲ့သော ဆယ်မိနစ်ကတည်းက ရောက်နေခဲ့သည်။ ဘတ်စ်ကားစီးရန် စောင့်နေခဲ့သည်။ လာသောကားနှင့် လိုက်မည့်လူဦးရေက မမျှတ။ လာသမျှ ကားကို အလုအယက် တက်ကြသည်။ တိုးဝှေ့ တက်ကြသည်။ ကားတိုင်းမှာပင် လူတွေ ပြွတ်သိပ် တွယ်ကပ် ပါသွားကြသည်။

သန့်တို့လို မတိုးနိုင်သော၊ မတွယ်နိုင်သောသူတို့ မှတ်တိုင်တွင် တစ်ပုံတစ်ပင်ကြီး ကျန်ရစ်ခဲ့သည်။ သည်အကြား က ရုံးများ ဆင်းလာပြီ ဆိုသောအခါ....

BURMESE CLASSIC .com

သန့်သည် သက်ပြင်း ရှိုက်လိုက်မိပြန်သည်။

စင်စစ် သည်အဖြစ်က တကယ်တမ်း ဆန်းကြယ်သည် တော့ မဟုတ်။ နေ့စဉ် မြင်နေကျရှုခင်း။ တွေ့နေကျဖြစ်ရပ်။

သန့်သာ ရန်ကုန်မြို့၏ ညနေခင်း ဟူသော ခေါင်းစဉ် ဖြင့် ကဗျာဖွဲ့နွဲ့ရပါလျှင် လေပြေညှင်းတွေ၊ သင်းရနံ့တွေ၊ နီယွန်မီးရောင်တွေအကြောင်း ပါဝင်မည်မဟုတ်ဘဲ ဘတ်စ်ကား ကျပ်တာတွေ၊ အိမ်ပြန်ခက်တာတွေ အကြောင်းများသာ ပါဝင် လိမ့်မည် ထင်သည်။

အခါတိုင်းကလိုသာဆိုလျှင်ဖြင့် လူရှင်းသည်အထိ စောင့်ပါရဲ့။ ကားချောင်သည်အထိ တစ်ခြားမှာ အချိန်ဖြုန်းပါ ရဲ့။ သည်ကနေ့လို စိတ်စော မနေပါဘူး။

သည်ကနေ့ အိမ်သို့ပြန်သွားပြီးနောက် မြို့ထဲသို့





တစ်ခေါက် ပြန်ထွက်ရဦးမည်။ ခြောက်နာရီခွဲပွဲ ရုပ်ရှင်ပြချိန်အမီ ပြန်လာမည်။ ဘာမျှမဝေးသော ခရီးပင် ဖြစ်လင့်ကစား၊ မြို့တော်၏ နယ်နိမိတ် အတွင်းမှာပင် ဖြစ်လင့်ကစား ဘတ်စ်ကား ဆိုသည်မျိုးက အစိုးရတတ်သည်မဟုတ်။ နှစ်နာရီခွဲမျှသော အချိန်ကာလအတွင်း အသွား အပြန် ရနိုင်ပါ့မလား ချင့်ချိန်ရ သေးသည်။ တွက်ရသေးသည်။ တတ်နိုင်သမျှ အချိန်ကို လုပါမှ တော်ကာ ကျပေလိမ့်မည်။

ရန်ကုန်ကလူတွေဟာ နေ့စဉ်နှင့်အမျှ ရှေ့တန်း စစ် မျက်နှာမှာရှိကြသည်။ ထိုစစ်မျက်နှာသည်ကား ဘတ်စ်ကား စစ်မျက်နှာ ဖြစ်သည်ဟူသော သူငယ်ချင်းတစ်ယောက်၏ ပြောစကားကို ကြားယောင်ရကာ အထီးတည်း ပြုံးမိရ သေးသည်။

မထူးတော့ပါဘူး။ သည်ကနေ့တော့ အငှားကားကိုပင် စီး၍ အိမ်ပြန်မည်ဟု စိတ်ကူးသည်။ ယခုလို ငွေမျက်နှာကို ကြည့်နေရသော ကာလမျိုးတွင် ငွေသုံးလေးဆယ် အပိုသုံးပစ်ရ မည်ဆိုသည်က နင့်လှပါသည်။ မဟာစွန့်စားခန်းကြီး ဖြစ်နေရ သည်။ သို့တိုင်အောင် ဘတ်စ်ကားစီးရဖို့ လမ်းမမြင်။ ယခုပင် မှတ်တိုင်မှာ လူတွေပြည့်လာပြီ။ ကား သုံးလေးစီးတိုက်စာ လောက် ဖြစ်လာပြီ။

သန့်သည် ဘတ်စ်ကားမှတ်တိုင်ကို စွန့်ခွာလာခဲ့သည်။ ကျောခိုင်း၍ လျှောက်ခဲ့သည်။ လူအုပ်ကို ဆန့်ကျင်ကာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ဘက်သို့ ဖြတ်ကူးခဲ့သည်။

ပြောမည့်သာ ပြောရသည်။ အငှားကားရဖို့ကပင် မလွယ်လှသေး။ သည်လိုအချိန်မျိုးမှာ ကိုယ့်လိုပင် တစ်ကြောင်း မဟုတ် တစ်ကြောင်းဖြင့် အရေးကြီးနေသူတွေ ရှိနိုင်သေးသည်။ ကိုယ့်လို အဆောတလျင် သွားချင်သူတွေကို တွေ့နေရသည်။

သန့်သည် လမ်းအလယ်မျဉ်းသို့ ရောက်လာသည်။ ခပ်လှမ်းလှမ်းမှ အရှိန်ပြင်းပြင်းနှင့် လာနေသော လင့်ရိဗာ ကားတစ်စီးကို ရပ်စောင့်နေမိသည်။

အမှန်မှာ ကားသည် သူ့အရှိန်နှင့်သူ သန့်ရှေ့မှ ဖြတ်သွားဖို့ပင် ဖြစ်သည်။ သူ့ဘာသာ ဆက်လက်မောင်းသွားဖို့ ပင် ဖြစ်သည်။

သို့သော် ကားသည် ဖြတ်မသွားခဲ့။ သန့်ရှေ့မှောက်တွင် ကျိကနဲ အသံပေးရင်း ထိုးရပ်လာသည်။

ဆန်းကြယ်သည် ထင်နေဆဲမှာပင် ကားဦးခန်းမှ ခေါင်း တစ်လုံး ပြူထွက်လာသည်။ အသံတစ်သံကို ကြားရသည်။

"သန့်...၊ မယဉ်သန့်၊ ဟုတ်ပါတယ်နော်"

သန့်သည် ကားဦးခန်းမှ ထွက်ပြူလာသော မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ အစသော် ဇဝေဇဝါ။ ဝိုးတိုးဝါးတား။ သို့သော် ခဏအကြာတွင်မူ သန့်၏စိတ် အသိသည် ဖျတ်ကနဲ နိုးကြားလာသည်။ သန့်၏အသံသည် လည်ချောင်းကို တိုးနှင့် ထွက်သွားသည်။





"ဟင်... ကိုဝေ ၊ ကိုဝေလင်း..."

ရုတ်တရက်တွင် သန့်၏ရင်မှာ တုန်ခါသွားလေသလား ထင်ရသည်။ ကိုယ်မှာ ဆတ်ခနဲ ဖြစ်သွားလေသလား အောက်မေ့ သည်။ တစ္ဆေသရဲကို မတွေ့ရသလို သန့်မှာ အံ့သြထိတ်လန့်သွား သည်လည်း အမှန်ပင်။

ကားဦးခန်းမှ မျက်နှာတွင် အပြုံးတစ်ရပ် လှစ်ခနဲ ပေါ်လာသည်။

"ကြည့်စမ်းပါအုံး သန့်ရယ်၊ ဖြူးခနဲမြင်ရရုံနဲ့ သန့်ပဲလို့ ချက်ချင်း၊ မှတ်မိလိုက်တယ်၊ သန့်နဲ့ပတ်သက်လို့ ကိုယ့်မှတ် ဉာဏ်က ဒီအထိ ကောင်းနေတုန်းပါပဲလား"

သူ၏ အပြုံးနှယ်ပင် အသံသည် ဝမ်းသာလှိုက်လှဲ နေသည်။

သန့်သည် ဘာပြန်ပြောရမည် မသိတတ်နိုင်လောက် အောင် ရှိနေရသည်။ သူ့မျက်နှာကိုသာ စူးစိုက်ကြည့်နေလိုက် မိသည်။

သန့်တို့သည် လမ်းလယ်တွင် ရပ်နေမိကြခြင်း ဖြစ် သည်။ နောက်မှလာသော ကားများသည် စိတ်အနှောင့်အယှက် ဖြစ်မိသလို ဟွန်းတီးကြသည်။ ဒေါသလွှမ်းသော မျက်နှာဖြင့် ကြည့်သွားကြသည်။

ထိုအခါကျမှ သန့်သည် သတိရမိသလို ဆိုမိသည်။

"ဩော်... ကိုဝေလင်း၊ သန့်တို့ လမ်းလယ်ကောင်ကြီး မှာ"

www.burmeseclassic.com



ထိုအခါကျမှပင် သူကလည်း သတိရလာမိသလို ရှိသည်။

“ဟုတ်ပါရဲ့၊ ခဏလေးနော်သန့်၊ ပလက်ဖောင်းဘက်ကို လာပါလားဟင်၊ ကြုံကြိုက်တုန်း စကားတစ်ခွန်းနှစ်ခွန်း ပြောရအောင် သန့်ရယ်”

သူသည် ကားကို လမ်းဘေးသို့ မောင်းသွားသည်။

သန့်မှာ သူ့နောက်သို့ လိုက်သွားရ ကောင်းလေမည်လား၊ သူ့ကိုကျောခိုင်းလျက် လမ်းတစ်ဘက်သို့ ဖြတ်သွားရ ကောင်းလေမလား၊ မဝေခွဲတတ်နိုင်လောက်အောင် ရှိကာ ရပ်လက်စ နေရာမှာပင် ရပ်လျက်သား ကျန်ခဲ့သည်။

စင်စစ်တွင် သန့်သည် သူ့နောက်သို့ မလိုက်ချင်။ သူနှ စကားပြောရမည်ကို ဝန်လေးနေမိသည်။ ဖြစ်နိုင်မည် ဆိုလျှ တော့ သူ့ကို ကျောခိုင်းကာ လူအုပ်အကြားသို့ ပြေးဝင်လိုက် ချင်သည်။ ကိုယ်ယောင်ဖျောက်လိုက်ချင်သည်။

သို့တိုင်အောင် ယခုအခြေအနေကျမှတော့ သူနှင့်မတွေ့ ဘဲ နေ၍ မဖြစ်တော့။ စကားမပြောဘဲနေ၍ မရတော့။ သူသည် ကားပေါ်မှဆင်းကာ သန့်အလာကို ကြိုနှင့်နေပေပြီ။

သန့်သည် လေးလံသော ခြေလှမ်းများဖြင့် ပလက် ဖောင်းဘက်သို့ လျှောက်ခဲ့ရသည်။

အဝေးကတည်းကပင် သူပြုံးနေသည်ကို မြင်နိုင်သည် သူ့မျက်နှာမှာတော့ ဘာမှုမရှိသလိုပါပဲ။ ဘာမှုမဖြစ်သလိုပါပဲ





တကယ်တမ်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံပါပဲ။

သန့်၏မျက်နှာမှာမူ ပူလောင်နေသလို ရှိသည်။ မျက်နှာ မှာ နီနေလိမ့်မည် ထင်သည်။ သန့်၏ အသည်းနှလုံးမှာ ရဲရဲနီနေ သော သံတွေခဲနှင့် အကပ်ခံရသလို ဖြစ်နေသည်။

သန့်သည် အပြစ်ကျူးလွန်ထားမိသော ကလေးငယ် တစ်ယောက်ပမာ သူ့ရှေ့မှောက်သို့ ရောက်လာခဲ့သည်။ သူနှင့် မျက်နှာချင်းဆိုင်လိုက်ရသည်။

“တစ်ကယ်ပဲ သန့်ရယ်၊ ဘယ်လိုမှ မမျှော်လင့်ဘဲ သန့်နဲ့တွေ့လိုက်ရတာ၊ တမင်လိုက်ရှာရင်တောင်မှ တွေ့ချင်မှ တွေ့မယ် ထင်တယ်နော်...”

“သန့်လဲ မမျှော်လင့်ခဲ့ပါဘူး ကိုဝေလင်း”

သူသည် သန့်အား ဆွဲကိုင်လှုပ်ရမ်းတော့မလောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ သူ့ကိုကြည့်ကာ သူ့ထံမှ ဝမ်း မြောက်ဝမ်းသာ ဖြစ်ရမှုသည် သန့်ထံ ကူးစက်ပြန့်နှံ့ မလာပေ။ ရင်မှာသာ ဝေဒနာတစ်ရပ်လို ခံစားရသည့်နှယ် ရှိသည်။

“သန့် ဘာတွေလုပ်နေသလဲ ဟင်၊ ဘယ်မှာနေလဲ၊ အခုကော ဘယ်သွားမှာလဲ”

ကိုဝေလင်းသည် မေးခွန်းများကို လောဘတကြီး မေးလိုက်သည်။ သန့်မှာ ဘာပြန်ဖြေရမှန်းပင် မသိလောက် အောင် ရှိရသည်။ ထိုအတွက် သန့်မှာ ပြုံးလိုက်မိသည်။ ထိုအခါကျမှပင် ကိုဝေလင်းသည် သူ၏အလောတကြီး



www.burmeseclassic.com

www.burmeseclassic.com


နိုင်မှုများကို သတိရမိပုံ ပေါ်သည်။

"အို... သန့်ရယ်၊ သန့်နဲ့ ပတ်သက်လို့ ကိုယ် သိချင်နေတာတော့ တစ်ပုံကြီးပဲ၊ ဒါထက် သန့်အခု ဘယ်သွားမှာလဲ"

"အိမ်ပြန်မလို့"

"အိမ်က..."

"ကမာရွတ်မှာပါ"

"အဝေးကြီးပါလား၊ သန့် ဘယ်သူနဲ့နေသလဲ ဟင်"

"သန့်တို့ချည်းပါပဲ ကိုဝေလင်း"

သန့်သည် 'သန့်တို့ချည်းပါပဲ ကို' အလေးအနက်ထား၍ ပြောလိုက်သည်။ ယင်းသို့ အလေးအနက်ထား၍ ပြောသည်ကိုလည်း သူနားလည်နိုင်ပါစေဟု ဆန္ဒပြုမိသည်။ သူကလည်း နားလည်နိုင်ပုံ ရပါသည်။

သူ၏မျက်နှာသည် တည်ကြည်လာသည်။ ငြိမ်သက်လာသည်။

"သူ့အကြောင်း သတင်းစာမှာ ဖတ်ရပါတယ်၊ သူ့အတွက် ကိုယ် စိတ်မကောင်းပါဘူး"

သူက အခြား 'သူ' ဟူသော နာမ်စားကို အသုံးပြုသည်။ သည်နာမ်စား 'သူ' ကို ကြားရသောအခါ သန့်မှာ မျက်နှာအထားရခက်စွာ မျက်လွှာ ချလိုက်မိသည်။

"သူ့အတွက် သန့်တို့နဲ့ ထပ်တူထပ်မျှ ဝမ်းနည်းရပါတယ်။ ယုံပါ"

Royal Snow Publications

သန့်သည် သူလှောင်နေသလား အထင်နှင့် မျက်လွှာပင့် ကြည့်မိသည်။

သူက လှောင်နေခြင်း မဟုတ်ပါ။ ကျီစယ်နောက်ပြောင်နေခြင်း မဟုတ်ကြောင်း သူ့မျက်နှာ အနေအထားက ဖော်ပြနေသည်။ သို့သော် သူသည် သန့်အား လှောင်နေသင့်သည်။ ထိတထိ ပြောနေသင့်သည်။ သူ့မျက်နှာ၌ နာကျည်းခံပြင်းခြင်းတို့ ပေါ်ပေါက် နေသင့်သည်။

ယင်းသို့ ဖြစ်မနေခြင်းကပင် သန့်အဖို့ မခံချိမခံသာဖြစ်စရာ ကောင်းနေသည် ထင်မိပါ၏။

စင်စစ်တွင်မူ သူသုံးခဲ့သည့် နာမ်စား 'သူ' သည် သူ့ရင်ကိုခွဲခဲ့သူ၊ သူ့အသည်းနှလုံးကို ချေမွခဲ့သူပင် မဟုတ်ပါလား။

ထားပါ။ သည်အကြောင်းကို ခဏထားကြရအောင်ပါ။

"ဩော်.... စကားပြောလို့ ကောင်းနေလိုက်တာ၊ သန့်အခု သွားမှာ ကမာရွတ်ကိုနော်"

"ဟုတ်ပါတယ်"

"ဒီလိုလုပ်ပါလား သန့်ရယ်၊ သန့်ကို ကိုယ် လိုက်ပို့ပေးပါရစေ...."

"အို.... နေပါစေ ကိုဝေလင်းရယ်"

"ဘာဖြစ်လို့လဲ သန့်"

"သန့်ဘာသာ ပြန်ပါ့မယ်"

"အားနာလို့လား...."

Royal Snow Publications
www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါဘူး"

"ဒါမြင့်ရင်လဲ ငြင်းမနေပါနဲ့တော့ သန့်ရယ်၊ ဘာလဲ အိမ်သိသွားပြီး အလည်လာမှာစိုးလို့လား၊ လာမလည် စေချင်ရင်လဲ လမ်းထိပ်ကပဲ လှည့်ပြန်ပါ့မယ်ဗျာ"

သန့်မှာ အစဉ်းစားရခက်နေသည်။ အဝေခွဲရခက်နေသည်။

အမှန်တော့လည်း သူ၏ အဆိုပြုချက်မှာ အဆင်ပြေလှသော အဆိုပြုချက် ဖြစ်ပါသည်။ အငြင်းပယ်ရခက်သော အဆိုပြုချက် ဖြစ်ပါသည်။ ဘတ်စ်ကားတိုးစီးရမှာ၊ အငှားကားခေါ်ရမှာကြောင့်ချည်းမဟုတ်ပါ။ သန့်ကလည်း အလျှင်လိုနေသည်မဟုတ်လား၊ အရေးကြီးနေသည် မဟုတ်လား။

သို့တိုင်အောင် သန့်မှာ သူ၏ဖိတ်ခေါ်မှုကို လက်ခံရန် နှောင့်နှေးနေမိသည်။ လက်ခံရမှာ မဝံ့မရဲ ရှိနေမိသည်။ သူနှင့်စကား ရပ်ပြောနေသည်မှာပင် စိတ်ကျဉ်းကျပ်လှပါပြီ မျက်နှာအထားရ ခက်လှပါပြီ။

"လာပါသန့်ရယ်....ကားပေါ်တက်ပါ၊ ကိုယ့်မှာ သန့်ကို အိမ်လိုက်ပို့ပေးရဖို့ အခွင့်အရေးကလေးတော့ ရှိသင့်ပါသေးတယ်။ ပြီးတော့လဲ သန့်အနေနဲ့ ဘာမှ အားနာစရာ မရှိပါဘူး ကိုယ်တို့တွေဟာ တစ်ခြားသူတွေမှမဟုတ်ကြတာ၊ သူတစိမ်းတွေမှ မဟုတ်ကြတာ"

ငြင်းပယ်၍ ရနိုင်မည်မဟုတ်ကြောင်းသိ၍ ကားပေါ်သို့





တက်လိုက်ရသည်။ ဖိတ်ခေါ်မှုကို လက်ခံလိုက်ရသည်။

သူသည် ကားရှေ့မှကွေ့၍ လျှောက်ပြီး ဒရိုင်ဘာနေရာ၌ ဝင်ထိုင်လိုက်သည်။

မည်သို့ဆိုစေ သန့်သည် ယခုတော့ သူ့ကားပေါ် ရောက်ခဲ့ပြီ။ သူနှင့်ယှဉ်တွဲ၍ စီးနင်းလိုက်ပါခဲ့ရပြီ။ ကားသည် လူသူရှုပ်ထွေးဆဲဖြစ်သော လမ်းတလျှောက် ပြေးလွှားလာသည်။

"သန့်ကို မြင်မြင်ချင်း မှတ်မိကာ ဘာဆန်းသလဲ၊ သန့်ဟာ နည်းနည်း ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်လာတာကလွဲလို့ သိပ်မှ ပြောင်းလဲ မသွားသေးပဲကိုး" သူက မှတ်ချက်ချသည်။ တဆက်တည်းမှာပင် "ဒါပေမယ့် သန့်နဲ့ ကိုယ်တို့ မတွေ့ခဲ့ကြတာ ဆယ်နှစ်ရှိပြီနော်...."

သန့်က သူ့အမေးကို ခေါင်းညိတ်အဖြေပေးလိုက်သည်။

"ဪ....ဆယ်နှစ်ကြီးများတောင် ရှိမှကိုး"

သူက ညည်းညူသလိုလည်း ဆိုလိုက်သည်။ သူ၏ မျက်နှာသည် တည်ကြည်ငြိမ်သက်သွားသည်။ သူ၏မျက်လုံးများသည် ဆွေးမြေ့ ဝေသီသွားသည်။

"ကိုဝေလင်းကော....အခု ဘယ်မှာရောက်နေသလဲဟင်"

သန့်သည် ဘေးတစ်စောင်း အနေအထားအရ မြင်နေရသော ကိုဝေလင်း၏ မျက်နှာကို စူးစိုက်ကြည့်နေရင်း


www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်မိသည်။

"ကိုယ်လား….ရန်ကုန်မြေနဲ့ ဝေးလံလှတဲ့ တစ်နေရာမှာပါ…. သန့်….."

"အခုကော…."

"ရန်ကုန်ရုံးချုပ်ကို ကိစ္စနဲ့ လာခဲ့တာပါ၊ ဆယ်နှစ်အတွင်းမှာ ပထမဆုံးအကြိမ် ပြန်ရောက်ခဲ့ရတာပါပဲ သန့်ရယ်။ အခု…ပြန်ရောက်တော့ တောသူကြီးသား မြို့တက်လာသလို အပြောင်းအလဲတွေကို တအံ့တသြတွေ့နေရတော့တာပဲ။ ရောက်စ ရက်တွေကဆိုရင် မသွားတတ် မလာတတ်နဲ့ လကျာ်ကပ်မောင်းတွေ၊ တစ်လမ်းမောင်း စနစ်တွေကြောင့် ကားတောင် မမောင်းရဲခဲ့ဘူး၊ သူများမောင်းတာကို ဘေးက သုံးလေးရက်လောက် လိုက်လေ့လာပြီးမှ မောင်းရဲတာ သန့်ရဲ့"

သူက ပြောရင်း သဘောကျသလို ရယ်နေသည်။

ကားတစ်စီးကို ကျော်တက်လိုက်သည်။ ထိုခဏ၌ စကားစ ပြတ်သွားသည်။ ကားသည် ဦးဝိစာရလမ်းအတိုင်း ပြေးနေသည်။

သူက ဖြတ်ခဲ့သော စကားစကို မမေ့။ ကား အတန်ငယ် ရှင်းသောနေရာသို့ ရောက်လျှင် ပြန်ဆက်သည်။

"ကိုယ့် အဖို့တော့ အဲဒီလောက် များပြားတဲ့ အချိန်တွေကို ဘယ်လို ကုန်ဆုံးခဲ့မိမှန်းတောင် မသိခဲ့ပါဘူး သန့်ရယ်၊ ဆယ်နှစ်ဆိုတဲ့ အချိန်ကို စားလိုက် သောက်လိုက် ခရီးသွားလိုက်





အလုပ်လုပ် လိုက်နဲ့ ကုန်ဆုံးပစ်ခဲ့ရတာပါပဲ။ ကိုယ့် ဘဝက အပြောင်းအလဲ နည်းပါးလှပါတယ်"

"ဒါပေမယ့် ကိုဝေလင်းမှာ ပြောင်းလဲနေတာတွေ ရှိတယ်"

"ဘာများလဲ ဟင်"

"အသားတွေ ပိုမည်းလာတယ်၊ ပိုပြီး ဝ,လာတယ်"

"ဒါပေမယ့် သန့် ကိုယ့်ကို မှတ်မိဖို့ အချိန် သိပ်မယူခဲ့ရပါဘူး"

သည်တော့လည်း သန့်သည် စောစောက သူပြောခဲ့သော စကားကို ပြန်လည်အမှတ်ရလာမိသည်။

"ဒါတော့ ကိုဝေလင်းရယ်…. သန့်တို့ဟာ တစ်ခြားသူတွေမှ မဟုတ်တာ၊ သူစိမ်းတွေမှ မဟုတ်ကြတာ"

ကိုဝေလင်းသည် သန့်ဘက်သို့ ပြန်လည် ရှုးစိုက်ကြည့်သည်။ သူ၏မျက်နှာပေါ်မှာ ဆွေးဆွေး မြေ့မြေ့ ပြုံးလိုက်သော အပြုံးနွမ်းကလေးတစ်ခု ပေါ်သွားသည်။ သူ၏ မျက်ဝန်းများသည် ဝေသီလျက်က တောက်ပလာသည်။

အကယ်၍ ပြည့်ပြည့်ဝဝ ပြုံးခဲ့မည်ဆိုလျှင် ကိုဝေလင်း၏ အပြုံးသည် ထာဝရနှစ်ခြိုက်ဖွယ် ကောင်းလှသည်။ သူ၏ အပြုံးသည် ယခင်ကဆိုလျှင် အင်အားပြည့်ဝတတ်မြဲ။ ပြုံးလိုက်ပြီဆိုလျှင် မျက်ဝန်းညိုညိုတို့မှာ ကြည်ရွှင်သွားတတ်သည်။ ဖြူဖွေးညီညာသော သွားများ ပေါ်လာတတ်သည်။ ထူထဲသော



www.burmeseclassic.com

www.burmeseclassic.com

လည်း ကြည့်ရမဆိုးသည့် နှုတ်ခမ်းများသည် ကွေးညွတ်သွားတတ်သည်။ သူသည် တောက်ပ ရွှန်းလက်စွာ ပြုံးတတ်သူဖြစ်ခဲ့သည်။

ယခုမူ သူသည် အင်အားနည်းပါးသော အပြုံးနွမ်းနွမ်းကို ပြုံးတတ်နေပြန်သည်။ ကမာရွတ်အဝိုင်းသို့ ရောက်ခဲ့ပါပြီ။

"ကိုဝေလင်းကော အိမ်ထောင်ကျနေပြီမဟုတ်လားဟင်"

မမေးသင့်သည်တော့ မှန်သည်။ သို့သော် စိတ်ကို ထိန်းချုပ်မထားနိုင်၍ သန့် မေးလိုက်မိသည်။ ကိုဝေလင်းက ပြုံးလျက် ခေါင်းခါပြသည်။

"တစ်ကိုယ်တည်း လူပျိုကြီးဆိုပါတော့ သန့်ရယ်၊ အိမ်ထောင် မပြုသေးပါဘူး။ လခ တစ်ဝက်ကို ကိုယ့်ဘာသာသုံးပြီး တစ်ဝက်ကို အမေ့ဆီပို့နေဆဲပါပဲ"

အမေ။

ကိုဝေလင်း၏ အမေ။

အမေ့ အကြောင်းကို ကြားရသောအခါ သန့်တွင် သတိရစရာ များစွာရှိလာသည်။ အမေ့ကို သန့် မေ့မရသေး။ အမေကလည်း သန့်ကိုတော့ မေ့ဦးမည်မထင်။

ချစ်စရာကောင်းသော အမေ။ မြတ်နိုးစရာကောင်းသော အမေ။ ကိုဝေလင်း၏အမေ။

"အမေ နေကောင်းတယ်နော် ကိုဝေလင်း"

Royal Snow
Publications



"နေကောင်းပါတယ်။ ခြောက်ဆယ်ကျော်ထဲ ရောက်နေပေမယ့် သန်တုန်းပါပဲ၊ သန့်အကြောင်းလဲ မကြာခဏ ပြောရှာပါတယ်"

ယခုတော့လည်း သန့် ကိုယ်တိုင်ပင် ဆွေးမြေ့ လာရသလို ရှိသည်။ သည်အကြားမှ ကိုဝေလင်းက ပိုမို ဆွေးမြေ့လာရအောင် စကားဆိုလာပြန်သည်။

"အမေကတော့ ထုံးစံအတိုင်း ကိုယ့်အတွက် မိန်းမစပ်နေဆဲ ပဲ။ အခု အချိန်အထိ မြေး ချီချင်နေတုန်းပဲကိုး။ ဒါပေမယ့် အခုအထိ ကိုယ်ကလဲ အမေစပ်တဲ့ မိန်းကလေးတွေကို သဘောကျနိုင်သေးဘူးလေ..."

သူ၏မျက်နှာမှ အပြုံးသည် ပျောက်ကွယ်သွားသည်။ မျက်နှာသည် ပြန်လည် တည်ကြည် ငြိမ်သက်လာသည်။ သူက သန့်၏ မျက်နှာမှ အကြည့်ကို အဝေးသို့ ပြောင်းယူထားသည်။ စကားဆက်သည်။

"ဟုတ်ပါတယ်သန့်၊ တကယ်တော့လဲ ကိုယ့်မှာ သန့်နဲ့ ထိုးပြီး ချစ်ရမယ့် မိန်းမကို အခုထိ ရှာမတွေ့နိုင်ခဲ့ပါဘူး၊ ကိုယ့်အသည်းမှာ သန့်ကလွဲလို့ တခြား ဘယ်သူ့ကိုမှ နေရာမပေးနိုင်ပါဘူး...."

"ကိုဝေလင်း"

သန့်က ချောက်ချားစွာ ခေါ်လိုက်မိသည်။

"ဘာလဲသန့်"

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ကိုဝေလင်းရယ်၊ ဒီအကြောင်းတွေကို ပြန်ပြီး အစမဖော်ဘဲ နေကြရအောင်ပါ၊ ဒါတွေက ဝေးခဲ့ပါပြီ မေ့ခဲ့ပါပြီ၊ မှိန်ခဲ့ပါပြီ"

"သန့်ရယ်...."

"ဟုတ်တယ် ကိုဝေလင်း...၊ သန့်တို့ရဲ့ အသက်အရွယ် တွေကိုလဲ ပြန်ကြည့်ပါဦး၊ ဆယ်ကျော်သက်တွေ မဟုတ်ကြ တော့ဘူး၊ မြီးကောင်ပေါက်တွေ မဟုတ်ကြတော့ဘူး၊ သုံးဆယ် ကျော်တွေ ဖြစ်နေကြပြီ"

"ဒါပေမယ့်...."

"ရှေ့ကလမ်းဟာ သန့်တို့လမ်းပဲ ကိုဝေလင်း"

ကိုဝေလင်းသည် စကားဆက်ရန် အခွင့်အရေး မ တော့ပါ။ ဘာမျှ မပြောနိုင်တော့ပါ။ သူက လမ်းထိပ်မှာ ကား ထိုးရပ်လိုက်သည်။

"အချိန်ရမယ်ဆိုရင်၊ ဆန္ဒရှိမယ်ဆိုရင် အိမ်ကို အလည် လာနိုင်ပါတယ် ကိုဝေလင်း။ လမ်းက ကျဉ်းလို့ ကားဝင်လို့တော့ မရဘူး။ ခြေလျင်လိုက်ခဲ့မှ ရမယ်"

"မလိုက်တော့ပါဘူး သန့်ရယ်၊ ဆန္ဒတော့ရှိပါ အချိန်က မရဘူး။ သူငယ်ချင်းဆီက ကားကို ဆွဲလာတာ ညနေ လေးနာရီတိတိ ပြန်ပို့ပါမယ်ဆိုတဲ့ အာမခံချက်နဲ့မို့

"ဒါဖြင့် အားနာစရာ ဖြစ်နေပြီကော"

"ကိစ္စမရှိပါဘူး သန့်အတွက် ဒီလောက်တော့ ဖ





ကွက်ရမှာပေါ့။ ကြည့်ရတာ သန့်တို့လမ်းဟာ တိုတိုကလေးပဲ၊ အိမ်နည်းနည်း ကလေးပဲ၊ မေးရင် ရမှာပေါ့။ နောက်မှ အိမ်ကို မေးပြီး လာခဲ့မယ်.... ဟုတ်လား သန့်"

သန့်သည် ခေါင်းညိတ်ပြလိုက်သည်။ ကားပေါ်မှ ဆင်း လိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုဝေလင်း၊ အိမ်ကို လာလည်ခဲ့ ရင် သန့်ရဲ့ ကလေးတွေနဲ့ မိတ်ဆက် ပေးပါမယ်၊ လမ်းကြုံရင် ဝင်ခဲ့ပေါ့ ရှင်"

"လမ်းကြုံရင်မဟုတ်ပါဘူး....၊ တမင်လာခဲ့ပါအုံးမယ်၊ သန့်ရဲ့ကလေးတွေနဲ့လဲ သိကျွမ်းချင်ပါတယ်၊ ဒါထက် ဘယ်နှစ် ယောက်လဲ သန့်"

"လေးယောက်ပါ....သမီးတွေချည်းပါပဲ"

"လေးယောက်တောင်"

သူ တအံ့တသြ ဖြစ်နေသည်ကို ကြည့်ကာ သန့် ပြုံးလိုက်မိသည်။

"ကိုယ် သွားတော့မယ်သန့်"

သူနှုတ်ဆက်သည်ကို ခေါင်းညိတ်ပြလိုက်သည်။ သူသည် လက်ပြကာ ကားကို မောင်းထွက်သွားသည်။

မကြည့်ဘူးလို့ပါပဲ။ လှည့်မကြည့်ဘူးလို့ပါပဲ။

သို့ပေမယ့် မနေနိုင်ခဲ့။ နောက်သို့ စောင်းငဲ့ကာ သူ့ကားကို မျက်စိတစ်ဆုံး ကြည့်နေမိသေးသည်။ သူ့အသွင်ကို



www.burmeseclassic.com

www.burmeseclassic.com



ရေးရေးကလေး မြင်ရသည်အထိ ငေးကြည့်နေမိသေးသည်။

ပြီးတော့မှ သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။

သြော်....ကိုဝေလင်း။

အသံမထွက်စေဘဲ ရင်ထဲမှ လှိုက်လှဲစွာ မြည်တမ်းလိုက်မိပါသေးသည်။

× × ×

Royal Snow
Publications

## ၂

"မြောက်ပြန်လေ၏ နှုတ်ဆက်တေးကို ကြားလိုက်ရသည်မှပင် ရင်မှ အကြင်နာ ငြင်သာစွာဘဲ နှိုးထလာ...ပြီ။

"မြို့တစ်မြို့တည်း အတူနေ သူငယ်ချင်းပင် တွေ့ချင်မှ တွေ့တတ်လေသည့်အဖြစ်များ ကြုံဖူးမည် ထင်ပါသည်၊ ...သည်သို့ဖြစ်ရင် ရင်နာရမည်၊ နွေရက်မို့ ကြွေရွက်တို့ မြေသက်...နေပြီ၊ ရုပ်တိုက်ပြေးလွှား မြူးတူးပျော်ပါးတဲ့ ဟိုယခင်...သည် ခုတစ်ဖန် ပြန်လည်လာလို့ တစ်နှစ်လည်ပြီ"

စားပွဲပေါ်ရှိ ကက်ဆက်ရေဒီယိုမှ ကိုသန်းလှိုင်၏...ကြင်နာ ခြင်းတစ်ဝက် ရှုပ်ထွေးခြင်းတစ်ဝက်" သီချင်းသံကို...ားနေရသည်။ မှတ်မှတ်ရရ ဂရုတစိုက် နားထောင်နေလိုက်...သည်။

ကိုသန်းလှိုင်၏အသံသည် ဆွတ်ပျံ့ဖွယ်ကောင်းသည်။...ကာရသပါသည်။ သူသည် ကိုသန်းလှိုင်၏ သီချင်းများကို...က် နေကျဖြစ်သည်။ အခုမှမဟုတ် ဟိုယခင်ကတည်းက...ဦးကတည်းက။

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းလှိုင် ကျော်ကြားစတုန်းက သူ အထက်တန်း ကျောင်းသားဘဝပဲ ရှိသေးသည်။ သည်တုန်းက ကိုသန်းလှိုင်သည် 'ဥဿာလှိုင်ထိပ်ထား'တို့။ 'တစ်ဆောင်းသစ်ပြန်ပြီ' တို့ဖြ... နာမည် ကျော်ကြားစ ပြုလာသည်။ သည်သီချင်းတွေ... သူ့အသည်းစွဲ။

ဂီတနှင့်ပတ်သက်၍ ထွန်းကားမည့် ရုပ်ရည်မျိုးတော... မရှိ။ သို့သော် အဲသည်တုန်းကတော့ သူသည် ဂီတကို အတော... ကလေး ဝါသနာပါလိုက်သေးသည်။ မယ်ဒလင်ကလေ... တစ်လုံးဝယ်ကာ ကျကျနန လေ့ကျင့်လိုက်သေးသည်။

'တဆောင်းသစ်ပြန်ပြီ' သည် မယ်ဒလင်နှင့်တီး... ကောင်း သည်။ ညည လူခြေတိတ်ချိန်၊ သူငယ်အိပ်ချိန်များတွ... လမ်းတကာ လည်၍ ဟစ်ခဲ့တာ မှတ်မိသေးသည်။ သိပ်ဟစ်... ကောင်းတဲ့ သီချင်း။ စေးစေးပိုင်ပိုင်နှင့် အဓိပ္ပာယ်ကလည်း ပြည့်ပါဘိသနှင့်။ အထူးသဖြင့် နှင်းဖြင့် မှုန်ဝေနေတတ်သော ညမွှေးပန်း ရနံ့သင်းနေတတ်သော ဒီဇင်ဘာညများတွင် ဟစ်... ကောင်းလှသည်။

ကိုသန်းလှိုင်ကို သူစွဲလန်းရသည့် နောက်တစ်ကြော... ရှိသေးသည်။ ကိုသန်းလှိုင်သည် ဒေးဒရဲသား ဖြစ်သော်လည်း ပဲခူးတွင် အနေများသည်။ ကိုယ့်တစ်မြို့တည်းသားချင်းလို ခံ... ရသည်။ ဒေသ အစွဲကလေးကလည်းပါသည်။ ပြီး....မယဉ်သ... ကိုယ်၌ကလည်း ကိုသန်းလှိုင်၏ ပရိသတ်။

Royal Snow Publications



သို့ပေမယ့် ကိုသန်းလှိုင်ကိုတော့ သူ သိကျွမ်းခွင့် မကြုံခဲ့။ လူချင်းမဆုံဖြစ်ခဲ့။ သီချင်းထဲကလိုပါပဲ။ မြို့တစ်မြို့တည်း အတူနေ သူငယ်ချင်းပင် တွေ့ချင်မှ တွေ့တတ်လေသည် ဆိုသလိုပါပဲ။ သူ အထက်တန်းကျောင်းရောက်တော့ ကိုသန်းလှိုင်က တက္ကသိုလ် ရောက်နေနှင့်ပြီ။ သူတက္ကသိုလ်ရောက်တော့ ကိုသန်းလှိုင် ကျောင်းထွက်သွားခဲ့ပြီ။ သည်နောက်ပိုင်း 'ချစ်ရသည်က အသက်ထက်ဆုံး' တို့၊ 'ကံ့ကော်မြိုင်တန်း' တို့ကို ကြိုက်တော့ကား ကြိုက်မိပါ၏။ သို့သော် ယခင်ကလို အလွတ်ကျက်မှတ်မိခြင်းမျိုး၊ လိုက်ဆိုမိခြင်းမျိုး မရှိတော့။ အရွယ်ကလည်း သည်လို လုပ်ရမည့် အရွယ်မျိုးမဟုတ်တော့။

ကြားရဖန်များ၍ တစ်ပိုဒ်စ နှစ်ပိုဒ်စ ရနေမိသည်မျိုးသာ ရှိသည်။

ယခု 'ကြင်နာခြင်းတစ်ဝက် ရုပ်ထွေးခြင်းတစ်ဝက်' သီချင်းကို ကြားရသောအခါ မှတ်မှတ်ရရ နားထောင်နေမိသည်။ ရင်မှာ လှုပ်ရှားလာရလေသလား ထင်သည်။

စင်စစ် သည်ကနေ့ သူ အစောကတည်းက ရင်မှာ လှုပ်ရှားနေခဲ့သည် အမှန်။

သည်လိုလှုပ်ရှားရခြင်းမျိုး သူ့ဘဝ၌ မပေါ်ပေါက်ခဲ့သည်မှာ ကြာပြီ။ ဆယ်နှစ်ပင် ရှိခဲ့ပြီပဲ။ အဲ မယဉ်သန့်နှင့် ခွာခဲ့ပြီးကတည်းက ဆိုပါတော့။

မိန်းကလေးများ အမှန်သညာကောင်းလှသည် ဆိုခြင်း

Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com



ကို ယုံကြည်လာမိသည်။ သူတို့က တစ်ခါတစ်ရံ အသေးအဖွဲ ကလေးကအစ မှတ်မိနေတတ်ကြသည်။ နေ့စွဲ ရက်စွဲတွေကို အမှတ်တရ ရှိနေတတ်ကြသည်။ ဥပမာ ဘယ်နေ့ကစ၍ တွေ့ သည်။ ဘယ်အရောင်ဝတ်သည်က အစ။ ဘယ်နေ့မှာ ကွဲကွာ သည် ဆိုသည်မျိုးအထိ။

ကိုယ်တိုင် မည်သို့ကျော်လွှားကုန်ဆုံးလိုက်မိမှန်းမသိခဲ့ သည့် နှစ်များကို မယဉ်သန့်က တိတိကျကျ မှတ်မိနေသည်ကို တွေ့ရသောအခါ အံ့ဩရသေးတော့သည်။ မယဉ်သန့်မှာ မိမိနှင့် ပတ်သက်၍ သည်မျှလောက်တော့ မှတ်မိနေပါသေးကလား တွေးမိပြီး ဝမ်းမြောက်ရသေးသည်။

သည်ကနေ့ မယဉ်သန့်နှင့် ဆုံလိုက်ရခြင်းမှာ ကကယ် တမ်း မမျှော်လင့်ခဲ့သော ဖြစ်ရပ်ဖြစ်သည်။ မမှန်းဆမိခဲ့သော တိုက်ဆိုင်မှု ဖြစ်သည်။ ဆယ်နှစ်လုံးလုံး မဆုံမိကြဘဲ ဆုံချိ တော့လည်း လျှပ်တပြက်အတွင်းမှာ ဆုံလိုက်ရသည်။

သို့မဟုတ်လျှင်လည်း 'ရုပ်တိုက်ပြေးလွှား မြူးတူ ပျော်ပါးတဲ့ ဟိုယခင်နွေသည် ယခုတစ်ဖန် ပြန်လည်လာလေ တစ်နှစ်လည်ပြီ' ဆိုသည်မျိုးလို ကြမ္မာရဟတ် တစ်ပတ်လည်လာ ခြင်းမျိုး ဖြစ်ချင်ဖြစ်မည်။

သက်ပြင်းကလေးတွေ မကြာခဏ ချချ နေတတ်ရှာတဲ့ မယဉ်သန့်၊ အမည်နှင့်လိုက်ဖက်စွာ ယဉ်ယဉ် သန့်သန့်ကလေး လှနေတတ်ရှာတဲ့ မယဉ်သန့်။ အသည်းပေါက်မတတ် ချစ်မြ နိုးခဲ့ရသော မယဉ်သန့်။

Royal Snow Publications

သည် မယဉ်သန့်နှင့် ကွဲကွာနေခဲ့ရသည်မှာ သို့မဟုတ် ခွဲခွာနေခဲ့ရသည်မှာ ဆယ်နှစ်ကြီးများပင် ရှိပါပကော။

အမှန်တော့ သူသည် ဆယ်နှစ် လုံးလုံးပင် မယဉ်သန့် ကို အတိတ် တစပြင်မှာ မြှုပ်နှံထားခဲ့ခြင်းဖြစ်သည်။ မိမိ၏ဘဝ ထဲမှ ဆယ်နှစ်လုံးလုံး ထုတ်ပယ်ထားခဲ့ခြင်းဖြစ်သည်။

မယဉ်သန့်အနေနှင့်ကလည်း သည်သို့ပင် ရှိလိမ့်မည် ထင်ပါသည်။ မိမိနှယ်ပင် ဝေလင်းဆိုသူတစ်ယောက်ကို အတိတ် တစပြင်မှာ ကြာမြင့်စွာကတည်းက မြှုပ်နှံခဲ့ပြီး ဖြစ်ပေလိမ့်မည်။ ဘဝထဲက ထုတ်ပယ်ထားခဲ့ပြီး ဖြစ်ပေလိမ့်မည်။

သို့စင်လျက် တမင်ဝေးအောင် ရှောင်နေသည် မဟုတ် သော်လည်း တတ်နိုင်သမျှ မျက်နှာချင်း မဆိုင်ဖြစ်အောင် ကြိုး စားနေခဲ့ကြရသူများအတွက် ကမ္ဘာသည် ကျဉ်းမြောင်းလှချေ သည်တကား။

သူသည် နာကျဉ်းဖွယ်သော အတိတ်အတွက် သက် ပြင်း ရှိုက်လိုက်မိသည်။

သီချင်းသံသည် ဆက်လက်ထွက်ပေါ်နေလေဆဲ။

*"အဖိုးအဖွားကို မှီလိုက်ပါသည်၊ ဆုံးမစကားဆို စားမှာချိုအီ၊ ကိုယ်ချစ်ရာရင် ဒုက္ခတွေ့မည်၊ အချစ်ဆိုတဲ့ ဒီလောကီ၊ ကြင်နာခြင်း တစ်ဝက် ရှုပ်ထွေးခြင်းတစ်ဝက်နဲ့ ပေါ်ပျက်လုပြီ...."*

"ကိုယ်ချစ်ရာရင် ဒုက္ခတွေ့မည်"တဲ့။

Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချခြင်း နောက်ဆွယ်မှ တီးတိုးရေရွတ်လိုက်မိသည်။ ထိုနောက် ထိုစကားအတွက် ပြုံးလိုက်မိပြန်သည်။

"မောင့်မြဒါလီ၊ မောင့်မြဒါလီ၊ ကိုယ့်ဘဝထဲ ဝင်မလာဘဲ နေရင်ကောင်းမည်၊ ခုတော့ ကိုယ်မှာသာ အမေ့ခက် အမှန်းခက် အခန်းဆက် မေတ္တာ သံသရာရှည်"

"အခန်းဆက် မေတ္တာ သံသရာရှည်"တဲ့။

သည်စကားကို နှစ်ခြိုက်မိပါသည်။

တကယ်တော့လည်း ဆယ်နှစ်လုံးလုံး ကင်းကွာ နေခဲ့ကြပြီးနောက် ထပ်မံမတွေ့ဆုံခဲ့လျှင် အကောင်းလေသား။ ယင်းသို့ဆိုလျှင် ရင်သည် ငြိမ်သက်ဆဲရှိမည်။ နှလုံးသားသည်လည်း အေးမြဆဲ ရှိမည်။

ယခုမူ သံသရာသည် အဆုံးမသတ်ခဲ့သေး၊ ပြန်လည်ဆုံတွေ့ ဖြစ်ခဲ့ကြသည်။ ပြန်လည်မျက်နှာချင်းဆိုင်မိခဲ့ကြသည်။ ရင်သည် ပြန်လည် လှုပ်ရှားခဲ့ရပြန်ပြီ။ နှလုံးသားသည် ပြန်လည် နွေးထွေးလာခဲ့ရပြန်ပြီ၊ ရင်မှ အကြင်နာ ငြင်သာစွာဘဲ နိုးထလာပြန်ပြီပေါ့။

"သြော်....မယဉ်သန့်"

သူသည် ယင်းအမည်ကို တမ်းဆွတ်စွာပင် ခေါ်ဝေါ်လိုက်မိသည်။ သူ၏အကြည့်သည် ဝေရီသွားသည်။ အမြင်တွင် အရာအားလုံး မှုန်ဝါးသွားသလိုရှိသည်။

သြော်....မယဉ်သန့်ဟု တမ်းဆွတ်စွာ ခေါ်ဝေါ်သံသည်





အဝေးမှ ပဲ့တင်သံသဖွယ် ပြန်လည်ပေါ်လာသည်ဟုထင်သည်။ ယင်း အသံသည် နားမှသည် နှလုံးသားသို့တိုင် ပြန့်နှံ့သွားရသည်သို့ ရှိသည်။

တွေ့စကလည်း ယင်းသို့ပင် 'သြော်....မယဉ်သန့်'ဟု ခေါ်ကာ အသံသည် နှလုံးသားသို့တိုင် ပြန့်နှံ့သွားခဲ့သည်ကို သတိရမိသေးသည်။

ကိုယ့်ဘဝထဲ ဝင်မလာဘဲနေရင် ကောင်းမည်ဟုတော့ မပြောချင်ပါ။ သို့တိုင်အောင် ကိုယ့်ဘဝထဲ မယဉ်သန့် ဝင်လာသောကြောင့် ကိုယ့်ရင်မှာ အဘယ်မျှ လှိုင်းထခဲ့ရသည်တို့ကိုမူ မေ့၍ မရသေး။

× ×

'မယဉ်သန့်' တဲ့။

'သြော်....မယဉ်သန့်' တဲ့လားကွယ်။

ဘဝအတွင်းသို့ မယဉ်သန့်ကို စတင် ခေါ်ဆောင်လာသူမှာ နီနီလွင်။

နီနီလွင်သည် ကိုယ့်နှမတစ်ဝမ်းကွဲ။ ကိုယ့်ထက် တစ်နှစ်ငယ်သည်။ တစ်တန်းနိမ့်သည်။ ကိုယ့်ထက် တက္ကသိုလ်သို့ အရောက် နောက်ကျသည်။

ယခုအခေါ်နှင့်ဆိုလျှင်တော့ ကိုယ်က ဒုတိယနှစ်ဆိုလျှင် သူက ပထမနှစ်။



www.burmeseclassic.com

www.burmeseclassic.com



မယဉ်သန့်နှင့် ဆုံမိကြသည်မှာ နီနီလွင်၏ဒုတိယနှစ်
ကိုယ်၏ တတိယနှစ်။

မယဉ်သန့်နှင့် နီနီလွင်တို့သည် တစ်နှစ်တည်းသမ
များ ဖြစ်ကြသည်။ တစ်ဆောင်တည်း အတူနေသူများ ဖြစ်ကြ
ိုယ်သည်။ သူတို့၏ အမိကဲ့ ဘာသာက ပထဝီ။ နေရသည်က
ရတနာဆောင်။ ရတနာဆောင်၏ ငွေဆည်းလည်းကလေ
တွေ့ပေါ့။

နှမ်တစ်ယောက် တက္ကသိုလ်သို့ ရောက်လာပြီဆိုသော
အခါ၏ အကြောင်းနှစ်မျိုးဖြင့် စန်းပွင့်ရသည်။ ထိုင်၏
အကြောင်းမှာ နမကလည်း ငွေဆည်းလည်းကလေး ဖြစ်သည်
ယောက်ဖတော်လို သူတွေ အလှုံ့အလှုံ့ ပေါ်လာခြင်းဖြစ်သည်
နောက်တစ်ကြောင်းမှာ နမနှင့်ပတ်သက်၍ မိန်းကလေးများစွာ
အကျွမ်းတဝင်ရှိရခြင်း ဖြစ်သည်။

အပေးနိုင်အယူသာ ကွာခြားမည်။ စန်းပွင့်ရသည်
ကတော့ အမှန်ပါပဲ။

နီနီလွင် တက္ကသိုလ်သို့ ရောက်လာသောအခါ
အကြောင်းနှစ်မျိုးဖြင့် ဝေလင်းတို့ စန်းပွင့်ခဲ့သည်။
နီနီလွင်နှင့်ပတ်သက်၍ မယဉ်သန့်ကို သိကျွမ်း
ရသည်။
ဆောင်ဦးဝေါက် ရက်ကလေးတစ်ရက်မှာပါ
တန်ဆောင်မုန်းလပြည့်နေ့မှာပဲ။ လရောင်ရွှန်းလက်သ

*Royal Snow*
*Publications*



အကြား မီးပုံးမီးအိမ်တို့ ပြိုးပြက်သည့်အကြားမှာ မယဉ်သန့်နှင့်
ဆုံခဲ့ရသည်။

အဲသည်နေ့က ရတနာမှာ စတုဒိသာကျွေးသည်။
ကိုယ်နှင့် မိတ်ဆွေတစ်သိုက် ရောက်သွားသည်။ စတုဒိသာက
ဘာသားဆန်ပြုတ်ကို မက်မောလှ၍တော့ မဟုတ်။ ဆန်ပြုတ်
ထက် အဆတစ်ရာသာသော နတ်မိမယ်ကလေးများနှင့်
လက်ပွန်းတတီး ဆုံချင်၍ဖြစ်သည်။ ငွေဆည်းလည်းသံကလေး
များကို ကြားလို၍ ဖြစ်သည်။

နီနီလွင်သည် အလိုက်သိတတ်စွာဖြင့် ကိုယ့်အစ်ကို
အတွက် မိတ်ဆွေသစ် လှလှကလေးများကို ခေါ်လာပေးသည်။
မိတ်ဖွဲ့ပေးသည်။ သည်အထဲမှာ ကိုယ်ဝမ်းအသာဆုံးက
မယဉ်သန့်နှင့် ဆုံရ၍....

"မယဉ်သန့်တဲ့...."

"ဩော်.... မယဉ်သန့်တဲ့လားကွယ်"

မယဉ်သန့်။

အမည်နှင့် လိုက်လျောညီထွေ ရှိလှပါပေသည်။ မြင့်မား
သော ထင်းရှူးပင်ထိပ်ဖျားမှာ ငြိတွယ်နေသည့်နယ် ဖြစ်သော
လမင်းသည် မယဉ်သန့်၏ ကိုယ်ကို ရွှေဝါရောင် ဆမ်းပေးထား
သည်။ ပြာနီဝါ မီးရောင်စုံတို့သည် မယဉ်သန့်၏ မျက်နှာတွင်
ပြိုးပြက်နေသည်။

မယဉ်သန့်သည် ဆံထုံးပုံလှလှ ထုံးထားသည်

*Royal Snow*
*Publications*

www.burmeseclassic.com

www.burmeseclassic.com



ခပ်မြင့်မြင့် ထုံးထားသဖြင့် လည်ပင်းမှာ ကြော့ရှင်းနေသည်။ မျက်နှာကို ထူးထူးထွေထွေ ခြယ်သထားသည် မထင်ပါ။ နှုတ်ခမ်းနီသည် သန္တာရောင် ဖျော့ဖျော့ ဖြစ်သည်။ မယဉ်သန့်၏ ထူထဲသန်မာသော မျက်ခုံးသည်လည်းကောင်း၊ ကော့ဖြ မျက်တောင်များသည်လည်းကောင်း၊ ရွန်း လက်တောက်ပလ သော မျက်ဝန်းများသည်လည်းကောင်း မှုန်ဝါးရီဝေသော ညမှာပင် ဖြစ်စေကာမူ ပေါ်လွင် ထင်ရှားလှပါသည်။ ပေါ်လွ သော နှာတံနှင့် ဖူးကြွသော နှုတ်ခမ်းကလေးများက အလှ အနားသတ်ပေးထားသလို ဖြူဝါသော အသားပေါ်မှာ ထ လှသည်။

မယဉ်သန့်၏ မျက်နှာကလေးမှာ ရှည်မျောမျောကလေ ဖြစ်သည်။ ဘဲဥပုံကို ခေါ်ရမည်ထင်သည်။ မေးရိုးကလေးများ သွယ်လျလှသည်။

မယဉ်သန့်၏ကိုယ်မှာ ရှည်ရှည်သွယ်သွယ် ဖြစ်သည် သို့တိုင်အောင် လုံးကျစ်သော ပုခုံးနှင့် ပြည့်သော လက်မော သား ကလေးများကို သတိပြုမိရသည်။ ရင်မို့မို့၊ ခါးကျဉ်က နှင့် အလိုက်သင့် ထွားသော တင်သားများကို သတိထားမိသည် မယဉ်သန့်သည် ရှည်သွယ်သည် ဆိုရသော်လည်း သူ့အ အစားနှင့်သူ လိုက်ဖက်သော အသားစိုင်များ ရှိသည်။ စင် လှုပုံက နွဲ့နေသောကြောင့် ရှည်သွယ်သည် ထင်ရခြ ဖြစ်သည်။





မယဉ်သန့်သည် ဝါဖျော့ဖျော့ဝတ်စုံကို ဝတ်ထားရာ သရောင်၊ မီးရောင်အောက်တွင် ရွန်းပနေသည်။

မယဉ်သန့်၏ မျက်နှာသည် တည်သည်။ ပြောဟန်၊ ဆိုဟန်က အိန္ဒြေရသည်။ အပြုံးသည် လျှို့ဝှက်စွာ သိမ်မွေ့ လှသည်။

"သန့်ရေ...ဒီကကိုယ့်အစ်ကို တစ်ဝမ်းကွဲ၊ ကိုဝေလင်း တဲ့"

နီနီလွင်က မိတ်ဆက်ပေးသောအခါ မယဉ်သန့်၏ မျက်နှာတွင် အပြုံးပန်းတစ်ပွင့် ပွင့်သွားသည်။ လျှို့ဝှက်စွာ သိမ်မွေ့နေသော အပြုံးပန်းနုနု ဖျော့ဖျော့ကလေး။

"တွေ့ရတာ ဝမ်းသာပါတယ်"

မယဉ်သန့်၏ အသံက ငွေဆည်းလည်း လှုပ်ခါလိုက် သလိုပင် ဖြစ်မည်။ ကျောက်ဆောင်ကြားကို စမ်းရေယဉ် ကြိုးဝေ့သွားသလိုပင် ဖြစ်မည်။

နီနီလွင်က သူ့အကျင့်အတိုင်း ဆိုခဲ့သေးသည်။

"ကြည့်စမ်း.... မင်းတို့နှစ်ယောက်က ခေတ်တူနံတူတွေ လား၊ ဗုဒ္ဓဟူးသားသမီးတွေပါလား၊ ဗေဒနက္ခတ် ဆရာကြီး ခံမင်းရဲ့ အလိုအရဆိုရင် အဟာမ်း... ခေတ်တူနံတူ ဆေးဖက်ယူ သတဲ့"

သည်စဉ်က မယဉ်သန့်၏ ပါးမို့မို့က ပန်းနုရောင်ကို သတိထားမိခဲ့သေးသည်။ သို့သော် မယဉ်သန့်သည် 'နီလွင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လုပ်ကျွေးမယ်’ ဆိုကာ ပြုံးနေခဲ့သည်။

ကိုယ်ကတော့ နီနီလွင်ကို ကျေးဇူးတင်သွားမိသည်။ သည်ကလေးမက သည်လိုပဲ တစ်ခါ,တစ်ခါ အတတ်ပညာ ပြတတ်သည်။ ရယ်သလို မောသလိုနှင့် အစ်ကိုအတွက် အောင့်သွယ်တတ်သည်။

သူက ဘယ်ခေမတုန်း။ သူ့အရီး ကိုယ့်အမေနှင့် တစ်ဂိုဏ်းတည်းသားများ မဟုတ်လား။

အမေဆိုလျှင်လည်း မိန်းကလေးတစ်ယောက် တွေ့ပြီ ဆိုလျှင် ချွေးမတော်ဖို့ လောက်သာ ကြည့်နေတတ်သည်။ သားနှင့်ဆိုလျှင် အဘယ်သို့ ရှေ့သွားနောက်လိုက် ညီမည့် အကြောင်းလောက် သာ တွေးနေတတ်သည်။ အမေ့အမြင်တွင် သားနှင့်ရွယ်တူ မိန်းကလေးတိုင်းသည် ချွေးမစာရင်းဝင် ဖြစ်နေ တတ်လေသည်။

စင်စစ်တွင်တော့လည်း အမေ့ကို အပြစ်တင်၍တော့ မဖြစ်ပါ။ အဖေသည် ကိုယ် အသက် ခြောက်နှစ်သားကတည်း က ဆုံးပါးခဲ့သည်။ အမေက နောက်အိမ်ထောင် မပြုခဲ့။ အိမ် တစ်လုံး သားတစ်ယောက်နှင့် နေခဲ့သည်။ အမေ့ဘဝသည် အထီးကျန် ဆန်လှသည်။

ကိုယ် အသက် ဆယ့်သုံးနှစ်သားအထိ အမေနှင့်အတူ အိပ်သည်။ အမေသည် သည်အရွယ်အထိ ကိုယ့်ကို မွေးကင်းစ ကလေးတစ်ယောက်လို သဘောထားခဲ့သည်။ အစစအရာရာ





ကိုယ်တိုင် ပြုစုယုယသည်။ အိမ်မှာ အဖော်အလှော်မရှိ။ အမေသည် ကိုယ့်အကျီလုံချည် လျှော်ပေးသည်။ မီးပူတိုက် ပေးသည်။

စင်စစ် ပြေး၍ရေလျှင် သည်ကမ္ဘာမှာ အမေနှင့် ကိုယ်သာ တွယ်တာစရာရှိသည်ဟု ထင်စရာရှိသည်။

အမေသည် ဆွေမျိုးများသော်လည်း သားကိုသာ ခင်သည်။ သားနှင့်ပတ်သက်သော သံယောဇဉ်ကိုသာ ထားချင်ပုံ ရသည်။ ထို့ကြောင့် ကိုယ်အသက် ဆယ့်ရှစ်နှစ်သားကတည်းက အမေသည် ချွေးမ ရှာနေသည်။ သို့ပေမယ့် ကုသဇာတ်ထဲကလို အမေရှာပေးသော ချွေးမကို ကိုယ်က သဘောမကျ။ ကိုယ် ကိုယ်တိုင်ကလည်း အစွမ်း မရှိ။

သည်လိုနှင့် မယဉ်သန့်နှင့် ဆုံရသည့်ညကမှ အမေ့ထံ စာရေးလိုက်မိသည်။ မယဉ်သန့်အကြောင်း အရိပ်အမြွက်မျှ ရေးလိုက်မိသည်။

*နီလွင်မိတ်ဆက်ပေးလို့ ညက မိန်းကလေးတစ်ယောက်*
*နဲ့ ခင်ခဲ့ရတယ်။*
*သူ့နံမည်က “မယဉ်သန့်” တဲ့ အမေ။*
*သူ့ကို မြင်မြင်ခြင်း ကျွန်တော် စိတ်ဝင်စားခဲ့မိတယ်။*
*တစ်မျိုးပဲ အမေရယ်။*
*သူ့အလှကလဲ သိပ် အိနြွေရတာပဲ။ သူ့အသံကလဲ သိပ်*
*နှစ်ခြိုက်စရာ ကောင်းတာပဲ။ သူ့ကို မြင်ရတဲ့*



www.burmeseclassic.com

www.burmeseclassic.com

ရေပြည့်နေတဲ့ ကန်အလယ်မှာ ပွင့်နေတဲ့ကြာပွင့်ကလေး
တစ်ပွင့်လို သိပ် တင့်တယ်တာပဲ။

စသည်ဖြင့် ရေးခဲ့မိသည်။ အမေသည် စာကိုဖတ်ပြီး ပြုံးနေ လေမလား မပြောတတ်ပါ။

× × ×

ကိုယ်၏ ခြေလှမ်းများသည် ရတနာသို့ ဦးတည်သည်က များခဲ့သည်။ အကယ်၍ ချောင်းပေါက်တတ်မည် ဆိုပါက ယင်းနေရာတွင် ကိုယ့်ခြေလှမ်းများဖြင့်ပင် ချောင်းငယ်တစ်သွယ် စီးဆင်းနေနိုင်စရာကောင်းသည်။

နီနီလွင်ကို အကြောင်းပြု၍ မယဉ်သန့်နှင့် ခင်မင်ရန် ကြိုးစားသည်။ ရင်းနှီးရန် အားထုတ်သည်။

နီနီလွင်ကလည်း အလိုက်သိရှာပါသည်။ ကိုယ်နှင့် မယဉ်သန့်တို့ ကြုံဆုံရဖို့ အခွင့်အရေး အမျိုးမျိုး ဖန်တီးပေးသည်။ ကော်ရစ်ဒါတွေမှာ၊ စားသောက်ဆိုင်တွေမှာ၊ ပါလာမှာ၊ အင်းလျားစောင်းမှာချည်းမဟုတ်၊ ရုပ်ရှင်သို့ပင် ခေါ်လာပေးသည်။

သြော်၊ အဖိုးတန်လိုက်တဲ့ကလေးမ။

သို့ဖြင့် မယဉ်သန့်နှင့် ရင်းနှီးခဲ့ပါသည်။ ခင်မင်ခဲ့ပါသည်။ နီနီလွင်ကို အကြောင်းပြု၍ ရတနာသို့ ရောက်ရသည့် အဖြစ်ထက် မယဉ်သန့်ကြောင့် ကိုယ်ရတနာသို့ ရောက်လာရ





သည့် အကြောင်းကိုလည်း ရိပ်မိခဲ့ပါပြီ။

စင်စစ် ကိုယ့်ဘဝတွင် ရည်းစားသနာမရှိမဟုတ်။ ရှိခဲ့သည်။ အထက်တန်းကျောင်းသား ဘဝတုန်းကလည်း သူ့အထိုက်အလျောက် ရှိခဲ့သည်။ ယခု တက္ကသိုလ်ကျောင်းသား ဘဝတွင်လည်း ရိုးတိုးရိပ်တိတ် ချိတ်နေသူတွေ မနည်း။

သို့သော် ကျိန်စေချင် ကျိန်ပါ့မယ် ဆိုသလိုပါပဲ။ အားလုံး အနက် မယဉ်သန့်ကို အစွဲလမ်းဆုံး၊ အလေးအနက် အထားဆုံး၊ မယဉ်သန့်ကို အချစ်ဆုံးဟူ၍လည်း ဆိုရမည်ပင်။ တစ်ခြားသူတွေကိုတော့ ပျော်စေ ပျက်စေ ကလက်စေ ဆိုသလိုပါပဲ။ ထိုသူတွေနှင့် ပတ်သက်၍ အမေ့ထံလည်း တခုတ်တရ ဘာမရေးဖူးခဲ့။

ချစ်သည်သာဆိုလည်း မယဉ်သန့်၏ တည်ကြည်လေးနက်သော အိန္ဒြေကြောင့် မစ,ဖြစ်ခဲ့။ မဖွင့်ဟ,ဖြစ်ခဲ့။ ပြောရမှာ အားနာသလိုပင်၊ မဝံ့မရဲ ရှိမိသလိုပင်။

မယဉ်သန့်ရှေ့မှာ ကိုယ့်ဘက်က ဟန်မဆောင်နိုင်တာတွေ ရှိခဲ့သည်။ မျက်နှာ အရိပ်အကဲကို ကြည့်၍ နားလည်နိုင်တာတွေ ရှိခဲ့သည်။

မယဉ်သန့်ကလည်း မညံ့ပါဘူး။ အကဲခတ်နိုင်စွမ်း ရှိပုံသည်။ သို့သော် သူကလည်း မသိကျိုးကျွံပင် နေခဲ့သည်။ ကော်ဆွဲတစ်ယောက်လို ဆက်ဆံနေခဲ့သည်။ သည်လိုနှင့် ရက်များ၊ လ,များကို ကုန်ဆုံးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေကတော့ မယဉ်သန့်ကို မမြင်ဖူးဘဲ အပြောနှင့် လွမ်းနေသည်။ နီနီလွင်ထံ စာလှမ်းရေး၍ မယဉ်သန့် အကြောင်း စပ်စုခဲ့ သည်။ သားအတွက် ငါးပိချက်၊ သရက်သီး ကုလားဒယ်၊ ငါးသလောက်ဥကြော် စသည်တို့ ပို့ပေးရင်း မယဉ်သန့်အတွက် ဆိုကာ လက်ဆောင် ပါးလိုက်သေးသည်။

အိမ်သို့ လကုန်ရက်တိုင်းပြန်နေကျ ပြန်လာပြီဆိုလျှင် မယဉ်သန့်အကြောင်း မေးရသည်မှာ အမော။

"မင်းတို့ကိစ္စ ဘယ့်နယ် နေသေးသလဲ"

အမေသည် သည်အမေးကို မေးနေကျ။ သားလုပ်သူက မဝံ့မရဲ ရှိနေသည်ကိုပင် အားမလို အားမရ ဖြစ်နေပုံပေါ်သည်။

"ဝေလင်းနှယ်ဟယ် ကာလသားသမီး မဟုတ်တဲ့ အတိုင်းပဲ"

ညည်းတတ်သေးသည်။

"တစ်ခါလောက် ပဲခူးကို ခေါ်လာစမ်းပါ"

အမေ တတွတ်တွတ် မှာသည်။

သို့ဖြင့် နီနီလွင်နှင့် အစီအစဉ်လုပ်ကာ မယဉ်သန့်ကို ပဲခူးသို့ အပေါ်ခေါ်ပေးရသေးသည်။ မယဉ်သန့်ကို ဘုရားဖူးဆို ကာ ဆွေပြ မျိုးပြ လုပ်ခဲ့ရသေးသည်။

အမေသည် မယဉ်သန့်ကို မြင်ရသောအခါ ပို၍ နှစ်ခြိုက် သည်။ ပို၍ မြတ်နိုးသည်။

"မိန်းကလေးရဲ့ ဆံပင်တွေဟာ သိပ်သန်တာပဲ၊ ဆံထုံး ကို ဖြန့်ချလိုက်ရင် ဒူးခေါက်ခွက်အထိ ရောက်တယ်။ ကောင်း ခြင်းငါးဖြာနဲ့ ပြည့်စုံတယ်။ ကတော်ဆယ်ပါး တစ်ပါး အပါ အဝင်ဆိုတဲ့ ရုပ်ရည်မျိုး၊ အထူးသဖြင့် သူ့လက်ချောင်းကလေး တွေက သိပ်လှတာဘဲ၊ အဆစ်မပေါ်ဘူး၊ လက်ခုံကလေးတွေက ဖောင်းဖောင်းအိအိကလေးတွေ"

အမေသည် မယဉ်သန့်၏အလှကို ကြဲဖန် ချီးကျူး နေသည်။

"နေပုံကလေးကလဲ အေးလိုက်တာဟယ်။ ကြွေရုပ် ကလေး ချထားသလိုပဲ၊ မယဉ်သန့်ဆိုတဲ့ နံမည်ကလေးနဲ့ သိပ်လိုက်တာပဲ"

အမေသည် မယဉ်သန့်ကို အရိပ်တကြည့် ကြည့် နေသည်။

ဘုရားပေါင်းစုံကို ကိုယ်တိုင်လိုက်ပို့ပေးသည်။

ညဘက်ကျတော့ ကိုယ်ပင် မသိသော လျှို့ဝှက်မှုကို အမေပြုသည်။ မိဘ ဘိုးဘွားလက်ထက်ကတည်းက စုဆောင်း ထားသော ရတနာထုပ်ကို ဖွင့်ပြခဲ့ခြင်းဖြစ်သည်။

ရတနာထုပ်ထဲတွင် ပတ္တမြားနားကပ်တွေ၊ နီလာဆွဲကြိုး တွေ၊ စိန်လက်ကောက်၊ စိန်နားကပ်တွေ ရှိနေသည်။

စင်စစ် ရတနာထုပ်ကို ဖြည်ပြခဲ့သည်မှာ မယဉ်သန့် အထင်ကြီးစေလိုသောသဘောလည်း ပါမည်ထင်သည်။ ရတနာ များ၏ တန်ဖိုးမှာ လေးငါးခြောက်သိန်းခန့် ရှိနိုင်သည်။





Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com



ပြီး အမေ့တွင် အခြားရည်ရွယ်ချက်လည်းရှိခဲ့သည်။

မယဉ်သန့်တွင် စိန်နားကပ်တစ်ရံရှိသည်။ ဤသည်မှာ သူ၏ အလုံးစုံသော လက်ဝတ်လက်စားပင် ဖြစ်သည်။ ဤသည်မှ လွဲ၍ အခြားရတနာကို မယဉ်သန့် တခါဖူးမျှ မဝတ်ဆင်ခဲ့။

ယင်းနားကပ်မှာလည်း စင်စစ် ပြုတ်ကောင်းစေ့ခန့်သို့သော် အရည်အသွေးကောင်းသော စိန်ကလေးနှစ်လုံးသာ ဖြစ်သည်။

အမေသည် မယဉ်သန့်၏ နားကပ်ကို ချွတ်ခိုင်းသည်။ လက်သန်းဖျားနီးပါးရှိ စိန်နားကပ်တစ်ရံကို ဝတ်ကြည့်စေသည်။

"နားကပ်ကို ပြန်မချွတ်နဲ့တော့သမီး၊ သမီးရဲ့ နားကပ်က သေးဖွဲလွန်းပါတယ်ကွယ်။ ဒါပဲ ဝတ်သွားပါတော့"

အမေ ဆိုခဲ့သည်။ ရက်ရောစွာ ပေးခဲ့သည်။

မယဉ်သန့် မယူပါ။ ငြင်းသည်။ အမေသည် အတင်းချည်း ပေးနေသည်။ ပြန်မချွတ်ဖို့ ပြောနေသည်။ မယဉ်သန့်မှာ အတင်းငြင်း ရရှာသည်။

အမေသည် မယဉ်သန့်အပေါ် သည်မျှအထိ သဒ္ဒါပိုခဲ့သည်။ စေတနာ ရေစီးကမ်းပြိုခဲ့သည်။

"အမေ့မှာ ဒါတွေကို ခွဲဝေပေးရမယ့် လူလဲမရှိဘူး။ တခြား အမွေစား အမွေခံလဲ မရှိဘူး၊ ဒါတွေအားလုံးဟာ ဝေလင်းအတွက်"

အမေက မယဉ်သန့်ကို ယင်းသို့လည်း စည်းရုံးခဲ့ပါသေးသည်။





မယဉ်သန့်သည် အမေ့စေတနာကို သဘောပေါက်ပုံရသည်။အမေ၏ ရည်ရွယ်ချက်ကိုလည်း ရိပ်စားမိပုံပေါ်သည်။

*"လူမမြင်ခင်က အတွေးနဲ့ ချစ်ခဲ့ရတယ်၊ လူကိုယ်တိုင်ကို မြင်ရတော့ ပိုလို့ချစ်ရပါတယ်ကွယ်"*

အမေသည် နီနီလွင့်ထံရေးသော စာတွင် ယင်းသို့ ဖော်ပြသည်။

မယဉ်သန့် ငြင်းပယ်နေသည့်အကြားမှ အဝတ်အထည်တွေ အတင်းဝယ်ပို့ခဲ့သည်။ အဆောင် ဟင်း ထမင်းတွေ မကောင်းနိုင်ဆိုကာ စားသောက်ဖွယ်ရာတွေ ပို့ပေးနေခဲ့သည်။ အမေ၏ စေတနာ ပိုပုံမှာတော့ အမေ တစ်ပတ်တစ်ပတ် ပို့ပေးနေသော စားသောက်ဖွယ်များသည် သူငယ်ချင်းများနှင့် ဝေမျှစား၍ပင် မကုန်သောကြောင့် အသိုးခံကာ လွှင့်ပစ်ရသည်အထိ ဖြစ်ခဲ့သည်။

သည်လိုနှင့် ကိုယ်၏ စတုတ္ထနှစ်၊ မယဉ်သန့်တို့ နီနီလွင်တို့၏ တတိယနှစ်သို့ ရောက်လာသည်။

ကိုယ်တို့ ပွင့်လင်းခဲ့ကြပါပြီ။ ချစ်သည့်အကြောင်း ဖွင့်ပြောခဲ့ပါပြီ။ မယဉ်သန့်၏ အဖြေကိုလည်း ရခဲ့ပါပြီ။

သည်ရက်များမှာ ကိုယ့်အဖို့ ချမ်းမြေ့ဖွယ် အကောင်းဆုံး နေ့ရက်များ ဖြစ်ခဲ့သည်။ ပျော်ရွှင်ကြည်နူးခဲ့ရသည်။ အမေသည်လည်း စိတ်ချမ်းသာခဲ့သည်။

နီနီလွင်မပါဘဲ အင်းလျားမှာ ထိုင်ရန် အခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com

ရခဲ့ပြီ။ ရုပ်ရှင်ရုံထဲက ချောင်အကျဆုံးခုံမှာ တိတ်တခိုး အနမ်းမို
စွေမတတ်။ စနေတွင် ပဲခူးသို့လာ၍ တနင်္ဂနွေညနေမှာ ပြန်ကြ
သည်။

သည်အထိ တရင်းတနှီး ရှိခဲ့ကြပြီ။

သည်စဉ်က ဘဝမှာ ချောမွေ့ခဲ့သည်။ သာတော
သာယာ ရှိခဲ့သည်။ နေသာသည်။ လပြည့်ဝန်းသည်။ ပန်းတကာ
တို့ ပွင့်ခဲ့သည်။ အဟောတာဝ ချမ်းသာခဲ့ကြသည်။

မယဉ်သန့်က ပညာကိုတော့ ဆုံးခန်းတိုင် သင်ချ
သည်။ ဘွဲ့ရသည်အထိတော့ သည်းညည်းခံပါဟု တောင်းပ
သည်။ သူ၏ ပညာရေး စတုတ္ထနှစ် အကုန်မှာ လက်ထပ်ပါမည်
ဟု ကတိပေးထားခဲ့ပြီ။

“ဒါပေမယ့် လက်ထပ်ရမှာက ကိုဝေ့ကို ချစ်လ
မဟုတ်ဖူး၊ အမေ့ကို အားနာလို့”

မယဉ်သန့်က မထိတထိ စ,တတ်သေးသည်။

“ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ သန့်ကို လက်ထပ်ခွ
ရရင် ပြီးတာပဲ၊ ကိုယ်သိပါတယ်၊ ကိုယ်က သန့်ကို တစ်ဘက်
သတ် ချစ်နေတာကိုး”

ကိုယ်ကလည်း ပြန်စ,သည်။

“အလကားပါမောင်ရယ်၊ သန့်ကလဲ မောင့်ကိုချစ်ပါ
တယ်”

ပဲခူးရှိ ကိုယ်တို့အိမ်မှာ လိပ်ပြာကန်နှင့် နီးသည်။ လမ်





တည့်တည့်အတိုင်း ထွက်ခဲ့လျှင် ကန်ဘောင်ကို လမ်းက သွား၍
ဦးတိုက်နေတော့သည်။

ပဲခူးသို့ လာကြသောအခါ ကိုယ့်ကို မယဉ်သန့်က
ပူဆာ တတ်သည်။

“ကန်ဘောင်မှာ သွားထိုင်ကြရအောင်။ ပြီးတော့....”

“ပြီးတော့ ဘာလဲ ဟင်”

“ပြီးတော့ ကိုဝေ သန့်ကို ကိုသန်းလှိုင်ရဲ့ သီချင်း
တစ်ပုဒ်ပုဒ် ဆိုပြ”

လူခြေတိတ်ချိန်၊ သူငယ်အိပ်ချိန်တွင် ကိုယ်သည်
မယ်ဒလင် ကလေးဆွဲ၍ သန့်နှင့်အတူ လိပ်ပြာကန်ဘောင်သို့
လာသည်။ ကိုသန်းလှိုင်၏ “ဥသာလှိုင်ထိပ်ထား” သီချင်း
ဆိုပြရသည်။ သန့်သည် မျက်တောင်မှေးစင်းကာ သီချင်းကို
စိတ်ဝင်တစား နားထောင်နေတတ်သည်။

တစ်ပုဒ်ပြီးလျှင် ‘နောက်တစ်ပုဒ်’ ဟု ပွဲတောင်း
တတ်သည်။

သည်လိုနှင့် သီချင်း လေးငါးပုဒ်ဆိုအပြီး၊ သန့်ကောင်
သေ ကျမှ အိမ်သို့ပြန်တတ်ကြ။

တပူးတွဲတွဲနေသည်၊ စားအတူ သွားအတူနေသည်၊
နေ့ည မခွဲ တတွဲတွဲနေသည် ဆိုသော်လည်း ကိုယ်တို့တွင်
သည်းကမ်းရှိခဲ့ကြသည်။ ထိန်းချုပ်ခဲ့ကြသည်။

လက်မထပ်ပြီးမချင်း စည်းစောင့်ပါမည်ဟု ကတိပေး


www.burmeseclassic.com

www.burmeseclassic.com


ရသည်။ ကိုယ်က ယောကျ်ားကလေးမို့ ဓွတ်တရွတ် နိုင်လိုသော် လည်း မယဉ်သန့်က တင်းကြပ်သည်။ ထိန်းချုပ်သည်။

သို့ဖြင့် ကိုယ်နှင့် မယဉ်သန့်တို့တွင် အနမ်းသည်သာ လျှင် အကြီးမားဆုံးသော လိုက်လျောမှု ဖြစ်ခဲ့သည်။ အပရိက အထိအတွေ့ မှတပါး အခြားဘာမျှ မဖြစ်ခဲ့ကြ။ ကျိန်ပါဆိုလျှင် ဤသည်ကိုလည်း နှစ်ယောက်လုံးက ကျိန်ဝံ့ကြပါသည်။

သည်တုန်းက ကိုယ့်အနေနှင့်လည်း ဤကိစ္စမှာ ရေးကြီးခွင်ကျယ် ဖြစ်စရာ လိုမည်မထင်ခဲ့။ အထူးတလည် တောင်းဆိုစရာဟု မအောက်မေ့မိခဲ့။ ယခုအခါ ပြန်စဉ်းစား လျှင်ကား သည်တုန်းက ထိန်းချုပ်မှုတွေ၊ စည်းကမ်းကလနာ တွေမှာ ရယ်စရာ ကောင်းနေလေသည်။

× × ×

သည်လိုနှင့် စာမေးပွဲရက်များနှင့် နီးလာသည် အင်းလျားတွင် မထိုင်အားလှတော့။ ရုပ်ရှင်အကြည့် ကျဲလာ သည်။ ပဲခူးသို့ လည်း မသွားဖြစ်တော့။

သည်အတွင်း မယဉ်သန့် သူ့မြို့သို့ပြန်သည်။ မယဉ် သန့်က မြစ်ဝကျွန်းပေါ်သူ။

သူ မြို့သို့ ပြန်ရသည်မှာ သူ့အစ်မ ဆုံး၍ဟု သိရသည် သူ့အစ်မမှာ မယဉ်ခန့် ဖြစ်သည်။ မယဉ်သန့်ထက် နှစ်,နှစ်သ ကြီးသည်။ သို့သော် အစ်မက ညှက်သည်။ ညီမက ထွားသည် ရုပ်ရည် သွင်ပြင်မှာမူ အမွှာလေလား ထင်ရလောက်အောင် ဆင်တူကြသည်။

မယဉ်သန့်ကို ကိုယ် နှစ်ခါလောက်သာ မြင်ဖူးသည်။ သူက အဝေးမှာနေသည်။ နယ်မှာနေသည်။ ရန်ကုန်လာရင်း ညီမဖြစ်သူကို ဝင်တွေ့ခဲ့ခြင်း ဖြစ်သည်။

မယဉ်သန့်သည် သူ့အိမ်အကြောင်းကို အထူးလျှို့ဝှက် ထားတတ်သည်။ ပြောလေ့ပြောထ မရှိ။ အိမ်တွင်းရေးနှင့် ပတ်သက်၍ လူအသိမခံ။ အစပ်စုမခံ။ သည်လိုနှင့် မယဉ်သန့် နှင့် ပတ်သက်၍ ဆွေမျိုးအနေနှင့် သိကျွမ်းရသူမှာ မယဉ်ခန့်သာ ရှိသည်။ မယဉ်သန့်၏ ဆွေမျိုးမိဘအကြောင်းကို မေးလျှင် အဖြေမပေးဘဲ သက်ပြင်းသာ ရှိုက်နေလေ့ရှိသည်။

မယဉ်ခန့်သည် ဆွေးမျိုးများထံအလာ ရုတ်တရက် မောမကျန်းဖြစ်၍ သေဆုံးခဲ့ရခြင်း ဖြစ်သည်။ မယဉ်သန့် ကိုယ်တိုင် ကြားရသည့် သတင်းအတွက် မယုံတစ်ဝက် ယုံတစ် ဝက် ဖြစ်ရသည်။ ထိုနောက် ချက်ချင်းမှာပင် မြို့သို့ပြန်သွား ရသည်။

ကိုယ့်အတွက်ဆိုလျှင် စာတိုကလေးတစောင်သာ ရေးထားနိုင်ခဲ့သည်။

*ကိုဝေ*

*သန့်ရဲ့အစ်မဆုံး၍ မြို့သို့ ပြန်သွားရပါသည်။*

*သန့်*

Royal Snow Publications
Royal Snow Publications
www.burmeseclassic.com

www.burmeseclassic.com



စာက သည်မျှသာ ဖြစ်ပါသည်။ စာတိုသောကြောင့် စာပါ အကြောင်းအရာများကို မှတ်မိနေသည် မဟုတ်သေး။ သည်စာမှာ မယဉ်သန့်၏ နောက်ဆုံးစာ ဖြစ်သောကြောင့် မှတ်မိရခြင်းလည်း ဖြစ်သည်။

မှန်ပါသည်။

မယဉ်သန့်သည် မြို့၌ လိုအပ်သည်ထက် ပိုမို ကြာမြင့် နေသည်။ တစ်လခန့်အထိ ကျောင်းသို့ ပြန်မလာ။ လူရောက် မလာသလို စာလည်း မရေးခဲ့။ သတင်းလည်း မကြားနိုင်။

လွမ်းလှပါပြီ။ တမ်းတ,ရပါပြီ။ စိတ်မှာလည်း ပူလှပြီ။

သည်လိုနှင့် စာမေးပွဲရက်များသို့ ရောက်လာသည်။ မယဉ်သန့် စာမေးပွဲ လာမဖြေ။ သူ့ခုံနံပါတ်မှာ ထား လစ်လပ်လျက် ရှိသည်။

နီနီလွင် ကိုယ်တိုင်လည်း အံ့ဩနေသည်။ အဆ တကြယ် ဖြစ်နေသည်။

သို့နှင့်ပင် စာမေးပွဲများ ပြီးစီး၍ အသီးသီး အသ အသက နေရပ်သို့ ပြန်ကြတော့မည်။

သည်တစ်ရက်မှာ မယဉ်သန့် ကျောင်းသို့ ရောက်လာ သည်။ ထိုနေ့က နီနီလွင့်ထံ မယဉ်သန့် သတင်းမေး အောင်ဆိုကာ ကိုယ်လည်း ရတနာသို့ ရောက်နေရသည်။

မယဉ်သန့်သည် အဝတ်အစားသေတ္တာကို လာသ ခြင်း ဖြစ်သည်ဟု နီနီလွင်၏ စကားအရ သိရသည်





မယဉ်သန့်နှင့် ပတ်သက်၍ ဤသည်မှတစ်ပါး အခြားဘာမျှ မသိရသေး။

ကိုယ်က မယဉ်သန့်နှင့် တွေ့ပါရစေဟု ခွင့်တောင်း သည်။ မယဉ်သန့်က မတွေ့ပါရစေနှင့် ငြင်းသည်။

"သူ တစ်စုံတစ်ခု ဖြစ်လာပုံပဲ ကိုကို၊ ဘာမှလဲ မပြော ဘူး၊ ဘာမှလဲ မေးလို့မရဘူး၊ ငိုလို့ချည်း နေ့နေတယ်၊ နီလွင် တို့လဲ ဘာလုပ်ရမှန်း မသိတော့ဘူး"

နီနီလွင်က ခေါင်းကို ဖွားဖွားပါအောင် ကုတ်ရင်း ညည်းသည်။

ကိုယ့်ရင်မှာ ပူရပြီ။ ကိုယ့်နှလုံးသားမှာ စိုးနွောင့်နေရပြီ။

"ပြောလိုက်စမ်းပါနီလွင်၊ ကိုယ် သန့်ကို မမြင်ရရင် မပြန်ဘူးလို့၊ တစ်စက္ကန့်ကလေးပဲဖြစ်ဖြစ် မြင်ရရင် တော်ပါပြီ လို့ သန့်ကို ပြောလိုက်စမ်းပါ"

အဆောင်၏ ညှို့နှင်ခေါင်းလောင်းလည်း မြည်းဟီးနေ ပြီ။ အဆောင်တံခါးလည်း ပိတ်တော့မည်။ ဒရဝမ်ကလည်း ကိုယ့်ကို စိတ်တိုနေပြီ။ သို့ပေမယ့် ကိုယ်က ခေါင်းမာစွာဖြင့် မထွက်ဘဲ တင်းခံနေခဲ့သည်။ မယဉ်သန့်ကို မတွေ့ရလျှင် မပြန် ဟု သန္နိဋ္ဌာန် ချထားသည်။

အဆောင်ဝန်းကျင်မှာ မြူတွေဝေနေသည်။ ဆည်းဆာ လည်း ကွယ်ခဲ့ပြီ။ လမ်းမီးတို့ပင် လင်းလက်နေပြီ။ အဆောင် တံခါးမှာ ကိုယ့်အတွက် မပိတ်ရသေးဘဲ ရှိသည်။ ဒရဝမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကိုယ်တို့ စကားများနေကြပြီ။ အခြေအနေ တင်းမာနေပြီ။ သူက ဆွဲထုတ်တော့ မတတ် ရှိနေပြီ။ ရုတ်ရုတ်သဲသဲ ဖြစ်နေပြီ။

သည်မှာ မယဉ်သန့် ကိုယ့်ကိုလာတွေ့သည်။ မတွေ့လျှင် အခြေအနေအားလုံး ဆိုးရွားသွားမည်ကို သူနားလည်ပုံရသည်။ နီနီလွင်တို့ကလည်း ဆင်းတွေ့ဖို့ တိုက်တွန်းခဲ့ဟန်တူသည်။

ဩော.... မယဉ်သန့်။

သူ့ဆံယဉ် မသ,နိုင်ရှာပါ။ ပန်းမပန်နိုင်ရှာပါ။ နှုတ်သာ မလိမ်းကျံနိုင်ရှာပါ။ ဆံမြိတ် လျော့ပြေနေသည်။ ကိုယ် နှမ်းကြေနေသည်။ မျက်ဝန်းမှာလည်း နီကျင်နေသည်။ မျက်ရည် ပြည့်လျှမ်းနေသည်။ ပါးပြင်ပေါ်မှ မျက်ရည်စီး ကြောင်းတို့လည်း မခြောက်သွေ့တတ်သေး။

ကိုယ့်ရှေ့မှာ လာရပ်သည်။ ကိုယ်သည် အံ့ဩ တုန်လှုပ်စိတ်ဖြင့် ဘာပြောရမည် မသိတော့ဘဲ သူ့ကိုသာ စူးစိုက် ကြည့်နေမိသည်။ ရင်ထုမနာ ဖြစ်နေမိသည်။

"တစ်စက္ကန့်ဖြစ်ဖြစ် တွေ့ရရင် ကျေနပ်ပြီဆို၊ ပြန်တော့ ကိုဝေ၊ ပြန်တော့လေ"

"သန့် ဘာဖြစ်သလဲဟင်၊ သန့် ဘာတွေဖြစ်နေတာလဲ"

"သန့် မဖြေပါရစေနဲ့၊ ဘာမှလဲ မပြောပါရစေနဲ့၊ ကိုဝေသာ ပြန်ပါတော့"

သည်တော့လည်း အံ့ဩတုန်လှုပ်ရခြင်းမှာ ရုတ်ခြည်း





ဒေါသအဖြစ် ပြောင်းသွားရသည်။

"ပြောစမ်းပါသန့်ရယ်၊ သန့်ဘာဖြစ်လာသလဲ၊ ဘာလို့ အခုမှ ပြန်လာသလဲ၊ ဟိုမှာ ဘာတွေဖြစ်ခဲ့သလဲ"

မယဉ်သန့်မဖြေ။ ခေါင်းငုံ့ကာ ရှိုက်နေသည်။

ကိုယ်သည် မယဉ်သန့်လက်မောင်းကို ဆွဲခါလိုက် သည်။

"ပြောစမ်းပါသန့်ရဲ့၊ ဒါတွေမကြားရမချင်း ကိုယ်ပြန် မယ် မှတ်သလား၊ မပြန်ဘူး၊ ပြော၊ ပြော ပြောစမ်းသန့်"

မယဉ်သန့်ကိုယ့်ကို မျက်ရည်လည်ရွဲဖြင့် မော့ကြည့် သည်။ မယဉ်သန့်၏ မျက်နှာသည် တင်းမာလာသည်။ မျက်ဝန်းများသည် နာကျည်းခြင်းဖြင့် တောက်ပလာသည်။

"ကိုဝေ့ကို သန့်မချစ်နိုင်တော့ဘူး၊ မယူနိုင်တော့ဘူး၊ ဆက်မထပ်နိုင်တော့ဘူး"

သည်စကားကို ကြားရတော့ ကိုယ် အရူးလို ရယ်ပစ် လိုက်မိသည်။

"ဟုတ်တယ်ကိုဝေ၊ သန့်နဲ့ကိုဝေတို့အဖြစ်ကို အိပ်မက် လိုသာ သဘောထားလိုက်ပါတော့"

"ဘာဖြစ်လို့လဲ၊ ချစ်တယ်ဆိုတာ ကလေးကစားတာမှ မဟုတ်ပဲ၊ လက်ဖဝါးလို မှောက်ချည်လှန်ချည်လုပ်လို့ ဘယ်ဖြစ် မလဲ"

"သန့် မဖြေပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေစမ်းပါ၊ ဘာဖြစ်လို့ ချက်ချင်းကြီး ပြောင်းလဲသွားရတာလဲ"

"သန့် သွားတော့မယ်"

"မသွားရဘူး၊ ဖြေ"

မယဉ်သန့်၏ မျက်ဝန်းများသည် ပိုမို တောက်ပြောင်လာသည်။ မျက်နှာထားမှာ ပိုမိုတင်းမာလာသည်။ သူက အံကြိတ်လိုက်သည်။

"ကောင်းပြီ ကိုဝေ၊ သန့်ဖြေမယ်၊ သန့် ကိုဝေ့ကို လက်မထပ်နိုင်တော့ဘူး၊ မချစ်နိုင်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ သန့်.... သန့်....ဒီကနေ့ပဲ လူတစ်ယောက်နဲ့ လက်ထပ်လိုက်ပြီ"

မိုးထစ်ချုန်းလိုက်သည့်နယ်ဖြစ်သည်။ ကမ္ဘာကြီး တိမ်းစောင်းယိုင်ရွဲ့သွားရသလို ရှိသည်။ အရာရာသည် ပေါက်ကွဲလွင့်စင်သွားသည့်ပမာ ဖြစ်သည်။

အကယ်၍ မိမိ၏အနီးအနားမှာ အနုမြူဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်ဆိုလျှင်ပင် သည်လောက်အံ့ဩတုန်လှုပ်ရမည် မထင်။ ကျည်ဆံ တစ်ဆံက မမျှော်လင့်ဘဲ မိမိ၏ အသည်းနှလုံးကို ထိမှန်သွားခဲ့လျှင်ပင် သည်မျှ နာကျင်ရမည် မထင်။

ကြက်သေ,သေသွားခဲ့ရသည်။ ကြောင်သွားခဲ့ရသည်။ မျက်စိထဲမှာ အရာရာသည် မှောင်အတိ ကျသွားရသည်။

သတိရ၍ မျက်စိဖွင့်ကြည့်မိချိန်တွင် မယဉ်သန့်





ပေါ်းမှာ မရှိတော့။ ငိုရှိုက်လျက်က လှေကားအတိုင်း ပြေးတက်သွားသည်ကိုသာ တွေ့ရတော့သည်။

"ကဲ–ကိစ္စပြီးပြီမဟုတ်လား၊ ပြန်ပါတော့မယ် မဟုတ်လား"

ဒရဝမ်က သတိပေးနေသည်။

လေးလံသော ခြေလှမ်းများဖြင့် ရတနာမှ ထွက်ခဲ့ရသည်။ မိမိခြေထောက်နှင့် မြေကြီးသို့ ထိသည်မထိသည်ကို မသိ။ ပတ်ဝန်းကျင်မှာ ဘာတွေရှိ၍ ဘာတွေ ဖြစ်နေသည်ကိုလည်း သတိမရ။ မျက်စိကလည်း ဘာမျှမမြင်တော့။ အရာရာသည် မြူဖြင့်မှိုင်းတွဲ့နေသည်ဟု ထင်သည်။

အဆောင်သို့ ပြန်မရောက်တော့ပါ။ ဘယ်ပုံ ဘယ်နည်းဖြင့် အင်းလျားကန်စပ်သို့ ရောက်ခဲ့သည်ကိုလည်း မသိတော့ပါ။ ခါတိုင်းက နှစ်ယောက်အတူထိုင်နေကျ ရေစပ်နှင့်နီးသည့် သည်ပင်ကြီး၏ မြစ်ဆုံမှာ ထိုင်မိသည်ကိုလည်း အမှတ်မထားတော့ပါ။

ကမ္ဘာလောကကြီးမှာ ဘာတွေ ဖြစ်နေသည် မသိ။ ခင်ကိုက်သည်၊ အေးသည်၊ နှင်းကျသည်ကို စိတ်အသိက ပြန်နိုင်စွမ်းမရှိ။

မျက်စိထဲမှာ ဆံယဉ်လျော့ပြေကာ မျက်ရည်တွေတွေ ကျနေသည့် မယဉ်သန့်ရုပ်လွှာကိုသာ မြင်နေသည်။ နားမှာ သန့်.... သန့်....ဒီနေ့ပဲ လူတစ်ယောက်နဲ့ လက်ထပ်လိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော အသံသာ ကြားနေသည်။ ရှစ်ရပ်ဝန်းကျင်တွင် မယဉ်သန့်၏ ယင်းရုပ်လွှာကိုသာ မြင်နေရသည်။ ရှစ်ရပ်ဝန်းကျင်မှာ ယင်းအသံသည် ပဲ့တင် ရိုက်ဟီးလျက် ရှိနေသည်။

မယဉ်သန့်သည် မိမိနှင့် အဝေးကတကာ့ အဝေးဆုံးသို့ လွင့်ပါးသွားနေသည်။ အင်အားရပ် တစ်ခုခုက မယဉ်သန့်ကို မိမိရင်ခွင်အတွင်းမှ ဆွဲယူသွားသည်။ မိမိ၏ အသည်းနှလုံး တစ်ပြုံတစ်မလုံး မယဉ်သန့်နှင့်အတူ ပါသွားသည်။ ရင်မှာ ဟာင်းလောင်းပွင့်လျက် ကျန်ရစ်သည်။ ဘာမျှမရှိတော့။ ဗလာနတ္ထိသာ ရှိတော့သည်ဟု မှတ်ယူမိ သည်။

ထိုနေ့ညက တစ်ညလုံး မိမိကိုယ်မိမိ ပျောက်ဆုံးသွားခဲ့သည်။ နောက်တစ်နေ့ မိုးသောက်ယံတွင် မိမိကိုယ်မိမိ အင်းလျားကန်စောင်း၊ ရေစပ်နှင့်နီးသည့် ကညင်ပင်ကြီးအောက် သစ်မြစ်ဆုံတွင် ပြန်လည် ရှာတွေ့သည်။

အဆောင်သို့ပြန်သည်။ ပစ္စည်းပစ္စယသိမ်းသည်။ ပဲခူးသို့ ပြန်ခဲ့သည်။

အမေ့ရင်ခွင်တွင် မျက်နှာအပ်ကာ မယဉ်သန့် ကိုယ့်ကို စိမ်းကားသွားကြောင်း မိမိအမြတ်နိုးဆုံး အရုပ်ကလေး ပျောက်ဆုံးသွားသည့် ကလေးငယ်လို ငိုယိုတိုင်တမ်းမိသည်ကို အမှတ်ရမိပါသေးသည်။

× × ×





သည်ကစ၍ မယဉ်သန့်နှင့် ဝေးခဲ့ပြီထင်သည်။ မယဉ်သန့်ကို သည်ကစ၍ ခွဲခဲ့ရပြီထင်သည်။

နောက်တစ်နေ့ သတင်းစာများတွင် မယဉ်သန့်၏ လက်ထပ်ပြီးစီးကြောင်း ကြော်ငြာပါလာသည်။

ဆင်ခြေ မတက်နိုင်သော၊ အဖြေမပေးနိုင်သော ပုစ္ဆာကို တွက်ရသေးမီမှာပင် လက်လျော့လိုက်သည်။ မပြိုင်မီက အရှုံးပေးလိုက်သည်။

များစွာသော အချစ်ဝေဒနာသည်တို့ ထုံးစံအတိုင်း ရက်ပေါင်း လပေါင်းများစွာ အချစ်နာကျခဲ့သည်။ ကမ္ဘာဦးကာလသည်စမှ သည်ယနေ့အထိ ဖြစ်ပေါ်ခဲ့သည့် အချစ်ဟူသော ကမ္ဘာနာကို ဆေးမြီး တိုကုထုံးများစွာဖြင့် ကုစားခဲ့သည်။

မကြာလိုပေမယ့် စပ်စုတတ်သော နီနီလွင်တို့က မယဉ်သန့် အကြောင်းပြောလာကြသည်။ မယဉ်သန့်သည် မလွဲမကင်းသာသော အခြေအနေကြောင့် သူ၏ခဲအိုတော်ကို လက်ထပ်ခဲ့ရသည့်အကြောင်း။ ရှိပါစေတော့၊ ထားလိုက်ပါတော့။ ဘဝရေစက်ပေကိုး။

သည်လိုနှင့် ခြောက်နှစ်တာမျှ ကုသခဲ့ပြီး အနာကျက်စ၊ ကောင်းသေစကလေးမှာ မယဉ်သန့်နှင့် တစ်ကြိမ်ဆုံခဲ့ရသည်။

ပဲခူးမှ ရန်ကုန်သို့အလာ မီးရထားပေါ်မှာ ဆုံရခြင်းဖြစ်သည်။

လူကျပ်လာသော မီးရထားကို ပဲခူးမှ စောင့်စီးရသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဘူတာမှအတက်တွင် တိုးဝှေ့ တက်ခဲ့ရသည်။ ရောက်လာသော အခန်းမှာ အထက်တန်းအိပ်ခန်းတွဲတစ်ခု။

သည်အထဲမှာ မယဉ်သန့်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။ တစ်ယောက်တည်းမဟုတ်။ အထီးတည်းမဟုတ်။ မယဉ်သန့်ဘေးမှာ ယူနီဖောင်းဝတ်တစ်ဦး။ ပြောင်လက်တောက် ပသော ရွှေလိုင်းသုံးလိုင်းကို ပုခုံး၌ တပ်ဆင်ထားသော ပုဂ္ဂိုလ်။ ပြီး မယဉ်သန့်ရှေ့မှာ လမ်းလျှောက်တက်ကာစ ကလေးငယ်။ မယဉ်သန့် ကိုယ်ပေါ်မှာ မီခင်အကျီနှင့်။

မလွှဲသာ၍ ဆုံလိုက်ရသည်မို့ နှစ်ယောက် အံ့အား သင့်သွားမိကြသည်။ မျက်စိမျက်နှာ ပျက်ခဲ့ရသည်။ အခြေအနေ ကို ထိန်းသိမ်းရန် မယဉ်သန့်ကစ၍ စကားဆိုသည်။

"ဒီက သန့်ရဲ့ခင်ပွန်း ဗိုလ်ကြီးမင်းမောင်ပါ၊ သန့်တို့ မြစ်ကြီးနားကနေ ရန်ကုန်ကို ပြောင်းလာကြတာ"

မလွှဲမကင်းသာ လက်ဆွဲနှုတ်ဆက်လိုက်ရသည်။ ဟန် ဆောင်ပြုံးကို ပြုံးလိုက်ရသည်။

မယဉ်သန့်တို့ ရန်ကုန်ပြောင်းလာလျှင် ရန်ကုန်မြေ တစ်ကြိမ်မဟုတ် တစ်ကြိမ် ထပ်မံဆုံရဦးမည်ကို သိသည်။

စင်စစ် ဗိုလ်ကြီးမင်းမောင်သည် အောင်နိုင်သူ ကိုယ်ကာ ဆုံးရှုံးသူ။ ဆုံးရှုံးသူ၏အပြုံးသည် အောင်နိုင်သူ အတွက် မမှုသာသော်လည်း အောင်နိုင်သူ၏ အပြုံးသည် ဆုံးရှုံးသူအတွက် မခံချိသာဖွယ် ကောင်းလှသည်။





ထို့ကြောင့်ပင် မယဉ်သန့်တို့နှင့် ဝေးရာကို ပြေးမည်ဟု ုံးဖြတ်ခဲ့သည်။ စင်စစ်တွင်လည်း ရှုံးသူကပြေးကြစတမ်းဟု လိုလို နားလည်ပြီးသား ဖြစ်သည်။

အမေ့ကိုတော့ သနားပါရဲ့။ ခမြာ သားကို သူ့အပါးမှ စ်ဖဝါးမျှမခွာစေလို၊ ဘယ်မှမသွားစေလို။ အနားမှာ ရိပ်တကြည့်ကြည့် နေချင်သည်။

သို့သော် ကိုယ့်အပူနှင့်ကိုယ်မို့ မတတ်သာပြီ။

စိတ်သက်သာရာ ရလိုရငြား အလုပ်ဝင်ခဲ့သည်။ ို့အလုပ်ကို အကြောင်းပြလျက် နယ်ပြောင်းယူလိုက်သည်။ န်ကုန်နှင့် ဝေးခဲ့သည်။

ယခုတော့ ဆယ်နှစ်ရှိပြီ။ ရန်ကုန်မြေသို့ ဆယ်နှစ် တွင်း ပထမအကြိမ် ခြေချကြည့်သည်။ ဟော မယဉ်သန့်နှင့် ုံရပြန်ပြီ။

ရေစက် မကုန်တတ်သေးပါကလား။

သို့သော် အခြေအနေတွေက အတော်ချည်း ပြောင်းခဲ့ပြီ၊ သည်းမှအနာလည်း ကျက်ခဲ့ပြီ။ အမာရွတ် ထင်းထင်းကလေး ာ ကျန်တော့သည်။

မယဉ်သန့်၏ဘဝသည်လည်း ပြောင်းခဲ့ချေပြီ။

ယောကျ်ားလုပ်သူ ဆုံးခဲ့ပြီ။ မုဆိုးမဘဝ။ ကလေး းယောက် မိခင်။

သို့ပေမယ့် အလု မပျက်တတ်သေး။ သုံးဆယ် အရွယ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လိုက်ဖက်ညီစွာ လုပဆဲ။

ကေးဝင့်ပုဏ္ဏားသည် နဖူးအမာရွတ်ကိုမြင်တိုင်း မဟော သတာအား မုန်းတီးစိတ် ယိုဖိတ်မိသည်ဆို၏။

ယခုလည်း အသည်းမှအနာရွတ်ကို မြင်ရပြန်ပြီ။ ထိုဒဏ်ရာကို ပေးစွမ်းခဲ့သော မယဉ်သန့်ကို သတိရမိပြန်ပြီ။

မုန်းတီးရမည်လား၊ နာကျည်းရမည်လား၊ သို့မဟုတ် မေ့ပျောက်ပစ်လိုက်ရလေမလား၊ ခွင့်လွှတ်လိုက်ရမည်လား။

ဤသည်ကိုတော့ ခွဲခြားပိုင်ပိုင် မဆုံးဖြတ်နိုင်သေး။

× × ×



# ၂

“ဟော....မေမေပြန်လာပြီ”

အိမ်ပေါက်ဝသို့ ခြေချလိုက်မိသည်နှင့် တစ်ပြိုင်နက် အိမ်အတွင်းမှ သမီးထွေး၏အသံကို ကြားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် အပြေးကြိုလာသည့် သမီးထွေး၏ မျက်နှာကို မြင်လိုက်ရသည်။ သန့်သည် သမီးကို ထွေးပွေ့ နှုတ်ဆက်လိုက်သည်။

သမီးသည် သန့်၏လက်မှ လက်ပွေ့အိတ်၊ ထီး စသည်တို့ကို သိမ်းကျုံးယူငင်သည်။

“မေမေ ပြန်လာပြီဟေ့”

အိမ်အတွင်းဘက်သို့ လှမ်းအော်လိုက်သည်။ အိမ်အတွင်းမှ သမီးလတ်နှင့် သမီးငယ်တို့ ပြေးထွက်လာကြသည်။

“မေမေ၊ ရုပ်ရှင်လက်မှတ်ရလား ဟင်”

သမီးလတ်၏ အမေး။

“ရပါတယ် သမီးရယ်”

မယဉ်သန့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်တယ်ဟေ့"

သမီးအားလုံး အသင့်ဝတ်စားပြီးဖြစ်ကြောင်း တွေ့သည်။ မှုန့်နံ့သာ ခြယ်သလို့ ပြီးကြပြီ။

"သက်မာကော...."

အကြီးမကို မေးရသည်။

"သူ ပြန်မရောက်သေးဘူး မေမေ၊ သူ အိမ်ကို ပြန်မလာဘူးတဲ့၊ ရုပ်ရှင်အမှီ ရုံကို လာခဲ့မယ်တဲ့၊ မှာသွားတယ်"

"အေးလေ၊ ဒါဆိုလဲ ပြီးရောပေါ့"

သန့်သည် ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။

ဘာကြောင့်မှန်းမသိ။ လူတစ်ကိုယ်လုံး နုံးချိချိ ဖြစ်သည်။ သမီးတွေကတော့ လက်ဖွဲ့အိတ်ထဲမှ ရုပ်ရှင်လက်မှတ်ကို ထုတ်ကြည့်နေကြသည်။ သူတို့၏ တစ်ယောက်တစ်ပေါက် ပြောနေသော စကားသံများကို ကြားနေရသည်။

သန့်သည် ကိုဝေလင်းကို သတိရနေလေသည်။

"မေမေ ရေချိုးတော့လေ"

အလတ်မက သတိပေးသည်။

"ဪ....၊ အင်း .... အင်း"

သန့်မှာ နေရာမှ ထ,ရပါသည်။ ရေချိုးရပါသည်။ နောက်တော့ မှန်တင်ခုံရှေ့မှာ လာထိုင်မိသည်။ အတွင်းမှာ မြင်နေရသော မိမိရုပ်သွင်ကို ပြန်ကြည့်နေမိသည်။

"သန့်ကို မြင်,မြင်ခြင်း မှတ်မိတာ ဘာဆန်းသလဲ။ သန့်ဟာ နည်းနည်း ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်လာတာကလွဲလို့ သိပ်မှ ပြောင်းလဲ မသွားသေးပဲကိုး"

သည်စကားကို ပြန်လှန်အမှတ်ရမိသည်။ ပြန်လှန်ကြားယောင်ရသလို ရှိနေသည်။

"တကယ်ဘဲလား ကိုဝေလင်းရယ်၊ သန့် တကယ်ပဲ ဘာမှ ပြောင်းလဲမသွားသေးဘူးလား"

စိတ်ထဲမှ မေးနေမိသည်။

သန့်အနေနှင့် မထင်ပါဘူး။ ဘာမျှ မပြောင်းလဲသေးဘူး ဆိုတာကို မယုံပါဘူး။

ဆယ်နှစ်ဟူသော အတိုင်းအတာက သန့်ကို အဘယ်မျှ အိုမင်းသွားစေခဲ့ပြီလဲ။ ကလေးအမေဆိုသည်က သန့်အား မည်မျှ ကျဆင်းသွားစေခဲ့ပြီလဲ။

မှန်ထဲက ရုပ်သွင်က ကိုဝေလင်း၏ စကားတို့ကို ထောက်ခံတော့ပါ။ သဘောတူညီမှု မပေးတော့ပါ။

သန့်တွင် လွန်ခဲ့သော နှစ်များကလို သန့်မာသော ဆံပင်ရှိသည်။ သန့်၏ မျက်ခုံးတို့သည် ထူထဲမည်းနက်ဆဲသည်။ မျက်တောင်တို့သည် ကော့ဖြူးဆဲရှိသည် အမှန်။ သို့သော် မျက်ဝန်းတို့က ယခင်ကလို မတောက်ပတော့ပါဘူး။ ...း လက်မနေတော့ပါဘူး။ သန့်၏ ပါးပြင်တို့သည် သန္တာရောင် ...သွေးတော့။ မို့မို့ဖောင်းဖောင်း ရှိမနေတော့။ အသားအရည် ...ြမ်းလာသည်။ အကြောမျှင်တို့ ပေါ်လွင်လာသည်။ ရင်ခေါ်

www.burmeseclassic.com

ခြင်းသည် ဖုံးကွယ်တားဆီး၍ မရနိုင်ခဲ့။

သန့်၏ကိုယ်မှာ ပြည့်ဖြိုးလာသည်အမှန်။ သို့သော် ယခင်ကလို တင်းတင်းမာမာ ဆုပ်ဆုပ်ခဲခဲ မရှိနိုင်တော့ပြီ လျှော့လျည်းနေခဲ့ပြီ။ ရင်မို့မို့မှာ အထိန်းအကွပ်မရှိလျှင် အိတွဲ ချင်နေပြီ။ ခါးသည် သေးသေးကျဉ်ကျဉ်ကလေး မဟုတ်တော့ ပြီ။ တင်တို့သည်လည်း လျောနိမ့်ခဲ့ပြီ။

ကိုဝေလင်း နှစ်ခြိုက်ပါသည်ဆိုသော၊ အမေ ချီးကျ ခဲ့သော သန့်၏လက်ချောင်းကလေးတွေပင် အိုးတိုက်ရတာ အဝတ်လျှော်ရတာနှင့် ကြမ်းတမ်းမာကြော၍ နေခဲ့ပြီ။

သူတစ်ပါးက မသိပေမယ့် ကိုယ့်ကိုကိုယ်သိပါသည် သန့်သည် အများအမြင်တွင် လှချင်လှနေမည်။ သို့သော် သ ကိုယ်သန့်ကတော့ ဖူးသစ်စ ပန်းတစ်ပွင့်လို လန်းဆန်းနေမည် မထင်။ ပန်ပြီးသား ပန်းတစ်ပွင့်နှယ် ညှိုးနေခဲ့ပြီဟု ထင်သည် နွမ်းနယ်နေခဲ့ပြီဟု အောက်မေ့သည်။

တော်သေးတာပေါ့။ ကလေးက သည်မျှနှင့် ရပ်သွား လို့။ နောက်ဆက်၍သာ မွေးရဦးမည်ဆိုလျှင်တော့ သန့်သည် သည် အသက်အရွယ်တွင်ပင် အဖွားအိုကလေးနှင့် တူနေ တော့မည် အမှန်။

သမီးအထွေး သီဂီသည် ယခုအသက် ဆယ့်တစ် ရှိပြီ။ ကလေးငယ်နှင့် ဝေးကွာနေခဲ့သည်မို့ သန့်သည် မိမိကို မိမိဂရုစိုက်ရန် အချိန်ရလာသည်။ ပြင်ဆင်ရန် အချိန်ရ





သည်။ ထို့ကြောင့် ကိုဝေလင်းနှင့် ဆုံရချိန်တွင် သန့်သည် အတော်ချည်း သပ်ယပ်လှပနေခြင်း ဖြစ်နိုင်သည်။

သို့ပေမယ့် 'သန့်က သိပ်မှ ပြောင်းလဲမသွားသေးပဲကိုး' ဆိုသော စကားကိုတော့ မယုံချင်ပါ။

သန့် ပြောင်းလဲခဲ့ပြီပဲ၊ များစွာ ပြောင်းလဲခဲ့ပြီပဲ။ သန့်၏ ရုပ်ရည်သွင်ပြင်ကချည်း ပြောင်းလဲခဲ့သည်မဟုတ်။ သန့်၏ဘဝ သည်လည်း အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီပဲ။

ဟိုတုန်းက မယဉ်သန့်နှင့် ယခု မယဉ်သန့်၊ ကိုဝေလင်း ရဲ့ မယဉ်သန့်နှင့် ယခု မယဉ်သန့် မတူတော့ပါဘူး၊ မတူနိုင် တော့ပါဘူး။

ဟိုတုန်းက မယဉ်သန့်၊ ကိုဝေလင်းရဲ့ မယဉ်သန့် ဘဝတုန်းက အဘယ်မျှ ယဉ်ခဲ့သည်၊ အဘယ်မျှ သန့်ခဲ့သည့်ကို သန့်ကိုယ်တိုင် အသိ။ သန့်ကိုယ်တိုင်အမြင်။

သည်စဉ်တုန်းက သန့်သည် တကယ်ပဲ သိုးငယ် ကလေးတစ်ကောင်။ ဖြူဖွေးသော၊ စင်ကြယ်သော၊ အပြစ်ကင်း သော သိုးငယ်ကလေး။

အကယ်၍ သည်စဉ်ကတည်းက ဝံပုလွေတစ်ကောင် ဖြစ်ခဲ့ပါလျှင် အဘယ်မျှ ကောင်းခဲ့လေမည်နည်းဟု သန့် တွေးစားမိသည်။ ယင်းသို့ဆိုလျှင် သန့်အနေနှင့် ကိုဝေလင်းအား ဆက်ဆံရာ၌ မဝံ့မရဲ ဖြစ်စရာမရှိ။ သန့်၏ ဘဝသည်လည်း တစ်မျိုးတစ်ဖုံ ဖြစ်နေလေမည် အမှန်။



www.burmeseclassic.com

www.burmeseclassic.com

ယခုမူ မိမိက သိုးငယ်ဖြစ်ခဲ့သည်။ သိုးငယ်ဖြစ်၍လည်း လူတို့သည် အနိုင့်အထက် ကျင့်လွယ်ခဲ့သည်။ အနိုင့်အထက် ကျင့်ခြင်း ခံခဲ့ရသည်။

စင်စစ် သန့်တွင်လည်း ဒဏ်ရာဒဏ်ချက်နှင့်ပါပဲ။ အမာရွတ်နှင့်ပါပဲ။ အနာ အကင်းသေခဲ့သည်မှာပင် မကြာ တတ်သေး။

× × ×

သန့် ပြောနိုင်ပါသည်။ ကျိန်စေချင် ကျိန်ဝံ့ပါသည်။

သည်လောကမှာ ကိုဝေလင်းကို သန့်အချစ်ဆုံး။ ကိုဝေလင်းကို သန့် အမြတ်နိုးဆုံး။

သူ၏ မအေတစ်ခု သားတစ်ခု ဘဝကို နှစ်ခြိုက်ခဲ့ သည်။ သူ၏သဘောထား၊ သူ၏ရုပ်သွင်၊ သူ့ပတ်ဝန်းကျင်ကို သန့် ကျေနပ်ခဲ့သည်။ အထူးသဖြင့် အပြစ်ကင်းစင်လှသော သူ၏ ပြည့်ဝလှပသည့် အပြုံးကို သန့် အစွဲလမ်းဆုံးပင်။

တကယ်တမ်း သန့်၏ အသိနှင့်၊ သန့်၏ဦးနှောက်နှင့် သန့်၏ အသည်းနှလုံးနှင့် ဆုံးဖြတ်ခဲ့ရမည်ဆိုပါက သန့် လက်ထပ်မိမည့် လူမှာ ကိုဝေလင်းမှတစ်ပါး အခြားမည်သူမှ မဖြစ်နိုင်ပါ။

အစကတော့ သန့်ကလည်း ထင်ခဲ့သည်။ သည်ဘဝမှာ မိမိ ချစ်မြတ်နိုးရမည့်သူကို မိမိဘာသာ ရွေးချယ်နိုင်ခွင့် ရှိခဲ့မည် မိမိ ချစ်သူကို မိမိဘာသာ လက်ထပ်နိုင်ခွင့် ရှိခဲ့မည် ဟု။





သို့သော် လူ့ဘဝဆိုသည်က အခက်သားကလား။ မထင်ဘဲနှင့်လည်းဖြစ်တတ်သည်။ ထင်မှတ်ထားလျက်နှင့် လည်း ပျက်တတ်၏ ဆိုသလိုပါပဲ။

သန့် တကယ်တမ်း လက်ထပ်ခဲ့ရသူမှာ ကိုဝေလင်း မဟုတ်ခဲ့။ သန့်၏ ချစ်မြတ်နိုးသူလည်း မဟုတ်ခဲ့။

သူစိမ်းတစ်ယောက်။ မှန်သည်။ အလွန်ရင်းနှီးသော သူစိမ်းတစ်ယောက်ကို သန့် လက်ထပ်ခဲ့ရသည်။ ကိုမင်းမောင် ကို သန့် လက်ထပ်ခဲ့ရသည်။

သန့် မချစ်ခဲ့ပါဘူး။ ဘယ်ကမ္ဘာမှာမှလည်း ချစ်နိုင်မည် မဟုတ်။ ယခင်ကလည်း မချစ်ခဲ့၊ ယခုလည်းမချစ်နိုင်၊ နောင်လည်း ချစ်မိမည့်သူ မဟုတ်သည့် လူတစ်ယောက်ကို သန့် လက်ထပ်ခဲ့ရသည်။

လှေပြေးတုန်း တက်ကျိုးသလို၊ ချောက်အတက် လှည်း ဦး ကုံးပြတ်ရသလို အဖြစ်မျိုးနှင့်ကြုံရစဉ်က သန့်၏အသက်မှာ နှစ်ဆယ်ဝန်းကျင်သာ ရှိပါသေးသည်။ အစွမ်းကုန် ပွင့်လန်းနေ သည့်ပန်းတစ်ပွင့် အဖြစ်သာ ရှိပါသေးသည်။

တက္ကသိုလ်ကျောင်းသူ ဘဝ၊ ကိုဝေလင်းရဲ့ သန့်အဖြစ် နှင့် သန့်သည် မိုးမမြင် လေမမြင် ပျော်တုန်း ပျော်ဆဲ။

သည်မှာ ပြဿနာက စလာသည်။

အစ်မ မယဉ်ခန့် ဆုံးသည်။



www.burmeseclassic.com

www.burmeseclassic.com

စကားစပ်၍ သန့်တို့အိမ်အကြောင်း ပြောရဦးမည်။

သန့်၏ ဖခင်သည် ဘီလစ်စာရေးကြီးဖြစ်သည်။ သန့် ဆယ့်ငါးနှစ်သမီးလောက်မှာ ဖေဖေ ပင်စင်ယူရသည်။ ကောင်းစွာ ကျန်းမာခြင်းမရှိ။ သန့်၏ မေမေသည် ဖေဖေ အလုပ်လုပ်နေစဉ်ကပင် ဈေးသည်ဖြစ်နေခဲ့သည်။ ဖေဖေသည် အသောက်အစားဖက်ခဲ့သူဖြစ်၍ ဖေဖေ၏ဝင်ငွေသည် သန့်တို့ဘဝကို ဖူလုံမှုမပေးနိုင်ခဲ့။ ပင်စင် ယူပြီဆိုသောအခါ အိမ်၏ အခြေအနေမှာ ယိုင်လာသည်။ မေမေ သည် ပို၍ ပင်ပန်းခဲ့သည်။

သည်မှာ အစ်မ မယဉ်ခန့်သည် ဆယ့်ခုနစ်နှစ်သမီးနှင့် ဆယ်တန်းကျောင်းသူဘဝနှင့် ကိုမင်းမောင်ကို လက်ထပ်ရသည်။

ကိုမင်းမောင်နှင့် အစ်မ မယဉ်ခန့်တို့သည် ငယ်ချစ်များဖြစ်ကြသည်။ တစ်မြို့တည်းသားများဖြစ်ကြသည်။ အစ်မ မယဉ်ခန့်ထက် ခြောက်နှစ်လောက်ကြီးသည်။ သူသည် သန့်တို့အိမ်ကို စောင့်ရှောက်ခဲ့သည်။ သန့်တို့ဘဝကို စာနာစွာ နားလည်ခဲ့သည်။

သို့ဖြစ်၍ အိမ်၏အခြေအနေ ယိုင်နဲ့ဆိုးရွားနေစဉ် အစ်မ မယဉ်ခန့်ကို လက်ထပ်ခဲ့ခြင်းဖြင့် ကယ်တင်ခဲ့သည်။

ပြောရလျှင်တော့ သူ့ကျေးဇူးဖြင့် သန့် ဆယ်တန်းအောင်ခဲ့သည်။ တက္ကသိုလ်သို့ ရောက်ခဲ့သည်။ ကိုမင်းမောင်နှင့် မယဉ်ခန့်တို့ အိမ်ထောင်သက် လေးနှစ်မြောက်မှာ မယဉ်ခန့်





သုံးပါးခဲ့သည်။ သူတို့ တွင် သက်မာဟူသော သမီးတစ်ယောက်ရှိခဲ့သည်။ သည်စဉ်က သက်မာ သုံးနှစ်သမီး။

အစ်မ မယဉ်ခန့်ဆုံးပါးခဲ့ရခြင်းမှာ သန့်အဖို့ ကြီးမားသော အပြောင်းအလဲဖြစ်သည်။ သန့်၏ဘဝဆစ်ချိုးကွေ့နှင့် ဆုံရခြင်း ဖြစ်သည်။

အိမ်က အစ်မမယဉ့်ခန့် ဆုံးကြောင်း သံကြိုးစာရောက်လာသည်။ သန့်သည် မြို့သို့ ချက်ချင်းမှာပင် ပြန်ခဲ့ရသည်။ အစ်မ၏ အသုဘကိစ္စဆောင်ရွက်ရန် ရောက်လာသော ကိုမင်းမောင်သည်လည်း မြို့မှာရှိနေသည်။

စင်စစ် အစ်မ မယဉ်ခန့် ဆုံးပါးခဲ့သည်၊ အစ်မတွင် သုံးနှစ်သမီးငယ် ကျန်ရစ်သည် ဆိုခြင်းများမှာ များစွာ ထူးခြားသည် မဟုတ်ပါ။ ထူးခြားသည်က ယင်းနှင့်ပတ်သက်၍ ရိုက်ခတ်လာသော ဂယက်ဖြစ်သည်။ သန့်တို့အနေနှင့် မိမိတို့ဘဝကို မည်သို့စခန်း သွားမည်ဆိုသော ကိစ္စရပ်ဖြစ်သည်။

ယင်းပြဿနာများတွင် သန့်သည် အဓိကကျနေကြောင်း တွေ့ရသည်။ လူအားလုံးက သန့်အား ဦးတည်ပြောဆိုကြသည်။

၎င်းမှာ သန့်အား ကိုမင်းမောင်နှင့် လက်ထပ်ပေးဖို့။

သည်စကားကို စ၍ ပြောခဲ့သူက ကိုမင်းမောင်၏ မိခင်ကြီး မခင်တင့်။

ကြားရစက သန့်သည် ခါးခါးသီးသီး ငြင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းထန်ထန်ငြင်းခဲ့သည်။

မထင်ပါ။ မမျှော်လင့်ခဲ့ပါ။ တစ်နေ့သောအခ... သည်အဖြစ်မျိုး ဖြစ်လာလိမ့်မည်ဟု စိုးစဉ်မျှ မတွေးမိခဲ့ပါ။ ဖြ... သန့်မှာက ချစ်သူ ရှိနေပြီပဲ၊ ကိုဝေလင်းရှိနေပြီပဲ။

ကိုမင်းမောင်ကို သန့်မချစ်နိုင်ခဲ့။ စင်စစ် ကိုမင်းမော... သည် အစ်ကိုကြီးတစ်ယောက် သဖွယ်သာ လေးစား အားကိ... ရမည့်သူဟု သန့် နားလည်ထားသည်။

သည်အကြားမှာ မေမေပါလာသည်။ အစ်မ မယဉ်ခဲ... ဆုံးပြီး ဆယ့်ငါးရက်အကြာမှာ မေမေသည် သန့်အာ... ကိုမင်းမောင်နှင့် လက်ထက်ဖို့ တိုက်တွန်းခဲ့သည်။ နားချခဲ့သည်...

"မဖြစ်ပါဘူး မေမေရယ်၊ သန့်ဘဝကို သန့်ဘာသ... ဖန်တီးပါရစေ၊ သန့်ချစ်သူကိုသာ သန့်လက်ထက်ပါရစေ"

ထိုအချိန်တွင် မေမေသည် ကိုဝေလင်းနှင့် သန့်... အဖြစ်ကို သိပြီးခဲ့ပြီ။ သန့်ကိုယ်တိုင်က ကိုဝေလင်းအကြောင်း... ပြောပြခဲ့ပြီးပြီ။ အမေကိုယ်တိုင်ကလည်း သမီး၏အကြောင်း... အသိ။

သန့်သည် ငယ်စဉ်ကပင် တည်ငြိမ်သူ၊ အိန္ဒြေရှိ... အမှားနည်းသူ။ ထို့ကြောင့် သန့်ရွေးချယ်မည့်သူသည် စိတ်... အားကိုးလောက်မည့်သူဟု မေမေယုံကြည်ပြီးဖြစ်သည်။ တစ်... လောက် ကိုဝေလင်းအား ခေါ်လာပေးဖို့ပင် ပြောခဲ့သေးသည်... သန့်က မျက်နှာပန်း မလှသော မိမိတို့အိမ်အခြေအနေ...





မမြင်ရစေချင်၍ ခေါ်မလာဘဲ နေခဲ့ခြင်းဖြစ်သည်။ ကိုဝေလင်းက မြို့သို့ လိုက်ပါမည်ဆိုသည်ကို ငြင်းခဲ့ခြင်း ဖြစ်သည်။

သည်အကြားမှာ မေမေက ကိုမင်းမောင်နှင့်ယူဖို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

"စဉ်းစားကြည့်ပါအုံး သမီးရယ်၊ မောင်မင်းမောင်ရဲ့ ကျေးဇူးတွေက မေမေတို့မှာ ဆပ်မကုန်အောင်ပဲ"

"အို မေမေရယ်၊ သူ့ကျေးဇူးကို သန့်တစ်ခြားနည်းနဲ့ ဆပ်ပါရစေ၊ ဒီနည်းမျိုးနဲ့တော့ မဆပ်ပါရစေနဲ့"

"ပြီးတော့ သမီးတူမလေးရဲ့ ဘဝကလဲရှိသေးတယ်၊ မောင်မင်းမောင်ဟာ ဒီအတိုင်း နေသွားမှာမဟုတ်ဘူး၊ သူ့အသက်အရွယ် သူ့အခြေအနေနဲ့ နောက်အိမ်ထောင်ပြုဦးမှာပဲ၊ သက်မာဟာ မိထွေးနဲ့တွေ့ရမှာပဲ၊ မိထွေးဆိုတာမျိုးက ကမ္ဘာမှာ တစ်ခါမှ ကောင်းခဲ့တာမရှိဘူး။ မောင်မင်းမောင်ကို လက်ထက်လိုက်တာဟာ သက်မာကို ကယ်တင်ရာလဲ ရောက်ပါတယ် သမီးရယ်၊ ကိုယ့်တူမကို ကိုယ်က မိခင်အနေနဲ့ စောင့်ရှောက်ရာလဲ ရောက်ပါတယ်"

မေမေပြောသည်မှာတော့ မှန်ပါသည်။ အသက်သုံးနှစ်ခမယ် စာမမြောက်သေးသော သက်မာကို ထောက်ထားဖွယ်ရာတော့ ရှိသည်။ သို့သော် သန့်သည် ယင်းစာနာမှုတစ်ခုတည်းဖြင့် မိမိဘဝကို အဆုံးရှုံးခံရမည့် အဖြစ်ကိုမူ မလိုလားနိုင်။ မနှစ်သက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုက ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုသလို မောင်မင်းမောင်လိုလူမျိုး သူတစ်ပါးနဲ့ ယူသွားတာ မေမေတို့ ကြည့်မနေနိုင်ဘူး၊ သူ့ရဲ့အရည်အချင်း၊ သူ့ရဲ့ဂုဏ်သိန် တွေနဲ့ဆိုတော့ ယူချင်တဲ့လူကလဲ ဝိုင်းဝိုင်းကိုလည်နေတာပဲ"

မေမေတို့ ပတ်ဝန်းကျင်တွင်တော့ ကိုမင်းမောင်သည် မက်မောလောက်စရာ လူတစ်ယောက် ဖြစ်နေပေလိမ့်မည်။ သန့်အဖို့မှာမူ သာမန်ထက်ပို၍ အလေးအနက်မထားနိုင်။

"မဖြစ်ပါဘူး မေမေရယ်၊ သန့် အစ်ကိုမင်းမောင်ကို မယူနိုင်ဘူးလို့ ယတိပြတ် ပြောပါရစေတော့"

သန့်ကသာ ယတိပြတ်နေသည် မေမေတို့က ယတိ မပြတ်။ အစသော် ချော့မော့သည်၊ ဖြားယောင်းသည်၊ သွေးဆောင်သည်။ နောက်တော့ တင်းမာလာသည်။ အကြမ်းဖက်လာသည်။

သန့်ကို ကျောင်းသို့ မပြန်ရဘူးဆိုသည်။ အိမ်မှ တစ်ဖဝါးမှ မခွာစေရ။ ချက်ချင်းမှာပင် အခြေအနေတို့သည် တင်းမာလာသည်။

သည်ပွဲမှာ ဖေဖေပါလာပြီဆိုတော့ အခြေအနေသည် ပို၍ ဆိုးရွားလာခဲ့လေသည်။

"လူကြီးမိဘတွေက သင့်တော်မယ်ထင်လို့ စီစဉ်တာ ဒင်းက ဘာငြင်းစရာရှိသလဲ"

ဖေဖေက တစ်ယူသန်သည်။ တစ်ဇွတ်ထိုးနိုင်သည်





ဖေဖေ၏ ဩဇာသည် ယခုတိုင် အိမ်မှာ လွှမ်းမိုးဆဲရှိသည်။ လူတကာ က ကြောက်ရွံ့ရိုသေရဆဲ ရှိသည်။

"သန့်ကို ဒီလို အကြမ်းပတမ်း မခြိမ်းခြောက်ပါနဲ့၊ သန့်ဟာ လူသားတစ်ယောက်ပါ၊ အသည်းနှလုံး အသွေး အကြောတွေနဲ့ ဖွဲ့စည်းထားတဲ့ လူတစ်ယောက်ပါ၊ လူတစ်ယောက်အနေနဲ့ သန့် ကံကြမ္မာကို သန့်ဘာသာ ဖန်တီးပါရစေ၊ သန့်လမ်းကို သန့်ဘာသာ လျှောက်ပါရစေ"

သန့်က တောင်းပန်ပါသေးသည်။ သို့သော် သန့်မှာ အထီးတည်းဖြစ်သည်။ သန့်၏ဘဝကို သူတို့လိုရာ ပုံသွင်းလိုသူတွေက တစ်ဆွေလုံး တစ်မျိုးလုံးဖြစ်သည်။ အများနှင့် တစ်ယောက် ဖြစ်သည်။

သန့်ကို ပို၍ အကြပ်ကိုင်သည်၊ အကြမ်းနည်းသုံးသည်။ ရာဇဝတ်သားတစ်ယောက်ကို အာဏာ ပါးကွက်သားတွေက ညဉ်းဆဲသည့်ပုံစံမျိုး။ လူတွေက သန့်ကို စောင့်ကြည့်နေကြသည်။ အကျဉ်းချထားသလိုဖြစ်သည်။

ကျောင်းကိုလည်း ပြန်ခွင့်မပြု။ စာမေးပွဲ ဖြေခွင့်မပေး။ အိမ်ထဲက တစ်ဖဝါးမှမခွာရ။ စာဆို၍ ဘာစာမျှ မရေးရ။

သန့်စိတ်ညစ်လှပါပြီ။ စိတ်မောလှပါပြီ။

သည်လိုအဖြစ်မျိုးနှင့် ကြုံရမည်ကို စောစောကတည်းကသာ သိရမည်ဆိုပါက သန့်တို့ သည်အခြေအနေအထိ မနေခဲ့ပါဘူး၊ သည်အသက်အထိ မနေခဲ့ပါဘူး။ ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ယောက်မမြင်းစီး ထွက်ခဲ့ပါရဲ့။

သည်လိုသာ ကိုယ်မချစ်သူကို ယူရမည်ဆိုလျှင်၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် မရနိုင်ဘူးဆိုလျှင် အသက်ဆယ့်ငါးခြောက်နှစ်နှင့် လေးငါးခြောက်တန်းနှင့် လင်ယူခဲ့ပါရဲ့။

ယခုတော့ သည်အဖြစ်မျိုးတွေ ဖြစ်မည်မထင်ခဲ့။ မိဘများ အနေနှင့်လည်း မိမိအပေါ် သည်မျှ ရက်စက်နိုင်စွမ်းရှိလိမ့်မည်ဟု မမျှော်လင့်ခဲ့။

သည်အတွင်း သန့်သည် ကိုမင်းမောင်နှင့် မျက်နှာချင်းဆိုင်ခဲ့သည်။ ကိုမင်းမောင်နှင့် တွေ့ခဲ့သည်။

"ဒီမယ် အစ်ကိုမင်းမောင်၊ အစ်ကိုမင်းမောင်ကို သန့်လက် မထပ်နိုင်ဘူး၊ မချစ်နိုင်ဘူး၊ သန့်မှာ ချစ်သူရှိတယ်၊ ရည်းစားရှိတယ်၊ ကျေးဇူးပြုပြီး သန့် အစ်ကိုမင်းမောင်ကို လက်မထပ်ရအောင် လုပ်ပေးပါ"

"ဒီကိစ္စတွေက အစ်ကိုနဲ့ မဆိုင်ဘူး သန့်၊ လူကြီးတွေ သူတို့ဘာသာ စီစဉ်ကြတာ၊ သူတို့ဟာသူတို့ လုပ်နေကြတာ"

သန့် သိလိုက်ပါသည်။ ကိုမင်းမောင် ကိုယ်တိုင်က မိမိအား မက်မောနေသည့်အဖြစ်၊ လက်ထပ်လိုလျက်ရှိသည့် အဖြစ်ကို သန့် တွေ့နေရသည်။ စင်စစ် သန့်အား လက်ထပ်ဖို့ ဆိုသည်မှာပင် သူ၏ တောင်းဆိုချက် ဖြစ်သည်။

တကယ်တမ်း သူကသာ စိတ်မပါဘူးဆိုလျှင် သူ တစ်လုံး ငြင်းလိုက်သည်နှင့် အစီအစဉ်အားလုံး ပျက်ပြယ်သွားနိုင်သည်။ သူ့အပေါ် မှာ များစွာတည်ခဲ့သည်။

"သန့်ပြောမယ် အစ်ကိုမင်းမောင်၊ အစ်ကိုမင်းမောင် အနေနဲ့ သန့်ကို လက်ထက်ခဲ့ရင်လဲ ဘယ်တော့မှ စိတ်ချမ်းသာ့ရမှာ မဟုတ်ဘူး။ သန့်ရဲ့ အသွေးနဲ့ကိုယ် အသားနဲ့ကိုယ်ကို ရနိုင်ဘူး၊ စက်ရုပ်ကိုသာ ရခဲ့မှာပါပဲ"

"ဒီလိုပဲပေါ့ကွယ်၊ အစတော့ ဒီလိုပဲ ပြောမှာပေါ့"

ကိုမင်းမောင်သည်လည်း ခေါင်းမာသော ယောကျ်ား တစ်ယောက်ဖြစ်သည်။ နောက် သူ့ကိုယ်သူ အထင်ကြီးသည်။ သူ့ အနေနှင့်သန့်အား သိမ်းသွင်းစည်းရုံး ယူနိုင်လာမည်ဟု မျှော်လင့်ထားပုံရသည်။

"ကိုယ့်အနေနဲ့ လူကြီးတွေ အစီအစဉ်ကို မငြင်းပယ်နိုင်ဘာက သန့်ဟာ ခန့်နဲ့တူလို့ပဲ၊ ကိုယ့်စိတ်မှာ သန့်ဟာ ခန့်ရဲ့ ကိုယ်ပွားပဲ။ ခန့်ကို အလွမ်းပြေအဖြစ် သန့်ကို ရခဲ့လို့ပဲ"

"ဒီလိုဆိုရင် သန့်ဟာ စက်ရုပ်တစ်ရုပ်တောင် မဟုတ်ဘူး အလုကြည့် အလွမ်းကြည့် စက္ကူရုပ်တစ်ရုပ်ပဲ ဖြစ်လိမ့်မယ် အစ်ကိုမင်းမောင်"

အစသော် မေမေတို့က ဖျောင်းဖျ ဖြားယောင်းသည်။ နောက်တော့ အကြမ်းဖက် အကြပ်ကိုင်သည်။ နောက်တော့ ခက်ရည်ခံထိုးသည်။

"မေမေတို့တွေ အသက်လဲ ကြီးလှပါပြီသမီးရယ်၊ နောက်နေရလှ သုံးလေးငါးနှစ်ပါပဲ။ မေမေတို့ မျက်စိမှိတ်





Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com



မသွားခင် သမီး တင့်တောင့်တင့်တယ်ဖြစ်နေတာ ကြည့်ချင်တယ်။ မေမေတို့ရဲ့ ဆန္ဒကို လိုက်လျောပါ သမီးရယ်”

ဖျောင်းဖျဖြားယောင်းသည်ကို ခံနိုင်ပါသည်။ အကြမ်းဖက် အကြပ်ကိုင်သည်ကို ဆန့်ကျင်နိုင်ပါသည်။ မျက်ရည်ကိုမူ သန့် ကြောက်သည်။ အထူးသဖြင့် မေမေ့မျက်ရည်။

မေမေသည် ဘဝပေးကုသိုလ် မကောင်းခဲ့။ ဘဝမှာ သက်သောင့်သက်သာဟူ၍ တစ်ခါမျှ မရှိဖူးခဲ့။ ဖေဖေ၏ အညှဉ်းဆဲခံ၊ အနှိပ်စက်ခံ၊ ကိုယ့်ဝမ်းကိုယ်ကျောင်းခဲ့ရသူ၊ နေ့စဉ်နှင့်အမျှ ဝမ်းစာကို ပင်ပန်းဆင်းရဲစွာ ရှာဖွေခဲ့ရသူ။

မေမေတို့ ဖျောင့်ဖျစဉ်က တင်းမာစွာ ငြင်းခဲ့သည်။ အကြပ်ကိုင်တုန်းက ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြိုးစားခဲ့သည်။ ဆန့်ကျင့်ခဲ့သည်။ ကံကောင်း၍ မသေခဲ့။

မျက်ရည်။ မေမေ့မျက်ရည်။ မျက်ရည်ကို မြင်ရသော အခါတွင်ကား သန့် မတင်းနိုင်တော့ပါ။ မျက်ရည်ဖြင့် တောင်းခံလာသောအခါ သန့်မပေးပဲ မနေနိုင်တော့ပါ။ မျက်ရည်သည် သန့်၏ အမိဌာန်ကို ပျက်ပြားစေခဲ့သည်။ သန့်၏နှလုံးသားကို ပျော့ပျောင်းစေခဲ့သည်။

သန့် အရှုံးပေးလိုက်ပါပြီ။ လက်မြှောက်လိုက်ပါပြီ။ မျက်ရည်စက်လက်နှင့်ပင် ခေါင်းညိတ်လိုက်ရပါပြီ။

အစ်မ မယဉ်ခန့် သေဆုံး၍ တစ်လပြည့်မြောက်သော နေ့တွင်ပင် သန့်သည် ကိုမင်းမောင်နှင့် လက်ထပ်ခဲ့ရပါပြီ။





သို့ပေမယ့် သန့်ပြောခဲ့သလိုပင်၊ သူတို့ သန့်ကို အသွေးအသားရှိသော လူတစ်ယောက်အဖြစ် မရခဲ့။ စက်ရုပ်တစ်ရုပ် အနေနှင့် သာရခဲ့သည်။ သူတို့လိုချင်သော ပုံသွင်းကိရိယာထဲက ထွက်လာသည့် စက်ရုပ်တစ်ရုပ်ကိုသာ သူတို့ရခဲ့သည်။

သန့်အနေနှင့်ကတော့ ကိုမင်းမောင်အား မေမေတို့ အကြွေးဆပ်ခဲ့သည်၊ မိမိကိုယ်နှင့် အကြွေးဆပ်လိုက်ရသည်ဟု အောက်မေ့သည်။ လူစင်စစ်က ကြွေးမြီ ဖြစ်ခဲ့ရသည်ကို ခံပြင်းစေဆုံး။

ကိုမင်းမောင်ကိုလည်း ပွင့်ပွင့်လင်းလင်း ပြောပြခဲ့သည်။

“အများရဲ့ဆန္ဒအရ အစ်ကိုမင်းမောင်ကို သန့် လက်ထပ်ခဲ့ပါတယ်၊ သန့်ကို အစ်ကိုမင်းမောင် ရခဲ့ပြီဆိုပါတော့၊ ဒါပေမယ့် အစ်ကို မင်းမောင်ဟာ သန့်ရဲ့ ကိုယ်ကိုသာ ရတာပါ။ သန့်ရဲ့ အသည်းနှလုံးကတော့ လူတစ်ယောက်ဆီမှာ ကျန်ခဲ့ပါပြီ။ အစ်ကိုမင်းမောင် မရနိုင်တော့ပါဘူး၊ နောင်အခါကျမှ ဒါကို မောင်တမရပါစေနဲ့ အစ်ကိုမင်းမောင်”

သန့်၏စကားများကို ကိုမင်းမောင် ရယ်မောပစ်ခဲ့သည်။ ကြည့်သေးတာပေါ့ ဟူသော သဘောဖြင့် လှောင်ပြောင်သရော်ခဲ့သည်။

သန့်မှာ အခက်အခဲ တစ်ခုသာ ရှိတော့သည်။ ကိုဝေလင်းနှင့် ရင်ဆိုင်ဖို့။ ကိုဝေလင်းကို အခြေအနေ ရှင်းပြဖို့။



www.burmeseclassic.com

www.burmeseclassic.com

ကိုဝေလင်းနှင့် ရင်ဆိုင်ရန် သန့်မှာ အင်အားမရှိ။
သတ္တိမရှိ။

ပြီး ကိုဝေလင်း၏အမေကို အားနာစရာ ကောင်းပါဘိ။

သည်အကြားက ကိုဝေလင်း၏ ဖွတ်တရွတ် နိုင်မှု
ကြောင့် မျက်နှာချင်းဆိုင်လိုက်ရသေးသည်။ ဘာမှုလည်း
ရှင်းမပြချင်တော့ပါ။ ခွင့်လွှတ်ပါဟုလည်း မတောင်းပန်ချင်ပါ။
သူ့ထံမှ ကြည်သာ ခွင့်လွှတ်ပါသည်ဟူသော စကားကိုလည်း
မကြားနိုင်ခဲ့ပါ။

စင်စစ် ကိုဝေလင်းဘက်က ဘာအပြစ်မှု မရှိ။ မိမိဘက်
က ပျက်ကွက်ရခြင်းဖြစ်သည်။ သည်တော့ သူ မုန်းတီးပါစေ
နာကျည်းပါစေ၊ သန့်မှာ သူ့ အမုန်းအတီး၊ အနာအကျည်းကို
ခံယူရုံသာ ရှိတော့သည် မဟုတ်လား။

× × ×

ကိုမင်းမောင်က သူ အရက်သမားဖြစ်ရသည်မှာ သန့်
ကြောင့်ပါဟု ပြောသည်။ ဟုတ်ကောင်း ဟုတ်နိုင်ပါသည်
ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

သန့် အစဦးကတည်းက ကြေငြာခဲ့သည် မဟုတ်လား
သူ့အနေနှင့် သန့်၏ ကိုယ်ကိုသာ ရမည်၊ အသည်းနှလုံး
မရနိုင်ဟု ပြောခဲ့သည်မဟုတ်လား။ သည်အကြားက သူသည်
သန့်ထံမှ အချစ်ကို မိုက်မဲစွာ တောင်းခံခဲ့သည်။ အသည်းနှလုံး





ကို စိုးပိုင်နိုင်ရန် ကြိုးစားခဲ့သည်။

သန့်ကတော့ သူ့ကို မယားဝတ္တရား မပျက်ရုံသာ
ဆက်ဆံ ခဲ့သည်။

သူက 'ချစ်သလား' မေးလျှင် 'ဟုတ်ကဲ့' ဖြေမည်။

"ချစ်တယ်လို့ ပြောစမ်းပါ"

"ချစ်တယ်"

သို့သော် ယင်းသို့ဆိုစဉ်က သန့်၏အသံမှာ အင်အား
မရှိ။ သန့်၏အသံသည် ရင်ထဲကလာသော အသံမဟုတ်၊
တ်ဖျားမှ လာသော အသံသာ။

ဤသည်ကိုပင် ကိုမင်းမောင် မကျေနပ်။ အားမရ။

"မင်းကိုယ့်ကို တကယ်မချစ်ပါဘူး"

သူက မကျေမနပ်ဆိုသည်။

"ဟုတ်ကောင်း ဟုတ်နိုင်ပါလိမ့်မယ်"

ကိုမင်းမောင်သည် တွက်ကိန်းမှားခဲ့သည်။ ယောကျ်ား
စ်ယောက်အနေနှင့် မိန်းမတစ်ယောက်ထံမှ အချစ်ကို အလွယ်
တကူ သိမ်းပိုက်နိုင်စွမ်း ရှိလိမ့်မည်ဟု ယူဆခဲ့သည်။ မိန်းမ
စ်ယောက်၏ အချစ်ကို ရယူရန်မှာ လိင်မှုကိစ္စတစ်ခုသာ
ဓိကဟု သူတွေးခဲ့သည်။ အခြားမိန်းမမျိုးကိုတော့ မပြော
တ်။ သန့်အဖို့မှာမူ သူ၏တွက်ကိန်းများသည် လုံးဝ မှန်ကန်
ခြင်း မရှိ။ မှားခဲ့သည်။

အမှန်တွင်လည်း သန့်သည် သူ့ကို မဆန့်ကျင်ခဲ့။ သူ့



www.burmeseclassic.com

www.burmeseclassic.com



နေစေချင်သလို နေသည်။ သူပြောစေချင်သလို ပြောသည်။
မှားနေပါလျက်က သူက အမှန်ပါဆိုလျှင် မှန်လိုက်သည်။
သန့်မှာ ဘာတစ်ခုမျှ အလေး အနက်မရှိ။

သန့်သည် တကယ့်စက်ရုပ်။ လူမဟုတ်သည့် စက်ရုပ်
လူက လုပ်ဆို လုပ်သည်။ ပြောဆို ပြောသည်။ အသည်းနှလုံးနှ
စပ်ဆိုင်သော ကိစ္စဟူ၍ ဘာမျှမပါ။

ကိုမင်းမောင်၏ ယုယကြင်နာမှုကို ခွေးကလေး
ကြောင်ကလေးများအား သခင်က ယုယသည့်အခါ ငြိမ်ခံနေ
မျိုးဖြင့် နေခဲ့သည်။ မိမိဘက်က ယုယကြင်နာမှုကို မပေ
သို့သော် လိုလားတောင့်တပါသည်ဆိုသောအခါ ယုယကြင်
ဟန် ပြသည်။ ထိုသို့ ပြသခဲ့သည့် ယုယကြင်နာမှုမှာလည်
အသက်ပါလိမ့်မည်တော့ မဟုတ်။

အစကတည်းက ကြေငြာခဲ့ပါလျက် ကိုမင်းမောင်သည်
သန့်၏ ကြေငြာချက်ကို မသိကျိုးကျွင်ပြုသည်။ လျှော့ခဲ့သည်
ရယ်မောခဲ့သည်။

သူက အချစ်ကို တောင့်တသည်။ သန့် ချစ်လာမ
နေ့ကို စိတ်ရှည်စွာ စောင့်ခဲ့သည်။ သို့သော် သူ အသက်
သည်အထိ သန့်၏ အချစ်ကို ရမသွားခဲ့။

အချစ်ကို တောင်းခံရာတွင်လည်း သူသည် နည်းမျိ
ကို သုံးခဲ့သည်။ ချော့၍လည်းကောင်း၊ ချောက်၍လည်းကော
တောင်းခံခဲ့သည်။ မရသောအခါ ဒေါပွသည်၊ နာကျည်းသ





ရန်ဖြစ်သည်။ ပြီးတော့ စိတ်ညစ်,ညစ်နှင့် အရက်သောက်သည်။
သည်သို့ဖြင့် သူ အရက်သမား ဖြစ်ခဲ့ရသည်ဟု ဆိုသည်။ သန့်
မတာတ်နိုင်ပါ။

သန့်နှင့် ကိုမင်းမောင်တို့ လက်ထပ်စဉ်က အစ်မ
မယဉ်ခန့်နှင့် ရခဲ့သော သက်မာသည် သုံးနှစ်သမီးအရွယ်။ သန့်
သည် အများဖြစ်စေချင်သည့်အတိုင်း သက်မာကို မိခင်သဖွယ်
ပြုစုခဲ့သည်။ ယုယခဲ့သည်။ ကြာသော် သက်မာကို မိမိရင်သွေး
နှယ်ပင် ခင်တွယ်ခဲ့ရသည်။ မထူးပါဘူး။ သမီးပါပဲ။ ဝမ်းနှင့်
မလွယ်ရသည်ကလွဲ၍၊ နို့ချို တိုက်ကျွေးခြင်း မပြုခဲ့ရသည်
ကလွဲ၍ သမီးအရင်းနှင့် မခြားပါ။ သမီးအကြီးဆုံးဟု လူတကာ
ကလည်း ယခုအခါ နားလည်ထားခဲ့ပါပြီ။

တူးမာကို ဂထမသမီးအဖြစ် သန့် မွေးပေးခဲ့ရသည်။
တူးမာနောက် သီတာကို မွေးသည်။ ဒုတိယသမီး။ သီတာပြီး
တော့ သီဂီ။ အထွေးဆုံး။ အငယ်ဆုံး။

သန့်အနေနှင့် ကလေးများစွာ မယူချင်ခဲ့ပါ။ ဖြစ်နိုင်
မည်ဆိုလျှင်တော့ ကိုမင်းမောင်၏ ကလေးတစ်ယောက်ကိုမျှ
မယူချင်ပါ။ သို့ပေမယ့် သန့် မငြင်းပယ်ခဲ့။ ရသမျှကို ယူသည်။

ကိုမင်းမောင်သည် ယောကျ်ားကလေး လိုချင်သူ
ဖြစ်သည်။ ယောကျ်ားကလေး ရလိမ့်နိုးနှင့် ကလေးတွေ
တစ်ယောက်ပြီး တစ်ယောက် ယူနေရသည်။ သည်တစ်ယောက်
မွေးပြီးလျှင် စိတ်ဓာတ်ကျသွားသည်။ နောက်တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားကလေး ဖြစ်လေမလား မျှော်လင့်သည်။ သို့သော် နောက်တစ်ယောက်လည်း မွေးလာတော့ မိန်းကလေးပင်။

“သန့်ကလဲကွာ၊ ယောကျ်ားလေး မွေးပါဆိုမှ”

သူက အားမလိုအားမရ ဆိုတတ်သည်။

“သန့် တတ်နိုင်တာ အားလုံး လုပ်ပေးခဲ့ပြီပဲ၊ ဒါတော့ သန့် မတတ်နိုင်တဲ့ ကိစ္စပါ အစ်ကိုမင်းမောင်”

သန့်တို့ အိမ်ထောင်သက်သည် ဆယ်နှစ်ကြာခဲ့သည်။ နှစ်,နှစ်တစ်ယောက်နှုန်းဖြင့် သန့် ကလေးသုံးယောက်မွေးပေးခဲ့သည်။ အစ်မ မယဉ်ခန့်၏ ကလေးနှင့်ဆိုလျှင် အားလုံးပေါင်း လေးယောက်။

မလိုချင်သော်လည်း ရလာသောအခါ ကလေးတွေကို သန့် ချစ်ပါသည်။ မိမိ၏ သွေးသားတွေအပေါ်မှာတော့ သန့် မတင်းခဲ့။ သန့်၏ အသည်းနှလုံးကို သမီးများ ရနိုင်ကြသည်။ ကိုမင်းမောင် အပေါ်တွင်မူ သန့်၏အချစ်သည် အေးစက်ခဲ့သည်။ ကိုမင်းမောင်က ကလေးရလာလျှင် သန့်၏စိတ်ထား ပြောင်းလဲ သွားလိမ့်မည် ထင်ခဲ့သည်။ သို့သော် သန့်၏စိတ်ထားမှာ သံမဏိထက်ပင် မာကျောခဲ့သည်။ အပြောင်းအလဲ မရှိခဲ့။

သည်လိုနှင့် အိမ်ထောင်သက် ဆယ်နှစ်အရောက်မှာ အ ကွယ်လွန်ခဲ့သည်။ ထိုအချိန်က သူနှင့်သန့်တို့ ခွဲနေခဲ့ကြသည်။ သန့်က ကလေးတွေ ကျောင်းကိုင်၍ ရန်ကုန်မှာ နေခဲ့ရသည်။ သူက နယ်မှာ တာဝန်နှင့်။





သန့်နှင့် သမီးများကို သူ့ထံ ခေါ်ဆောင်သွားကြသည်။ ဆေးရုံတွင် သူနှင့်တွေ့ပေးခဲ့သည်။ သူ၏ အသက်ဝိညာဉ် ကင်းမဲ့နေသော ရုပ်အလောင်းကို တွေ့ခဲ့ရသည်။

သန့်သည် မျက်ရည်တစက်မျှ မကျဘဲ သူ့ရုပ်အလောင်းကို ငေးကြည့်နေခဲ့သည်။ ရင်ထဲမှာ လုံးဝလှုပ်ရှားမှု မရှိ။ ဝမ်းမနည်းပါ။ ဝမ်းလည်းမသာမိပါ။ စင်စစ် သူနှင့် ပတ်သက်၍ သန့်မှာ ခံစားမှု လုံးဝမရှိခြင်းသာ ဖြစ်သည်။ အသည်းနှလုံးမှာ ဝေဒနာဟူ၍ လုံးဝ မခံစားရခြင်းသာ ဖြစ်သည်။

သန့်သည် ထိုမျှအထိ မိမိ၏အသည်းနှလုံးများ တင်းမာနေလိမ့်မည်ဟု မထင်ခဲ့။ သည်မျှအထိ သူ့အပေါ် ရက်စက်ဖို့ မကောင်းသည်ကိုလည်း မသိ။ ကြိုးစား၍ ငိုကြည့်ပါသေးသည်။ ဘာပဲဖြစ်ဖြစ် သူ့အား နောက်ဆုံးအနေနှင့် သည်အထိတော့ လိုက်လျောကြည့်သင့်သည် ထင်သည်။ ပတ်ဝန်းကျင်ကို အားနာသည့် အနေနှင့်ဖြစ်ဖြစ် မျက်ရည်ကျပြရဖို့ တာဝန်ရှိသည်။

သို့သော် သန့်၏မျက်ရည်သည် ထူးထူးခြားခြားကြီး ခန်းခြောက်နေလေသည်။ သန့်သည် စက်ရုပ်တစ်ခုနှယ်ပင် လှုပ်ရှားခဲ့မိလေသည်။

သည်လိုနှင့် သူ သန့်ကို ခွဲခွာခဲ့သည်မှာ ခြောက်နှစ်ရှိခဲ့ပြီ။ သန့်သည် လောကကို သမီးလေးယောက်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ခဲ့ရပြီ။

ကိုမင်းမောင်၏ ကျေးဇူးတရားကိုကား သန့် အသ
အမှတ်မပြုပဲ မနေနိုင်ခဲ့ပါ။ သန့်၏အသက် ဆယ့်ခြောက်နှစ်
သည် ယခု သုံးဆယ့်ခြောက်အထိ အနှစ်နှစ်ဆယ်လုံးလုံ
သူသည် သန့်တို့ဘဝကို ရပ်တည်မှု ပေးခဲ့သည်။ သူ ပေးခဲ့သေ
ငွေဖြင့်ပင် ယခုလည်း ရပ်တည်နေခဲ့ရသည်။ သူ၏ ကျေး
တရားသည်ကား ကြီးမားလွန်းလှသည် ထင်ပါ၏။

"မေမေ...."

"ဟင်...."

တူးမာ၏ ခေါ်သံကြောင့် သန့်မှာ လန့်ဖျပ်သွာ
သလိုရှိ သည်။ ကိုယ်မှာ ဆတ်ခနဲ ဖြစ်သွားရသည်။

"ဘာ ငေးနေတာလဲ မေမေ၊ မေမေ့ကို တူး
စောင့်ကြည့်နေတာ ကြာပြီ"

"သြော်....၊ ဘာမှ မဟုတ်ပါဘူး"

"မေမေ့ကို ကြည့်ရတာ ဒီကနေ့ တစ်မျိုးဖြစ်နေသလိ

"ဘာမှ မဖြစ်ပါဘူး သမီးရယ်"

"ဒါဖြင့်လဲ လုပ်လေ၊ ရပ်ရှင်ချိန် နီးနေပြီ"

"အေးပါ၊ အေးပါ"

အသိကို ထိန်းချုပ်ရသည်။ စိတ်အတွေးကို ကန့်သ
လိုက်ရသည်။ မှုန့်သာ သ,ရသည်။ အဝတ်လဲရသည်။

သို့ဖြင့် များမကြာမီမှာပင် သန့်သည် သမီးသုံးယေ





နှင့်အတူ အိမ်မှထွက်ခဲ့သည်။

အရပ်ထဲကတော့ သန့်နှင့် သူ့သမီးများကို 'ညီအစ်မ
များ'ဟု ကင်ပွန်းတပ်ကြသည်။ သန့်ကို အရွယ်တင်သည်ဟု
ဆိုကြသည်။

ထိုကြောင့်ပင် ကိုဝေလင်းကလည်း သန့်မှာ အပြောင်း
အလဲ မရှိဟု ဆိုခဲ့ခြင်း ဖြစ်ကောင်းဖြစ်မည်။

သို့ပေမယ့် စင်စစ်တွင်မူ သန့်မှာ အပြောင်းအလဲကြီး
ပြောင်းလဲခဲ့ပြီပဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# ၄

ရန်ကုန်မြို့၏ အသည်းနှလုံးရပ်ကွက်သို့ ပြန်လည် ရောက်ရှိခဲ့ရပြန်ပါပြီ။

ဆူးလေဘုရားလမ်းသည် လူသံကားသံတို့ဖြင့် ဆူညံ စည်ကားနေသည်။ ရုပ်ရှင်ရုံတစ်ဝိုက်တွင် လူတွေ ကားတွေ ရှုပ်ထွေးနေသည်။ ဈေးဆိုင်တွေမှာ စတုဒိသာ ကျွေးနေသလို လူတို့ စားသောက်နေကြသည်။ ရုပ်ရှင်ရုံတွေမှာလည်း အလကားပြနေသလို ကြိတ်ကြိတ်တိုးနေသည်။

မည်မျှ ငွေကြေးရှားပါးသည်၊ ကုန်ဈေးနှုန်း ကြီးမြင့် သည် ဆိုစေကာမူ ရုပ်ရှင်ရုံများတွင် စည်ကားမြဲ။ ဈေးများတွင် တိုးဝှေ့မြဲပင်။

သန့်နှင့် သမီးသုံးယောက်သည် ရုပ်ရှင်ရုံအတွင်း မဝင် ဖြစ်ကြသေး။ ပလက်ဖောင်းပေါ်မှာ ရပ်နေခဲ့ကြသည်။

သက်မာသည် ယခုတိုင် ရောက်မလာသေး။ သန့်တို့မှာ သူ့ကို လည်တဆန့်ဆန့်နှင့် မျှော်နေကြရသည်။ စောင့်နေကြ ရသည်။





သက်မာ၏ အချိုးက သည်အတိုင်းပင်။ သည်ကလေး ခက နည်းနည်းဖြစ်ဖြစ် သူတကာစိတ် အနှောင့်အယှက် ဖြစ်အောင် လုပ်တတ်သည်။ ယခုလည်း ကြည့်။

မနက်ကတည်းက မှာထားခဲ့သည်။ အိမ်မှာအသင့် စောင့်နေဖို့။ အများက စောင့်နေပါလျက် သူ မစောင့်။ သူ့ကို အများက ပြန်စောင့်နေခဲ့ရသည်။ ရုပ်ရှင်ပြဖို့ နီးကပ်နေပြီ။ ခြောက်နာရီခွဲဖို့ ငါးမိနစ်ပျော့ပျော့သာ လိုတော့သည်။

ရုပ်ရှင်ရုံမှ မဟုတ်ပါဘူး။ ဘယ်နေရာမှာမဆို သည် အနေ့ခေတ်တွင် မိန်းမသားတို့အဖို့ စိတ်ချနိုင်ဖွယ်ရာမရှိ။ လူတွေက စည်းကမ်းပျက်လှသည်။ ကိုယ်အမူအယာအရသော် လည်းကောင်း၊ နှုတ်အမူအယာအရသော်လည်းကောင်း အစော် ကားခံရတတ်သည်။ အရိခံရတတ်သည်။ ဘတ်စ်ကားစီးရာမှာ၊ လမ်းလျှောက်ရာမှာ၊ နေရာတကာမှာပင် သန့်တို့လို အသက် သုံးဆယ်ကျော် မိန်းမသားတစ်ယောက်သည်ပင် လုံခြုံမှုမရှိ။ ဆယ့်လေးငါးခြောက်နှစ် မိန်းမငယ်တွေအဖို့ဆိုလျှင် ပြောမနေ နှင့်တော့။

သားရဲ ပေါလှပါသည်ဆိုသော တောထဲသို့ သမီးတွေ ကို လွှတ်ရဖို့ ဝန်မလေးပေမယ့်၊ မစိုးရိမ်ပေမယ့် ဆူးလေဘုရား လမ်းလို နေရာမျိုးကို သူတို့ချည်း လွှတ်လိုက်ရမှာ ဝန်လေး သည်။ စိုးရိမ်သည်။

ထိုကြောင့်လည်း သန့်သည် တစ်ခါတစ်ရံ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင် ကြည့်လိုစိတ် မရှိပါဘဲ သမီးများကို ငဲ့ညှာ၍ ရုပ်ရှင်ရုံသို့ လိုက်ခဲ့ရသည်။ ဈေးသို့ ပို့ပေးရသည်။

သည်ကနေ့ နိုင်ငံခြားရုပ်ရှင်တွေကို ကြည့်ရသည်မှာလည်း စိတ်ပျက်စရာကောင်းလှည် ထင်ပါ၏။ ထိုးကြကြိတ်ကြ ပစ်ကြခတ် ကြ၊ သတ်ကြဖြတ်ကြနှင့် စိတ်နှလုံး တုန်လှုပ်စရာကောင်းသည်က တစ်မျိုး၊ ချွတ်ကြဖော်ကြ၊ နမ်းကြရှုပ်ကြနှင့် လိင်ဖောက်ပြန်မှုကို လှုံ့ဆော်ကြသည်က တစ်ဖုံနှင့်။

သည်လို ရုပ်ရှင်ကားမျိုးတွေကို ကြည့်ပြီး လူတွေ ရိုင်းစိုင်း ကြမ်းတမ်းလာသည်၊ တရိစ္ဆာ ပျက်စီးလာသည် အမှန်။ ထို့ကြောင့် ရုပ်ရှင်ကြည့်ဖို့ တောင်းဆိုလာပြီဆိုလျှင် သင့်လျော်မည် မလျော်မည်ကို ကိုယ်က အလျင်ချိန်ဆရသည်။ လိုက်ပြဖို့ မပြဖို့ စဉ်းစားရသည်။ တစ်ခါတရံ လိုက်ပြဖို့ သင့်လျော်မည် လင်၍ပြမိသော ရုပ်ရှင်ကားကို ကြည့်နေစဉ်မှာပင် ထပြန်ချင် လောက်အောင် စိတ်ညစ်ရသည်မျိုးကလည်း ရှိသေးသည်။

အများ၏အမြင်တွင် သန့်သည် ကလေးတွေအပေါ်မှာ တင်းကြပ်လွန်းသည်ထင်မလား မပြောတတ်။ သို့သော် သန့် ကိုယ်တိုင်အနေနှင့်မူ မိမိဘက်က စည်းကမ်းတို့သည် လျော့လျ လျက်သာ ရှိသေးသည်ဟု အောက်မေ့သည်။ သည်ထက် တင်းကြပ်ရဦးမည်ဟု ထင်သည်။

အကယ်၍ ကိုယ့်ကလေးတွေက ယောကျ်ားကလေး တွေ ဖြစ်နေမည်ဆိုလျှင်တော့ မထောင်းတာလှပါဘူး။ အဖြစ်နိုင်





း လမ်းသရဲပေါ့။ မိန်းကလေးတွေ ဖြစ်နေသည့်အတွက် သန့်စိတ်မှာ ပို၍ မောရသည်။ ပို၍ စိုးရိမ်ရသည်။ သူတို့မှာက ကြောက်ရွံ့ရှိသေရမည့် ဖခင်ကလည်း မရှိရှာတော့ပြီ မဟုတ် လား။ အရွယ်တွေကလည်း ရောက်လာကြပြီ မဟုတ်လား။ သန့်သည် မိခင်တစ်ယောက်၏ တာဝန်အပြင် ဖခင်၏တာဝန် ကိုပါ ပူးတွဲ ထမ်းဆောင်နေရသည်။

သန့်မှာ တာဝန်များလှပါသည်။ ဝတ္တရားကြီးလှ ပါသည်။

သမီးတွေနေရမည့်ကျောင်း၊ သမီးတွေပေါင်းရမည့် အပေါင်းအသင်းကအစ အသေးစိတ် ချင့်ချိန်ရသည်။

တော်ပါသေးသည် မိတ်ဆွေများ အကူအညီဖြင့် သမီး သုံး ယောက်ကို မရမ်းခြံကျောင်းလို မိန်းကလေး ကျောင်းမျိုးမှာ ထားနိုင်ခဲ့သည်။ သူတို့သုံးယောက် အတူတကွ ကျောင်းတက် ကြသည်မို့ အပေါင်းအသင်း အထူးရှာစရာမလို။ တစ်ယောက် နှင့်တစ်ယောက် ထိန်းထိန်းသိမ်းသိမ်း စောင့်ရှောက်နိုင်သည်။

သက်မာ။

သက်မာကတော့ ယခု ဆေးတက္ကသိုလ်သို့ ရောက်နေ ပြီ။ အပိုင်းတစ် ဒုတိယနှစ်သို့ ရောက်နေပြီ။ အသက်ကလည်း နှစ်ဆယ့်ရှစ်နှစ်ထဲရောက်နေပြီမို့ သူ့ကိုယ်သူ ထိန်းထိန်းသိမ်းသိမ်း နိုင်ကောင်းရဲ့ အောက်မေ့ကာ လွှတ်ထားရသည်။ ပြီး သူက လည်း အနှောင်အဖွဲ့ကို လိုလားသော မိန်းကလေး အမျိုးအစား

www.burmeseclassic.com



မဟုတ်ခဲ့။ ဩဇာအာဏာကို ခံယူတတ်သူမဟုတ်ခဲ့။ အတောင်အလက် စုံလင်ပြီဖြစ်သော ငှက်တစ်ကောင်နှယ် အပျံသင်နေသူ၊ လောကအတွင်း စမ်းသပ်တိုးဝင်စ ပြုနေသူ။ သည်တော့ အချို့နေရာများတွင် သူ့ကို ရင်တမမနှင့် ကြည့်နေရသည်ကလွဲ၍ တားဆီးဖို့ မဖြစ်နိုင်ခဲ့။

"သက်မာကလဲ လာခဲလိုက်တာကွာ"

သီတာက စိတ်မရှည်နိုင်သလို ညည်းလိုက်သည်။

သန့်သည် လက်မှနာရီကို ကြည့်လိုက်သည်။ ခြောက်နာရီခွဲပြီ။ ရုပ်ရှင်ရုံ တံခါးများ ပိတ်သွားခဲ့ပြီ။ လူတို့ ရုံအတွင်း ဝင်ကုန်ကြပြီ။

သန့်ကိုင်တိုင်လည်း သက်မာအတွက် စိတ်မရှည်နိုင်လောက်အောင်ဖြစ်လာသည်။ သက်မာသည် သည်ကနေ့ ကျောင်းတက်ရသည် မှန်သော်လည်း ကျောင်းသည် ခြောက်နာရီခွဲသည့်တိုင်အောင် စာသင်နေမည်မဟုတ်။ စာသင်ချိန်ပြီးပြီးနောက်အချိန်များကို သူ မည်သို့ ကုန်ဆုံးပစ်မည်လဲ၊ သူဘယ်သွားနေမလဲ၊ ဘာလုပ်နေမလဲ စသည်ဖြင့် စဉ်းစားရပြုလာသည်။

"အေးကွာ၊ ဒီအထဲ ဘဲတွေကလဲ သိပ်ခြေရှုပ်တာပဲ"

တူးမာထံမှ အသံထွက်လာသည်။

ခေတ်ပြောင်း လာသည်နှင့်အမျှ ဝေါဟာရတွေကလည်း လူငယ်တွေအကြားမှာ ပြောင်းလဲလာသည်။ တစ်ခါတ





သန့်သည် သမီးများ၏ စကားကို နားမလည်နိုင်။ ခြေရာမကောက်နိုင်။ ဘာကို ဆိုလိုကြောင်း ပြန်မေးရသေးသည်။

သန့်တို့ခေတ်တုန်းက 'စံပဲ'ဆိုသည့် ဗန်းစကား ခေတ်စားခဲ့သည်။ ယောကျ်ားကလေးဆိုလျှင် 'ငနဲ' ဆိုတာ လောက်သာသုံးခဲ့သည်။ ယခုတော့ ဗန်းဝေါဟာရတွေက များလှသည်။ တွင်ကျယ်လှသည်။ လမ်းသရဲဝေါဟာရ။ လမ်းဘေးဈေးသည်တို့၏ ဝေါဟာရ စသည်ဖြင့် တစ်ခါတရံ သူတို့ အချင်းချင်း ပြောသံ ဆိုသံတွေ ကြားရပြီး မြန်မာစကား ပြောနေသည်နှင့်ပင် မတူတော့လောက်အောင် ဖြစ်နေသည်။

တူးမာပြောသဖြင့် သန့် ပတ်ဝန်းကျင်ကို အကဲခတ်သလို ကြည့်မိသည်။ ဆံရှည်ကိုယ်တော် လေးငါးယောက်သည် သန့်တို့နှင့် မလှမ်းမကမ်းတွင် ရှိသည်။ သူတို့က သူတို့ အချင်းချင်း ရယ်မောပြော ဆိုနေရာမှ သန့်တို့မိသားစုဘက်ကို လှမ်း၊လှမ်းကြည့်နေကြသည်။

သည်ကနေ့ ဝတ်စားဆင်ယင်မှုတွေမှာလည်း သန့်လို အသက် သုံးဆယ်ကျော် မိန်းမတစ်ယောက်၏ မျက်စိတွင် များစွာ ကြည့်မြင်၍မရ။ ဆံရှည်တွေ၊ ခေါင်းလောင်း ဘောင်းဘီတွေကို သန့်ဘဝင်မကျ။

သို့သော် သန့်သည် ဖက်ရှင်ထွင်သည်၊ ခေတ်နှင့်အညီ ဝတ်ဆင်သည်တို့ကို များစွာဆန့်ကျင်လိုသူတော့ မဟုတ်ပေ။ မိမိကိုယ်တိုင် ယနေ့ ရတနာပုံခေတ်က၊ ဘိုးတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



လက်ထက်က ဆင်ယင်ထုံးဖွဲ့မှုကို စွဲလမ်းနေသူ မဟုတ်ပေ။ ကိုယ်တိုင် မလှုပ်မလဲသာ ဘော်လီအင်္ကျီက ပိုမိုလွတ်လပ်သော ဘာရာစီယာကို ဝတ်ခဲ့သူပင် ဖြစ်သည်။ သို့တိုင်အောင် ယနေ့ ဆင်ယင်ထုံးဖွဲ့မှုမှာ သန့်လို ခေတ်မီပါသည်ဆိုသော မိန်းမတစ်ယောက်၏ မျက်စိနှင့် အစပ်မတည့်အောင် ဆန်းကြယ်လွန်းလှသည်။ ကိုယ့်တိုင်းပြည်၏ ရာသီဥတု ယဉ်ကျေးမှုအခြေခံနှင့် များစွာ ဆန့်ကျင်ခြင်း ရှိနေသည်ဟု ထင်သည်။

ခေတ်ကိုက အတိုးတက် အပြောင်းလဲ မြန်ဆန်လွန်းလေသလား၊ သန့်ကိုယ်၌ကပဲ ခေတ်နောက်ကျသွားလေသလားတော့ မပြောတတ်ပါ။

"ဟော....သူလာပြီ"

သီဂီက ဆိုလိုက်သည်။

မှန်ပါသည်။ သက်မာသည် ပြည်သူ့မုန့်တိုက် အကွေ့မှာ ဘွားခနဲ ပေါ်လာသည်။ သူသည် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နှင့်ပင် လာနေသည်။

သန့်သည် သက်မာလျှောက်လာသည်ကို စောင့်ကြည့်နေမိသည်။ စူးစိုက်ကြည့်နေမိသည်။

သက်မာသည် အစ်မ မယဉ်ခန့်နှင့် များစွာဆင်တူသည်။ အစ်မ မယဉ်ခန့်၏ ကိုယ်ပွားဟု ဆိုနိုင်သည်။

အသက် ဆယ့်ရှစ်နှစ်ရှိပြီ ဆိုစေကာမူ သက်မာသည် ထွားကြိုင်းသူတစ်ယောက် မဟုတ်၍ ရုတ်တရက်ကြည့်လျှင်





ဆယ့်ငါးဆယ့်ခြောက်နှစ် သမီးဟုသာ ထင်ရသည်။ သူ၏ အရပ်သည် အစ်မ မယဉ်ခန့်ကဲ့သို့ ပုညှက်သည်။ သူ့ထက် သုံးနှစ်ခန့်ငယ်သော တူးမာထက်ပင် ပုသေးသည်။

သို့သော် သူ့အရပ်အမောင်းနှင့် လိုက်ဖက်သော ကိုယ်ခန္ဓာ အချိုးအဆက်ရှိသည်မို့ ကြည့်၍လှသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

သူ့ကို သန့်က ဆံပင်မဖြတ်စေချင်ခဲ့။ သူ၏ဆံပင်မှာ သန်မာလွန်းလှသောကြောင့် ဖြစ်သည်။ သို့သော် သက်မာသည် သူငယ်ချင်းများနှင့် တူအောင်ဆိုကာ ဆံပင်ကို ဖြတ်ခဲ့သည်။ လည်ကုတ်ဝဲပုံစံ ဖြစ်သည်။ လမ်းလျှောက်သောအခါ ဆံနွယ်များမှာ ပုခုံးတွင် ဝဲနေသည်။ ထိုဆံပင် ပုံစံကြောင့် သက်မာ၏ မျက်နှာမှာ ပိုမိုနုနယ်လာသည်ကို သန့် ဝန်ခံရသည်။

သက်မာသည် သန့်တို့အပါးသို့ ရောက်လာသည်။

"ရောက်တာ ကြာပြီလား" မေးသည်။

"လွန်တာပေါ့ သက်မာ၊ တို့များ ရပ်စောင့်နေရတာ နာရီဝက် လောက်ရှိပြီ၊ ခြေထောက်တွေတောင် တောင့်နေပြီ"

တူးမာက ဆိုသည်။

ကလေးများသည် တစ်ယောက်ကိုတစ်ယောက် နာမည်အတိုင်း ခေါ်ကြသည်။ အငယ်ဆုံး သီဂီတစ်ယောက်သာလျှင် အစ်မသက်မာ၊ အစ်မတူးမာ စသည်ဖြင့် အစ်မထည့်ခေါ်ဖော်ရသည်။ ကျန်ကလေးများကမူ သက်မာ၊ တူးမာ စသည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ကြသည်။ အစ်မ မမ စသည်ဖြင့် အခေါ်ခိုင်း၍ မ[...]
ခဏသာခေါ်ပြီး ကြာလျှင် နကိုအတိုင်း ပြန်ခေါ်ကြသည်။

"ဘဲရီး ဆောရီး တောကြီးမြိုင်လယ်ပဲကွာ၊ ကိုယ် စိုးစိုး[...] တို့အိမ် လိုက်သွားရင်း သူ့မားသားကြီး အာလူးများနေတာ[...] နောက်ကျသွားတာ"

သက်မာက ဆင်ခြေပေးသည်။

"ကဲပါ၊ ရုံထဲဝင်ရအောင်ပါ၊ သတင်းကားတွေတော[...] လွတ်ကုန်ပြီ ထင်ပါရဲ့"

သီတာက စိတ်မရှည်စွာ ဆိုသည်။

သို့ဖြင့် သန့်တို့ ရုပ်ရှင်ရုံအတွင်း ဝင်ခဲ့ကြသည်။ ရုပ်ရှင်ပြနေပြီ။ မှောင်နေပြီ။ မိမိခုံရှိရာသို့ ရောက်အော[...] လူများကို အားနာစရာ ကောင်းလောက်အောင် တိုးဝှေ[...] ဝင်ခဲ့ရသည်။

သန့်သည် နောက်ဆုံးတန်းမှာ နေရာယူခဲ့သည်။ အော[...] ကျကျ ဖြစ်သည်။ သို့သော် မိမိတို့ထက် နောက်ဆုံးတန်[...] ဘေးကျကျ နေရာကို ပိုမိုနှစ်သက်နေသူများကို တွေ့ရသည်[...] သူတို့ကား စုံတွဲများ ဖြစ်ကြလေသည်။

အသက် ဆယ့်လေးငါးခြောက်နှစ် ကောင်လေးနှ[...] ကောင်မလေးတွေ အတွဲလိုက်,အတွဲလိုက် ရှိနေကြသည်[...] ရုပ်ရှင်ကို ကြည့်မှ ကြည့်ကြရဲ့လား အောက်မေ့ရသည်။ သူတ[...] ချင်း တွတ်ထိုးနေကြသည်လည်း ရှိသည်။ မီးရောင်ပိုးဝါးဖြ[...]





တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေကြသည်လည်း ရှိသည်။ နောက်တော့ သူတို့ ဘာလုပ်ကြမည်ကို သန့်သိနေသည်။

သန့်သည် ယင်းစုံတွဲတို့ကို သမီးများ မတွေ့ပါစေနှင့်ဟု ဆုတောင်းမိသည်။ သို့သော် ဆုတောင်းမပြည့်နိုင်သည်ကိုလည်း သိနေသည်။ တွေ့ရသည့်တိုင် အားမကျပါစေနှင့်ဟု ထပ်မံ ဆုတောင်းရသည်။

သန့်တို့ ငယ်စဉ်တုန်းကလည်း သည်လိုပဲ ကြည့်ဖူးပါရဲ့။ သည်လိုပဲ ဆိတ်ကွယ်ရာ ရှာဖူးပါရဲ့။ သို့သော် ယနေ့ခေတ်လောက်တော့ မရဲတင်းပါ။ ပြောင်မကျခဲ့ပါ။ ရုပ်ရှင်ကြည့်ပြီဆိုလျှင် အပါးမှာ မိန်းမဖော်တစ်ယောက်တော့ပါမြဲ။ နှုတ်လက်စောင့်စည်းခဲ့ကြမြဲ။

ယခုတော့ တစ်ခါတရံ ပတ်ဝန်းကျင်ကို မေ့နေသော၊ သို့မဟုတ် ဂရုမစိုက်သော။ လောကကြီးထဲမှာ သူတို့ချည်းပဲ[...]သည်ဟု အထင်ရောက်ဟန်တူသော။ ရဲတင်းသော၊ ပြောင်ကျသော စုံတွဲများကို တွေ့ရသည်။ ယိုသူမရှက်၊ မြင်သူရှက်ဆိုသလိုပါပဲ။

ပြီး သူတို့ ရွေးချယ်သည့် ရုပ်ရှင်ကားများကလည်း အ[...]ည်းထိတ်စရာ ကောင်းလှပါသည်။ စိတ်အာရုံကို ထကြွစေနိုင်[...]ည်။ ဆန္ဒရမက် လှုံ့ဆော်ပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့်[...]ည်း သူတို့သည် ပတ်ဝန်းကျင်ကို လျစ်လျူရှုရဲသည်။ ဆန်[...]င်ရဲသည်။



www.burmeseclassic.com

www.burmeseclassic.com


ယနေ့ ရုပ်ရှင်ရုံများ၊ ယနေ့ပြနေသည့် ရုပ်ရှင်များသ လူငယ်တို့အတွက် အကောင်းဆုံးသော အောင်သွယ်များ ဖြစ် သည်ကို သန့်သဘောပေါက်သည်။

အိမ်ကလူကြီးတွေအနေနှင့် ကိုယ့်သားသမီး ကျော သွားသည်ထင်သော်လည်း ကျောင်းသင်ခန်းသို့ မရောက် ရုပ်ရှင်ရုံတွေ၊ ပန်းခြံတွေထဲမှာ အချိန်ဖြုန်းနေကြသူ အဘယ် များပြားလေသည် မသိ။

တစ်ခါတရံ အတွဲပေါက်စကလေးကို တွေ့ရလျှင် သူ အတွက်ရော သူတို့မိဘများအတွက်ပါ ရင်မောရတတ်သည ပြီး ကိုယ့်သမီးများနှင့် ပတ်သက်၍ တွေးလိုက်မိလျှင်လ ရင်မောလာရသည် အမှန်ပင်။

သန့်အနေနှင့် သူတို့ကို အဘယ်အထိ စောင့်ထ နိုင်စွမ်း ရှိမည်နည်း။ သန့်၏ စည်းကမ်း ကလနားတို့ သူတို့က ဘယ်အချိန်ထိ လိုက်နာနိုင်မည်နည်း။ သန့်မတွေ မတွေးဝံ့။ ဘာပဲပြောပြော လူငယ်သည် ပတ်ဝန်းကျင် ဆက်စပ်နေသည်။ ပတ်ဝန်းကျင်သည် ထာဝရ အကောင်းချ ဖြစ်မနေနိုင်၊ အဆိုးတွေလည်း ရှိနေမည်။ ထိုအဆိုးကို အ မိမှာ စိုးရိမ်လှသည်။ အားကျမှာ ကြောက်လှသည်။

အထူးသဖြင့်တော့ အရွယ်လည်းရောက်နေပြီးဖြစ် ထိုက်သင့်သလောက် လွတ်လပ်ခွင့်လည်း ပေးထားရ သက်မာအတွက် သန့်မှာ ပိုမိုစိုးရိမ်ကြောင့်ကြရသည်။

*Royal Snow*
*Publications*

ဝမ်းနှင့် မလွယ်ခဲ့ရသည်မှတပါး သက်မာသည် သန့်အဖို့ သမီးအရင်းအချာသာဖြစ်သည်။

ကိုမင်းမောင်နှင့် လက်ထက်ခဲ့စဉ်က သက်မာသည် သုံးနှစ်သမီးမျှသာ ရှိပါသေးသည်။ ပိဘိကလေးသာရှိပါသေးသည်။ ပြီး သူက ချူချာသည်။ ရောဂါထွေပြားသည်။ သုံးနှစ်သမီးအရွယ်အထိ လမ်းကောင်းစွာ မလျှောက်နိုင်သေး။

သန့်သည် လက်ထပ်ပြီးပြီ ဆိုသည်နှင့် တပြိုင်နက် သားသည်အမေဘဝသို့ ချက်ချင်းရောက်သွားခဲ့ရသည်။ သမီး တွဲလွဲ ဖြစ်ခဲ့ရသည်။ သက်မာကို မိခင်နှယ်ပင် ပြုစုရသည်။

နေထိုင်မကောင်းဖြစ်သည့် အခါများတွင် မအိပ်ရ နေရ။ ကလေးဆေးရုံမှာ တစ်လနီးပါး တက်ရစဉ်ကလည်း သန့်သည် ကိုယ်တိုင် မပေါ့မပါးနှင့် စောင့်ခဲ့ရသည်။ တစ်ခါ ရံ ကလေး၏ ခုတင်ကို မှီကာ မှိန်းရသည်။ တစ်ခါတစ်ရံ ဂ်တောကြမ်းခင်းတွင် ခေါင်းအုံး မပါဘဲ အခင်းမျှနှင့် ိပ်စက်ခဲ့ရသည်။

သည်စဉ်က သန့်အဖို့ အိပ်ရေးဝဝ တစ်ညလောက် ိပ်စက်လိုက်ရလျှင် ကံထူးလေစွ အောက်မေ့ခဲ့သည်။ စိတ် ဖြောင့်ဖြောင့်နှင့် ထမင်းဝဝစားရလျှင် ကောင်းလေစွ တောင့်တ သည်။

သက်မာသည် လေးငါးခုနှစ်နှစ်သမီးအထိ ချူချာ သည်။ တစ်စထက်တစ်စ ကြီးပြင်းလာသည့်တိုင် တစ်ခါတရံ

*Royal Snow*
*Publications*
www.burmeseclassic.com

www.burmeseclassic.com

သဘောကောင်း ပေါင်းလဲနေမကောင်းဖြစ်တတ်သေးသည်။ အထူး သဖြင့် စာမေးပွဲ ရာသီတွင် နေမကောင်းဖြစ်လေ့ရှိရာ ယင်းအချိန် တိုင်း သန့်မှာ သူ့ အိပ်ရေးပျက်မခံဖို့၊ အစားမှန်ဖို့ ဂရုစိုက်ပြော နေရသည်။ စောင့်ကြည့်နေရသည်။

သက်မာသည် စာတော်သူဖြစ်သည်။ ပညာရေးနှင့် ပတ်သက်၍ လုံ့လဝီရိယကြီးသူဖြစ်သည်။ ချူချာလှသည့် အကြားမှ ဆက်ခြောက်နှစ်နှင့် ဆယ်တန်းအောင်သည်။ လေးဘာသာ ဂုဏ်ထူးရသည်။ ဆေးတက္ကသိုလ်ကို ရွေးချယ်ခဲ့ သည်။ သူ့အတွက် အသင့်လျော်ဆုံး ဘာသာရပ်ကို ရွေးချယ်ခဲ့ ခြင်းပင် ဖြစ်ပေလိမ့်မည်။

သက်မာအပေါ် မိမိက သမီးရင်းနှင့်မခြား သဘောထား ခဲ့သော်လည်း သက်မာဘက်က မိမိအပေါ် တုံ့ပြန်မှုမှာ အားမရစရာ ကောင်းလှသည်ဟု ထင်သည်။

ထိုကလေးမသည် သန့်အား လူမှန်းသိတက် အရွယ်မှစ၍ "မေမေ"ဟု ခေါ်ရန် ဝန်လေးခဲ့သည်။ 'ဒေါ်လေး' ဟုသာခေါ်သည်။ သူသည် မိခင်ကို ထာဝရတောင့်တနေ တတ်သူဖြစ်သည်။ သူ၏မိခင်နေရာတွင် သန့်အား အစားမထိုး နိုင်ခဲ့။ သို့နှင့်အမျှ သူသည် သန့်အပေါ် အဒေါ်တစ်ယောက် အနေအထားထက် ပိုမို အလေးအနက် မထားနိုင်ကြောင်း ထင်ရှားနေသည်။ သူ၏ ဆက်ဆံပုံမှာ စိမ်းလှပါသည် ပေါ့ဆဆနိုင်လှပါသည်။





တူးမာသည် စင်စစ် သန့်၏ သမီးအကြီးဖြစ်သော် လည်း တစ်မိသားစုလုံးအနေနှင့် ကြည့်လျှင် ဒုတိယသမီး ဖြစ်နေရသည်။ သမီးဦးဖြစ်သည့်တိုင် သမီးဦးတို့ ခံစားရလေ့ ရှိသော အခွင့်အရေးကို မခံစားခဲ့ရ။ ထို့ကြောင့် တစ်ခါတရံ သူသည် သက်မာကို ဝန်တိုစိတ် ထားသလို ပြောတတ်ဆို တတ်သည်။

ကိုမင်းမောင်သည် သန့်သမီးမွေးသည်ဆိုစဉ်က စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့သည်။ တော်တော်နှင့်လာ မကြည့်။ သူက သားကို မျှော်လင့်ထားရာမှ သမီးကို မွေးလာခဲ့ ခြင်း ဖြစ်သည်။

တူးမာသည် ထွားကျိုင်း သန်မာသည်။ မွေးကတည်း က ယခုတိုင် မိခင်ကို ဒုက္ခမပေးခဲ့။ ကြီးကြီးကျယ်ကျယ် မဖျားနာခဲ့။ ဤသည်ကိုပင် သန့်မှာ များစွာ ကျေးဇူးတင်ရသေး သည်။ သူသာ သက်မာနှင့်အပြိုင် မမာမကျန်း ဖြစ်နေပါက၊ ချူချာပါက သန့်မှာ ဘီကျွတ်နိမ့် လုပ်ရဖို့ကိန်းသာ ရှိခဲ့သည်။ လှူ့ဘောင်ကို ငြီးငွေ့သွားရနိုင် သည်။

ယခုတော့ တူးမာသည် အပျိုဖြားဖားဖြစ်နေပြီ။ ဉာဏ် မကောင်းလှ၊ သင့်ရုံသာရှိသည်။ တစ်နှစ်တစ်တန်းလောက် အောင်စေရန် မနည်းကြိုးစားရရှာသည်။ ဂုဏ်ထူးရဖို့တွေ ဘာတွေမမှန်းနိုင်။ ဆယ်တန်းအောင်၊ ပညာရေးတက္ကသိုလ် တက်၊ ဆရာမလုပ်။ သည်မျှသာ မျှော်လင့်နိုင်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

သားကလေးမွေးလာဖို့ မျှော်လင့်ရင်းကနေ သမီးချည်းနှစ်နှစ် တစ်ယောက်နှုန်းဖြင့် ဆက်တိုက်မွေးလာရင်း သီတာသည် ကိုမင်းမောင်အား တတိယမြောက် စိတ်ပျက်လက်ပျက်ဖြစ်စေရအောင် မွေးလာရသည်နှင့် တူနေသည်။

သီတာသည် အမည်နှင့်လိုက်ဖက်အောင် အေးအေးဆေးဆေး နေတတ်သူဖြစ်သည်။ ယခု ဆယ့်လေးနှစ်ရှိပြီ။ ခုနစ်တန်း ကျောင်းသူဖြစ်နေပြီ။ သူက စာဖတ်ဝါသနာပါသည်။ စာတစ်အုပ်နှင့် အချိန်ကုန်တတ်သည်။ ကဗျာ အတိုအစကလေးတွေ ရေးသည်။ ကြီးလာလျှင် စာရေးဆရာမများ ဖြစ်နေဦးမည်လား မသိ။

အငယ်ဆုံး သီဂီက ပျော့ပျော့နွဲ့နွဲ့ကလေး။ ရုပ်ကလေးက ကြွေရုပ်ကလေးနှယ် လှပသည်။ သန့်နှင့် အတူဆုံးဖြစ်သည်။ သန့်၏ ကိုယ်ပွားဖြစ်သည်။ ယခုဆယ့်နှစ်နှစ်။ ငါးတန်းကျောင်းသူ။ သူက ရုပ်ရှင်ကိုနှစ်ခြိုက်သည်။ မင်းသမီးများထံမိတ်ဆက်စာရေးသည်။ အော်တိုတွင် လက်မှတ်စုသည်။ ဘုရားသိကြားမ၍ ရုပ်ရှင်မင်းသမီး လုပ်ရန် ဝါသနာမပါပါစေနှင့်ဟု ဆုတောင်းနေရသည်။ ရင်မောစရာ ကောင်းလှသော ရုပ်ရှင်လောကတွင် သမီးဖြစ်သူအား မကျင်လည်စေချင်။

သန့်အဖို့တော့ သည်သမီးလေးယောက်သည် တစ်ကမ္ဘာ ဖြစ်သည်။ တစ်လောကဖြစ်သည်။

သည်ကမ္ဘာကလေး ပြိုကွဲမသွားဖို့၊ သည်လောကလေးပျက်သုဉ်းမသွားဖို့ အစွမ်းကုန် ကြိုးစားရမည်။ အစွမ်းကုန်ကာကွယ်ရမည်မှာ သန့်၏ တာဝန်ဖြစ်သည်။ ထိုမဟာ တာဝန်ကို သန့် အစွမ်းကုန် ကြိုးစား ထမ်းဆောင်လျက်လည်း ရှိသည်။

ဝေါကနဲ ရယ်မောသံကို ကြားရသည်။ သန့်သည် ရယ်သံများကြောင့် လန့်ဖျပ်သွားရသလို ရှိသည်။ စင်စစ်မိမိသည် ရုပ်ရှင်ကြည့်ရင်းမှ ရုပ်ရှင်တွင် စိတ်မဝင်စားဘဲ အတွေးလွန်သွားကြောင်း သိရသည်။

အာရုံကို ရုပ်ရှင်တွင် စူးစိုက်ထားလိုက်ရသည်။

သန့်တို့ကြည့်သော ရုပ်ရှင်မှာ 'Father Goose' ဖြစ်သည်။ 'ဖေဖေငန်း'ဟု ခေါ်ရမည်ထင်သည်။ ဇာတ်လမ်းမှာစစ်အတွင်းက တောတွင်းတစ်နေရာတွင် တွေ့ကြသည့် စစ်သားကြီးတစ်ယောက်နှင့် ကလေးများအပေါ် သံယောဇဉ်ကြီးလှသောသာသနာပြု ဆရာမတစ်ယောက်အကြောင်းဖြစ်သည်။ အစသော် စစ်သားကြီးသည် စစ်သားပီပီ ကလေးများအပေါ် သံယောဇဉ်မရှိ။ စိမ်းစိမ်းနေတတ်သည်။ ကလေးများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေသည်။ သို့သော် ဆရာမလေး၏ သည်းရုံးမှုဖြင့် အဆုံးတွင် ကလေးများအပေါ် သံယောဇဉ်တွယ်လာသည်။ ခင်မင်ရင်းနှီးလာသည်။ သည်းခံ ခွင့်လွှတ်နိုင်လာသည်။

သည်ရုပ်ရှင်ကားကို နှစ်ခြိုက်မိသည်။ အကြောင်းမှု ကလေးသူငယ်များနှင့် ပတ်သက်သည့် သံယောဇဉ်ကိုမြှ



Royal Snow Publications

Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မိမိ ဘဝနှင့် နီးစပ်၍ ဖြစ်သည်။ ပြီး သည်ကားကို ကြည့်ကာ ထူးထူးခြားခြား ကိုဝေလင်းကို သတိရနေမိလေသည်။

× × ×



၇

"မေမေရေ ဇည့်သည် လာတယ်ဗျို့"

သိင်္ဂီသည် မီးဖိုခန်းအတွင်း ဝင်လာရင်းက လှမ်းပြောလိုက်သည်။

တနင်္ဂနွေနေ့ဖြစ်၍ အိမ်မှာ မိသားစု စုံစုံညီညီရှိသည်။ သန့် သည် မီးဖိုခန်းအတွင်း၌ ချက်ပြုတ် ကြော်လှော်နေသည်။ သက်မာ၊ တူးမာနှင့် သီတာတို့က သန့်အား အကူအညီပေးနေသည်။ သိင်္ဂီတစ်ယောက်သာလျှင် အိမ်ရှေ့၌ ရှိနေခဲ့သည်။ ရေဒီယို နားထောင်နေသည်။

တနင်္ဂနွေလိုနေ့မျိုး၌ သန့်တို့အိမ်၌ အစားအစာ ထူးထူးခြားခြား လုပ်စားမြဲ ဖြစ်သည်။ သည်ကနေ့ မန္တလေးမုန့်တီချုပ်သည်။

ကလေးများ အိမ်ခင်တတ်ဖို့ အရေးကြီးသည်။ အိမ်ခင်လည်း ပြင်ပသို့ အထွက်နည်းမည်။ ပြင်ပသို့ အထွက်နည်းမှ ယနာ နည်းမည်ကို သန့်သဘောပေါက်သည်။ ထို့ကြောင့် သူတို့ စိတ်ဝင်စားအောင် ကိုယ်တိုင် ပါဝင်ကူညီလာနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့တိုင်း အစားအစာ ထူးထူးဆန်းဆန်း လုပ်စားခြင်း ဖြစ်သည်။

"ဘယ်က ဧည့်သည်လဲ သီဂီ"

တူးမာက မေးသည်။

"မသိဘူး၊ လူတစ်ယောက်ပဲ"

"ဧည့်သည်ပါဆိုမှ လူတစ်ယောက်မဟုတ်ဘဲ နတ်တစ်ပါး ဖြစ်ရမလားဟဲ့၊ ဘယ်နတ်က တို့များအိမ်ကို လာလည်မှာတဲ့လဲ"

သက်မာက ဆိုသည်။

"မဟုတ်ဘူး၊ လူတစ်ယောက်ဆိုတာက ယောကျ်ားတစ်ယောက်၊ တစိမ်းတစ်ယောက်လို့ပြောတာ၊ 'မယဥ်သန့်တို့အိမ် ဒီအိမ်လား' လို့ မေးပြီးဝင်လာတာ"

သည်တော့လည်း ဧည့်သည်မှာ မည်သူမည်ဝါ ဖြစ်သည်ဟု သန့် ချက်ချင်းသိလိုက်သည်။

"ကိုဝေလင်းပဲ ဖြစ်ရမယ်"

"ဘယ်သူလဲ ဟင် ကိုဝေလင်းဆိုတာ"

သီတာက စပ်စုသည်။

"မေမေ့ မိတ်ဆွေတစ်ယောက်ပါ။ ကဲ ဟင်းချိုရည်အိုးရှူရင် အပေါ်အငန်မြည်းပြီး ချလိုက်ပေတော့။ မေမေ ဧည့်သည်နဲ့ ထွက်တွေ့လိုက်ဦးမယ်"

သန့်သည် ပြောပြောဆိုဆို မီးဖိုခန်းမှ ထွက်ခဲ့သည်။





ဧည့်ခန်းသို့ လာခဲ့သည်။ ထင်မှတ်ထားသည့်အတိုင်း ကိုဝေလင်းကို တွေ့ရသည်။ ကိုဝေလင်းသည် သီတာမွေးထားသော ရွှေငါးကန် ဘေးမှာရပ်နေသည်။ ငါးကလေးများကို ကြည့်နေသည်။

"ဪ ကိုဝေလင်း"

သန့်က အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။

"လမ်းတိုကလေးပေမယ့် မနည်းမေးမြန်းပြီး လာခဲ့ရတယ်။ မယဥ်သန့်တို့က ပတ်ဝန်းကျင်နဲ့ သိပ်မပေါင်းဘူး ထင်တယ်"

ကိုဝေလင်းသည် ငါးကန်အနီးမှ ခွာသည်။ ကုလားထိုင်မှာ လာထိုင်သည်။

"မပေါင်းသင်းဘူးတော့ မဟုတ်ပါဘူး၊ သန့်တို့က အေးအေးနေတတ်လို့ပါ။ ဒါထက် ကိုဝေလင်း တကယ် လာလည်တယ်နော်"

"မယဥ်သန့်က လာလည်ဖို့ ဖိတ်ခဲ့တယ် မဟုတ်လား"

"ကိုဝေလင်း လာလည်တဲ့အတွက် ဝမ်းသာပါတယ်၊ တော်ပဲ၊ ဒီနေ့ သန့်တို့ မုန့်တီလုပ်စားကြတယ်၊ သန့်တို့ လက်ရာကို အမြည်းခိုင်းရဦးမယ်"

"ကောင်းမှာပါလို့ မမြည်းခင်ကတည်းက ပြောရမှာပဲ ထင်ပါရဲ့၊ မယဥ်သန့် အချက်အပြုတ် တော်တာ ကိုယ် သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေလင်းက သံယောဇဉ်မကင်းဖွယ် အပြောကို ပြောလာ ပြန်ပြီ။

သူ့စကားမှန်သည်။ ပဲခူးအိမ်သို့ ရောက်ပြီဆိုလျှင် သန့်သည် ကိုဝေလင်း အမေကို အပြင်ထုတ်ထားကာ ကိုယ်တိုင် ဝင်ရောက် ချက်ပြုတ်တတ်သည်။ သန့်၏ လက်ရာကို သူတို့ သားအမိ ချီးမွမ်းမြဲ ဖြစ်ခဲ့သည်။

"မယဉ်သန့်တို့ အိမ်ကလေးက အတော်သဘောကျစရာ ကောင်းတာပဲ၊ မကျဉ်းမကျယ်နဲ့၊ ခေတ်အဆန်ကြီးလဲမဟုတ် ဖူး၊ အရိုးကြီးလဲ မဟုတ်ဘူး"

ကိုဝေလင်းက စကားကို လွှဲပြောင်းဆိုသည်။

"ရန်ကုန်မှာက စားရေးထက် နေရေးခက်တယ် ကိုဝေလင်း။ သန့်လဲ ရှိသမျှငွေနဲ့ အိမ်တစ်လုံးတော့ အမိအ[...] ဆောက်လိုက်ရတယ်။ ကလေးတွေ ကျောင်းနဲ့နီးမယ့်နေရာ သွားရေးလာရေး အဆင်ပြေမယ့် နေရာကို ရွေးရတော့ မြေဈေး က သိပ်မြင့်နေတယ်။ ဒါကြောင့် အိမ်ကို စိတ်ထင်သလောက် ဓာမချဲ့နိုင်ခဲ့ဘူး"

မှန်သည်။ သည်အိမ်ကို ကိုမင်းမောင် ဆုံးပြီးမှ ဆောက် ရသည်။ ယခင်ကတော့ အစိုးရပေးသော တိုက်ခန်းမှာ နေခဲ့ သည်။ ကိုယ်တိုင်စုထားသောငွေ၊ ကိုမင်းမောင်အတွက် ရခဲ့သော ငွေ စသည်တို့ဖြင့် မြေချည်း နှစ်သောင်းပေးရသည်။ အိမ်က တစ်သောင်းခွဲလောက် ကုန်သည်။ နေရေးအတွက် မပူပင်ရပြီ





ဆိုတော့ စားရေးအတွက်မှာလည်း အတန်အသင့် စိတ်အေး သည်။ နေရေးအတွက်ရော စားရေးအတွက်ပါ ပူပင်နေမည် ဆိုလျှင် သန့်တို့ ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်ဖြူသွားရ လောက်သည်။

"ခမ်းနားတာ ကြီးကျယ်တာထက် သေးသေးနဲ့ သပ်သပ်ရပ်ရပ် ဖြစ်နေတာကို ကိုယ်သဘောကျတယ်၊ လူရဲ့ ယဉ်ကျေးမှု အဆင့်အတန်းကို အနေအထိုင်နဲ့ ခန့်မှန်းရတယ် ဆိုတဲ့ စကားကြားဖူးတယ်၊ ပဲခူးက ကိုယ်တို့အိမ်ကြီးဟာ ကြီးကျယ်နေပေမယ့် အမေကလဲ အရင်ကလို မလုပ်နိုင်တော့ လေလဟာသ ဖြစ်နေရတယ် မယဉ်သန့်၊ ဇရပ်ကြီးတစ်ဆောင် လိုပဲ။ ရောင်းပစ်ပြီး အိမ်သေးသေး ရှာနေပါဆိုတာ အမေက လက်မခံဘူး၊ ဖေဖေခေါင်းချသွားခဲ့တဲ့ နေရာမို့တဲ့လေ"

ကိုဝေလင်း၏ အမေသည် သဘောသကာယ ကောင်း သော်လည်း အချို့နေရာတွင် ခေါင်းမာကြောင်း သန့်သိသည်။ ထို့ကြောင့် ကိုဝေလင်း၏ စကားအတွက် ပြုံးမိသေးသည်။

"ကိုဝေလင်း အေးအေးဆေးဆေးပဲနေနော်၊ သန့်ဟင်းချို း သွားချလိုက်အုံးမယ်"

"ကိစ္စမရှိပါဘူး သန့်၊ လုပ်စရာရှိတာလုပ်ပါ"

သည်အခိုက် အိမ်ထဲမှ သိင်္ဂီပြန်ထွက်လာသည်။

"ကဲ…သိင်္ဂီ၊ သမီးပဲ ဦးဦးကို ဧည့်ခံလိုက်ပါဦးကွယ်"

ကိုဝေလင်းအား သိင်္ဂီနှင့် လွှဲပေးထားခဲ့ကာ သန့်



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းသို့ ပြန်ဝင်လာသည်။

မီးဖိုခန်းတွင် သက်မာတို့ ညီအစ်မတစ်သိုက် ရယ်မော
နေကြောင်း တွေ့ရသည်။

"ဘာတွေ သဘောကျနေသလဲ ဟင်"

သန့် မေးသည်။

"ဧည့်သည်ပါ"

တူးမာက ပြုံးပြုံးစိစိနှင့် ဆိုသည်။

"ဧည့်သည်က ဘာဖြစ်လို့လဲ"

"ဩော်...၊ သီဂီကို ဧည့်ခံခိုင်းထားခဲ့လိုပါ၊ အိမ်
လောက်လောက်လားလား လူကြီးလူကောင်းဆိုလို့ သီဂီပဲရှိ
ကျနေတာပဲ"

"တတ်နိုင်ဘူးလေ၊ သမီးတို့ကမှ ထွက်မလာပဲ၊ တွေ့
လူပဲ ခိုင်းခဲ့ရတာပေါ့"

"သီဂီနဲ့တွေ့ရင် ဧည့်သည်တော့ ကျွတ်သွားမှာပဲ၊ သူ
အာလူးအများသား"

"ကိစ္စမရှိပါဘူး၊ မပျင်းအောင် စကားပြောနေနိုင်
ပြီးတာပါပဲ၊ ဒါထက် ဟင်းချိုဆူပြီလား"

"ဆူပြီ မေမေ"

"အေး.... မေမေ မြည်းမယ်"

"မေမေ ရောက်လာတာ အတော်ပဲ၊ သမီးတို့
ဧည့်သည် ရောက်လာတယ်ဆိုလို့ ဟင်းချိုကို ရေထိုးတော့မ

Royal Snow Publications



တူးမာက ပြောရင်း ရယ်နေသည်။

သန့်သည် ဟင်းချိုအိုးရှိရာသို့ ရောက်လာသည်။
ဟင်းချိုအိုးဖြင့် အလုပ်ရှုပ်နေသည်။

သက်မာတို့ ဝသိုက်မှာလည်း အလုပ်ရှုပ်နေကြသည်။
သူတို့က ခန်းဆီးမှနေ၍ ကိုဝေလင်းကို ချောင်းကြည့်ကြသည်။

"ဧည့်သည်က အရုပ်မဆိုးဘူးတော့"

တူးမာ မှတ်ချက်ချသည်။

"တောလ်၊ ဒတ်အဲန်ဟင့်ဒ်ဆန်းလို့ ပြောရမယ်၊ ရှည်
ည်၊ ညိုညိုနဲ့ ခန့်ညားတယ်ပေါ့"

သက်မာက ဆိုသည်။

"သီတာတော့ သူ့ကို ပထမဆုံးအကြိမ် မြင်ဖူးတာပဲ၊
ဖေ့ သူငယ်ချင်းလား မသိဘူး"

သီတာက ထင်ကြေးပေးသည်။

သန့်သည် ဟင်းချိုအိုး ချလိုက်သည်။ မီးငြိမ်းလိုက်
သည်။

"ကဲ....လာကြ၊ ဧည့်သည်ကို ခုလိုချောင်းကြည့်တာ
င်းတယ်၊ သူနဲ့ သမီးတို့ကို မိတ်ဆက်ပေးမယ်၊ ထွက်ခဲ့ကြ"

သန့်တို့ ဧည့်ခန်းသို့ ထွက်လာကြသည်။

သီဂီသည် ကိုဝေလင်းကို ကောင်းစွာ ဧည့်ခံနေသည်။
ငါးကလေးများအကြောင်း ပြောပြနေသည်။

"ကိုဝေလင်း၊ ဒါ သန့်ရဲ့ သမီးတွေပဲ" မှ အစချီကာ

Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com


"သူက သက်မာ၊ ဆေးတစ်မှာ ဒုတိယနှစ်၊ သူက တူးမာ၊ ဒီနှစ် ဆယ်တန်း ဖြေမယ့်လူ၊ သူက သီတာ၊ ခုနစ်တန်း ရောက်နေပြီ ဟောဒီကတော့ သီဂီ၊ ခြောက်တန်းကျောင်းသူ"

ကိုဝေလင်းသည် ပြည့်ပြည့်ဝဝ ပြုံးလိုက်သည်။ အား လုံးကို ခြုံ၍ကြည့်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်"

"သမီးတို့လဲ တွေ့ရတာ ဝမ်းသာပါတယ်"

တူးမာက တုံ့ပြန်သည်။

"ဦးဦးက ဖေဖေ့ သူငယ်ချင်းလား ဟင်"

သီတာ စပ်စုသည်။ သီတာ့စကားကြောင့် ကိုဝေလင်း ၏ မျက်နှာမှာ ရတ်တရက် ပျက်ရသေးသည်။

"မဟုတ်ပါဘူး၊ သမီးတို့ဖေဖေကို ဦးဦးတစ်ခါပဲ မြင်ဖူး လိုက်ပါတယ်"

"ဒါဖြင့် မေမေ့ သူငယ်ချင်းပေါ့"

"ဟုတ်ပါတယ်၊ ကျောင်းတုန်းက သူငယ်ချင်းပါ၊ ပြန် တွေ့ကြတာ ဆယ်နှစ်ရှိပြီ"

"သြော်....သြော်"

"ဦးဦးမှာ သီဂီတို့လို သမီးကလေးတွေ ရှိလားဟင်"

သီဂီကမေးသည်။ ထိုအမေးအတွက် ကိုဝေလင်း ပြုံးလိုက်သည်။

"ဟင့်အင်း မရှိပါဘူး"



သည်တွင် သန့်က ဝင်ပြောရသည်။

"သူက လူပျိုကြီး သမီးတို့ရဲ့"

"သြော်....သြော်"

"ကဲ မုန့်ပွဲတွေပြင်ရအောင်၊ သက်မာနဲ့ တူးမာက မေမေနဲ့ လိုက်ခဲ့၊ သီတာနဲ့ သီဂီက ဦးဦးကို ဆက်ပြီး ဧည့်ခံ ထားလိုက်ပါဦးကွယ်၊ အဲ ဒီကနေ့ ခေတ်စကားနဲ့ ပြောရရင် ဆက်ပြီး ထိန်းထားလိုက်ပါဦး၊ ဟုတ်လား"

သန့်က ရယ်မောပြောဆိုခဲ့လျက် မီးဖိုခန်းသို့ ပြန်ဝင်ရ သည်။ မုန့်တီပန်းကန်များ ပြင်ဆင်ရသည်။

အားလုံး အဆင်သင့်ဖြစ်သောအခါ ကိုဝေလင်းတို့ကို ခေါ်ယူရသည်။ စားပွဲတွင် အားလုံး မျက်နှာချင်း ဆိုင်မိကြသည်။

ကိုဝေလင်းသည် သီတာ၊ သီဂီတို့နှင့် လေပေးဖြောင့် လျက်ရှိကြောင်း တွေ့ရသည်။

သည်ကနေ့ စားပွဲဝိုင်းမှာ အခါတိုင်းနေ့များကထက် ထူးခြားနေသည်။ သူစိမ်းယောကျ်ားတစ်ယောက် စားပွဲဝိုင်းတွင် ပါဝင်နေရခြင်း ဖြစ်ပါသည်။ သည်ကလေးတွေတစ်သက် ကိုမင်းမောင်ကလွဲ၍ စားပွဲဝိုင်းတွင် ယောကျ်ားတစ်ယောက် ထမဆုံးအကြိမ် လာထိုင်ခြင်း ဖြစ်ပါသည်။

အကယ်၍ ကိုမင်းမောင်သာ ရှိခဲ့လျှင်တော့ ကိုဝေလင်း ထိုင် နေရာတွင် သူရှိနေရပေလိမ့်မည်။ ကိုမင်းမောင်သည် အငြိမ်း စား ယူသည့်အခါ သည်လိုပင် ကိုယ်ပိုင်အိမ်ကလေးဆောက်၍


www.burmeseclassic.com

www.burmeseclassic.com



**မိသားစုနှင့် သိုက်သိုက်ဝန်းဝန်းနေရန် စိတ်ကူးရှိခဲ့သည်** သူသည် **စိတ်ကူး**ကို အကောင်အထည်ဖော်ခွင့် မရရှာခဲ့။ **စင်စ** **သူ၏စိတ်ကူး**ကို သန့်က ဆက်လက် အကောင်အထည် **ဖော်** **ရခြင်းဖြစ်သည်**။

“မယဉ်သန့်တို့ မိသားစုကိုမြင်ရတော့ ကိုယ့်ဘဝ ကိုယ် ပြန်ပြီး နောင်တရမိတယ်”

ကိုဝေလင်းက ဆိုသည်။

“ဘာဖြစ်လို့လဲ ကိုဝေလင်း”

**သန့်က** မေးရသည်။

“**အော်....**တကယ်လို့ ကိုယ်သာ အခုလို အလဟာ အချိန်တွေ ဖြုန်းတီးမပစ်ခဲ့ဘူးဆိုရင် ကိုယ့်မှာ သီတာတို့ သိင်္ဂီ လို သမီးတွေ ရှိနေနိုင်ပြီပေါ့။ ကိုယ့်ဘဝဟာ အခုလို ခြောက်သွေ့ မနေနိုင်တော့ဘူးပေါ့။ အမေလဲ **အထီးကျန်ဆန်**မှာ မဟုတ်တော့ ဘူးပေါ့”

ကိုဝေလင်း၏စကားအတွက် သန့် ရယ်မိသေးသည်

“အချိန်တွေရှိပါသေးတယ် ကိုဝေလင်း။ ကြိုးစားလို ဦးပေါ့။ အိမ်ထောင်ပြုလိုက်ပေါ့။ သန့်တို့ကို အမီလိုက်နိုင် သေးတယ်”

သည်တွင် သိင်္ဂီက ကြားဖြတ်မေးသည်။

“ဦးဦးဘာလို့ အိမ်ထောင်မပြုတာလဲ ဟင်”

“ဦးဦးမှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူ

ဦးဦးကို ပစ်ပြေးတယ်၊ ဒါနဲ့ ဦးဦးလဲ မိန်းမတွေကို စိတ်နာပြီး အိမ်ထောင်မပြုခဲ့တာပဲ”

သည်စကားကို ကိုဝေလင်းက ရယ်စရာ မောစရာ အနေနှင့် ရယ်မော ပြောဆိုခဲ့ခြင်းပင်ဖြစ်သည်။ သို့သော် သန့်အနေနှင့်ကမူ ရယ်စရာ မောစရာဟူ၍ သဘောမထားနိုင်၊ ရင်မှာတင်းကျပ်လာရသည်။

“သိင်္ဂီတို့တော့ မိန်းမမုန်းတဲ့လူတွေကို သိပ်မုန်းတာပဲ”

“ဟုတ်တယ်၊ သိဘာလဲ မိန်းမမုန်းတဲ့ အကြောင်းနဲ့ မိန်းမတွေကို လှုဆိုးလုပ်ပြီး ရေးတဲ့ဝတ္ထုတွေဆိုရင် ဘယ်တော့မှ မဖတ်ဘူး”

“ဦးဦးက မိန်းမအားလုံးကို မုန်းတာမဟုတ်ပါဘူး၊ ဦးဦးကို ပစ်ပြေးတဲ့ မိန်းမတစ်ယောက်ကိုသာ မုန်းတာ၊ အချစ်ကြီးလို့ အမျက်ကြီးတယ်ဆိုတဲ့ သဘောပါ”

ကိုဝေလင်းခမြာ သူ့စကားနှင့်သူ ကိုယ့်ရှူးကိုယ်ပတ် ဖြစ်တော့မလို ရှိနေရာ ကမန်းကတမ်း ဖြေရှင်းနေရသည်။

ထိုနောက် သိင်္ဂီက ကိုဝေလင်း၏ အလုပ်နှင့်ပတ်သက် ၍ မေးသည်။ သူသည် သိပ္ပံဘွဲ့ကို သစ်တောဘာသာရပ်ဖြင့် ရရှိခဲ့သူဖြစ်သည်။ သူ၏အလုပ်မှာ သစ်ပင်စိုက်ခြင်း ဖြစ်ပေ သည်။ မြန်မာပြည် အလယ်ပိုင်း တစ်နေရာရှိ သဲကန္တာရတမျှ ပူပြင်းခြောက်သွေ့သော ဒေသကို တောဖြင့် ဖုံးလွှမ်းပစ်နိုင်ရန် ကြိုးပမ်းခဲ့ရသည်။ ထိုစဉ်က အခက်အခဲများ၊ သဘာဝကိုလူက



*Royal Snow*
*Publications*

www.burmeseclassic.com

www.burmeseclassic.com

ရင်ဆိုင်ရပုံများကို ကလေးများ စိတ်ဝင်စားကြသည်။ ယခုလော လောဆယ်တွင်မှ ပြန်းတီးစပြုနေသော တောင်ပေါ် ရေဝေ သစ်တောများကို ထိန်းသိမ်းရန် တာဝန်ချထားပေးခြင်း ခံနေရ သည်။ သူသည် သဘာဝတရားကို ရင်ဆိုင်တိုက်ခိုက်ရင်း ဘဝကို မြှုပ်နှံထားသူတစ်ယောက်ဖြစ်ကြောင်း သန့် သဘော ပေါက်လာရသည်။

အစားစားပြီးကြသောအခါ ကလေးများက ပန်းကန် ဆေးရန် တာဝန်ယူသည်။ ထိုအခါ သန့်မှာ ကိုဝေလင်းနှင့် စကားပြောရန် အချိန်ရလာသည်။

"မယဉ်သန့်တို့ မိသားစုကို ဒီပုံစံနဲ့ မြင်ရတော့ ကိုယ့်ရင် မှာ ကြည်နူးရပါတယ်၊ လူ့ဘဝအဓိပ္ပာယ်ကို ဒီမှာ ရှာတွေ့ တယ်။ တကယ်တော့ မယဉ်သန့်ရယ် ကိုယ်ဟာ ခြောက်သွေ့ ပူပြင်းတဲ့ ကန္တာရတွေကို စိမ်းလန်းစိုပြေအောင် ဖန်တီးပေးရတဲ့ လူတစ်ယောက် ဖြစ်နေတဲ့တိုင် ကိုယ့်ဘဝဟာတော့ ထာဝရကန္တာ ရ ဖြစ်ခဲ့ရတယ်။ ခြောက်သွေ့ပူပြင်းနေခဲ့တယ်။ အဲဒီလိုဖြစ် အောင် ဘယ်သူက ဖန်တီးခဲ့တယ် ထင်သလဲ"

"သန့်က ဖန်တီးခဲ့တာပါလို့ ပြောမလို့မဟုတ်လား ကိုဝေလင်း၊ သန့် ဒါကိုမငြင်းပါဘူး၊ ဝန်ခံပါတယ်၊ ဒါပေမယ့် သန့်ဟာ လူ့ဘဝမှာ ဆယ်နှစ်လောက် သူတစ်ပါးရဲ့ ဆန္ဒနဲ့ လှုပ်ရှားခဲ့ရတယ်။ ဒီသဘောနဲ့ သန့်ဘဝကို အနစ်နာခံခဲ့ရ တယ်။ သန့်ရဲ့ဘဝ နစ်မွန်းခဲ့ရတယ်။ ဒီဝဋ်ကကျွတ်ခဲ့တာ

Royal Snow
Publications



သုံးလေးနှစ်ပဲ ရှိခဲ့ပါသေးတယ်"

"မယဉ်သန့်ရဲ့ အခက်အခဲတွေကို နီနီလွင်ပြောပြလို့ သိခဲ့ရတယ်။ စာနာပါတယ်။ စောစောက ကလေးတွေကို မိန်းမ မုန်းတယ်လို့ ပြောခဲ့တာ စကားအဖြစ်ပါ။ ကိုယ် မယဉ်သန့်ကို မမုန်းခဲ့ပါဘူး၊ မမုန်းနိုင်ခဲ့ပါဘူး"

"မုန်းခဲ့တယ်ဆိုတဲ့တိုင် သန့် ကိုဝေလင်းကို အပြစ်မတင် ပါဘူး၊ ကိုဝေလင်းအနေနဲ့ သန့်ကို မုန်းထိုက်ခဲ့ပါတယ်"

"တော်ပါတော့ မယဉ်သန့်ရယ်၊ မုန်းထိုက်တယ်ဆိုတာ ကိုယ်တို့ကြားမှာ မရှိသင့်တော့ပါဘူး၊ အဖြစ်အပျက်တွေက လွန်ခဲ့ပြီ မဟုတ်လား၊ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရ စေလား ဆိုတဲ့ သီချင်းလို ဒါတွေကို ထားလိုက်ကြရအောင်ပါ။ ကိုယ်ပြောချင်တယ် မယဉ်သန့်၊ ဒီကနေ့ မယဉ်သန့်နဲ့ တွေ့ရ တာ ကိုယ့်မှာ အဓိပ္ပာယ်တွေ အများကြီးရှိလာတယ်၊ လူ့ဘဝရဲ့ အဓိပ္ပာယ်ကို အများကြီး ရှာတွေ့ခဲ့တယ်၊ ကိုယ်တို့မှာ သန့်ပြော သလို အချိန်တွေ ရှိပါသေးတယ်နော်"

"ရှင်"

"ဩော် ခြောက်သွေ့တဲ့ ကန္တာရတွေကို တောင် သဘာဝနဲ့ ရင်ဆိုင်ပြီး စိမ်းလန်းစိုပြေအောင် ဖန်တီး ပြောင်းလဲ နိုင်ခဲ့သေးရင် ကိုယ့်ရဲ့ဘဝကိုလဲ အချိန်မီ စိမ်းလန်းစိုပြေ တဲ့အောင် ဘာလို့ မဖန်တီးနိုင်ရမလဲလို့ တွေးမိလို့ပါ"

"သန့် ပြောသလို မိန်းမတစ်ယောက်ကို အမြန်ဆုံး

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်လိုက်ပေါ့၊ မကြာခင် သန့်တို့ မိသားစုလို စိုစိုပြေပြေ ဖြစ်လာမှာပါ ကိုဝေလင်း"

"အဲဒီအကြံကို သဘောတူပါတယ် မယဉ်သန့်၊ ဒါ... မယ့် ခက်တာက ကိုယ့်မှာ အခုထိ သူငယ်နာ မစင်သေးဘူး ကိုယ်ချစ်တဲ့ လူကိုသာ လက်ထက်မယ်ဆိုတဲ့ စိတ်ဆန္ဒ... မကုန်ခမ်းသေးဘူး"

သည်စကားကို ကြားရတော့လည်း သန့်ရင်မှာ လှုပ်... လာရသည်။ ပူနွေးလာရသည်။ ကိုဝေလင်း၏ မျက်နှာ... ကရုဏာဖြင့် စူးစိုက်ကြည့်မိသေးသည်။

တော်ပါသေးသည်။ သံယောဇဉ်ဖြစ်ဖွယ် စကားတို့... များစွာ မကြားနိုင်မီမှာပင် ကလေးများ ဧည့်ခန်းသို့ ရောက်လာ... ကြသည်။ ကိုဝေလင်းသည် ပြန်ရန် ပြင်ဆင်သည်။ နှုတ်ဆ... စကားဆိုသည်။

သန့်သည် ထိုနေ့ကလည်း ကိုဝေလင်းနှင့် ပတ်သက်... တွေးတောနေမိပြန်ပါသည်။

× × ×

ဤသည်လိုနှင့် ကိုဝေလင်းသည် သန့်တို့၏ အိမ်သို့ အရောက်အပေါက် များလာသည်။ အဝင်အထွက်များ ...သည်။ အချိန်မှန် ဧည့်သည်ဖြစ်လာသည်။

ယခုတော့ သူ့ကိုလည်း ကလေးများက ခင်မင်နေ... ပြီ။ သူကလည်း စည်းရုံးနိုင်စွမ်းရှိသည်။ ကလေးများ၏ ...လိုကိုလိုက်သည်။ ပန်းဝါသနာပါသော သက်မာအတွက် ...ကြီးနားရှိ သူ့မိတ်ဆွေထံမှ သစ်ခွပန်း တကူးတက မှာပေး... သည်။ တူးမာအတွက် ဆွယ်တာအကျီအသစ် ဝယ်ပေးသည်။ ...တာအတွက်ကတော့ စာအုပ်တွေပေါ့။ သီဂီက တိတ်ရိကော် ... နားထောင်ချင်သည် ဆိုသောအခါ ကက်ဆက်ယူလာ... သည်။ စတီရီယိုတေးများ ဖွင့်ပြသည်။

သန့်တို့ချည်း တိတ်တိတ် ဆိတ်ဆိတ် ငြိမ်ငြိမ် သက်... ...က်နှင့် ပျင်းယိဖွယ်ကောင်းခဲ့သော အိမ်ကလေးမှာ သူရောက် ...ပြီ ဆိုလျှင် စည်ကား ဆူညံတတ်မြဲ။

ကလေးတွေက သူ့ကို တောင့်တတတ်မြဲ။ အထူးသဖြင့်





www.burmeseclassic.com

www.burmeseclassic.com



သိဂီသည် သူ့ကို အခြားသူများထက် ပိုမိုခင်မင်သည်။ တစ်စုံတစ်ရာ ပူဆာ သည်သာမက ဆိုးချင် နွဲ့ချင်တတ်သည်။

ကလေးတွေက သူ့ကိုခင်ကာ သူက ကလေးတွေအပေါ် လိုက်လျောနိုင်သဖြင့် သန့်မှာ ဝမ်းသာရသည်။

စင်စစ်တွင်လည်း သန့်တို့ဘဝမှာ သူဝင်လာသည့် အတွက် အတော်ချည်း လှုပ်ရှားလာသည်။ ယခင်ကဆိုလျှ တော့ ရေသေသလို ငြိမ်သက်နေခဲ့သည်။ ကိုယ့်အဝန်းအဝိုင်း ကလေး အကွင်းမှာသာ လှုပ်ရှားကျင်လည်ခဲ့သည်။ သန့်တို့၏ အဝန်းအဝိုင်း ဆိုသည်မှာလည်း တကယ်တော့ သေးငယ် ကျဉ်းမြောင်းလှသည်။ မိသားစု ငါးဦးမျှသာရှိသော ကမ္ဘာငယ် ကလေးဖြစ်သည်။

ထို့ကြောင့်လည်း သန့်တို့သည် ထာဝရဧည့်မျှော် ကြသည်။ သူစိမ်းတစ်ဦးဦးကို တောင့်တခဲ့ကြသည်။ ယင်းသို့ တစ်ယောက်ယောက် ဝင်လာပြီဆိုသောအခါ အခြားကမ္ဘာက စိတ်ဝင်စားဖွယ်ရာကို ကြားရသည့်နှယ် ပျော်ရွှင်လာမိတတ်ကြ ဖြစ်သည်။

တစ်ခါတရံတွင်တော့ သန့်တို့အိမ်သို့ ဘိုကလေး ဆွေမျိုးများ လာရောက်တတ်သည်။ ကိုမင်းမောင်၏အစ ဒေါ်ခင်တင့်သည် ကြုံကြိုက်တိုင်း အိမ်သို့ဝင်သည်။ ကိုမင်း မောင်နှင့် စပ်လျဉ်း၍ ခင်မင်ခဲ့ရသော၊ ကလေးတွေအပေါ် သံယောဇဉ်ရှိကြသော ပုဂ္ဂိုလ်အချို့သည်လည်း ဝင်လာတတ်





ကြသည်။ ဤသည်မှလွဲလျှင်တော့ သန့်တို့တွင် ဧည့်သည် နည်းပါးတတ်ပေသည်။

ကိုဝေလင်းသည် ရန်ကုန်မှာ နှစ်လမျှ ကြာနေသည်။ ထို့ကြောင့် သန့်မေးမိသည်။

"ကိုဝေလင်း၊ ရှင် အလုပ်က ထွက်လိုက်ပြီလား ဟင်"

"ဘာဖြစ်လို့လဲ မယဉ်သန့်ရဲ့"

"သြော် ရန်ကုန်မှာ ကြာနေလို့ပါ၊ ရုံးလုပ်ငန်းတွေက မပြီးသေးဘူးလား၊ အလုပ်က ပြန်မခေါ်သေးဘူးလား"

သည်တော့ ကိုဝေလင်း ပြုံး၍ ပြောသည်။

"ကိုယ် ခွင့်သုံးလ ယူလိုက်တယ်၊ ကိုယ့်လုပ်သက်တစ် လျှောက်မှာ ပထမဆုံးအကြိမ် ခွင့်အများဆုံးယူတာပဲ"

"ခွင့်ယူရအောင် ကိုယ်ရေးကိုယ်တာကိစ္စတွေ ရှိနေ လို့လား"

"ဟင့်အင်း...၊ မယဉ်သန့် မြင်တဲ့အတိုင်း ရုပ်ရှင်ကြည့် လိုက်၊ အိမ်လည်လိုက်နဲ့ နေ့နေတာပဲ"

"ဟုတ်တယ်၊ သန့်လဲ ကိုယ်ဝေလင်း ဒါတွေလုပ်နေ တာ တွေ့ရတာပဲ"

"နောက်တစ်ခုရှိသေးတယ် မယဉ်သန့်"

"ဘာလဲ ဟင်"

"ကိုယ် လူမနီးတဲ့ တောကြီးခေါင်ခေါင်ကို ငြီးငွေ့နေ ပြီ၊ ရန်ကုန်လို မြို့ကြီးပြကြီးကို ပြန်လာချင်ပြီ။ အဲဒီစိတ်က



www.burmeseclassic.com

www.burmeseclassic.com



မယဉ်သန့်တို့ မိသားစုကို မြင်ရပြီးမှ ပေါ်လာတာ ဆိုပါတော့၊ မယဉ်သန့်တို့နဲ့ နီးနီးနားနားမှာ ရှိချင်တဲ့ဆန္ဒအရ ပေါ်လာတာ။ ကိုယ်စဉ်းစားနေတယ်၊ ရုံးချုပ်ကို ပြန်ပြောင်းဖို့ပေါ့။ ဆယ်နှစ်လောက် အနစ်နာခံထားတယ်ဆိုတော့ ရုံးချုပ်ကလည်း ကိုယ့်ကို ခွင့်ပြုပါလိမ့်မယ်လို့ မျှော်လင့်မိတယ်လေ"

"ကောင်းတာပေါ့ ကိုဝေလင်း၊ တောထဲမှာချည်းနေလို့ လူ့ဘဝအဓိပ္ပာယ် ဘယ်ပြည့်ဝမလဲ၊ မြို့ပြတစ်လှည့် တောတစ်လှည့် နေကြည့်ဖို့ ကောင်းတာအမှန်ပဲ"

ကိုဝေလင်းသည် နောက်တစ်နေ့တွင် သူ့အား ရန်ကုန်သို့ ပြန်ခေါ်ပါရန် အထက်လူကြီးများနှင့် ဆွေးနွေးသည်ဟု သိရသည်။

အမှန်တော့ သည်စကားကို သန့်အလွယ်တကူ ပေါ့ပေါ့ပါးပါးနှင့် ပြောမိခဲ့ခြင်းဖြစ်သည်။ သန့်တွင် အဓိပ္ပာယ်လေးလေးနက်နက် မရှိခဲ့။ သို့သော် ကိုဝေလင်းတွင်မူ အဓိပ္ပာယ်များစွာ လေးနက်လျက် ရှိသည်ကို နောက်ပိုင်း၌ သန့် တွေ့ရသည်။

ကိုဝေလင်းနှင့် ပတ်သက်၍ သန့် စိတ်လှုပ်ရှားရသောနေ့များ ရှိခဲ့သည်။ ယင်းတို့အနက် သန့်တို့ မိသားစုကို သူ ပဲခူးသို့ ခေါ်သွားခဲ့သည့်နေ့မှာ စိတ်အလှုပ်ရှားရဆုံးပဲ ထင်သည်။

သူသည် တနင်္ဂနွေတစ်ရက်တွင် သူ၏ မိတ်ဆွေ၏

Royal Snow
Publications



င့်ဗရို ကားကို ငှားကာ သန့်တို့အား ပဲခူးသို့ ခေါ်ဆောင်သွားခဲ့သည်။

အကယ်၍ ပဲခူးသို့သွားမည်မှန်းသိလျှင် သန့်မလိုက်ပါဘူး။ သန့် ပဲခူးသို့ မသွားသည်မှာ ကြာပြီ။ ကိုမင်းမောင်နှင့် ကျက်ထက်ပြီးကတည်းက ဖြစ်သည်။ ပဲခူးကို စိတ်နာနေသည်တော့ မပြောနိုင်ပါ။ ကြောက်လန့်နေခြင်း ဖြစ်သည်။

သည်နေရာသို့သွားလျှင် အတိတ်ကန့်လန့်ကာကို စ်ပြလိုက်သလို ဖြစ်မည်။ တစ်ချိန်က ကျင်လည် ကျက်စားသည်များကို အမှတ်ရလာနိုင်သည်။ ထို့ကြောင့် တမင်ရှောင်ခြင်းဖြစ်သည်။ ပြီး ကိုဝေလင်း၏ အာမေနှင့် မျက်နှာချင်းဆိုင် သန့်မှာ အလိုလို စိုးရွံ့နေသည်။ ဘုရားဖူးအနေနှင့်ပင် ရောက်ဖြစ်ခဲ့။

ထိုနေ့က ကိုဝေလင်းသည် တစ်နေရာသွားရအောင် ကာ ခေါ်လာခဲ့သည်။ ရန်ကုန်နယ်နိမိတ်မှ လွန်ခဲ့သည်။ ာက်ကြဲ့ ရောက်သည်။ လှည်းကူးရောက်သည်။ သည်တော့ င် သန့် ကလည်း မေးမိတော့သည်။

"ကိုဝေလင်း၊ သန့်တို့ကို ဘယ်ခေါ်သွားမလို့လဲ ဟင်"

"ပဲခူးကို"

"ဘုရားရေ ပဲခူးကို ဟုတ်လား"

"အင်းလေ"

"သန့် ပဲခူးကို မသွားချင်ဘူး"

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"အို…ဘာဖြစ်ဖြစ် သန့်မသွားချင်ဘူး ကိုဝေလင်း။ ပြန်လှည့်ပါ"

သည်တွင် ကလေးတွေက သန့်၏ ခါးခါးသီးသီး ငြင်းပယ်မှုအတွက် တအံ့တသြ ရှိနေကြသည်။ ဆန်းကြယ်သလို ဖြစ်နေခဲ့သည်။ သူတို့ကတော့ သွားချင်နေသည်။

"ဘာဖြစ်လို့လဲ မေမေရဲ့၊ သမီးတို့ မရောက်ဖူးလို့ပါ။ ရောက်တဲ့တိုင်အောင် မြို့ထဲမလည်ရဘဲ ဘူတာက ဖြတ်သွားခဲ့ရ လို့ပါ၊ သွားကြရအောင်ပါ"

"ဟုတ်ပါတယ် မယဉ်သန့်ရယ်၊ ပဲခူးက လူတွေက မယဉ်သန့်ကို ကိုက်မစားပါဘူး"

မသွားချင်သူက သန့်တစ်ယောက်သာ ရှိသည်။ အားလုံးက သွားချင်နေသည်။ သည်တော့လည်း အဆုံးတွင် သန့်သည် ဒီမိုကရေစီနည်းအရ များရာနောက်ကို လိုက်ခဲ့ရ သည်။ အလျှော့ပေးခဲ့ရသည်။

ပဲခူးရောက်တော့ ကိုဝေလင်းတို့ အိမ်သို့ မဝင်ဘဲ မဖြစ်ပြန်။ ကိုဝေလင်း၏ အမေနှင့် မလွဲမကင်းသာ မျက်နှာချင်း ဆိုင်ရသည်။

အမေသည် များစွာ အိုစာသွားသော်လည်း ကျန်းမာဆဲ ပင် ဖြစ်သည်။ တောင့်တင်း ဖျက်လတ်ဆဲပင် ဖြစ်သည်။

ကိုဝေလင်းက သန့်ကိုပြ၍ မေးသည်။





"အမေ သူ့ကို မှတ်မိလား ဟင်"

အမေသည် ခေါင်းကို အလျင်ညိတ်ပြသည်။

"ဘာလို့ မမှတ်မိရမှာလဲ၊ သန့် မဟုတ်လား"

"ဟုတ်ပါတယ် အမေ"

သန့်သည် အမေ့ကိုကြည့်လျက် ငိုချင်လာသည်။ အမေ သည် သန့်အား နှမျောတသမိသလို ကြည့်နေသည်။ မျက်ဝန်း တွင် အဆွေးရိပ်သန်းကာ မျက်ရည်ကြည် ဥနေသည်။

"ဒီဟာတွေက"

ကလေးများကို လက်ညှိုးညွှန်ကာ မေးသည်။

"သန့်ရဲ့ သမီးတွေလေ"

"ဩော် ၊ ကြီးလှပါပကောလား"

အမေသည် ကလေးများကို စူးစိုက်ကြည့်နေသည်။ အမေ့စိတ်မှာ ဘာများ တွေးနေပါလိမ့်။ သည်ကောင်မလေးသာ ငါ့သားကို ယူခဲ့ရင် ဒါငါ့မြေးတွေ ဖြစ်နေမှာပဲ စဉ်းစားနေလေ သလား။ ငါက လိုလိုချင်ချင် ရှိပါလျက်ကနဲ့ ငါ့စေတနာကို ငြင်းပယ်ခဲ့တဲ့ သန့်ဟု စိတ်ထဲက ပြောနေလေမလား မသိ။

အမေသည် သန့်၏ဘဝကို စပ်စုသည်။ သန့်၏ အကြောင်း ကို မေးသည်။ သန့်က အကြောင်းစုံ ရှင်းပြရသည်။

"ဩော် အခုတော့ မုဆိုးမကလေးပေါ့နော်"

အမေက ကရုဏာသက်စွာ ဆိုသည်။

"ဟုတ်ပါတယ် အမေ"



www.burmeseclassic.com

www.burmeseclassic.com



အမေက အနေအထိုင် အသွားအလာ ဆင်ခြင်ဖို့ လိမ္မာဖို့ ဆုံးမသည်။

ပဲခူးသို့လာကာ အမေနှင့် တွေ့ရသည်အတွက်ကြောင့် ချည်း စိတ်လှုပ်ရှားရသည်မဟုတ်။ လမ်းတွင် ပဲခူးသို့ မလာချင် သည့် အကြောင်း၊ အမေနှင့် တွေ့ရသည့်အခါ သံယောဇဉ် မကင်းဖွယ် စကားများကို ကြားရသည့်အကြောင်းများကို အခြေခံကာ ကလေးများက သန့်နှင့် ကိုဝေလင်းအပေါ် သက်ရောက် ရန့်မကင်းသလို ရှိလာသောကြောင့်လည်း သန့်မှာ စိတ်လှုပ်ရှား ခဲ့ရသည်။

သူတို့၏ မျက်ဝန်းများမှာ သံသယပါသော အကြည့်ကို သန့် တွေ့ခဲ့ရသည်။ သူတို့၏ နှုတ်မှ စပ်စုသော စကားများကို ကြားရသည်။ သူတို့သည် သန့်နှင့် ကိုဝေလင်းတို့ သာမန် မိတ်ဆွေအဆင့်ထက် ကျော်လွန်ခဲ့သည်ကို ထိုနေ့က စတင် နားလည်မိကြခြင်းပဲ ဖြစ်မည်ထင်သည်။

သန့်နှင့် ကိုဝေလင်း၏ ကာလများစွာက တစ်စုံတစ်ခု သော အဆက်အစပ် ရှိခဲ့ရမည်။ နာကျည်းဖွယ်သော အတိတ်ကို တတ်နိုင်သမျှ သိသိပ်ဖုံးကွယ်ထားခဲ့သည်ကို ပထမဆုံးအကြိမ် အဖြစ် စဉ်းစားမိကြခြင်းပဲ ဖြစ်မည်။

လမ်းကျတော့ သက်မာက မေးခဲ့သည်။

"ဒေါ်လေးနဲ့ ဦးဦးဝေလင်းနဲ့ ဘယ်အချိန်လောက်က စပြီး သိခဲ့တာလဲ ဟင်"





"ကြာပါပြီ၊ လွန်ခဲ့တဲ့ ဆယ့်ခြောက်ဆယ့်ခွန်လောက် ကတည်းကပဲ"

"ဒီတော့ ဒေါ်လေးနဲ့ ဖေဖေနဲ့ ညားခဲ့ပြီလား"

သည်အမေးကို မေးမြန်းခံရသောအခါ သန့်ရင်မှာ ဘင်းကျပ်လာရသလို ရှိသည်။

"ဒီလိုပါသက်မာ၊ ကိုဝေလင်းရဲ့ ညီမတစ်ယောက် ရှိတယ်။ နီနီလွင်တဲ့။ ကိုယ်နဲ့သူနဲ့ တက္ကသိုလ်မှာ အခင်ဆုံး မိတ်ဆွေပဲ။ အရင်းနှီးဆုံး သူငယ်ချင်းပဲ။ နီနီလွင်နဲ့ ပတ်သက်ပြီး ကိုယ်နဲ့ ကိုဝေလင်း ခင်မင်ရင်းနှီးခဲ့ကြရတာပဲ"

တတ်အားသမျှတော့ ဖုံးဖုံးကွယ်ကွယ် ဖြေခဲ့သည်။ သို့သော် သန့်၏အဖြေသည် သူတို့၏ သံသယစိတ်များ လွင့်ပျောက်သွား ရလောင်အောင် ဆီလျော်သော အဖြေတစ်ခု မဟုတ်သည်ကို သန့် သိသည်။ သူတို့မှာ ထွေပြားသော အတွေး ကိုယ်စီဝင်ခဲ့လေပြီကို သန့် နားလည်ထားသည်။ ထိုအတွက် လည်း စိတ်မှာ လှုပ်ရှားရသည်။

သည်အကြားမှာ ကိုမင်းမောင်၏ အစ်မဖြစ်သူ ဒေါ်ခင်တင့် သည် အိမ်သို့ ရောက်လာသည်။

ဒေါ်ခင်တင့်ကို ကလေးအားလုံးက 'ကြီးကြီးမေ'ဟု ခေါ်ကြသည်။ သန့်က 'မမတင့်'ဟု ခေါ်သည်။

ဒေါ်ခင်တင့်သည် ဘိုကလေး၌ နေသည်။ မိဖအမွေ အနှစ် ဖြစ်သော ဆန်စက်တစ်လုံးပိုင်သည်။ အပျိုကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သန့်သည် ဒေါ်ခင်တင့်နှင့် ပုလဲနံပ မသင့်လှပါ။ သဟဇာတ မမျှလှပါ။

စင်စစ် ဒေါ်ခင်တင့် ပိုင်ဆိုင်သော ဆန်စက်မှာ အမွေဆိုင် ပစ္စည်းဖြစ်သည်။ တရားဥပဒေအရ၊ ထုံးတမ်းစဉ်လာအရဆိုလျှင် ကိုမင်းမောင်သည်လည်း ဆန်စက်၏ အကျိုးခံစားခွင့်ကို ရနိုင်မည်။ ကိုမင်းမောင် ကွယ်လွန်သောအခါ သန့်သည် ဒေါ်ခင်တင့်ထံမှ အမွေ တောင်းခံနိုင်ခွင့်ရှိရမည် အမှန်။

သို့သော် ကိုမင်းမောင်ရှိစဉ်ကပင် သည်ဆန်စက်နှင့် ပတ်သက်၍ မသက်ဆိုင်ခဲ့သလိုရှိခဲ့သည်။ ဒေါ်ခင်တင့်သည် မောင်ဖြစ်သူ ကိုမင်းမောင်အား ငယ်စဉ်ကပင် ပြုစု စောင့်ရှောက်ခဲ့သည်။ ကျောင်းထားပေးခဲ့သည်။ ဆန်စက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်တစ်စုံတစ်ရာကို စစ်တပ်အတွင်း ဝင်ပြီးသည့် နောက်ပိုင်းမှစ၍ မရခဲ့။

ဆန်စက်ကို ဒေါ်ခင်တင့်က လက်ဝါးကြီး အုပ်ထားခဲ့သည်။ အကျိုးအမြတ်အားလုံး သူတစ်ဦးတည်းသာ ခံစားခဲ့သည်။ ကိုမင်းမောင် မရှိတော့သည့် နောက်ပိုင်းတွင်လည်း သန့်အနေနှင့် အခွင့်အရေးတို့ကို မသိကျိုးကျင် ပြုထားခဲ့ရသည်။

ဒေါ်ခင်တင့်သည် ကပ်စေးနှည်းသည်။ ကုဋ္ဋေကြွယ်နိုင်သည်။ တစ်ကိုယ်တည်းဖြစ်လျက်နှင့် လောဘကြီးနေသည်။ တစ်ပြားနှစ်ပြား မှတ်၍ ခွာနေတတ်သည့် လူစားမျိုး။

သန့်တို့အနေနှင့် ရစကောင်းသည် မမှတ်သည့်တိုင် သူသည် အခွင့်အရေး တောင်းလာမှာကို စိုးရိမ်နေသည်။ ကြောက်လန့်နေသည်။ ကာကွယ်သော သဘောဖြင့် ဆန်စက်မှာ အရှုံးပေါ်နေကြောင်း ညည်းတတ်သည်။ ဒေါ်ခင်တင့်ကို တူးမာက တစ်ခါတရံ နောက်ကွယ်တွင် 'ဥစ္စာစောင့်'ဟု ခေါ်တတ်သည်။

အစ်မ မယဉ်ခန့်နှင့် တုန်းကလည်း ဒေါ်ခင်တင့်သည် ကိုမင်းမောင်၏ အိမ်ထောင်ရေးတွင် ဝင်ရောက်ခြယ်လှယ်ခဲ့သည်။ စွက်ဖက်ခဲ့သည်။ သန့်နှင့်ကျတော့လည်း ခြယ်လှယ်နိုင်အောင် ကြိုးစားခဲ့သည်။

အစ်မမယဉ်ခန့်က ရိုးရိုးအေးအေးနှင့် ခတ်ဖျင်းဖျင်းမို့ ဒေါ်ခင်တင့်၏ ဩဇာကို ခံသည်။ သန့်ကတော့ အစိုးမိုးမခံ၊ ခြယ်လှယ်မခံ၊ တစ်ခါတရံ ကက်ကက်လန်အောင် ပြန်လှန်ပြောဆိုတတ်သည်။ စိုးမိုး၍မရ၊ ခြယ်လှယ်၍ မရသောအခါ ဒေါ်ခင်တင့်သည် သန့်အား အမုန်းပွားလာသည်။

"ကလေးတွေ သံယောဇဉ်ကြောင့်သာ လာလာနေရတာ၊ မဟုတ်ရင် ညည်းတို့အိမ် မလာပါဘူး" ဆိုသည်။

ကလေးတွေ သံယောဇဉ်ကြောင့် ဆိုရာ၌လည်း ဒေါ်ခင်တင့်၏ သံယောဇဉ်သည် သက်မာအပေါ်တွင်သာ ကျရောက်သည်။ သက်မာကိုသာ ဦးစားပေးသည်။ အခွင့်အရေးပေးသည်။ သက်မာကို မိတဆိုးကလေးဟု ဂရုဏာသက်သည်။ အခြားကလေးများအပေါ်တွင်မူ သင့်ရုံသာ။



Royal Snow Publications

Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com


သက်မာကလည်း သူ့ကြီးကြီးမေအပေါ်တွင် သံယော ဇဉ် အရှိဆုံး။ သန့်နှင့်စာပါလျှင် ဒေါ်ခင်တင့်ကို ပို၍ ချစ်လိ မည်ထင်သည်။

သည်တစ်ခေါက် ဒေါ်ခင်တင့် အိမ်အလာနှင့် ကို လင်း အိမ်သို့အလာ တိုက်ဆိုင်နေသည်။ သူတို့ချင်း ချိန်းဆိုထာ သလို တွေ့ဆုံခဲ့ကြသည်။

ကိုဝေလင်းကတော့ ဒေါ်ခင်တင့်အကြောင်း ဘာမျှမ ခဲ့။ စင်စစ် မိမိနှင့် သန့်တို့ ကွဲကွာခဲ့ရာတွင် အဓိကတရားခံ ဒေါ်ခင်တင့်ဖြစ်ကြောင်း မသိခဲ့။ သန့်အား ကိုမင်းမောင် လက်ထပ်ရန် ဦးစွာတိုက်တွန်းခဲ့သည်မှာ ဒေါ်ခင်တင့်ဟု မသ

သူက ကလေးတွေ၏ အဒေါ်အဖြစ်သာ မှတ်ထင်ထ သည်။

ဒေါ်ခင်တင့်အနေနှင့်ကလည်း တစ်ချိန်ကသာအခါ ကိုဝေလင်းသည် သန့်၏ချစ်သူ ဖြစ်ခဲ့သည်ဆိုခြင်းကို မေ့လျ နေခဲ့သည်။

ထို့ကြောင့် ဦးဦးဆုံး ဆက်ဆံရေးမှာ အခြေအ မဆိုးလှပါ။ ဒေါ်ခင်တင့်သည် ကိုဝေလင်းအား သစ်တောဌာန အရာရှိတစ်ယောက်အနေနှင့် လေးလေးစားစားပင် ဆက်ဆ သည်။ ကလေး တွေအပေါ် ဂရုစိုက်သူအနေနှင့် အသိအမှ ဖြစ်ရသည်ကိုပင် ဝမ်းသာခဲ့သည်။

သို့ပေမယ့် ပြဿနာကို သက်မာက စခဲ့သ



တင်းမာခြင်းကို သက်မာပျိုးခဲ့သည်။ သက်မာက ကိုဝေလင်းနှင့် ပတ်သက်၍ သူ့ကြီးကြီးမေထံ စပ်စုခဲ့သည်။

"ကြီးကြီးမေ ဦးဦးဝေလင်းနဲ့ ပတ်သက်လို့ ဘာသိလဲ ဟင်"

"မသိပါဘူး၊ အခုမှ မြင်ဖူးတာပါ"

"ဒါပေမယ့် ဒေါ်လေးက ပြောတော့ သူတို့ငယ်ငယ် ကတည်းက သိခဲ့ကြတာတဲ့၊ ဖေဖေနဲ့လက်မထပ်ခင် ကတည်း က ရင်းနှီးခဲ့ကြတာတဲ့"

"ဟုတ်ချင် ဟုတ်မှာပေါ့၊ ကြီးကြီးမေတော့ မသိပါဘူး"

သည်အချိန်အထိ ဒေါ်ခင်တင့်သည်လည်း သန့်နှင့် ကိုဝေလင်းတို့ ဆက်ဆံရေးအပေါ် သာမန်သာ သဘောထားခဲ့ သည်။ ထူးခြားသည်ဟု မထင်ခဲ့။

သို့သော် ဒေါ်ခင်တင့်တွင် စဉ်းစားစရာများ ရခဲ့သည်။ ငယ်စဉ်ကတည်းက ရင်းနှီးခဲ့သည်ဆိုသောစကားကို ဝိတ္တာရ ခဲ့မိသည်။ သို့နှင့်အမျှ သူ့ဦးနှောက်ဝယ် ဝေလင်းဟူသော အမည်နှင့်စပ်လျဉ်း၍ သတိရစရာများ ပေါ်လာသည်။

ဒေါ်ခင်တင့် တုန်လှုပ်ရပေပြီ။

ဒေါ်ခင်တင့်သည် သက်မာကို ချောက်ချားစွာပြော သည်။

"သက်မာ၊ ကြီးကြီးမေ သတိရပြီ။ ကြီးကြီးမေသိပြီ၊ လင်းဆိုတာဘာလို့ ကြီးကြီးမေ စဉ်းစားမိပြီ"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လားကြီးကြီးမေ၊ သူက ဘာလဲဟင်"

"အေး၊ ဟုတ်တယ်။ ဝေလင်းဆိုတာ လက်စသပ်တော့ တစ်ခြားလူမှမဟုတ်ပဲကိုး။ သန့်ရဲ့ ရည်းစားဟောင်းကိုး"

ဒေါ်ခင်တင့်၏စကားသည် သက်မာကိုလည်း တုန်လှုပ် စေခဲ့သည်။ ချောက်ချားစေခဲ့သည်။ ရင်မှာ ဝေဒနာတစ်ရပ်ကို ပေးစွမ်းနိုင်ခဲ့သည်။

"သြော်၊ ဒါကြောင့် ဒေါ်လေးက သူ့ကို အရေးပေးပြီး သူကလဲ သက်မာတို့အိမ်ကို စက်ကျနေခဲ့တာကိုး"

သက်မာ မှတ်ချက်ချလိုက်သည်။

ဒေါ်ခင်တင့်သည် သက်မာအား နောက်ကြောင်းပြန်ပြ သည်။ ကိုမင်းမောင်အားယူဖို့ တိုက်တွန်းသောအခါ သန့် ခေါင်းမာခဲ့တာတွေ၊ ဆန့်ကျင့်ခဲ့တာတွေ။ နောက် ကိုဝေလင်း ကြောင့် ကိုမင်းမောင်နှင့် သန့်တို့ အိမ်ထောင်ရေး အဆင်မပြေ တာတွေ။

သက်မာ၏ရင်တွင် အစိုင်အခဲဖြစ်ခဲ့ရပြီ။ အကျိတ်အခဲ ဖြစ်ခဲ့ ရပြီ။

ဒေါ်ခင်တင့်သည်လည်း ကိုဝေလင်းအား မကြည်ဖြူနိုင် ချေပြီ။

ဟိုစဉ်ကပင် ဒေါ်ခင်တင့်သည် ကိုဝေလင်းအား မမြင် ဖူးပဲနှင့် ရန်သူသဖွယ် သတ်မှတ်ခဲ့သည်။ စစ်ကြေငြာခဲ့သည်။

သန့်အား ကိုမင်းမောင်နှင့်ယူဖို့ တိုက်တွန်းခဲ့စဉ်က





အခြားသော လူမှုရေးပြဿနာများထက်၊ သန့်၏နှလုံးသားရေး ရာထက်၊ သန့်တွင် ရည်းစားရှိသည်၊ ထိုသူမှာလည်း ဝေလင်းဆို သူဖြစ်သည်ဆိုသော သတင်းကို ကြားခဲ့ရသည်။ ထိုဝေလင်း ဆိုသောသူကြောင့် သန့် ငြင်းပယ်ခဲ့သည်၊ မိမိတို့ သြဇာကို အာခံနေသည်ဟု ထင်ခဲ့သည်။ ထို့ကြောင့် ဝေလင်းကို မုန်းခဲ့သည်။ ယခုမှ သူသည် ဝေလင်းကို တွေ့ဖူးရခြင်း ဖြစ်သည်။

သည်တော့လည်း ဒေါ်ခင်တင့်သည် သန့်နှင့် ကိုဝေ လင်းတို့၏ ဆက်ဆံရေးကို အလိုမကျ ရှိလာသည်။ မရှုဆိတ်နိုင် အောင် ဖြစ်ခဲ့ရသည်။

သို့နှင့်ပင် ဒေါ်ခင်တင့်သည် ကိုဝေလင်း သန့်တို့အိမ်သို့ ဝင်ထွက် သွားလာခြင်းအပေါ် သတိပေးချိန်တန်ပြီ၊ တားဆီးချိန် တန်ပြီဟု အောက်မေ့သည်။

ကလေးများ အိမ်တွင်မရှိသော တစ်ရက်တွင် သည် အကြောင်း စကားစပ်မိသည်။

"မောင်ဝေလင်းဟာ ဘာရည်ရွယ်ချက်နဲ့ သန့်တို့အိမ်ကို ဝင်ထွက်နေတာလဲ ဟင်"

ဒေါ်ခင်တင့် မေးသည်။

"ဘာရည်ရွယ်ချက်မှ မရှိပါဘူး မမတင့်။ သူ ကလေး တွေကိုခင်ပြီး ဝင်ထွက်နေတာပါ"

သန့် အရိုးခံအတိုင်း ပြန်ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သန့်ကကော ဘာရည်ရွယ်ချက်နဲ့ လက်ခံခဲ့တာလဲ"

"သန့်မှာလဲ ဘာရည်ရွယ်ချက်မှ မရှိပါဘူး။ ဘာဖြစ်လို့ မေးတာလဲ မမတင့်"

"မိန်းမတွေချည်း ရှိတဲ့အိမ်ကို ယောကျ်ားတစ်ယောက် ဝင်တာ ထွက်တာကို မမတင့် သဘောမကျဘူး။ ပြီးတော့ သန့်ရဲ့ အခြေအနေကိုလဲ ပြန်ကြည့်"

"သန့် ဘာဖြစ်နေလို့လဲ မမတင့်"

သည်စကားတွင်မှ သန့်မှာ ဒေါသသံ ပါလာခဲ့ပြီ။

"သန့်ဟာ မုဆိုးမ မဟုတ်လား။ မုဆိုးမဆိုတာမျိုးဟာ အနေအထိုင်တတ်ပါမှ တော်ကာကျတယ်သန့်ရဲ့။ မနက် ဝေလီဝေလင်းမှာ ယောကျ်ားတစ်ယောက် အိမ်ရှေ့ ရေဘုံဘိုင်မှာ သွားဟာသွား လာမျက်နှာသစ်ရင်တောင်မှ အရပ်က တမျိုးတမည် ထင်နိုင်တယ်ဆိုတဲ့စကား လိုပဲ"

"သန့်တို့ ပတ်ဝန်းကျင်ဟာ လူတွေကို စောင့်ကြည့်ပြီး အတင်းအဖျင်းပြောတတ်တဲ့ ပတ်ဝန်းကျင်မျိုး မဟုတ်ပါဘူး မမတင့်"

"ဒါပေမယ့် မတင့်တယ်ဘူးပေါ့ သန့်ရယ်။ စဉ်းစားကြည့်လေ၊ အိမ်မှာ ယောကျ်ားတစ်ယောက် မားမားမတ်မတ် ရှိလို့ ယောကျ်ားဧည့်သည်လာတာ မဆန်းဘူးပေါ့။ မိန်းမချည်းရှိတဲ့ အိမ်ကို ယောကျ်ားတစ်ယောက် ဝင်ထွက်နေတာ တွေ့ရရင် မပြောတဲ့တိုင်အောင် စိတ်ထဲက အတွေးတစ်မျိုး ပေါ်လာကြမှာပဲ





တစ်မျိုးတစ်မည် ထင်ကြမှာပဲ"

"ထင်ရင်လဲ သန့်ကတော့ ဂရုမစိုက်ပါဘူး။ သန့်ဟာ ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ့်မိသားစုကို ထိန်းကျောင်းနိုင်တဲ့ အရွယ်ပါ။ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ဘူး ဆိုတဲ့စကား လိုပဲပေါ့"

"အေးလေ မမတင့်ကတော့ စေတနာနဲ့ ပြောတာပဲ။ နောက်မှ ဘာဘာ ညာညာတွေ မကြားပါရစေနဲ့ သန့်"

သန့် သိလိုက်ပါပြီ။

သည်ကတည်းက ပြဿနာ စလာလေပြီကို သန့် သိလိုက်သည်။

သို့ပေမယ့် သန့် ဘာလုပ်ရမည်နည်း။ ကိုဝေလင်းကို အိမ်မလာပါနှင့် ပြောရမည်လား။ သူမလာနိုင်အောင် အိမ်တံခါးတွေ ပိတ်ထားလိုက်ရမည်လား။

လူတစ်ယောက်နှင့်တစ်ယောက် ခင်မင်ခြင်းသည် မွေးရာပါ အခွင့်အရေးဖြစ်သည်။ ခင်မင်ရုံမျှမက တစ်ယောက်ကို တစ်ယောက် ချစ်လိုလျှင်ပင် ချစ်ခွင့်ရှိသည်။ လက်ထပ်လိုလျှင် လက်ထပ်နိုင်ခွင့် ရှိသေးသည်။

မုဆိုးမတစ်ယောက် ဖြစ်သည်နှင့် တစ်ပြိုင်နက် အခွင့်အရေးတွေကို လက်လွှတ် စွန့်ပစ်လိုက်ရမည်ဆိုလျှင် တရားမည် မထင်ပါ။

ပြီး မိမိအတွက် အစစအရာရာ အနစ်နာခံခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေလင်းကိုလည်း အပြစ် တစ်စုံတရာမရှိပဲ 'ရှင် အိမ်မလာပါနဲ့' ဟု အဘယ်သို့ ပြောရက်နိုင်လေမလဲကွယ်။

× × ×

Royal Snow
Publications

၇

ကိုဝေလင်း၏ စိတ်မှာ လှုပ်ရှားနေသည်။ အာရုံမှာ ထွေပြားနေသည်။

စင်စစ် သည်ဝေဒနာကို ရခဲ့သည်မှာ မယဉ်သန့်နှင့်စ၍ တွေ့ကတည်းက ဖြစ်သည်။ စိတ်လှုပ်ရှားရခြင်းမှာ မြီးကောင်ပေါက်ဘဝကနှင့်ပင် တူသေးတော့သည်။ ပထမအကြိမ် ရည်းစားထားစဉ်က ရည်းစား၏ရှေ့တွင် ရောက်ရှိနေရသော လူပျိုကလေးတစ်ယောက်နှယ် ရင်မှာ နွေးထွေးနေရခြင်းမျိုး ဖြစ်သည်။

သည်ကနေ့ မယဉ်သန့်ကို ခေါ်ထုတ်လာခဲ့မိသည်။ မယဉ်သန့်နှင့် နှစ်ကိုယ်ချင်း ဆုံရခြင်းဖြစ်သည်။ မယဉ်သန့်နှင့် မြို့ထဲ တွင်ဆုံကာ အိမ်ပြန်လာကြတော့ အိမ်သို့မဝင်။ ကားကို ဆက်၍ မောင်းလာခဲ့သည်။ မင်္ဂလာဒုံကိုလွန်ခဲ့သည်။ ကျိုက္ကလို့ဘုရားဖက်သို့ ဖြစ်သည်။

"ကိုဝေလင်း ဘယ်သွားမလို့သဲ ဟင်"

မယဉ်သန့် မေးသည်။

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com

"မယဉ်သန့်ကို ပြန်ပေးဆွဲလာတာလေ။ ကားတင်လာတာ" သူက ရယ်မောလျက် ပြန်ပြောခဲ့သည်။

"ကလေးကလားတွေ ကိုဝေလင်းရယ်၊ အကောင်းပြောတာပါ၊ ဘယ်သွားမှာလဲ"

"အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

"အခုလဲ ပြောနေရတာပဲ မဟုတ်လား"

"ဒီထက် အေးအေးဆေးဆေး ပြောစရာတွေလဲ ရှိနေလို့ပေါ့ မယဉ်သန့်ရဲ့"

မန်သည်။ သည်ကနေ့ သူ့မှာ သန့်ကို ပြောစရာတွေရှိနေသည်။ ညကတည်းက သူ့စိတ်မှာ ဆုံးဖြတ်ချက်ချထားသော အရာများ ရှိခဲ့သည်။

မနေ့က သူ ပဲခူးသို့ ရောက်သည်။ အမေနှင့် တွေ့သည်။

အမေသည် မိန်းကလေးတစ်ယောက်ကို အိမ်မှာ အသင့်ခေါ်ထားနှင့်သည်။ ယင်းမိန်းကလေး၏အမည်မှာ မအေးမြကြည်။

အမည်နှင့် လိုက်ဖက်စွာ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ရှိပုံရသည်။ သူ၏မျက်နှာကလေးမှာ လဝန်းနှယ် ဝိုင်းစက်သည်။ မျက်လုံးကလေးများက ကော်ပတ်ရုပ် မျက်လုံးများလို ဝိုင်းနေသည်။ မျက်တောင်များက ကော့ပျံနေသည်။ ခန္ဓာကိုယ်ကလည်း တုတ်တုတ်ခဲခဲနှင့်။ အသက်သည် နှစ်ဆယ့်





ခြောက်နှစ်လောက်သာ ရှိပေဦးမည်။

မအေးမြကြည်သည် ဝိဇ္ဇာဘွဲ့ရခဲ့ပြီးပြီ။ အထက်တန်းပြ ဆရာမဖြစ်သည်။ မိတဆိုး မောင်ငယ် ညီမငယ်များကို လုပ်ကိုင်ကျွေးမွေးနေသည်။ သည်ကနေ့ခေတ်မှာ နှစ်ဆယ့်ခြောက်နှစ်ဆိုသည်လည်း အပျိုကြီးစာရင်း ဝင်နေပြီမို့ မအေးမြကြည်ကို အပျိုကြီးဟု ခေါ်ရမည်ပင်။

ဤသည်တို့မှာ မအေးမြကြည်နှင့် မတွေ့ရသေးခင်က အမေပြောခဲ့သော မအေးမြကြည်၏ အကြောင်း ဖြစ်သည်။

အမေသည် ထုံးစံအတိုင်း သားအတွက် မအေးမြကြည်ကို ရှာဖွေထားခဲ့ခြင်းဖြစ်သည်။ အမေကတော့ သဘောကျနေပြီ။ သားနှင့် ဆုံပေးခဲ့သည်။

"ဘယ့်နှယ်လဲ သား၊ သူ့လုပ်ငန်းကလေးကလဲ မွန်မြတ်တယ်၊ ရုပ်ရည်ရူပကာကလဲ ကြက်သရေရှိတယ်၊ အမေတော့ သားကသာ သဘောတူမယ်ဆိုရင် အမြန်စီစဉ်လိုက်ချင်ပြီ"

အမေ၏စကားကို ကိုဝေလင်း ပြုံးလျက်နားထောင်နေသည်။

"အမေကလဲဗျာ ကိုယ့်အသက်အရွယ်နဲ့ အေးအေးဆေးဆေး တရားအားထုတ်နေရောပေါ့၊ အလကား လူငယ်ကိစ္စ စိတ်ဝင်စားနေတယ်"

အမေ့ကို သူ ပြန်ပြောခဲ့သည်။

"စိတ်ဝင်စားရတယ်ဟဲ့၊ တရားအားထုတ်တာလဲ အား



www.burmeseclassic.com

www.burmeseclassic.com



ထုတ်တာပေါ့။ နင်စဉ်းစားကြည့်စမ်း ဝေလင်း၊ နင်နဲ့ ငါဟာ အမေတစ်ခု သားတစ်ခု မဟုတ်လား။ တကယ်လို့ ငါသေသွား ရင် နင်တစ်ယောက်တည်း ကျန်ခဲ့ရမှာ”

“ဩော်...အမေရယ်၊ မွေးလာတုန်းကလဲ တစ်ယောက် တည်းပဲဥစ္စာ”

“ဒါပေမယ့် ငါမျက်စိမမှိတ်ခင် နင့်ကို တင့်တောင်း တင့်တယ် မြင်ချင်တယ်၊ အိမ်ထောင်ရက်သား ချပေးခဲ့ချင်တယ်”

“မအေးမြကြည်ကရော ကျွန်တော့်ကို ယူမတဲ့လား”

“ကျောင်းအုပ်ဆရာမကြီး ကိုယ်တိုင်က သူ့ကို နားချ[illegible] တာဟဲ့။ ခမြာမလဲ မောင်ငယ် ညီမငယ်တွေနဲ့၊ ကိုယ့်ဝမ်းကို[illegible] ကျောင်းနေရရှာတာ။ အားကိုး အားထား ရှာချင်မှာပေါ့[illegible] ရရင်ယူမှာပေါ့”

“အခုမှ တွေ့ဖူးမြင်ဖူးကြတာ၊ ချစ်နိုင်ပါ့မလားအမေ[illegible] အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ ဆားမပါတဲ့ဟင်းလို ပေါ့ပျက် နေတတ်သတဲ့”

“အမယ်လေး ဝေလင်းရယ်၊ မိကျောင်းမင်း ရေခင်းပြ[illegible] ပြန်ပါပြီ။ နင့်အဖေကို ငါယူတုန်းကလည်း ဒီလိုပဲ၊ ယူကြ[illegible] မယ် ဆိုတော့မှ တွေ့ဖူးတာပါပဲ။ လူကြီးတွေက သင့်လျော်[illegible] ထင်လို့ ပေးစားခဲ့တာပါပဲ၊ ငါနင့်အဖေကို ဘယ်လောက်ချ[illegible] သလဲ။ သူဆုံးတော့ အသက်သုံးဆယ်ပဲ ရှိသေးတယ်၊ နော[illegible] အိမ်ထောင်ပြုလို့ ရသေးတယ်၊ ဒါပေမယ့် မပြုနိုင်ခဲ့[illegible]





မဟုတ်လား။ သူမှသူ စွဲနေတာပဲ မဟုတ်လား”

အမေ့စကားများကြောင့် ရယ်ရသေးသည်။ မှန်တော့ လည်း မှန်သည်။ အမေသည် အဖေ့အတွက် ယခုတိုင် အလွမ်း ပြေသေးပုံမရ။ ဘုရားရှိခိုးလျှင် အမျှဝေရဆဲ။ အဖေ့အတွက် ဆည်းကပ်ကာ ကျောင်းကန်၊ ဇရပ်ဆောက်လုပ် လှူဒါန်းနေဆဲ။

“ဒါပေမယ့် အမေရယ်၊ ကျွန်တော်က တကယ်ချစ်မှ တကယ် လက်ထက်ချင်တာ”

“တန်တော့ ဝေလင်း၊ နင်ဒီလောက် အရိုးများသော ချေး [illegible]ါးသော ငြင်းနေတာ အကြောင်းရှိပြီ ထင်တယ်။ အခုတစ်လော [illegible]င် မယဉ်သန့်နဲ့ တွဲနေတယ်ဆိုတော့ နင် အခုထိ မယဉ်သန့်ကို မျှော်လင့်တုန်းပဲလား ဟင်’

သည်စဉ်ကတော့ ‘ဟာ...အမေကလဲ’ဟု သူ အမေ့ [illegible]ကားကို သဘောမတူသလို ငြင်းပယ်ခဲ့မိသည်။ ရှက်ရှက်နှင့် [illegible]ယ်ခဲ့မိသည်။

သို့ပေမယ့် သည်စကားနှင့် စပ်လျဉ်း၍ စိတ်မှာ လှုပ်ရှား [illegible]ရသည်။ အာရုံမှာ ထွေပြားခဲ့ရသည်။

“နင် အခုထိ မယဉ်သန့်ကို မျှော်လင့်နေတုန်းပဲလား”

အမေ၏ စကားသည် သူ့ကို ဆတ်ခနဲပုတ်၍ နှိုးလိုက် [illegible]လို ဖြစ်သည်။ သူ့စိတ်အာရုံကို ဖျတ်ခနဲ နိုးကြားလာစေသလို [illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါအခုထိ မယဉ်သန့်ကို မျှော်လင့်နေမိတုန်းပဲလား"

သူသည် ယင်းမေးခွန်းကိုလည်း အပြန်ပြန်အလှန်လှန် မေးမြန်းနေမိသည်။ ထိုမေးခွန်းကလည်း ကိုယ့်စိတ်ကို ကိုယ် ချောက်ချားစေခဲ့သည်ပင် ဖြစ်သည်။

"အခုထိ မယဉ်သန့်ကို မျှော်လင့်နေတုန်းလား"

"အခုထိ မယဉ်သန့်ကို မျှော်လင့်နေတုန်းလား"

ယင်းမေးခွန်းသည် သူ့ ဦးနှောက်ကို ကြီးစိုးထားသည်။ ပဲ့တင်သံသဖွယ် ရိုက်ခတ်လျက်လည်း ရှိသည်။

BURMESE CLASSIC .com

သူ ထင်ခဲ့သည်။

စင်စစ် မယဉ်သန့်နှင့် ပြန်၍တွေ့ရသည့်တိုင်၊ ထိုက်သင့်သလောက် စိတ် လှုပ်ရှားခဲ့ရသည့်တိုင် မယဉ်သန့်မှာ မိမိနှင့် ဘာမျှ မဆိုင်တော့ပြီဖြစ်သော မိန်းမတစ်ယောက်ဟု ထင်ခဲ့သည်။

မယဉ်သန့်နှင့် မိမိမှာ ဘဝချင်းခြားခဲ့ပြီဟုလည်း မယဉ်သန့် လက်ထက်ခဲ့ပြီ ဆိုကတည်းက အောက်မေ့ခဲ့မိသည်။ မယဉ်သန့်အား မေ့ထားခဲ့သည်မှာပင် ကြာပါပြီကော။

တကယ်တော့လည်း ဆယ်နှစ်ကျော်မျှ ကွဲကွာနေရစဉ်က တစ်နေ့သောအခါ မယဉ်သန့်နှင့် ပြန်လည်ဆုံဆည်းရမည်၊ ဆုံဆည်းမိသောအခါ မယဉ်သန့်သည် ယခုလို ဖွတ်လွတ်ကင်းကင်း မိန်းမတစ်ယောက် ဖြစ်နေလိမ့်မည်ဟု မထင်ခဲ့။ မယဉ်သန့်အား ယခင်က မျှော်လင့်ဖို့ဝေး၍ မယဉ်သန့်နှင့်





ဝေးသောနေရာသို့ပင် ပြေးခဲ့သူ မဟုတ်လား။

ယခု မယဉ်သန့်နှင့် ပြန်လည်ဆုံဆည်းရသည်။ မမျှော်လင့်ပဲ ပြန်လည် တွေ့ကြုံခဲ့သည်။ မယဉ်သန့်အား ယခင်ကလို ခင်ခင်မင်မင် ဆက်ဆံခဲ့သည်။ စိတ်တွင် သံသယ အနည်းငယ်မျှမရှိခဲ့။ ငယ်သူငယ်ချင်း တစ်ယောက်ကို ဆက်ဆံပုံ ဆက်ဆံပုံနည်းဖြင့် ဆက်ဆံခဲ့သည်ဟုသာ ထင်ခဲ့သည်။

ယခု အမေက 'နင် အခုထိ မယဉ်သန့်ကို မျှော်လင့်နေတုန်းပဲလား' ဟု မေးလာသည့်အချိန်အထိ မိမိ မယဉ်သန့်ကို မျှော်လင့်နေသည် မထင်။

သို့ပေမယ့် သံယောဇဉ်ဖြစ်ဖွယ် ကိစ္စရပ်တို့ ပေါ်ပေါက်ခဲ့သည်ကိုကား ဝန်ခံရမည်။ ပထမ ကလေးတွေနှင့် ပတ်သက်သည်။

ကိုဝေလင်းသည် ကလေးချစ်တတ်သူ တစ်ယောက်ဖြစ်သည်။

တစ်ခါတရံ အလုပ်တာဝန်က တောကြီး မျက်မည်းထဲတွင် ကျရောက်တတ်သည်။ တောကြိုအုံကြားမှာ ရွာသိမ်ရွာငယ်များသို့ သွားရသည်။ သူသည် ထိုရွာများမှ ကလေးများအတွက် ဆေးဝါး ယူသွားတတ်သည်။ စားစရာများ ယူသွားတတ်သည်။ ရွာထဲမှ တွေ့ရသည့် ကလေးငယ်များ မမာမကျန်းဖြစ်နေသည်ကို တွေ့လျှင် သူ ကိုယ်ဖိရင်ဖိ ပြုစုသည်။

ဝဲပေါက်ကာ ပြည်တစိုစိုနှင့်ရှိနေသော ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပေးသည်။ ဆေးလိမ်းပေးသည်။ လက်အောက်
အလုပ်သမား ကလေး တိုင်းသည် သူ့ကိုချစ်ကြသည်။ သူသည်
ထိုကလေးတွေ၏ နှာရည်ကိုပင် လက်ဖြင့် မရွံမရှာ ညှစ်ပေး
သည်။ စာသင်ပေးသည်။ ကလေး ထိန်းပေးသည်။

သည်လို နေလာရာမှ မယဉ်သန့်၏ ကလေးများနှင့်
တွေ့ရ သောအခါ သူ သံယောဇဉ်တွယ်မိသည်။ သူတို့မိသား
သိုက်သိုက်ဝန်းဝန်း ရှိနေပုံကို ကြည့်ကာ ကြည်နူးရသည်
မိသားစု ဥမကွဲ သိုက် မပျက် အခြေအနေခိုင်ခန့်စွာ နေတတ်ပုံ
မြင်ရကာ မယဉ်သန့်၏ ဘဝအားမာန်ကို လေးစားခဲ့ရသည်

ဤသည်မျှနှင့်တော့ မယဉ်သန့်အား ယခုအထိ
မျှော်လင့်နေမိဆဲဟု ဆိုနိုင်မည်မထင်။

စင်စစ် ကိုဝေလင်းတွင် သည်မျှနှင့်လည်း မကခဲ့
ဤသည်တို့မှအပ ဖြစ်သော အခြားခံစားရချက်တို့သည်
ရှိနေသေးသည် အမှန်။

မယဉ်သန့်၏ အလှကို ယခုတိုင်အောင် စုံမက်
လန်းလျက် ရှိရသေးသည့် အဖြစ်ကို ဝန်ခံရမည်။ မယဉ်သန့်နှ
ဆုံရလျှင် ရင်မှာ ကြည်နူးနှစ်သိမ့်ရသည်။ မယဉ်သန့်နှင့် မျက်နှာ
ချင်းဆိုင်ရလျှင် မြီးကောင်ပေါက် လူပျိုကလေးတစ်ယောက်နှ
ရင်မှာ နွေးထွေးလာတတ်သည်။ သူ၏ပုဂ္ဂလိက ခံစားမှုတွ
မယဉ်သန့်သည် ယောကျ်ားတစ်ယောက်နှင့် လက်ထက်ခဲ့မှုသ
ကလေးသုံးယောက်အမေ စသည်တို့သည် မေ့ပျောက်နေခဲ့သည်

Royal Snow
Publications



အိုမင်းရင့်ရော်ခြင်းတို့သည်လည်း မရှိ။ အသိတွင် မယဉ်သန့်
သည် တက္ကသိုလ် ကျောင်းသူဘဝက မယဉ်သန့်၊ ဝေလင်း၏
မယဉ်သန့် ဘဝက မယဉ်သန့်၊ နုနယ်ပျိုမျစ်ဆဲ မယဉ်သန့်သာ
ဖြစ်နေခဲ့သည်။

သည်တော့လည်း အမေက "နင် အခုထိ မယဉ်သန့်ကို
မျှော်လင့်နေတုန်းလား" ဆိုသော အမေးကို ကြားရသည့်အခါ
ခံစားဖွယ်ရာများ ရှိလာသည်။ တွေးတောဖွယ်ရာများ ရှိလာ
သည်။

မယဉ်သန့်ကို ယခုထိ မျှော်လင့်နေတုန်းလား။
ဘုတ်ကဲ့။ မပြေးသော် ကန်ရာရှိချေသည် ဆိုသလိုပါပဲ။

သန့်သန့်ရှင်းရှင်း ရှိလှသည်ဆိုပေမယ့် နှလုံးသားသည်
မယဉ်သန့်နှင့် ပတ်သက်လျှင် ပူနွေးရဆဲ။ ရင်သည် ခုန်ရဆဲ။

စင်စစ်တွင်တော့လည်း မိမိကိုယ်ကိုမိမိ ညာနေခြင်းသာ
ဖြစ်သည်။ လှည့်စားနေခြင်းသာ ဖြစ်သည်။ သူ မယဉ်သန့်ကို
ခန်းဖို့ ကြိုးစားကြည့်သည်။ မမုန်းနိုင်ခဲ့။ မေ့ဖို့ ကြိုးစား
ကြည့်သည်။ မမေ့နိုင်ခဲ့။ နှလုံးသား၏ နက်ရှိုင်းလှသော
ဘစ်နေရာတွင် မယဉ်သန့်သည် အစဉ်ကိန်းအောင်းနေခဲ့သည်။
ထိုနေရာမှာ မယဉ်သန့်အား ဖယ်ထုတ်၍ မရခဲ့။ မယဉ်သန့်
ကိုယ်စား အခြားသူကို အစားမထိုးနိုင်ခဲ့။

အမေ၏ အမေးသည် အိပ်ချင်ယောင် ဆောင်နေသော
သူ့နှလုံးသားကို ပုတ်နှိုးလိုက်သည်။ အချစ် ကာလနဂါးသည်

Royal Snow
Publications

www.burmeseclassic.com



ရွှေခွက်မျှောချိန်နှင့် ကိုက်ညီနေပြန်ပြီ ဖြစ်သည်။ လူးလွန့် နိုးထ လာပြန်ပြီ။

သို့ဖြင့် ညက သူ စဉ်းစားသည်။ တွေးတောသည်။ ကောင်းစွာ အိပ်မပျော်နိုင်ခဲ့။ တစ်စုံတစ်ခုသော ဆုံးဖြတ်ချက် ကိုလည်း ချခဲ့မိပြီ ဖြစ်သည်။

အမေ့ မျက်မှောက်မှာတုန်းကတော့ သူ ပြောခဲ့မိသည်။

"ဟာ.... အမေကလဲ" ဆိုကာ အမေ့စကားကို သဘော မတူယောင် ပြခဲ့သည်။ အမေမှ စိတ်ချမ်းသာပါစေတော့ ဆိုကာ မအေးမြကြည်ကို စိတ်ဝင်စားဟန် ပြခဲ့ရသည်။

ယခုမူ ဝန်ခံခဲ့ပါပြီ။ အမေ့အား ရည်မှန်းလျက် စိတ် ပြောခဲ့မိသည်။

"ဟုတ်တယ် အမေ၊ ကျွန်တော် မယဉ်သန့်ကို အခု မျှော်လင့်နေတုန်းပဲ"

စိတ်မှာ လှုပ်ရှားရကာ၊ အာရုံမှာ ထွေပြားရ သည်ကနေ့ မယဉ်သန့်ကို တွေ့အောင်ရှာရသည်။

မယဉ်သန့်သည် လင်ယောကျ်ား ထားပစ်ခဲ့သော ငွေဖြင့်၊ ပင်စင်လစာ၊ ကရုဏာကြေး စသည်တို့ဖြင့် ဘဝ ရပ်တည်ရန် မလုံလောက်။ ထို့ကြောင့် တစ်ခါတရံ ယောက် ဖြစ်သူ၏ မိတ်ဆွေများ အကူအညီဖြင့် ငွေရပေါက်ရလမ်း ရှာ သေးသည်။ ဥပမာ လေလံပစ်သော ပစ္စည်းများကို ဆွဲယူ တစ်ဘက်မှာ ပြန်ရောင်းရခြင်းမျိုး ဖြစ်သည်။





သူ မြို့ကို ကားဖြင့် တစ်ပတ်ပတ်၍ ရှာသည်။ မယဉ်သန့် သွားတတ်သော နေရာများသို့ လိုက်ခဲ့သည်။ သို့ဖြင့် တစ်နေရာတွင် မယဉ်သန့်ကို ဖမ်းမိခဲ့သည်။ ကားဖြင့် တင်ဆောင်၍ ခေါ်ခဲ့သည်။ အိမ်သို့မဝင်ဘဲ ကျိုက္ကလို့ဘုရားသို့ ခေါ်ခဲ့သည်။

သည်ဘုရားက ကိုဝေလင်းနှင့် မယဉ်သန့်တို့ ဘဝတွင် ရာဇဝင်ရှိသော ဘုရားဖြစ်သည်။ သမီးရည်းစားဘဝက ပတ်ဝန်းကျင်ကို ရှောင်ကွင်းလိုလျှင်၊ အေးအေးဆေးဆေး စကားပြောလိုလျှင် သည်နေရာသို့ လာနေကျ။ သည်မှာက တိတ်ဆိတ်သည်။ ရှင်းလင်းသည်။ အနှောင့်အယှက် ကင်းသည်။

အရွယ်ရောက်နေကြသူအဖို့ အခြားနေရာတွင် သည်သို့ လွတ်လပ်တိတ်ဆိတ်သော နေရာကို ရှာ၍မရ မဟုတ်။ ရသည်။ သို့သော် သည်ကနေ့တော့ ရှေ့ဖြစ်ဟောင်း အောက်မေ့ဖွယ် ဖြစ်စေချင်သည့်ဆန္ဒနှင့် သည်နေရာသို့ လာခဲ့ခြင်းလည်း ဖြစ်သည်။

ကျိုက္ကလို့စေတီ ပတ်ဝန်းကျင်မှာ စိမ်းလဲ့နေသည်။ တော အရေးသည် မြသွေးလုနေသည်။ မိုးရေဖြင့် ဆေးကြော သန့်စင်ထားသဖြင့် ရှုခင်းသည် သစ်လွင်နေပေသည်။

ကိုဝေလင်းသည် သန့်ကို အနောက်မြောက်ထောင့်ရှိ ပိတောက်ပင်အောက်သို့ ခေါ်ခဲ့သည်။ သည်နေရာကလေးမှာ မေ့ရက်စရာ မကောင်း။ လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကလိုပင်



www.burmeseclassic.com

www.burmeseclassic.com

အပြောင်းအလဲ မရှိသေးဘဲ ရှိသည်။ သူ့အရိပ်အောက်သို့ ခိုဝင်လာသူအား တတ်အား သမျှ အေးချမ်းမှု ပေးနေဆဲ ရှိသည်။

မယဉ်သန့်သည် တံတိုင်းကိုမှီ၍ ရပ်လိုက်သည်။ လေ ဘဝှူးဝှူး တိုက်ခတ်နေသည်။ မယဉ်သန့်၏ ဆံပင်များသည် လေတွင် လွင့်မျောနေသည်။ အချို့က မျက်နှာကို သိုင်းရစ်လာ သည်။

ကိုဝေလင်းကား သူ့လုံချည်တွင် ကပ်ငြိပါလာသည့် မြက်သီးကလေးများကို ခွာနေသည်။ တစ်ခါတစ်ရံ မယဉ်သန့် ဘက်သို့ လှမ်းကြည့်သည်။

သူ့စိတ်အစဉ်မှာ အရိပ်သည် ထင်ဟပ်လာသည်။

ဟိုစဉ်ကလည်း သည်သို့ပင်။ သူ မယဉ်သန့်ကို သည်နေရာသို့ ခေါ်လာခဲ့ဖူးသည်။ မယဉ်သန့်၏ ဆံပင်များ လေတွင် လွင့်မျောနေသည်ကို စောင့်ကြည့်ခဲ့ဖူးသည်။ ဆံပင်ဖြင့် သိုင်းရစ်ကာ ချစ်စဖွယ် လှပနေသည့် မျက်နှာကလေးကို ငေးကြည့်နေခဲ့ဖူးသည်။

သူ၏ စိတ်အစဉ်သည် ယခုအခါတွင်လည်း ယယ်စဉ် ကလိုပင် သစ်လွင် လန်းဆတ်လာသည်။

"ကိုဝေလင်း"

"ဟင်.... သန့်"

ကိုဝေလင်းသည် မယဉ်သန့် ခေါ်သံကြောင့် လန့်ဖျပ် သွားမိသလို ရှိသည်။ မယဉ်သန့်ကို မော့ကြည့်လိုက်မိသည်။





သူသည် 'မယဉ်သန့်'ဟု ခေါ်နေရာမှ 'သန့်'ဟု ပြောင်းလဲ ခေါ်ဝေါ်လိုက်မိသည်ကို သတိပြုမိသည်။

"ပြောစရာရှိတယ်ဆို၊ ဘာပြောမှာလဲ"

"ဟုတ်တယ်၊ ကိုယ့်မှာ ပြောစရာတွေရှိတယ်၊ ဒါပေမယ့် ဘာက စ,ပြောရမှန်း မသိလို့"

"ဩော် ကိုဝေလင်းရယ်" ဆိုကာ မယဉ်သန့် ပြုံးလိုက် သည်။

"မနေ့က ကိုယ် ပဲခူးကို ရောက်တယ်၊ အမေနဲ့ တွေ့ တယ်၊ အမေက ကိုယ့်ကို စကားတစ်ခွန်း ပြောခဲ့တယ် သန့်၊ ဒီစကားဟာ ကိုယ့်အတွက် အရေးကြီးတဲ့ စကားပဲ"

"ဟုတ်လား"

"ဟုတ်တယ်၊ အမေက ဘာပြောတယ် ထင်သလဲ၊ င်အခု ထိ မယဉ်သန့်ကို မျှော်လင့်နေတုန်းပဲလား တဲ့"

သန့်သည် ဒုကိယမ္ဘိ ပြုံးလိုက်ပြန်သည်။ သို့သော် ယဉ်သန့်၏ စိတ်ထဲမှာ ယင်းစကားကြောင့် တုန်လှုပ်သွား ည်ကို ပြုံးကျယ် ဝန်းစက်သွားသော မျက်လုံးများအရ တိထားမိသည်။

"ဒီတော့ ကိုဝေလင်းက ဘာပြန်ပြောလိုက်သလဲ ဟင်"

"အမေကိုတော့ ဘာမှ ပြန်မပြောဖြစ်ခဲ့ဘူး သန့်၊ ပေမယ့် သန့်ကိုတော့ ကိုယ်ပြောချင်တယ်၊ ကိုယ်ဟာ သန့်ကို ျှော်လင့်နေတုန်းပဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"အို...."

သန့်၏ မျက်နှာမှာ ရဲတက်သွားသည်။ 'အို' ဟူသော အာမေဋိတ်သံ ပေါ်လာသည်။ သို့သော် ယင်း 'အို'မှာ အံ့ဩ သောစိတ်ဖြင့် ထွက်လာသော အာမေဋိတ်သံကား မဟုတ် ရင်ထဲမှာ လှိုက်လှဲ ကြေကွဲသွား၍ ပေါ်လာသော အာမေဋိတ် သံသာ ဖြစ်သည်။

"ဟုတ်တယ် သန့်၊ ကိုယ်တို့တတွေဟာ ကလေးတွေ ဆယ်ကျော်သက် မြီးကောင်ပေါက်တွေလဲ မဟုတ်ကြတော့ဘူး ဒီတော့ ကွေ့ဝိုက်လှည့်ပတ် ပြောနေစရာလဲ မလိုဘူး ထင်တယ် ကိုယ် သန့်ကို မျှော်လင့်နေမိသေးတယ်ဆိုတာ သေချာတယ် ကိုယ့်စိတ်ကို ကိုယ်သိခဲ့တယ်။ သန့်ရယ် ဖြစ်နိုင်မယ်ဆိုရင်တော့ သန့်ကို ကိုယ် လက်ထပ်ချင်တယ်"

သန့်၏ မျက်နှာမှာ တည်ငြိမ်သွားသည်။ အပြုံးသည် လည်း ပျောက်ကွယ်ခဲ့ပါပြီ။ သန့်သည် ကိုဝေလင်းအား အရည်လဲ့နေသော မျက်ဝန်းအစုံဖြင့် ကြင်ကြင်နာနာကြီး စူးစိုက် ကြည့်နေမိသည်။

"လူတွေကတော့ ကိုယ့်ကို အရူးလို့ ပြောကြမလား မသိဘူး သန့်၊ ကိုယ့်ရဲ့ အချစ်ဟာ မိုက်ရူးရဲဆန်တဲ့ အချစ်မျိုး ဖြစ်နေမလားတော့ မပြောတတ်ဘူး။ ကိုယ်ဟာ အခုအချိန်အထိ သန့်ကို မိုက်မိုက်ကန်းကန်း ချစ်နေမိသေးတယ်ဆိုတာ ဝန်ခံ ပါတယ်၊ ဟုတ်တယ် သန့်ရယ် ကိုယ် ချစ်နေပါသေးတယ်"





သန့်သည် ကိုဝေလင်း၏ မျက်နှာမှ အကြည့်ကို ခြားသို့ လွှဲပြောင်းလိုက်သည်။ အဝေးသို့ ငေးနေလိုက်မိသည်။

ချစ်နေပါသေးတယ်တဲ့။ အဘယ်မည်သော မိန်းမသည် ယောကျ်ားတစ်ယောက်က မိမိအား နှစ်နှစ်ကာကာ စွဲစွဲ မ်းလမ်းချည်း ချစ်နေသည်ကို ဝမ်းမမြောက်ပဲ ရှိပါမည်နည်း။ န်းမတကာတို့အထဲက မယဉ်သန့်ကကော ကိုဝေလင်းက မိအပေါ် ချစ်နေပါသည်ဆိုခြင်းကို ဝမ်းမမြောက်ပဲ နေနိုင်ပါ ည်လား။ စင်စစ် ကိုဝေလင်းနှင့် ခွဲခွာခဲ့သည် ဆိုခြင်းမှာလည်း အား အမုန်းဖက်၍ မဟုတ်၊ နာကျည်း၍မဟုတ်။ မလွှဲသာ န်း၍ ခွဲခွာခဲ့ရခြင်းသာ ဖြစ်သည်။ မိမိချစ်နေဆဲ လူတစ် ယောက်က မိမိအား ချစ်နေပါသေးသည် ဆိုခြင်းကို သန့် မ်းမြောက်ပါသည်။

သို့သော် တဒင်္ဂ အတွင်းမှာပင် သန့်၏ ဝမ်းမြောက် တို့သည် လွင့်စင်ခဲ့ရသည်။ ပျောက်ပျက်ခဲ့ရသည်။

ကိုဝေလင်းက စကားဆက်မည်ပြုရာ သန့်က ဦးအောင် ပြောလိုက်ရသည်။

"တော်ပါတော့ ကိုဝေလင်းရယ်၊ သန့်တို့ဟာ လွန်ခဲ့ ပြီ၊ နှောင်းခဲ့ပါပြီ။ ဒီချိန်မှာ ဒါမျိုးတွေ ပြောနေဖို့ မကောင်း ပါဘူး"

"သန့်ရယ်...."

"ဟုတ်တယ် ကိုဝေလင်း၊ သန့်တို့ငယ်ငယ်က ကိုစော



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းရဲ့ ပွင့်ဦးသီချင်းကို အမိပ္ပါယ် ဖွင့်ခဲ့ကြတာ မှတ်မိသေး သလား။ သန့်ဟာ ပွင့်ဦးကြွေခဲ့ပါပြီ"

"ဒါပေမယ့် သန့်ဟာ ကိုယ့်ကို မမုန်းသေးဘူး မဟုတ်လား"

"ဩော်....ကိုဝေလင်းရယ်၊ မုန်းတယ် ဆိုတာ အေးချိတ်ထားစမ်းပါ။ ကိုဝေလင်းမှာ ဘာမုန်းစရာမှမရှိဘဲ သန့် ဘယ်လိုလုပ် မုန်းရမလဲ၊ သန့် ကိုဝေလင်းကို ချစ်နေဆဲပါ"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် သန့်။ ဘာ မရှိတာနဲ့စာရင် တစ်စုံတစ်ခု ရှိနေတာက ခံသာသေးတယ် ဆို စကားလိုပဲ၊ သန့်က ကိုယ့်ကို ချစ်နေသေးတယ်ဆိုရင် တော်သေး တာပေါ့"

"သန့် မှသားမပြောတတ်ပါဘူး ကိုဝေလင်း၊ သန့် ယုံပါ"

"ယုံပါတယ် သန့်ရယ်၊ ဒါကြောင့်ပဲ ကိုယ်ကလဲ သန့် မိုက်မိုက်ကန်းကန်း ချစ်နေမိတဲ့အတွက် နောင်တ မရမိဘူး တစ်ခါတစ်လေ ကျတော့လဲ မိုက်တယ်ဆိုတာ ဂုဏ်ကလေး တစ်ခုပဲ သန့်ရဲ့"

သန့်သည် ကိုဝေလင်း၏ မျက်နှာကို ပြန်လည် စူးစိုက် ကြည့်ကာ တည်ငြိမ်စွာ ပြောလိုက်မိသည်။

"ဒါပေမယ့် အဖြစ်တွေက လွန်ခဲ့ပြီပဲ"

"ဘာဖြစ်လို့ လွန်ခဲ့ပြီလို့ ပြောနိုင်ရမှာလဲဟင်"



"လွန်ခဲ့ပါပြီ ကိုဝေလင်းရယ်၊ စဉ်းစားကြည့်လ၊ သန့်ဟာ အခု သုံးဆယ့်ခြောက်နှစ်ရှိပြီ၊ အိမ်ထောင်ကျခဲ့ပြီ။ ကလေးသုံးယောက်၊ အဲလေ လေးယောက်ပဲဆိုပါတော့၊ ကလေး လေးယောက်အမေ ဖြစ်နေခဲ့ပြီ"

"ဒါတွေ ကိုယ် သိသားပဲ"

"ဒီအခြေအနေကျမှ သန့်တို့ဟာ ချစ်တယ်၊ ကြိုက်တယ် ဆိုတဲ့ နှလုံးသားရေးရာတွေကို စကားလုပ် ပြောနေကြဦးမှာလား ကိုဝေလင်း"

"အချစ်ဆိုတာ လူတစ်ယောက်ရဲ့ အသက် မသေမဆုံး မချင်း ရှင်သန်နေမှာပါ သန့်ရယ်"

"ဒါတွေဟာ စိတ်ကူးယဉ် သိပ်ဆံမနေဘူးလား ကိုဝေလင်း"

"အချစ်ဆိုတာဟာ စိတ်ကူးယဉ်ဆံမှုပဲ သန့်ရဲ့"

"သန့်တို့မှာ အချိန်မရှိတော့ပါဘူး။ လက်တွေ့ဆံတဲ့ ဘဝထဲကနေ စိတ်ကူးယဉ်ဆံတဲ့ အိမ်ထောင် ကမ္ဘာထဲကို ဘယ်လိုလုပ် ပြန်သွားကြမလဲဟင်"

"အချိန်မရှိဘူး ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ သိုး ဆောင်း စကားပုံမှာ အသက်လေးဆယ်ကျမှ လူ့ဘဝကို စတယ် လို့ဆိုတယ်၊ သန့်ဟာ လေးဆယ်တောင် မပြည့်သေးပါဘူး"

"မြန်မာလူမျိုးတွေမှာ သုံးဆယ်ဆိုရင်ပဲ လူကြီး စာရင်း ထဲ ဝင်ခဲ့ပြီ၊ နောက်တစ်ခုက အိမ်ထောင်ကျပြီးသား မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ အချစ်ဆိုတာကို စိတ်ကူးယဉ်ရမယ့် လူမျိုး မဟုတ်တော့ဘူး ကိုဝေလင်း"

"ဒီကနေ့ ကလေးတွေ ပြောနေသလိုပဲ၊ အသက်တွေ အိမ်ထောင်ကျတာတွေကို ခေါက်ထားလိုက်စမ်းပါ သန့်ရယ်။ ကိုယ် ပြောနေတာက သန့်ကို စိတ်ကူးယဉ်လောကထဲ ဆွဲခေါ်သွားပြီး ယစ်မူး နစ်မွန်းသွားဖို့မဟုတ်ဖူး။ လက်တွေ့ သဘောပါ,ပါတယ်။ တစ်၊ သန့်ကို ကိုယ် အရင်ကလို ချစ်နေဆဲပဲ ရှိသေးတယ်။ နှစ်၊ သန့်ကို ကိုယ် လက်ထပ် ချင်တယ်"

သန့်သည် ခေါင်းကို ငြင်ငြင်သာသာ ရမ်းခါ ပြလိုက် သည်။

"မဖြစ်နိုင်ပါဘူး ကိုဝေလင်း၊ ကိုဝေလင်းဘက်က သိပ်နာနေမှာပေါ့"

"နာနေမယ်ဆိုတာ ဘာကို ပြောတာလဲ ဟင်"

"စဉ်းစားကြည့်ပေါ့ရှင်ရယ်၊ သန့်ဟာ အိမ်ထောင်ကျဖူး တဲ့ မိန်းမ၊ မုဆိုးမ၊ သန့်မှာ ကလေးတွေ တစ်ပြုံတစ်မကြီးနဲ့။ အို....မဖြစ်ပါဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"အိမ်ထောင်ကျတာ၊ ကလေးရတာနဲ့ မိန်းမ တစ် ယောက်ရဲ့ တန်ဖိုး လျော့ကျသွားပြီလို့ ထင်တတ်တဲ့ လူစား မျိုးလို့ ကိုယ့်ကို သန့် ထင်နေသလားဟင်"

"သန့်ဟာ တကယ်တော့ တန်ဖိုးမရှိတဲ့ မိန်းမ



ာစ်ယောက်ဆိုတာ အသေအချာပဲ ကိုဝေလင်း"

"သန့် ဘာဖြစ်လို့ ကိုယ့် အချစ်ကို အထင်သေးရ ာလဲ"

"ရှင်...."

"အသွေးအသားနဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ရ ပြီးရောဆိုတဲ့ ုစားတွေရဲ့ အချစ်မျိုးနဲ့ ဘာလို့ နှိုင်းနှိုင်းချင်ရတာလဲ၊ ိုယ့်အချစ်ကို ဘာလို့ အထင်သေးရတာလဲ။ ကိုယ် သန့်ကို ျစ်တယ်ဆိုတဲ့ နေရာမှာ အသွေး၊ အသား၊ ခန္ဓာကိုယ်ကို ပိုင်လိုမှုတစ်ခုတည်း မဟုတ်ဘူးဆိုတာ သန့် သဘောပေါက်ဖို့ ာင်းတယ်"

"ဒါပေမယ့် ကိုဝေလင်းက သန့်ကို အရုပ်ကလေး ာစ်ရုပ်လို အလှထိုင်ကြည့်ပြီး ထာဝရ ချစ်နေနိုင်မှာလား။ ူတွေမှာ ဝန်တိုမှု ဆိုတာ ရှိတယ်၊ မစ္ဆရိယစိတ်ဆိုတာ ရှိတယ်။ ုတစ်ပါး ပန်လို့ နွမ်းလို့ လွှင့်ပစ်ထားတဲ့ ပန်းတစ်ပွင့်ကို ယ်သူက ကောက်ပြီး ပန်ချင်မလဲ၊ ပြောပါဦး။ ပန်ရတဲ့တိုင် ာင် နှောင်တစ်နေ့မှာ နှောင်တတွေ ရမနေနိုင်ဘူးလား"

"သန့်ရယ်....ဒါကြောင့် ပြောတာပေါ့။ ဝေလင်းတို့ မိုက် ယ် ဆိုတဲ့နေရာမှာ ဒါတွေလဲ ပါတာပေါ့၊ ညက ကိုယ် တစ်ည း စဉ်းစားပါတယ်၊ နှောင်တ မရကြေး ဆုံးဖြတ်ပြီးတော့မှ ကားတွေကို ပြောခဲ့တာပါ သန့်"

"စဉ်းစားပါဦးရှင်ရယ်.... စဉ်းစားပါဦး၊ ကိုဝေလင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်၊ ရာထူးဂုဏ်သိရှိန်နဲ့ဆိုရင် သန့်ထက်သာတာတွေ တစ်ပုံကြီး ရနိုင်ပါတယ်။ ဘုန်းကြီးကြိုက်၊ မင်းကြိုက်၊ ကာလ သားတွေနဲ့ လားလားမှမထိုက်၊ ဗျာဆံဝိုက်၊ ဗျာဆံခါ အပျိုတွေ လာလွန်းလို့ ငါဆရာ ကျောင်းပေါ်က ကြိမ်ဆော်၍ ချရသေး သည် ဆိုတာမျိုးလို အပျိုစင်တစ်ယောက်ကို ခေါင်းခေါက်ပြီး ယူနိုင်ပါသေးတယ်"

"ဘာလဲ သန့်၊ သန့်ထက် သာတာဆိုတာက ရုပ်ရည် လား၊ ပညာလား၊ အပျိုစင်ဆိုတဲ့ ဂုဏ်လား။ အပေါ်ယံ အပေ စား အချစ်သမားတွေအနေနဲ့ အိမ်ထောင်ရေးဆိုတာကို ပေ တွက်နဲ့တွက်ပြီး တည်ဆောက်ချင်သူတွေအနေနဲ့ ဒါတွေ မက်မောကောင်း မက်မောကြပါလိမ့်မယ်။ ဝေလင်းတို့ လူမိုက်တွေအဖို့မှာတော့ ဒါတွေဟာ မလိုအပ်ပါဘူး"

သန့်ကမူ ခေါင်းကို ရမ်းခါနေမိဆဲ။ သူ့စကားတွေ ငြင်း ပယ်မိဆဲ။

"စဉ်းစားပါဦး ကိုဝေလင်းရယ်၊ စဉ်းစဉ်းစား လုပ်ကြတာ မမှားနိုင်ပါဘူး။ အမှန်ကို ဆုံးဖြတ်နိုင်ဖို့အတွက် အချိန်ဆိုတဲ့ တရားသူကြီးနဲ့ တိုင်ပင်တာ အကောင်းဆုံး ဆို စကားလိုပေါ့"

"အေးလေ၊ သန့်ဘက်က စဉ်းစားဦးပေါ့၊ ကိုယ့်ဘက် တော့ စဉ်းစားပြီးပါပြီ သန့်ရယ်။ သံသယရှင်းရှင်းနဲ့ ဆုံးဖြတ်ပြီး မှ ဒီစကားကို ပြောခဲ့တာပါ"





စကား ဖြတ်ထားမိချိန်တွင် သန့်တို့အပေါ်မှာ လေတိုး သံကို ကြားနေရသည်။ ကျိုက္ကလို့စေတီ၏ ဆည်းလည်း လှုပ်ခတ်သံကို သာယာနာပျော်ဖွယ် ကြားနေရသည်။ လေသည် သန့်တို့ခေါင်း အထက်မှ ပိတောက်ရွက်များအကြားသို့ တိုးဝင် သွားသည်။ သစ်ရွက်ချင်း ရိုက်ခတ်သည့် တချွင်ချွင်မြည်သံ သည် ပေါ်ထွက်လာသည်။

"သန့်"

ကိုဝေလင်းက ခေါ်သည်။ သန့်သည် သူ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

"သန့် ကိုယ့်ကို ချစ်နေသေးတယ်ဆိုတာ ဟုတ်ကဲ့လား ဟင်"

သူ့အမေးကို သန့်က သံသယရှင်းရှင်းနှင့် ခေါင်းညိတ် အဖြေပေးလိုက်သည်။ နှုတ်မှလည်း ပြောမိသည်။

"ယုံပါရှင်ရယ်။ သန့်ရဲ့တစ်သက်မှာ လူတစ်ယောက်ကို သာ ချစ်ခဲ့ပါတယ်။ အဲဒီလူကလဲ ကိုဝေလင်းကလွဲလို့ တခြား ဘယ်သူမှ မဟုတ်ခဲ့ဘူးဆိုတာ ယုံပါ"

ကိုဝေလင်း၏ မျက်နှာတွင် တောက်ပသော အပြုံး တစ်ရပ် ပေါ်လာသည်။

"သန့်ကလဲ ကိုယ့်ကို ချစ်နေသေးတယ်၊ ကိုယ်ကလဲ သန့်ကို ချစ်နေသေးတယ်ဆိုရင် ကိုယ်တို့ဘဝကို အရှုံးနဲ့ ဘာလို့ပိုင်းရမှာလဲ သန့်ရယ်။ ခွဲခွာခြင်းဆိုတာ ဘာလို့ရှိရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

သန့်သည် ကိုဝေလင်း၏ သန္နိဋ္ဌာန်ဖြင့် တည်ကြည်တင်းမာနေသော မျက်နှာကို စူးစိုက်ကြည့်ကာ ညည်းညူသလို ဆိုလိုက်မိ ပါသည်။

"သြော် ကိုဝေလင်းရယ်"

× × ×

Royal Snow
Publications

၈ မီးဖိုခန်းဆီမှ ဝုန်းခနဲ ဒိုင်းခနဲ အသံများ ထွက်လာသည်။

"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်တာလဲ"

သန့်သည် အိမ်ရှေ့ခန်းတွင် သတင်းစာဖတ်နေရာမှ ကြားလိုက်ရသော အသံအတွက် လန့်ဖျပ်သွားမိသလိုရှိကာ လှမ်းအော်လိုက်မိသည်။

တူးမာသည် စိတ်ဆိုးမာန်ဆိုး အမူအယာဖြင့် မီးဖိုခန်းဆီမှ ထွက်လာသည်။

"ဘာဖြစ်နေတာလဲ တူးမာ"

သန့် မေးသည်။

"သက်မာပေါ့ မေမေ။ အပြတ်ရှင့်တယ် တကယ်ပဲ"

တူးမာသည် မကြေမချမ်း ဖြစ်နေသည်။

"ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

"ရေချိုးပြီး ထမိရေစိုကို အကွင်းလိုက် ပုံထားခဲ့တယ် မေမေ။ ဒီမှာကြည့်ပါဦး"

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com



တူးမာက သူ့လက်မှ သက်မာ၏ လုံချည်ရေစိုကို ပြသည်။

"ဩော်၊ ဒါများကွယ်။ ရေညှစ်ပြီး လှမ်းထားလိုက်ပေါ့"

"တစ်ခါတစ်လေဆိုရင်တော့ ကိစ္စမရှိပါဘူး မေမေ။ အခုတော့ သူ့ဟာက အမြဲတမ်းလိုပဲ"

"မေ့သွားလို့ နေမှာပါ"

"မေ့ မေ့နိုင်လွန်းတယ်။ တစ်ခါလဲမဟုတ် နှစ်ခါလဲ မဟုတ်။ ဒီတစ်ခါ နောက်ဆုံး ခွင့်လွှတ်ခြင်းပဲ။ နောက်တစ်ခါ ကျရင်တော့ တူးမာ့ပါးစပ်နဲ့ အတွေ့ပဲ"

တူးမာသည် အိမ်အတွင်းဘက်သို့ ဆောင့်ဆောင့် အောင့်အောင့် ပြန်လည် ဝင်ရောက်သွားသည်။

သန့်သည် သမီးဖြစ်သူ၏ နောက်ကျောပိုင်းကို ငေးမော ကြည့်ရင်း ကျန်ရစ်ရသည်။

ထမီရေစိုဖြင့် တင်းကျပ်နေသော တူးမာ၏ ကိုယ်ခန္ဓာ အဆက်အပေါက်ကိုကြည့်ကာ သန့်၏စိတ်တွင် တစ်မျိုး တစ်မည် ဖြစ်လာသည်။

တူးမာသည် ဖွံ့ထွားသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ မိုးရေသောက်ချိုးထားသော ပန်းကလေးတစ်ပွင့်နှယ် အစွမ်းကုန် ပွင့်လန်းရန် အားယူနေသည်သို့ ဖြစ်သည်။ မျက်နှာကလေးက ငယ်သွေးဥကာ နုနေသော်လည်း ကိုယ်အင်္ဂါ အချိုးအဆက်အရမှု မငယ်လှတော့ကြောင်း ပြသနေဘိသည်သို့ ဖြစ်သည်။





အကယ်၍ စိတ်ဆန္ဒ ရှိမည်ဆိုပါလျှင် တူးမာတို့အရွယ်သည် အိမ်ထောင်သားမွေးပြု၍ ရနိုင်ပေပြီ။ သည်အရွယ်မျိုးနှင့် အိမ်ထောင်သားမွေး ပြုနေသူတွေ ဒုနဲ့ဒေး မြင်တွေ့နေရပေပြီ။

သန့်တွင် ကံကောင်းသည်မှာ သက်မာကအစ တူးမာအထိ ယခုတိုင် ဆန်းဆန်းကြယ်ကြယ် ကိစ္စမျိုး မကြားရခြင်းပင်သည်။

ရည်းစားသနာ ထားသည်ဆိုသည်မျိုး၊ စာပေးခံရသည်မျိုး မကြားရခြင်းဖြစ်သည်။

သန့်သည် တစ်ခါတရံတွင် သမီးများ၏ လွယ်အိတ်ကို အမှတ်မထင် စစ်ဆေးမိသည်။ ရည်းစားစာ စသည်တို့ တွေ့ရလေ မလားအထင်နှင့်ဖြစ်သည်။ သို့သော် ဘာမျှ မတွေ့ရ။

သားသမီးများ၏ အချစ်ရေးနှင့် ပတ်သက်၍ တင်းသတ်တားမြစ်လိုသော စိတ်ထားမျိုး သန့်တွင်မရှိ။ တစ်နေ့ရောက်လာသောအခါ သူတို့ ချစ်သူကို သူတို့ဘာသာ ရှာဖွေတွေ့ကြမည်အမှန်။ သို့သော် ပညာရေး တစ်ပိုင်းတစ်စနှင့် ရည်းစားထားသည်မျိုး၊ ဦးနှောက်မရင့်သန်မီ အချစ်တစ်ခုတည်းကို ဦးစားပေး၍ လူရွေးမှားမည်မျိုးကိုတော့ မိခင်တစ်ယောက်အနေနှင့် စိုးရိမ်ရသည် အမှန်။

စင်စစ်တွင်လည်း ကိုယ်တိုင် လူပျို အပျိုပေါက်ဘဝနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် မိဘ ဘဝတို့သည် များစွာ ကွာခြားသည်။ အတွေ
အခေါ်တို့သည်လည်း ပြောင်းလဲနေတတ်သည်။

ကိုယ်တိုင် အပျိုလူပျိုဘဝမှာတုန်းကတော့ ငွေစကား
ဂဏ်စကားကို ရွံမုန်းသည်။ 'တူနှစ်ကိုယ် တဲအိုပျက်မှာနေ
ဆိုသည့် ခံယူချက်မျိုးရှိခဲ့သည်။ ကိုယ်တိုင် မိဘအနေအထား
ရောက်လာသောအခါတွင်မူ ယင်းသို့ သဘော မထားနိုင်တော့
ချေ။ အများအများသော မိဘများကဲ့သို့ပင် 'ဆင်စီး၍ မြင်း
သည်'ကို ကြည့်ချင်လာသည်။ တူနှစ်ကိုယ် တဲအိုပျက်မှာ နေ
ပသူသော စကားမျိုးမှာ စင်စစ် ကလေးတွေကို မြှောက်ပေးသော
စကားအဖြစ်သာ မြင်လာသည်။

သန့်မှာလည်း အများထဲက မိဘတစ်ယောက်သာ
ဖြစ်သည်။ သမီးများ၏ အိမ်ထောင်ရေးအတွက် စိတ်လေး ပူ
ရသည်။ ကိုယ်တိုင် ပါဝင်ခြယ်လှယ်လိုသော စိတ်ဆန္ဒမျိုး
ဝင်လာသည်။

သည်တော့လည်း မိမိအား ကိုမင်းမောင်နှင့် လက်ထ
ရန် တိုက်တွန်းခဲ့သော မေမေ့ကို နားလည် ခွင့်လွှတ်၍ ရလာ
သည်။ မေမေ့အနေနှင့်ကတော့ စေတနာကြောင့်ပဲ ဖြစ်သည်
စေတနာမှ ဝေဒနာဖြစ်လာရသည်က တစ်ပိုင်းဖြစ်သည်။

အိမ်တွင် စောစောကလို ပြဿနာမျိုး မကြာခဏ
ပေါ်လေ့ရှိသည်။ အဆန်းတကြယ် မဟုတ်တော့။ မိန်းမချော
ချည်းနေသော နေရာဖြစ်၍ ဓမ္မဘာယာများလှသည်။ တစ်





တရံ သည်လို လုံချည်ချွတ်ပုံခဲ့၍ လိုက်သိမ်းရသည်မျိုး။ တစ်ခါ
တရံ သူ့အဝတ်နှင့်ကိုယ့်အဝတ် မှားဝတ်သည်မျိုး၊ အလှပြင်
ကိရိယာကအစ သူ့ပစ္စည်းနှင့် ကိုယ့်ပစ္စည်း ရောထွေးနေ
သည်မျိုးနှင့် ကြုံရတတ်သည်။ ပြဿနာသည် အလွယ်တကူဖြင့်
ပေါ်လာတတ်လေသည်။

သက်မာသည် သည်ကိစ္စမျိုး၌ စည်းကမ်းပျက်တတ်လှ
သည်။ အကြီးဆိုတော့၊ သန့်ကလည်း သူနှင့်ပတ်သက်လျှင်
အသာပေးထားတတ်လေတော့ အငယ်များက မကျေနပ်ကြ။
ပြောပြီဆိုလျှင် သက်မာက အရွဲ့တိုက်တတ်သည်။ ပို၍ လုပ်
တတ်သည်။

သည်နေရာမှာ သက်မာသည် အစ်မကြီး မယဉ်ခန့်၏
ညဉ်ပါသည်ဆိုရမည်ထင်သည်။

တစ်အူတုံဆင်း ညီမ အရင်းပင် ဖြစ်လင့်ကစား သန့်နှင့်
အစ်မ မယဉ်ခန့်တို့ အနေအထိုင်မှာ များစွာကွာခြားသည်။
အစ်မ မယဉ်ခန့်သည် အတော်ချည်း ကဗျစ်ကညစ်နိုင်စွာ
နေထိုင်တတ်သည်။ အပျိုဘဝကပင် အိမ်မှာ တကျက်ကျက်။
သူက တနေကုန် စာတစ်အုပ်အဖော်လုပ်ပြီးနေချင်သည်။ အိမ်မှု
ကိစ္စကို စိတ်ပါဝင်စားခြင်းမရှိ။ ကိုယ့်ဘော်လီအင်္ကျီပြဲကို
ကိုယ့်ဘာသာချုပ်ဖို့ကအစ ဝန်လေးသည်။ ဘော်လီအင်္ကျီမှ
ကြယ်သီးတို့သည် မည်သည့်အခါမျှ အစုံအစေ့မရှိတတ်။ ချေး
ကြောင်းတွေ၊ ချွေးနံ့တွေနှင့်ပေမယ့် အပေါ်က အင်္ကျီသစ်ဝတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

လမ်းထွက်ချင်ထွက်တတ်သည်။ ရေလဲလုံချည်ကို ကွင်းလိုက်[…] ထားတတ်သော အလေ့အကျင့်သည် အစ်မ မယဉ်ခန့်ထံ[…] သက်မာထံ ကူးစက်လာခြင်းဖြစ်သည်။

ယောကျ်ားရတော့ ပိုဆိုးသည်။ ဖွယ်ဖွယ်ရာရာ မချ[…] ပြုတတ်။ သန့်သန့်ရှင်းရှင်း မနေတတ်။ အလုပ်ကလည်း တစ်နယ်မှ တစ်နယ်သို့ ပြောင်းရွှေ့နေရသဖြင့် ပစ္စည်းများ ဘယ်အခါမျှ စနစ်တကျ သုံးစွဲရသည်မရှိ။ ထင်ရှားသေတ္တာထဲ[…] မထုတ်ဖြစ်သည်နှင့် ပြီးနေတော့သည်။

သက်မာငယ်စဉ်ကလည်း မိခင်၏ စံနစ်ကျသော ပြု[…] ယုယမှုကို မခံခဲ့ရချေ။ သက်မာသည် ဆယ့်နှစ်နာရီ မကျော်[…] ရေချိုးရသည်မရှိ။ မျက်နှာမှာသနပ်ခါးကင်းသည်။ ချေးညှော်[…] အထပ်ထပ်တက်နေသည်။ သွားရည်၊ နှာရည်တို့နှင့် ညစ်ပတ်[…] နေတတ်သည်။ အင်္ကျီရင်ပတ်ဟပြဲနှင့် ရှိနေတတ်သည်။ ယော[…] နေသော ဘောင်းဘီသည် ခါးမှာ အမြဲရှိနေတတ်သည်။ သက်[…] ၏ ခေါင်းသည် ထာဝရ နံစော်နေတတ်ပေသည်။

ကိုမင်းမောင်သည် သန့်အား ရသဖြင့် ကံကောင်းသော[…] အရာရှိသည်။ ၄င်းမှာ သပ်ယပ်သန့်ရှင်းစွာ နေသွားရခြင်း ဖြစ်သည်။ သန့်သည် ကလေးမီးဖွားနေရချိန်မှ လွဲ၍ အိမ်တွ[…] အိမ်ဖော်မထား။ အလုပ်များကို တစ်ခုပြီးတစ်ခု ဖယ်ဆတ်သ[…] လုပ်သွားခဲ့သည်။ ဤသည်နှင့်ပတ်သက်၍ ကိုမင်းမောင်သ[…] သန့်အား များစွာချီးကျူးခဲ့သည်။





သက်မာက လွဲလျှင် သန့်၏သမီးများသည် မအေနှင့် တက်ညီလက်ညီရှိကြသည်။ မအေတူသမီး ပီသကြသည်။ သန့်ကလည်း မိန်းမတစ်ယောက်၊ အထူးသဖြင့် မိခင်တစ်ယောက်သည် အိမ်ထောင်တာဝန်ကို နိုင်နင်းရမည် ဟူသော သဘောတရားကို ကလေးများ အလေးအနက် ထားစေရန် လေ့ကျင့်ပေးခဲ့သည်။ သန့်တွင် ယုံကြည်ချက်တစ်ရပ်လည်းရှိသည်။ "အိမ်ထောင် သာယာမှ ဘဝ သာယာမည်" ဟူသော ယုံကြည်ချက်ဖြစ်သည်။ အိမ်ထောင်သာယာရေး၏ အဓိက သော့ချက်မှာလည်း အိမ်ရှင်မ,ပင် မဟုတ်ပါလား။

ထို့ကြောင့်ပင် ကိုမင်းမောင်သည် နှလုံးသား ရေးရာမှ လွဲလျှင် သန့်ထံမှ စိတ်ချမ်းမြေ့ဖွယ်ကိစ္စ များစွာကို ရရှိသွားသည်ဟု ဆိုနိုင်ပါသည်။

အိမ်တစ်အိမ်တွင် အများက တက်ညီလက်ညီ ရှိပါလျက် တစ်စုံတစ်ယောက်သော သူက ပျက်ကွက်ခဲ့သောအခါ ပြဿနာ ပေါ်လာသည်။ စင်စစ် သက်မာသည် စုန်းပြူးခဲ့ခြင်းဖြစ်သည်။ အဝတ်အစားကို ပစ္စယလက္ခတ် ထားတတ်သည့်သာမက ဝတ်ရာတွင်လည်း ပြဿနာများ ဖန်တီးခဲ့သည်။

မိန်းကလေးတွေဆိုတော့ ယောကျ်ားကလေးတွေထက် အဝတ်ဖိုး ပိုကုန်သည်။ အဝတ်ကို ပိုမိုမက်မောတတ်ကြသည်။ ယောကျ်ားကလေးတစ်ယောက်အဖို့ အဝတ်ကောင်း သုံးလေးစုံ ရှိပြီဆိုလျှင် လုံလောက်ပြီဟု ဆိုနိုင်သည်။ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်အဖို့ကား ထိုသို့မဟုတ်။ အနည်းဆုံး လေးငါးဆယ်စုံတော့ရှိမှ။ အဝတ်တွေကလည်း တစ်နေ့ပြီးတစ်နေ့ အသစ်အဆန်းများ ပေါ်ပေါ်လာတတ်သည်။ ရှေ့ကဝတ်လို့မှ အားမရသေးခင်း နောက်က အဆင်သစ် ပေါ်လာတတ်သည်။ အဆင်တစ်ဆင်ဝယ်မည်ဆိုလျှင် အရောင်ကလည်း စုံဦးမှ။

သည်သို့ဖြင့် သန့်တို့လို မိန်းကလေးချည်းရှိသော မိသားစုတွင် အစားထက် အဝတ်ဖိုးက နှိပ်စက်သည်။ အဆင်တစ်ဆင်ဝယ်မည်ဆိုလျှင် တစ်ယောက်တည်းနှင့်မရ။ သူဝယ်ပြီးမှ ကိုယ်ဝယ်မည်ဟု ဆိုင်းထား၍မရ။ ဆိုင်းထားလျှင်လည်း နောက်ပိုင်းကျမှ ရသောသူအဖို့ ရိုးနေလေပြီ။

ကလေးတွေကလည်း အရွယ်ရောက်ပြီဆိုတော့ လှချင်ပချင်လာသည်။ ဝတ်ချင်စားချင်လာသည်။ အတုအပ အငြိုင်အဆိုင်တွေကလည်း ပေါလှသည် မဟုတ်လား။

သက်မာတွင် အခြားသူများထက် ကံကောင်းသောအရာရှိသည်။ ၎င်းမှာ ဒေါ်ခင်တင့်က မျက်နှာသာပေးခြင်း ဖြစ်သည်။ အကြီးဆုံးလည်းဖြစ်၊ ဆေးကျောင်းသူလည်းဖြစ်ဆိုတော့ သူ့ကို သန့်တို့အနေနှင့်ကလည်း ဦးစားပေးရသည်။

သက်မာသည် သူ့ကြီးကြီးမေ လာသောအခါတိုင်း ခွဲကာ နွဲ့ကာ အဝတ် ဝယ်ပေးခိုင်းသည်။ မုန့်ဖိုးတောင်းသည်။ အဝတ်သပ်သပ် ဝယ်ပေးသည်လည်းရှိသည်။ မုန့်ဖိုးထဲက ဝယ်ဝတ်သည်သည်လည်းရှိသည်။ သည်လိုနှင့် သန့်တို့အထဲတွင်





သူသည် 'အဝတ်သူဌေး' ဖြစ်နေလေသည်။

အဝတ် ဝတ်ရာတွင် စည်းကမ်းမရှိ၍ အဝတ်တစ်ထည်သည် သူ့အတွက် တာရှည်ကား မခံလှ။ သန့်ဆိုလျှင် အပျိုကအဝတ်များပင် ယခုတိုင်အောင် ရှိသေးသည်။ အဆင်ရိုးသော်လည်း အသားကောင်းဆဲ။ သန့်က လုံချည်တစ်ထည်ဆိုလျှင် မလိုအပ်ဘဲနှင့် ရေလျှော်လေ့မရှိ။ ဝတ်ပြီးလျှင် နေလှန်းသည်။ ပြန်ခေါက်ထားသည်။ သည်လိုနှင့် အချို့ဆိုလျှင် တစ်နှစ်နီးပါး ရေမလျှော်ရ။ ထို့ကြောင့် အဆင်မလွင့်။ အသားမဆွေး။ ယခုလို ကလေးတွေအတွက် ဦးစားပေးနေချိန်တွင် သန့်အဖို့ အပျိုဘဝက အဝတ်ကိုပင် ပြန်ဝတ်ရသည်။ မိမိအသက်အရွယ်နှင့်ဆိုတော့ မဆိုးလှ။ ပြီး အဆင်အပေါင်းသည်လည်း တစ်ခါတရံ ပြန်၍ သစ်နေတတ်သည်မျိုး ရှိပေသေးသည်။

သန့်သည် ယင်းအကြောင်းများကို စဉ်းစားနေမိရာမှ ရုတ်တစ်ရက် ကိုဝေလင်းကို သတိရလိုက်မိသည်။ ယမန်နေ့က သူချစ်ရေးဆိုခဲ့သည်များကို အမှတ်ရမိသည်။

ကိုဝေလင်းအနေနှင့် သည်အခက်အခဲတွေ၊ သည်ပြဿနာတွေကို ဘာမျှသိမည်မဟုတ်ဟု ထင်သည်။ သူ့အနေနှင့် အပေါ်ယံ အပြင်ပန်းအနေနှင့် ကြည့်ကာ သန့်တို့ဘဝကို သာယာမည်ဟု ထင်ပုံရသည်။ စင်စစ် လူတစ်ကိုယ် အခက်အခဲတစ်မျိုး ရှိတတ်သည်ကို သူ မသိကျိုးကျွင် ပြုထား၍သာ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



လူပျို အပျိုတို့ အိမ်ထောင်ပြုသည်မှာ လွယ်သည်။ အခက်အခဲ ရှိကောင်းမည်ဖြစ်သော်လည်း ဘာပဲပြောပြော တစ်ခုလပ်၊ မုတ်ဆိုးမ စသည်တို့ အိမ်ထောင်ပြုရသည်ထက်တော့ များစွာလွယ်ကူမည်။ သန့်တို့လို အိမ်ထောင်ပျက်များအဖို့ မလွယ်ကူ။ အဘက်ဘက်မှ ပြဿနာ တစ်ရပ်မဟုတ် တစ်ရပ် ပေါ်ပေါက်လာတတ်မြဲပင်။ ထို့ကြောင့်လည်း လူတို့ တစ်လင်တစ်မယားစနစ်ကို နှစ်သက်ကြခြင်း ဖြစ်မည်ထင်ပါသည်။ တစ်လင်တစ်မယား တစ်မိသားစုဆိုတော့ သည်းခံခွင့်လွှတ်နိုင်စွမ်း ရှိကြမည်။ အပြစ်ကို အချစ်နှင့် ထေနိုင်စွမ်းရှိမည်။ အိမ်ထောင်တစ်ခု တည်မြဲရေးဆိုသည်မှာလည်း အကောင်းများဖြင့်ချည်း စုပေါင်းထားခြင်းမဟုတ်၊ အဆိုးတို့လည်းရှိမည်။ ထိုအဆိုးကို နားလည်ခွင့်လွှတ်မှုဖြင့် ဖြေဖျောက်နိုင်ပါမှ ဖြစ်ပါလိမ့်မည်။

သို့ပေမယ့် သန့်သိပါသည်။

ကိုဝေလင်းအား ငြင်းမယ့်သာ ငြင်းခဲ့ရသည်၊ စဉ်းစားဖို့ ပြောမယ့်သာ ပြောရသည်။ သန့်ကိုယ်၌က သူ၏ လက်ကမ်းလာမှုကို ဝမ်းမသာပဲ မနေနိုင်။ မနှစ်သိမ့်ပဲ မနေနိုင်။ ပထမအကြောင်းမှာ ကိုဝေလင်းအား သန့်သည် ယခုတိုင် ချစ်နေမိဆဲ ဖြစ်၍၊ ဒုတိယအကြောင်းမှာ ဘာပဲပြောပြော ပတ်ဝန်းကျင်ကို ရင်ဆိုင်ရာတွင် မိမိတို့၌ ယောကျ်ားတစ်ယောက် မားမားမတ်မတ် ရှေ့က ရှိနေဖို့ လိုအပ်သည်ဟု တွေးမိ၍။





ကလေးတွေ ငယ်စဉ်က ဆိုလျှင်တော့ အကြောင်းမဟုတ်။ ယခု ကလေးတွေက ကြီးလာကြပြီ။ ပတ်ဝန်းကျင်ထဲသို့ ပိုမိုဝင်ဆန့်လာကြပြီ။ သူတို့၏ အသိုင်းအဝန်းသည်လည်း ကြီးမားကျယ်ပြန့်လာသည်။ သို့နှင့်အမျှ မိခင်တစ်ယောက်တည်း အနေနှင့် တာဝန်ကြီးမားလာသည်များရှိသည်။ တစ်ခြား မကြည့်နှင့် ကလေးတွေ၏ ကျောင်းစရိတ်၊ စာအုပ်ဖိုးကအစ သန့်မှာ ပြဿနာဖြစ်ရသည်များ ရှိသည်။

ဘာပဲပြောပြော သန့်၏ ကလေးများသည် သူတို့နှင့် ထိုက်သင့်သလောက် အခွင့်အရေးမရခဲ့ကြ။ မုန့်ဖိုးကအစ ချွေတာရသည်များ ရှိသည်။ မိခင်မုဆိုးမ၏ သမီးများပီပီ သူတို့က နားလည်စွာ ခြိုးခြံကြသည်။ သို့သော် သန့်ဘက်က ကြည့်လျှင်တော့ သူတို့၏ နားလည် ခြိုးခြံမှုများသည်ပင် ကရုဏာသက်စရာ ကောင်းနေသည်။

နောက်သို့ ပြန်လှည့်ကြည့်လေတော့သည် သန့်တို့မှာ အထီးတည်းသာပင်။ သန့်တို့က ဆွေနှင့်မျိုးနှင့် ဆင်းရဲခဲ့ကြသည်။ ဖေဖေမေမေတို့ အနေနှင့်လည်း သန့်ကို အကူအညီ မပေးနိုင်။ တစ်ခါတရံ မိမိကလှမ်း၍ ထောက်ပံ့ရတတ်သေးသည်။

ဒေါ်ခင်တင့်နှင့် ပတ်သက်၍ကား သန့်၏စိတ်မှာ ရှင်းသည်။ သူစိမ်းတစ်ယောက်ကို ခြေသလုံးဖက်လျှင် ဖက်မည်။ ဒေါ်ခင်တင့်ထံတွင်မူ မည်သည့်အခါမျှ လက်ဖြန့်မတောင်းပ



www.burmeseclassic.com

www.burmeseclassic.com



သန့်ဖွာန်ချထားသည်။ ထို ဒေါ်ကပ်စီးကလည်း အလကား နေရင်းနှင့်ပင် သန့်က လက်ဖြန့်တောင်းလာမည်ကို စိုးရိမ်နေသူ ဖြစ်သည်။ သူက ငွေမှတစ်ပါး အခြားဘာကိုမျှ မခင်မင်။ သေလျှင်ပင် ငွေထုပ် ဖက်သေမည့် အစားမျိုး။

အချို့ကတော့ သန့်ကို မာနကြီးသည်ဟု ဆိုကြသည်။ သန့်က မာနကြီးခြင်းမဟုတ်။ မရနိုင်သောသူထံတွင် တောင်း၍လည်း အချည်းနှီးသာ ဖြစ်မည်ကို နားလည်မိသောကြောင့် ဖြစ်သည်။

လောလောဆယ် အနေနှင့်မူ သန့်၏ အခြေအနေမှာ အိန္ဒြေရနေသေးသည်။

ကိုမင်းမောင်သည် သန့်နှင့် လက်ထက်စဉ်က ဗိုလ်ကြီး ဘဝ။ မကြာမီ ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရသည်။ သူဆုံးပါးသောအခါ အသက်အာမခံ၊ ကရုဏာကြေး ထောက်ပံ့ကြေးများ ကျန်ခဲ့သည်။ သန့်အတွက်သာမက ကလေးများအတွက်လည်း ထိုက်သင့်သလောက် ထောက်ပံ့ကြေးရနေသည်။ သက်မာအတွက် ဆိုလျှင် စတိုင်ပင်ရှိသည်။

သို့တိုင်အောင် ဘဝကို သုညမှ ပြန်စခဲ့ရသော သန့်အဖို့ ယင်းဝင်ငွေဖြင့် ချည်း မလုံလောက်။ တစ်ခါတရံ အကွက်ကောင်းကလေးတွေ တွေ့ရလျှင် သန့်မှာ လက်မလွှတ်နိုင်ဘဲ အပိုဝင်ငွေ ရှာရသေးသည်။

သည်ကနေ့ ကုန်ဈေးနှုန်းတွေ၊ သည်ကနေ့ လူနေမှု





စနစ်တွေအကြားမှာ သန့်ဘယ်အချိန်အထိ တောင့်ခံနေနိုင်မည်ကိုမူ မတွက်နိုင်သေး။ သန့်အဖြစ်က ရှေ့ကို ကြီးပွားချမ်းသာဖို့ ဆိုသည်ထက် ယိုင်လဲမသွားအောင် တောင့်ခံနိုင်ရေးသည်ပင် အရေးကြီးဆုံး ဖြစ်နေသည်။

အိမ်ရှေ့မှာ ကျောင်းကြိုကား ဆိုက်လာသည်။

"သမီးတို့ ကျောင်းသွားတော့မယ် မေမေ"

ကလေးများက နှုတ်ဆက်စကား ဆိုသည်။

သန့်က ခေါင်းညိတ်ပြလိုက်သည်။

သမီးများ၏ နောက်ကျောကို ငူးစိုက်ကြည့်ကာ သန့်သက်ပြင်းကို ခပ်မြင်းမြင်း ရှိုက်လိုက်မိလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ဇသည်တစ်ခါမှာတော့ ကိုဝေလင်းက သန့်အား ရှာဖွေခဲ့ခြင်းမဟုတ်။ သန့်က ကိုဝေလင်းအား ရှာဖွေခဲ့ခြင်းဖြစ်သည်။

ဘာကြောင့်ရယ်တော့ မသိပါဘူး။ သည်ကနေ့ သန့်၏စိတ်များ ထွေပြားနေခဲ့သည်။ တစ်စုံတစ်ယောက်နှင့် စကားပြောချင်နေခဲ့သည်။ သန့်မှာ ထူးထူးထွေထွေ မိတ်ဆွေဟူ၍ မရှိခဲ့၍လည်း စကားပြောဖော် ရှာသောအခါ ကိုဝေလင်းကိုသာ သတိရသည်။ ပြီး သည်ကနေ့ မြို့ထဲသို့ ထွက်လာပြီးမှ မမျှော်လင့်ဘဲ အလုပ်ကိစ္စက စောစောစီးစီး ပြီးသွားသည်။ သန့်မှာ အားလပ်သွားသည်။

ကိုဝေလင်း၏ တည်းခိုအိမ်သို့ တယ်လီဖုန်းဆက်လိုက်သည်။ သူသည် အသင့်ရှိနေသည်။ သန့်က သူ့ကို လာခေါ်ဖို့ ချိန်းလိုက်သည်။ သူသည် သန့်အား ပန်းဆိုးတန်းထိပ်မှာ လာရောက်တွေ့ဆုံမည် ဖြစ်လေသည်။

သည်သို့ဖြင့် သန့်နှင့်ကိုဝေလင်းတို့ တွေ့ဆုံခဲ့ကြသည်။





"ကိုယ်မနက်စာ မစားရသေးဘူး သန့်၊ တစ်နေရာရာမှာ တစ်ခုခုသွားစားရအောင်"

သူက သန့်အား သီးသန့်ပျော်ပွဲစားရုံတစ်ခုသို့ ခေါ်သွားသည်။ အခန်းတစ်ခုတွင် နေရာယူကြသည်။

သန့်သည် နံနက်စာ စားပြီးခဲ့ပြီဖြစ်၍ ကိုဝေလင်း နံနက်စာ စားသည်ကို ဘေးမှ လိမ္မော်ရည် တစ်ပုလင်းဖြင့် စောင့်ကြည့်နေခဲ့သည်။

"အတော်ပဲသန့်၊ ကိုယ်လဲ သန့်နဲ့ တွေ့ချင်နေတာ"

ကိုဝေလင်းက ဆိုသည်။ သန့်အနေနှင့် ဘာမျှ ပြန်မပြောမီတွင်ပင် သူက စကားဆက်သည်။

"ဘာလိုလိုနဲ့ ကိုယ်ခွင့်ရက်လဲ စေ့ကာနီးပြီ။ ကိုယ် ရန်ကုန်က ပြန်ရကာနီးပြီ"

"ဟုတ်လား ရန်ကုန်ကို ပြောင်းလာဖို့ ကိစ္စကကော"

"ဒါလဲ ဖြစ်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် လောလောဆယ်တော့ ခွင့်ကုန်ရင် ပြန်ရဦးမယ် သန့်။ ဟိုကနေ အမိန့်ကို စောင့်ရမှာ"

သူပြန်တော့မည် ဆိုတော့လည်း လွမ်းစရာကြီးပါလား။ ဘာပဲပြောပြော သူရန်ကုန်မှာ ရှိနေသည်ဆိုခြင်းမှာ အဓိပ္ပာယ်များစွာရှိသည်။ သန့်တို့မှာ အဖော်ရသည်။ သူ့အနေနှင့်လည်း သန့်နှင့် နီးနေသည့်အတွက် စိတ်ဖြေရာ ရနိုင်လိမ့်မည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ပြန်သွားရမယ့် နေရာက အခုလောလောဆယ် မှာတော့ လွင်တီးခေါင်ပြင်ပဲသန့်။ ကိုယ်တို့က အဲဒီလွင်တီးခေါင်ပြင်မှာ သစ်ပင်တွေ စိုက်ပေးရမှာ။ လေးငါးနှစ်လောက် ကျရင်တော့ သစ်ပင်တွေနဲ့ စိမ်းစိမ်းစိုစို ရှိလာမှာပဲ။ သာသာယာယာ နေရာသာဆိုရင် သန့်တို့ကို အလည်ဖိတ်ပါရဲ့၊ အခု တော့ လိုက်လာရင်လည်း သန့်တို့ ပျင်းနေမှာမို့ မဖိတ်တော့ပါ ဘူး"

"ဒီလို နေရာမျိုးတွေမှာ သန့် နေဖူးပါတယ် ကိုဝေလင်း။ စစ်တပ်တွေ စတည်းချတဲ့နေရာဟာ တစ်ခါတစ်ခါမှာ အဲဒီလို လွင်တီးခေါင့်တွေ ဖြစ်နေတတ်ပါတယ်"

"ရန်ကုန်ကို ပြောင်းခွင့်မရရင်တော့ အလည်ခေါ်ရဦး မယ်။ မပျင်းပါဘူးလို့ ဆိုရင်ပေါ့လေ"

"သန့်လည်း အလည်လာနိုင်အောင် ကြိုးစားပါ့မယ် ကိုဝေလင်း"

ကိုဝေလင်းက အစားကို လက်စသတ်လိုက်သည်။ ထိုနောက် ပြောလက်စ စကားကို ဆက်သည်။

"ဒါကြောင့် သန့်ကို တွေ့ချင်နေတယ်လို့ ပြောတာ။ ကိုယ်ရန်ကုန်ကို ပြောင်းဖို့ မပြောင်းဖို့ဆိုတဲ့ ကိစ္စမှာ သန့်ဟာ အဓိကကျနေတယ်"

"ဘာဖြစ်လို့လဲ ဟင်"

"ဩော်...သန့်ရယ်၊ ပြောပါပကောလား ကိုယ်ဟာ





သန့်ကို မျှော်လင့်နေတယ်လို့၊ သန့်ရဲ့ အဖြေကို ကွဲကွဲပြားပြား ကြားချင်တယ်။ သန့်ရဲ့ အဖြေက အင်းဆိုရင် ကိုယ် ရန်ကုန်ကို ပြောင်းဖို့ပါပဲ။ ဟင့်အင်းဆိုရင်တော့ ကိုယ် တောခေါင်ခေါင်ဆီ ကိုပဲ ပြန်သွားရမှာ။ ကိုယ့်မှာ ရွေးချယ်စရာ လမ်းနှစ်လမ်း ဖြစ်နေတယ်လေ"

"ဘာလဲ ကိုဝေလင်း၊ သန့်က လက်ထက်မယ်ဆိုရင် ရန်ကုန်မှာနေမယ်။ နို့မဟုတ်ရင် တောကိုပဲ ပြန်သွားမယ် ဒီလိုလား"

"ဟုတ်တယ်။ ကိုယ်ဟာ အရှုံးသမားတစ်ယောက်ပါ သန့်။ ပထမအရှုံးပေးရတုန်းကလဲ ကိုယ်အဝေးကို ထွက်ပြေး ခဲ့တယ်။ ဒီတစ်ခါ ထပ်ရှုံးရအုံးမယ်ဆိုရင်လဲ ကိုယ်ဟာ အဝေးကို ပြေးဦးမှာပဲ"

သန့်သည် ကိုဝေလင်း၏ မျက်နှာကို ဂရုဏာသက်စွာ စူးစိုက်ကြည့်လိုက်မိသည်။ သူနှင့် မီးရထားပေါ်မှာ လွန်ခဲ့သည့် ဆယ်နှစ်က တွေ့ခဲ့ရသည့် အဖြစ်ကို အမှတ်ရမိသည်။

"သန့်ကတော့ ကိုဝေလင်း ဘယ်ကိုမှ မပြေးစေချင် ပါဘူး"

သန့်၏ စကားကြောင့် ကိုဝေလင်း၏ မျက်နှာသည် ရုတ်တရက် ဝင်းထိန်သွားသည်။

"ဘာရယ်သန့်။ ဒီလိုဆိုတော့...."

"ဘယ်ကိုမှ မပြေးစေချင်ဘူးဆိုတာဟာ သန့်က



www.burmeseclassic.com

www.burmeseclassic.com

လက်ထက်ပါမယ်လို့ ပြောတာ မဟုတ်ဘူးနော်။ ကိုဝေလင်းရဲ့ ဘဝကို လွင်တီးခေါင်ပြင်မှာသာ နှစ်မြှုပ် မထားစေချင်တဲ့ ဆန္ဒနဲ့ ပြောတာ"

ကိုဝေလင်း၏ မျက်နှာပေါ်မှ ဝမ်းသာခြင်း အရိပ်အရောင် ရုတ်ချည်းမှာပင် ပျောက်ကွယ်သွားသည်။ သူက သက်ပြင်း ရှိုက်လိုက်သည်။

"သန့်ရယ်.... ဘာဖြစ်လို့ ခေါင်းမာနေတာလဲ ဟင်"

"သန့် ခေါင်းမာတာမဟုတ်ဘူး ကိုဝေလင်း၊ သန့် ကိုယ်ချင်းစာစိတ်နဲ့ ပြောနေတာ။ ကိုဝေလင်းဘက်က အနစ်နာခံရမှာတွေများလွန်းလို့ ပြောနေတာ"

"နစ်နာပေစေပေါ့"

"သန့်ဟာ အပျိုမဟုတ်ဖူး"

"လာပြန်ပြီလား ဒီစကား"

"ကလေး လေးယောက်အမေ"

"သိပါတယ်"

"သန့်ကိုယူရင် ကိုဝေလင်းဟာ သန့်တစ်ယောက်တည်းကိုရမှာမဟုတ်ဘူး၊ ကလေးတွေကိုပါ ရလိမ့်မယ်"

"ကုသိုလ် ကောင်းတာပေါ့"

သန့်သည် လဲ့လဲ့ကလေးပြုံးရင်း ခေါင်းကို ရမ်းခါပြနေမိသည်။

"တစ်နေ့ကျရင် ကိုဝေလင်း နောင်တ ရနေလိမ့်မယ်"





"သန့်ရယ်.... ကိုယ်ဟာ သစ်ပင်စိုက်နေတဲ့လူပါ။ သစ်ပင်ဆိုတာမျိုးက ဒီကနေ့စိုက်၊ မနက်ဖြန် ကြီးလာတတ်တာမျိုး မဟုတ်ဘူး၊ သူကြီးပြင်းလာမယ့် အချိန်ကို စိတ်ရှည်ရှည်နဲ့ စောင့်ရတယ်။ သစ်ပင်စိုက်နေတဲ့ ကိုယ့်ဟာ စိတ်ရှည်ပါတယ်"

"အမေက ဘာပြောမလဲ ဟင်"

"ကိုယ့်အမေလား၊ အမေက သန့်ကို ရှေးမဆွကတည်းက ချစ်ခဲ့သူပါ"

"အခြေအနေက မတူတော့ဘူးမဟုတ်လား ကိုဝေလင်းရဲ့၊ ဟိုတုန်းက မယဉ်သန့်နဲ့ အခုမယဉ်သန့်က တူတော့တာမဟုတ်ဘူး"

"အမေ့ကို ခေါက်ထားလိုက်စမ်းပါ၊ ကိုယ် ခေါင်းနဲ့ တစ်ချက်ငုံ့လိုက်ရင် ဘာမဆို ဟန်ကျသွားမှာပါ"

သူ့စကားကြောင့် သန့်မှာ ရယ်ရသေးသည်။

"ကိုဝေလင်းလဲ ဒီဗန်းစကားကို သိပ်လျှာတွေ့နေတယ်ထင်တယ်"

"ရန်ကုန်ရောက်လာမှ တတ်လာတဲ့ ပညာတွေလေ။ ဟုတ်ပါတယ်သန့်၊ အမေ့အတွက် မပူပါနဲ့၊ ကိုယ်စည်းရုံးယူလို့ရပါတယ်။ အမေ့အတွက် ကိုယ့်တာဝန် ထားလိုက်ပါ"

"သန့်ဘက်ကလည်း အခက်အခဲတွေ ရှိနေသေးတယ်၊ သန့်ရဲ့ ကလေးတွေပေါ့"

"သူတို့ကိုလည်း တစ်ဖြည်းဖြည်း စည်းရုံးယူရမှာပါ"


www.burmeseclassic.com

www.burmeseclassic.com

သန့် ဘာပြောရမည် မသိတတ်တော့သလို ရှိနေသည်။ တွေဝေဝေ ဖြစ်သွားသည်။

ကိုဝေလင်းသည် စားပွဲပေါ်တွင် တင်ထားသော သန့်၏ လက်ဖမိုးကို အပေါ်မှ ဆုပ်ကိုင်လိုက်သည်။ ခပ်တင်းတင်း ကလေး ဖြစ်ညှစ်လိုက်သည်။ သန့် မရုန်းမိ။

"လောကမှာ မဖြစ်နိုင်တာရယ်လို့ မရှိပါဘူး သန့်ရယ် လွယ်တာနဲ့ ခက်တာပဲ ရှိတာပါ"

"သန့်တော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး ကိုဝေလင်းရယ်"

သန့်က ညည်းညူသလို ဆိုလိုက်သည်။

"ဟုတ်တယ်၊ သန့်အဖို့က သိပ်ကို အဆုံးဖြတ်ရ ခက်နေ တယ်။ ဟုတ်ကဲ့ ဆိုပြန်ရင်လဲ ကိုဝေလင်းအပေါ် သိပ်အခွင့် အရေးယူလွန်းရာ ကျနေမယ်၊ ဟင့်အင်းလို့ ငြင်းလိုက် ပြန်ရင် လဲ ကိုဝေလင်းကို ဒုတိယမ္ဘိ နှိပ်စက်သလို ဖြစ်နေမယ်။ သန့် ဘယ်လိုပြောရမယ်ဆိုတာ မသိတော့ဘူး ရှင်ရယ်"

ကိုဝေလင်းသည် သန့်၏ မျက်လုံးအိမ်ကို စူးစိုက်ကြည့် သည်။ သန့်ကလည်း သူ့မျက်ဝန်းကိုပင် စူးစိုက်ကြည့်နေလိုက် မိသည်။ သန့်၏ မျက်ဝန်းမှာ အလိုလိုနေရင်း မျက်ရည်ကြည် ဝဲလာရသလို ရှိသော်လည်း ကိုဝေလင်း၏ မျက်ဝန်းများမှာမူ ရွှန်းလက်နေလေသည်။

"သန့်ရယ်" ဆိုကာ သူသည် သန့်နှင့် အနီးကပ်ဆုံး





နေရာသို့ တိုးလိုက်သည်။ သန့်၏ ပုခုံးကို နှစ်သိမ့်မှုပေးသလို ဆုပ်ကိုင်လိုက်သည်။

"သန့် ကိုယ့်ကို ချစ်တယ်မဟုတ်လား ဟင်"

"ဒါကို ဘာဖြစ်လို့ မကြာခဏ မေးနေရတာလဲ ဟင်၊ သန့်ကို မယုံဘူးလား"

"ယုံပါတယ် သန့်ရယ်၊ မကြာခဏ မေးနေရတာက ပိုမိုခိုင်မာစေချင်တဲ့ သဘောပါ။ စဉ်းစားကြည့်စမ်း သန့်၊ ကိုယ် တို့ဟာ ချစ်ရက်နဲ့ ခွဲခဲ့ကြရတယ်။ ကိုယ်လဲ သူငယ်ချင်းတွေ ပြောတာ၊ နီနီလွင် ပြောတာတွေကြောင့် သန့်ဘာဖြစ်လို့ ကိုမင်းမောင်ကို လက်ထက်ခဲ့ရတယ်ဆိုတာ သိခဲ့ပါတယ်။ ကိုယ် နဲ့သန့်တို့ ကွဲကွာခဲ့ရခြင်းရဲ့ တရားခံကို ရှာနိုင်ခဲ့ပါတယ်၊ ဒါကြောင့် သန့်ကို ခွင့်လွှတ်နိုင်ခဲ့တာပဲ။ ချစ်ရက်နဲ့ ခွဲခဲ့ရတယ်၊ ချစ်ရက်နဲ့ဘဲ နာကျည်းကြေကွဲဖွယ်တွေ တွေ့ခဲ့ရတယ်။ ဒီအဖြစ် ကို ကိုယ်တို့ဒီထက်ပိုပြီး အဖြစ်ခံခဲ့ရင် ကိုယ်တို့မှာ သတ္တိမရှိရာ ရောက်မှာပဲ။ ဒါကြောင့် ဒီတစ်ခါမှာတော့ ရလာတဲ့ အခွင့်အရေး ကို ကိုယ်တို့ လက်လွှတ်မခံကြပါစို့နဲ့လား သန့်ရယ်"

"ခက်တာပဲ ကိုဝေလင်းနဲ့ ထပ်မတွေ့ခဲ့ရင် သိပ်ကောင်း မှာပဲ၊ ဒါဆိုရင် သန့်ရဲ့ ဘဝနဲ့ သန့်ရှိနေမှာ အမှန်ပဲ။ အခု ကိုဝေလင်းနဲ့ ထပ်တွေ့ရလို့ သန့်မှာ ပြဿနာဖြစ်ရပြီ"

"ဒီလို နောင်တရစကား မပြောစမ်းပါနဲ့ သန့်၊ နောင်တ တရား ရရမယ့် အချိန်လဲ မဟုတ်သေးပါဘူး၊ ကိုယ့်အဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သန့်က လွဲပြီး တစ်ခြားဘယ်သူ့ကိုမှ မချစ်နိုင်ခဲ့ဘူး၊ ချစ်လည်း မချစ်ခဲ့ဘူး၊ သန့်မှသန့် ဖြစ်နေခဲ့တယ်၊ သန့်ကိုသာ လက်ထပ်ချင်ခဲ့တယ်။ ချစ်တယ်ဆိုတာထက် ကိုယ် သန့်ကို မြတ်နိုးနေတာပါ သန့်ရယ်။ သန့်ကတော့ မသိဘူး၊ ကိုယ်တို့ ပဲခူးဘုရားသွားဖူးတဲ့ နေ့တုန်းက အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပျက်ခဲ့တယ်။ ကိုယ်တို့တစ်တွေ ရွှေမော်ဓောဘုရားက ဆင်းပြီး ဟင်္သာကုန်းဘက်ကိုလာတော့ သီလရှင်တွေကို သန့်အလှူငွေ လိုက်ထည့်တယ် မဟုတ်လား။ အဲဒီတုန်းက သန့်နောက်က ကိုယ်လိုက်ခဲ့တယ်၊ ကလေးတွေကလဲ မလှမ်းမကမ်းမှာ ပါလာတယ်။ သီလရှင်ကြီး တစ်ပါးက သန့်နဲ့ကိုယ့်ကို မအေနဲ့ဖအေ ကလေးတွေကို ကိုယ်တို့ ကလေးတွေလို့ ထင်ပုံရတယ်။ 'ဒီလင် ဒီမယား၊ ဒီသား ဒီသမီးတွေနဲ့ အိုအောင်မင်းအောင် ပေါင်းရစေ' ဆိုပြီး ဆုပေးခဲ့တယ်။ အဲဒီတုန်းက ကိုယ့်ရင်ထဲမှာ တလှပ်လှပ် ဖြစ်ခဲ့ရတယ်၊ ကြက်သီးမွေးညှင်း ထခဲ့ရတယ် ကိုယ့်မှာ အဲဒီဆုတောင်းအတိုင်း ဖြစ်ချင်လှပါတယ် သန့်။

"တကယ်လို့ သန့်နဲ့ ကိုယ်တို့သာ တစ်ခြားအနှောင့်အယှက် မရှိခဲ့ရင် အဲဒီနေ့က အခြေအနေအတိုင်း သားသမီး သိုက်သိုက်ဝန်းဝန်းနဲ့ ရှိနေမှာပဲလို့ တွေးမိတယ်။ ကံမကောင်း အကြောင်းမလှလို့ စိတ်ထင်တိုင်း ဖြစ်မလာပေမယ့် ဘဝက ပေးလာတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး ကိုယ့်ဘဝကို ဖန်တီးသွားဖို့ အဲဒီနေ့က ကိုယ် စိတ်ဆုံးဖြတ်လိုက်တယ်။ သန့်





ကိုချစ်ရင် သန့်ရဲ့ ကလေးတွေကိုလဲ ကိုယ်ချစ်ရမှာပေါ့၊ သန့်ကို မြတ်နိုးသလို သန့်ရဲ့မိသားစုကိုလဲ မြတ်နိုးရမှာပေါ့။ ကိုယ် ဒီလို သန္နိဋ္ဌာန်ချပြီး လက်ထပ်ပါလို့ ဖွင့်ပြောခဲ့တာပါ သန့်ရယ်"

သန့်သည် သူ့စကားကို နားထောင်ရင်း ရင်ထဲမှာ လှုပ်ရှားလာရသည်။ သူ၏ စေတနာကိုလည်း နားလည်ရသည်။ သူ၏ မေတ္တာတရား အပေါ်တွင်လည်း အလေးအနက် ထားလာမိသည်။

သန့်သည် ကိုဝေလင်း၏ လက်ကို ပြန်လည် ဆုပ်ကိုင်လိုက်မိသည်။

"သန့်နားလည်ပါပြီကိုဝေလင်း။ ဒီလောက်ဆိုရင် သန့် ကိုဝေလင်းရဲ့ ဆန္ဒကို ရိပ်စားနိုင်ပါပြီ။ ကိုဝေလင်းအနေနဲ့ အတန်တန် စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တယ်ဆိုတာလဲ သန့်သဘော ပေါက်ပါပြီ။ သန့်ဘက်ကသာ စဉ်းစားဖို့ လိုတော့တာပေါ့နော်။ သန့်ကို စဉ်းစား ဆုံးဖြတ်ဖို့ အချိန်တော့ ပေးပါဦး ကိုဝေလင်းရယ်။ မိန်းမတစ်ယောက်အနေနဲ့၊ အထူးသဖြင့် မုဆိုးမ တစ်ယောက်အနေနဲ့ လက်ထပ်ဖို့ဆိုတာကို အရင်စလို မဆုံးဖြတ်နိုင်တာ ခွင့်လွှတ်ပါ။ သန့်မှာကလဲ သန့်အတိုင်းအတာနဲ့ သန့် စဉ်းစား ဆုံးဖြတ်စရာတွေ ရှိနေပါသေးတယ်"

"သန့်ရဲ့အဖြေကို ကိုယ်ဘယ်အချိန်အထိ စောင့်နားထောင်ရမှာလဲဟင်။ ကိုယ့်မှာ အချိန်များများ မကျန်တော့ဘူးဆိုတာလဲ သန့် အသိပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မကြာစေရပါဘူး ကိုဝေလင်း၊ တစ်ပတ်ပါ။ သန့်ကို တစ်ပတ်ပဲ အချိန်ပေးပါ"

"ကောင်းပါပြီ သန့်၊ နိဂုံးချုပ်အဖြေဟာ ကိုယ့်အတွက် ဝမ်းသာစရာ အဖြေဖြစ်ပါစေလို့ ဆုတောင်းနေပါ့မယ် သန့်ရယ်"

သည်သို့ဖြင့် သန့်သည် ကိုဝေလင်းနှင့် ခွဲခွာလာခဲ့သည်။ အိမ်သို့ပြန်ခဲ့သည်။

တစ်နေ့လုံးလိုလို ကိုဝေလင်း၏ စကားများကို သန့်နားမှာ ကြားနေသည်။ ကိုဝေလင်း၏ မျက်နှာကို မြင်ယောင်နေမိသည်။

သန့် စဉ်းစားကြည့်ပါသည်။

ကိုဝေလင်းနှင့် လက်ထပ်လိုက်ပြီဆိုပါစို့။ သန့်၏ အထီးကျန်ဆန်သော ဘဝသည် သာယာစိုပြေမှု ရှိလာနိုင်သည် သန့်တွင် အဖော်သဟဲနှင့် မှီခိုအားထားရာ ရလာနိုင်သည် နောက်တစ်ကြောင်းမှာ မိမိအား သည်ကလေးတွေက ဘယ် အရွယ်အထိ ခိုမှီတွယ်တာ နေမည်နည်း။

တစ်နေ့မဟုတ်တစ်နေ့ သူတို့သည် မိခင်ဆိုသည်ထက် ချစ်ရသူကို ရွေးချယ်ကြပေလိမ့်မည်။ သန့်၏ရင်ခွင်မှ ထွက်ခွာ သွားကြလိမ့်မည်။ ဤသည်ကလည်း ဓမ္မတာပေပဲ မဟုတ်လား သန့်အနေနှင့် ကြက်သားအုပ်မကြီးလို တားဆီးနေ၍လည်း ရမည်မဟုတ်။ ထိုအခါမျိုးတွင် သန့်၏ဘဝသည် အထီးကျန်ခဲ့လျက် ကျန်ရစ်ခဲ့ရမည်။





သို့သော် အချိုရှာရာမှ သကာနှင့်မတွေ့ရဘဲ တမာနှင့် တွေ့ရမည့် အဖြစ်များကိုလည်း သန့် စဉ်းစားမိပါသည်။ တ်ကူးအတိုင်း၊ အထင်အတိုင်း ဖြစ်မလာနိုင်သည့် ကိစ္စရပ်များ လောက၌ ပေါ်များလှသည်ကို သန့် တွေးမိပါသည်။ ပြီး သန့်မှာ ာ စိတ်ထင်တိုင်းမပေါက်၊ အနှောင်အဖွဲ့တွေ ရှိသေးသည်။ အဆွယ်အပွားတွေ ရှိသေးသည်။

သန့်အနေနှင့် ကိုဝေလင်းထံတွင် ခုနစ်ရက်မျှ အချိန် တောင်းခဲ့လင့်ကစား ထိုအကြောင်းကို ထိုနေ့ည ထမင်းဝိုင်းမှာ င် ကလေးများနှင့် ဆွေးနွေးမိသည်။

သန့်တို့၏ မိသားစုထမင်းဝိုင်းသည် အစဉ် သိုက်သိုက် က်မြိုက် ရှိတတ်သည်။ အရွယ်ရောက်နေကြပြီဖြစ်၍ ကလေး ားက အစားသန်ကြသည်။ မိန်းကလေးများ ဖြစ်ကြ၍လည်း ဉ်ချဉ် ငံငံ စပ်စပ် အစားအစာများကို နှစ်ခြိုက်လေ့ ရှိကြ ည်။

သည်ကနေ့ ငါးဖယ်သုပ်နှင့် ပိန်းရိုးဟင်းခါး ချက် သည်။ ငါးဖယ်သုပ်က ချဉ်ချဉ် ငံငံ စပ်စပ်။ ပိန်းရိုးဟင်းခါးက နွေးနွေးနှင့် ပြုတ်ကောင်းများများ ခတ်ထားသည်။ ထို့ကြောင့် ည်း အားလုံး တရှုးရှုး တရှဲရှဲ ဖြစ်နေကြသည်။ မျက်နှာတွင် ျွေးပြန်နေသည်။ နှာရည်တရွှဲရွှဲ မျက်ရည်တဝဲဝဲ ဖြစ်နေသည်။

သည်အချိန်တွင် သန့်က စကားစလိုက်မိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ကို မေမေ ပြောစရာ ရှိတယ်"

အမှန်တော့လည်း သန့်အနေနှင့် သည်စကားမျိုးကို သည်အချိန်မှာ ပြောဖို့ မသင့်သည် သင့်သည်ကို မချိန်ဆမိပဲ ပြောလိုက်မိခြင်း ဖြစ်သည်။

ကလေးများက "ဘာလဲ မေမေ" ဆိုကာ သန့်၏စကားကို စိတ်စောဟန် ပြကြသည်။

သန့်သည် စကားကို ရုတ်တရက် မပြောဖြစ်သေး။ ပြောရမည်ကိုလည်း မဝံ့မရဲရှိရသလို ဖြစ်နေသည်။

"ဘာပြောမှာလဲ မေမေ၊ ပြောလေ"

သီဂီက ဟင်းချိုရည်ဇွန်းကို ခပ်မည်ပြုပြီးကာမှ ပြန်ချထားလိုက်ပြီး မေးသည်။

"ကိုဝေလင်း ရှိတယ် မဟုတ်လား"

"အင်း"

"ကိုဝေလင်းက ဒီကနေ့ မေမေ့ကို စကားတစ်ခွန်း ပြောခဲ့တယ်"

"သူ ဘာပြောသလဲ မေမေ"

"သူက မေမေ့ကို လက်ထပ်ချင်သတဲ့"

"ဟင်"

သန့်၏စကားသည် ကလေးများကို တုန်လှုပ်သွားစေသည်။ စောစောက ဆူညံနေခဲ့သော ထမင်းစားပွဲမှာ အပ်ကျသံကို ကြားရလောက်အောင် တိတ်ဆိတ်သွားသည်။





ကလေးတို့အနက် သက်မာ တစ်ယောက်သာလျှင် ထူးခြားလှသလိုရှိနေသည်။ မျှော်လင့်ထားသော စကားကို ကြားလိုက်ရသလို မည်သို့သော အံ့အားသင့်မှုမှ မပြဘဲ အစားကို ဆက်၍ စားနေသည်။

အခြားသူတို့ကား မမျှော်လင့် မထင်မှတ်သော စကားကို ကြားလိုက်ရသလို အံ့အားသင့်သွားကြသည်။ ငြိမ်သက်သွားကြသည်။ တိတ်ဆိတ်သွားကြသည်။

တူးမာသည် စိတ်ဝင်စားဟန်ပြလျက် သန့်၏ မျက်နှာကို လှမ်းကြည့်နေသည်။ သီတာက ခေါင်းငိုက်စိုက်ချထားကာ ထမင်းကို အမိပွါယ်မဲ့ နယ်လျက်ရှိသည်။ သီဂီကတော့ သိပ် ားလည်းပုံမရ။ သို့သော် အစ်မများ၏ အမူအယာကို ကြည့်ကာ ငှိုင်ငိုင်ကလေး ဖြစ်သွားလေသည်။

သန့်က စကားဆက်ရသည်။

"အမှန်ကတော့ ဒီကိစ္စဟာ မေမေနဲ့ အဓိက ပတ်သက်တဲ့ ကိစ္စပါ။ မေမေ့ကိစ္စပါ။ ဒါပေမယ့် သမီးတို့နဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေလိမ့်မယ်ထင်လို့ မေမေ ဖွင့်ပြောတာပဲ"

"သမီးတို့နဲ့ ဘယ်လိုပတ်သက်လို့လဲ မေမေ"

တူးမာက မေးသည်။

"ဒီလိုရှိတယ်လေ။ အမေနဲ့ သမီးဆိုပြီး မေမေနဲ့ သမီးတို့အကြားမှာ ခွဲခြားမှုမရှိခဲ့ဘူးဆိုတာ သိတဲ့အတိုင်းပဲ။ မိသားစု



www.burmeseclassic.com

www.burmeseclassic.com

တစ်စုဆိုတာ တကယ်တမ်း တွက်ခဲ့ရင်လဲ မိတ်ဆွေတွေပဲ။ မိသားစု တစ်ခုထဲက တစ်ယောက်ယောက်နဲ့ ပတ်သက်တဲ့ ကိစ္စဟာ အားလုံးနဲ့ ပတ်သက်တာပဲ။ တစ်ယောက်ရဲ့ ပြဿနာဟာ အားလုံးရဲ့ ပြဿနာပဲ"

သည်တွင် သက်မာက ကြားဝင်မေးလာသည်။

"နေပါဦး ဒေါ်လေး၊ ကိုဝေလင်းက လက်ထပ်ချင်တယ်ဆိုတာနဲ့ ပတ်သက်လို့ ဒေါ်လေးမှာက ပြဿနာ ဖြစ်နေပြီလား။ ဘယ်လိုပြဿနာလဲ ဟင်"

"ပြဿနာဆိုတာက ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ စကားအဖြစ်ပြောတာပါ။ သူက ကိုယ့်ကို လက်ထပ်ချင်တယ်။ ဒီအကြောင်းကို ဝိုင်းပြီး ဆွေးနွေးရအောင် ပြန်ပြောပြတာပါ"

"အဲဒီလို ဝေ့မပြစ်လိုက်စမ်းပါနဲ့ ဒေါ်လေး၊ သက်မာမေးတာကို တိတိကျကျ ဖြေစမ်းပါ။ ကိုဝေလင်းက လက်ထပ်ချင်တယ်လို့ တောင်းဆိုလာတယ်။ သူ့ဟာသူ တောင်းဆိုနေရုံနဲ့ ဘာပြဿနာမှ မဖြစ်နိုင်ပါဘူး။ ဒေါ်လေးဘက်က သူ့ကို ငြင်းပယ်လိုက်တယ်ဆိုရင်လဲ ဒီပြဿနာဟာ သက်မာတို့ဆီကို ကူးစက်မလာနိုင်ပါဘူး။ အဲ ဒေါ်လေးက သူ့တောင်းဆိုချက်ကို လက်ခံချင်တယ်ဆိုရင်တော့ သက်မာတို့ ဝိုင်းပြီး စဉ်းစားကြရတော့မှာပေါ့၊ ဒီလို ဆိုမှလဲ သက်မာတို့နဲ့ ပတ်သက်လာမှာပေါ့"

သက်မာသည် တကယ့်မိန်းမကြီးတစ်ယောက်နှယ်





အိန္ဒြေရရ ပြောလိုက်ခြင်းဖြစ်သည်။ သန့်သည် သက်မာ၏ အမူအယာကိုကြည့်ကာ ရင်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်လာသည်။

"ကိုယ့်အနေနဲ့ သူ့တောင်းဆိုချက်ကို လက်မခံသေးပါဘူး၊ အဖြစ်ကိုသာ ပြောပြတာပါ"

"လက်မခံသေးဘူးဆိုတော့၊ လက်ခံချင် ခံမယ်ဆိုပါတော့"

"အဲဒါကို စဉ်းစားနေတာပဲ"

စကားဝိုင်းမှာ တင်းမာသလို ဖြစ်လာသည်။ အခြားသူများကြား မဝင်သာပဲ သန့်နှင့် သက်မာသာ စကားရှည် လုသလို ဖြစ်နေသည်။

သီတာသည် စားလက်စ ပန်းကန်ကို ဆွဲယူကာ ထမင်းဝိုင်းမှ ထသွားသည်။ စကားများကို ကြားချင်ပုံမရတော့။ တူးမာကတော့ စိတ်ဝင်စားစွာ နားထောင်နေဆဲ။ သီဂီသည် မအေကိုတစ်လှည့်၊ အစ်မကိုတစ်လှည့် ကြည့်နေသည်။

သက်မာသည် ပြုံးလိုက်သည်။ သို့သော် ယင်းအပြုံးမှာ အပြုံးမမည်။ မဲ့လိုက်သလို ဖြစ်သွားကြောင်း သန့် သတိပြုမိသည်။

သက်မာက တကိုယ်တည်းပြောသလို ပြောလိုက်သည်။

"ထင်ပါတယ်လေ၊ တစ်နေ့မဟုတ် တစ်နေ့ ဒါမျိုးတွေဖြစ်လာမယ်ဆိုတာ။ ဒီအိမ်မှာ ဒီလူ စက်ကျနေကတည်းက ရိပ်မိပါတယ်။ ရွှေစွန်ညို ဘာကိုလိုလို့ ဝဲတယ်၊ မယွေးလိုလို့ ဝဲပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာလိုပေါ့ မဟုတ်လား၊ ဒေါ်လေး"

သက်မာ၏ အသွင်အပြင်ကလည်း လှောင်နေသလို ရှိသည်။ သရော်သလို ခပ်ဟက်ဟက်ကလေး ရယ်လိုက်သေးသည်။

"သက်မာ"

"ဟင်"

"မင်း ကိုယ့်ကို လှောင်နေတာတော့ မဟုတ်ပါဘူးနော်"

သန့်သည် သက်မာ၏ အမူအယာကို မနှစ်ခြိုက်မိသလို မေးလိုက်မိသည်။

"အို သက်မာ မလှောင်ရပါလားဒေါ်လေး၊ သက်မာကလဲအဖြစ်ကို ပြောပြနေတာပါ။ လှောင်သလို ဖြစ်နေရင်လဲ ခွင့်လွှတ်ပါ"

"လှောင်နေတာ မဟုတ်ဘူးဆိုရင်တော့ ဝမ်းသာပါတယ်။ ကိုယ်ပြောနေတာဟာ လှောင်ဖို့လဲမလိုဘူးထင်ပါတယ်။ ကိုယ်တို့အားလုံးဟာ ဒီအတွက် စဉ်းစားရမှာပဲ။ ကိုယ်တို့ဘဝ ကိုယ်တို့ ဘဝအခြေနဲ့ လူတစ်ယောက်ကို အားကိုးမှု ယူထိုက် မယူထိုက် တွေးရမှာပဲ"

"ဘာလဲ ဟင်၊ လူတစ်ယောက်ကို အားကိုးမှုဆိုတာ"

"အစစ အရာရာပဲပေါ့၊ မိန်းမသားတွေချည်း လူ့လောကထဲမှာ ရပ်တည်ဖို့ဆိုတာ တကယ်တော့ မလွယ်ပါဘူး"

"သက်မာတို့ မိန်းမသားတွေချည်း နေလာကြတာ ကြာပါပြီ"

"ဒါက ကိုယ်တို့မှာ ပြဿနာ ကြီးကြီးကျယ်ကျယ်ဆိုလို့ ဘာမှ မပေါ်ခဲ့သေးလို့ပါ။ ထားပါ။ ဒါကို။ နောက်တစ်ခုက ငွေရေးကြေးရေးကိစ္စ"

"ဖေဖေဟာ သက်မာတို့အတွက် လုံလုံလောက်လောက် ထားခဲ့ရှာပါတယ်။ အခုလဲ အားလုံးဟာ ကိုယ့်စရိတ်နဲ့ကိုယ် နေနေကြတာပဲ။ သင်္ဂိကနေ သက်မာအထိ စားစရိတ်၊ ကျောင်းစရိတ် ရနေခဲ့တာပဲ"

"ဒီကနေ့ခေတ်မှာ ဒါနဲ့ချည်း လုံလောက်မယ် ထင်သလား သက်မာ။ ငွေအတွက် ကိုယ် ဘယ်အထိ ဖန်ဖန်တီးတီး လုပ်နေရတယ်ဆိုတာ အားလုံးအနက် အသက်အကြီးဆုံးဖြစ်တဲ့ မင်းသိဖို့ကောင်းတယ်။ မင်းရဲ့ စာအုပ် တစ်အုပ်ဘိုးဟာ တစ်ခါတစ်လေ မင်းရတဲ့ စတိုင်ပင်ထက် များသေးတယ် သက်မာ"

"ငွေအတွက်ဆိုရင်၊ ဖေဖေထားခဲ့တာတွေနဲ့ မလောက်ဘူးဆိုရင်၊ သက်မာအတွက် အကုန်အကျ သိပ်များနေရင် သက်မာ ကျောင်းထွက်လိုက်လို့ ရပါတယ်။ ဒီပညာနဲ့ အောက်တန်းစာရေး လစာလောက်တော့ ရှာပေးနိုင်ပါတယ်"

"ကိုယ် ဆိုလိုတာက အဲဒီလို အိန္ဒြေမပျက်ပဲ ဘဝကို ရပ်တည်သွားရအောင်ပါ"

သက်မာသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ စိတ်ဆိုး မာန်ဆိုးဖြင့် ထရပ်လိုက်ခြင်းဖြစ်သည်။

Royal Snow Publications

Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ ဒေါ်လေးရယ်၊ သက်မာ သိပါတယ်။ ဒေါ်လေးမှာ ဆင်ခြေပေးစရာတွေ ဒီလောက်များနေကတည်းက၊ ဒေါ်လေးဟာ ကိုဝေလင်းဘက် ပါနေပါပြီ၊ သူ့ဘက်ကို ယိုင်နေပါပြီ"

သန့်သည် စိတ်ညစ်လာသည်။ ရင်ထဲမှာ တင်းကြပ်လာရသလိုရှိသည်။ အဘယ်ကြောင့် သည်စကားကို စမိပါလိမ့်၊ အစ ကတည်းက မပြောဘဲနေခဲ့လျှင် အကောင်းလေသား စသည်ဖြင့် တွေးနေမိသည်။

"ဒီလောက် တင်းတင်းမာမာ ပြောစရာမလိုပါဘူး သက်မာ။ ကိုယ့်ဘက်က ဘာမှ မလွန်သေးပါဘူး။ သူ့ဘက်ပါရအောင်က ကိုယ့်မှာ ခြေလွန်လက်လွန် ဘာမှ မဖြစ်ခဲ့သေးပါဘူး။ မင်း ကိုယ်ပေးတဲ့ အခွင့်အရေးကို စော်ကားတာပဲ။ စဉ်းစားဆွေးနွေးဖို့ ပြောပြတာကို မင်း တင်းမာအောင် ဘာလို့ လုပ်ချင်ရတာလဲ"

"သက်မာကလဲ စဉ်းစား တွေးတောပြီးတော့ ပြောတာပဲ။ ယောကျ်ားရယ်လို့ အားကိုးမရှိတာနဲ့၊ ငွေကြေးကိစ္စနဲ့ ကြောင့်ချည်း ယောကျ်ားတစ်ယောက်ကို လက်ထပ်ရတဲ့ အဖြစ်တော့ မဖြစ်စေချင်လို့ ပြောနေတာပဲ"

သန့်အနေနှင့် ဘာမျှ ပြန်မပြောနိုင်မီမှာပင် သက်မာသည် ထမင်းစားပွဲမှ ထသွားသည်။ မီးဖိုခန်းသို့ ဝင်သွားသည်။

သန့်သည် မိမိအား ငေးကြည့်နေသည့် တူးမာကို လှမ်းမေးလိုက်သည်။

Royal Snow
Publications

"တူးမာ၊ သမီးမှာကော ဘာပြောစရာ ရှိသေးသလဲ ဟင်"

တူးမာသည် ခေါင်းကို ရမ်းခါပြသည်။

"သမီး ဘာမှ မပြောတတ်ဘူး မေမေ။ သမီးဘာမှ ပြောစရာ မရှိဘူး"

သန့်သည် အစားကို လက်စသတ်လိုက်သည်။ စောစောက ထမင်းမြိန်သလို ရှိနေခဲ့သော်လည်း သည်အကြောင်း စမိကတည်းက ထမင်းစား၍ မရတော့။ ထမင်းဝိုင်းတွင် သည်စကားမျိုးပြောမိခြင်းမှာ မှားသည်ဟု သန့် သဘောပေါက်လာသည်။ စင်စစ် သည်စကားမျိုးကို ပြောရန် အကောင်းဆုံး အချိန်မှာ အေးအေးဆေးဆေး နားနားနေနေ အချိန်မျိုးသာ ဖြစ်သည်။ သို့သော် သည်စကား စမိရုံနှင့် သည်မျှ တင်းမာလာလိမ့်မည်ဟူ၍ သန့် မျှော်လင့်မထားမိ။ ယခုမူ သန့်မှာ နောင်တရနေသည်။ စိတ်မှာ ဝမ်းနည်းကြေကွဲရသလို ဖြစ်လာသည်။ အခြေအနေမှာ ထင်သလောက် မလွယ်ပါကလား တွေးမိသည်။

သန့်မှသာမဟုတ်။ ကလေးတွေအဖို့လည်း သည်ကနေ့ ကြားရသောစကားသည် သတင်းကောင်းမဟုတ်ပေ။ သတင်းဆိုးဖြစ်သည်။

သက်မာ မီးဖိုခန်းသို့ ဝင်လာသောအခါ သီတာကို မီးဖိုခန်းတံခါးပေါက်ဝမှာ တွေ့ရသည်။ သီတာသည် ရှိုက်လျက်ရှိလေသည်။

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com

"သီတာ ညီမ၊ ညည်း ငိုနေတယ်လား"

သက်မာက သီတာ့ပုခုံးကို အားပေးသလို ဆုပ်ကိုင်ကာ မေးလိုက်သည်။ သီတာသည် မေးကာမှ ပို၍ ဝမ်းနည်းသွား သလို ရှိုက်လိုက်သည်။

စင်စစ် သီတာ့အနေနှင့် စကားအလုံးစုံကို မကြားခဲ့ရ နားစွန်နားဖျားသာ ကြားခဲ့ရသည်။ ထို့ကြောင့်လည်း မေမေ သည် ကိုဝေလင်းအား လက်ထပ်တော့မည်ဟု တထစ်ချ ယုံကြည်ထားလိုက်မိသည်။

ဘာရယ်ကြောင့်တော့ မသိပါဘူး။ စိတ်ထဲမှာ ဝမ်းနည်း လာသလိုရှိသည်။ ရင်ထဲမှာ ဟာသွားသလို ခံစားရသည်။ ထို့ကြောင့် ငိုမိခြင်းပါပဲ။

"ငိုမနေနဲ့ သီတာ။ အခုဟာက ငိုစရာမဟုတ်ဘူး။ နောက်မှ ဒီထက် ငိုစရာတွေ တွေ့ရလိမ့်ဦးမယ် သိလား"

သက်မာ၏ နှစ်သိမ့်စကားကလည်း သီတာအ ဖြေသိမ့်စရာ မဟုတ်ခဲ့။

မကြာမီ တူးမာနှင့်သီဂီလည်း မီးဖိုခန်းသို့ ဝင်လာ သည်။ ညီအစ်မတွေ အခါတိုင်းလို မပြုံးနိုင်ကြ။ အလုပ် တက်ညီလက်ညီ မလုပ်နိုင်ကြ။

"မင်းတို့ သိပြီးပြီးလားတော့ မသိဘူး။ ကိုယ်တော့ ကြီးကြီးမေဆီက တစ်ဆင့် ကြားပြီးပြီ။ တကယ်တော့ ဖေဖေ ဒေါ်လေးက ချစ်လို့ ယူခဲ့ရတာ မဟုတ်ဘူးတဲ့။ သူ့ချစ်သူ





ကိုဝေလင်းတဲ့။ ဒါကြောင့် သူတို့ချင်း ပြန်ဆုံကြတာကို ကိုယ်တော့ နမိတ်ကောင်းလို့ မယူဆမိဘူး"

သက်မာပေးသော သတင်းသည်လည်း မင်္ဂလာသတင်း မဟုတ်ခဲ့ပြန်ချေ။

အမှန်တော့ သန့်တို့မိသားစုကလေးမှာ ကိုဝေလင်း ဝင်ရောက်မလာမီအချိန်အထိ ငြိမ်သက်နေခဲ့သည်။ ကြည်လင် နေခဲ့သည်။ ကန်ရေပြင်၏ မျက်နှာပြင်လို ကြည်လင် ငြိမ်သက် ခဲ့ခြင်းဖြစ်သည်။

ကန်ရေပြင်၏ မျက်နှာပြင်ပေါ်သို့ ခဲငယ်တစ်လုံး ကျခဲ့ လျှင် ဂယက်ပွက်မည်၊ လှိုင်းထမည်။ ထိုခဲငယ်သည် အဘယ် မျှ သေးငွေးသည် ဆိုသော်လည်း သူ၏ ဂယက်လှိုင်းက ကန် ၏ မျက်နှာပြင်ကျယ်အမျှ ကြီးမား ကျယ်ပြန့်မည်။

ယခုလည်း သန့်တို့၏ မိသားစု ကန်ရေပြင်သို့ ကိုဝေလင်းတည်းဟူသော ခဲငယ် ကျခဲ့ချေပြီ။

ဂယက်လည်း ပွက်ခဲ့ပါပြီ၊ လှိုင်းလည်း ထခဲ့ပါပြီ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# ၁၀

မသိကျိုးကျွံ ပြုခြင်းမဟုတ်။ တကယ် မသိခဲ့ခြင်းသာ ဖြစ်သည်။

ကိုဝေလင်းသည် မိမိအား သန့်၏ကလေးများက ဆန့် ကျင်နေကြပြီဆိုခြင်းကို တကယ်ပဲ မသိခဲ့။ တကယ်ပဲ ရိပ်စား မိခြင်း မရှိခဲ့။

သည်တစ်ခေါက် သူ သန့်တို့အိမ်သို့ လာသောအခါ ကလေးများသည် အလျှိုအလျှို အိမ်အတွင်းခန်းဆီသို့ ဝင်သွား ကြသည်။ အခါတိုင်းကလို ပြုံးပြုံးငှာငှာ ဆီးကြိုကြခြင်းမရှိ ပြုံးပြုံးရယ်ရယ် နှုတ်ဆက်ခြင်း မရှိခဲ့။ သန့်တစ်ယောက် မှတစ်ပါး အခြားသူနှင့် စကားပြောခွင့် မကြုံခဲ့။

ဤသည်ကို သူ သတိမထားမိ။ အမှတ်တမဲ့ပင်။

သန့်ကလည်း သူ့အား နှစ်သိမ့်ခဲ့သည် မဟုတ်လား။

“သူတို့ လပတ်စာမေးပွဲတွေ ရှိနေလို့ စာကြည့်နေကြ တယ် ထင်ပါရဲ့”

သည်စကားက သူ့ရင်မှာ သံသယ ဆပွားခွင့် မပေးခဲ့။





သည်လိုနှင့် နောက်တစ်နေ့မှာ အလိုက်မသိစွာပင် သူ သန့်အိမ်သို့ လာခဲ့မိပြန်သည်။

သည်တစ်ခါတော့ သက်မာ၏ တင်းမာသော မျက်နှာ ထားကို တွေ့ခဲ့ရသည်။ စိတ် ညစ်ညူးသွားသလိုရှိသော တူးမာ ၏ မျက်လုံးအစုံကို မြင်ခဲ့ရသည်။ သီတာ၏ ခြေဆောင့်နင်းသံ ကိုလည်း ကြားရသည်။ သီဂီတစ်ယောက်ကလည်း သူ့အပါးသို့ မကပ်တော့။

သည်တော့မှပင် သူ ရိပ်စားမိသည်။ သန့်၏ ကလေး များ သူ့ကို နှစ်လိုခြင်း မရှိကြောင်း တွေးမိတော့သည်။

သန့်ကို မေးမိသည်။

“သန့် ကိုယ်တို့အကြောင်း ကလေးတွေ သိသွားပြီလား ဟင်”

သန့်က ခေါင်းကို အလျှင်ညိတ်ပြသည်။

“ဟုတ်တယ်၊ သန့် သူတို့ကို ဖွင့်ပြောလိုက်ပြီ”

“ဒီတော့”

“ဒီတော့ အခုခေတ်စကားနဲ့ ပြောရရင် မကြည်ဘူးပေါ့ ကိုဝေလင်းရယ်”

သန့်က ရယ်မောပြောဆိုခြင်းဖြစ်သည်။ သို့တိုင်အောင် သူသည် သန့်နှင့်ရောနှော ရယ်မောနိုင်စွမ်း မရှိခဲ့။

“အေးလေ။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ သူတို့တတွေက သူတို့ ဖေဖေနေရာမှာ တစ်ခြားသူတစ်ယောက် အစားဝင်လာမှာကို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ရှုဆိမ့်နိုင်ပါ့မလဲ။ သူတို့ရဲ့ ခံစားချက်ကို ကိုယ်သဘော ပေါက်နိုင်ပါတယ် သန့်"

သူ မှတ်ချက်ချမိသည်။

သန့်သည် သက်မာနှင့် ကတောက်ကဆ ဖြစ်ရပြီး ကတည်းက သည်အကြောင်းကို ထပ်မံ မဟရဲတော့ချေ။ ဘာပဲ ပြောပြောသမီးနှင့် မအေဆိုသည့်တိုင် သည်ကိစ္စမျိုးနှင့် ပတ် သက်လာပြီးဆိုလျှင် ကိုယ့်မှာသာ အပြစ်ရှိသည်ဟု ထင်သည်။ အများတစ်ရပ်ကို ကျူးလွန်မိသူပမာ ခံစားရသည်။ တစ်ဆက် တည်းမှာလည်း သည်ရက်များအတွင်း သန့်ရင်မှာ နာကျင် ရခြင်းများ ရှိသည်။ ၎င်းမှာ ကလေးများက မိမိအပေါ် အတော် ချည်းစိမ်းသွားခြင်းဖြစ်သည်။ သူတို့အချင်းချင်းသာ တစ်စိတ် တစ်ဝမ်းတည်း ပူးပေါင်းနေမိကြကာ သန့်ကို ပစ်ပယ်ထားကြ ခြင်းဖြစ်သည်။

ဝေဒနာအရပ်ရပ်တို့အနက် သည်ဝေဒနာသည် သန့်အဖို့ အဆိုးရွားဆုံးဖြစ်သည်။ အခံစားရ အခက်ဆုံး ဖြစ် သည်။ တစ်အိမ်တည်း အတူနေပါလျက် သူတို့က ခပ်တန်းတန်း ခပ်စိမ်းစိမ်း နေကြလေသောအခါ သန့်မှာ အထီးကျန်ဆံသလို ခံစားလာရသည်။

ဪ...သူတို့ မသိရှာကြပါကလား၊ နားမလည်နိုင်ပါ ကလား။

မချစ်မနှစ်သက်သူနှင့် အတူနေရသည့် ဒုက္ခ။ မနှမ်းချ

Royal Snow Publications



သော်လည်း ပင့်သက်ရှူနေခဲ့ရသည့် ဒုက္ခ။ ချစ်နှစ်သက်သူနှင့် အတူနေလိုသည့် ဆန္ဒကို သူတို့ နားလည်အောင် သန့် အဘယ် သို့ ပြောပြရပါလိမ့်။ သန့် မည်သို့ ရှင်းပြရပါလိမ့်။

ယခုအတိုင်းဆိုလျှင်ဖြင့် သန့်သည် မိခင်ပင် ဖြစ်လင့် ကစား သူတို့အတွက် မိန်းမဆိုးတစ်ယောက် ဖြစ်နေရ ပေလိမ့် မည်။ သူတို့ကတော့ သူတို့ဖေဖေကို ချစ်ကြသည်။ ဘာပဲဖြစ်နေ နေ၊ သန့်အပေါ် အဘယ်မျှ အနိုင်ကျင့်ခဲ့သည်ဆိုစေ ဖအေသည် ဖအေပင်။ သူတို့ဖေဖေကို သူတို့ချစ်သောမေမေက မချစ်ဘဲ ယူခဲ့ ရသည်ဆိုသော စကားသည် သူတို့အဖို့ နားခါးမည်၊ သူတို့၏ နယ်သိမ်မွေ့သော နှလုံးသားကို နာကျင်စေခဲ့သည်၊ သူတို့အဖို့ စိတ်ဝမ်းမချမ်းမြေ့ဖွယ် အဖြစ်ကို အစပျိုးပေးခဲ့ ပေလိမ့်မည်။

ဖေဖေ့ကို မေမေ မချစ်စေခဲ့သည်မှာ ကိုဝေလင်းနှင့် ပတ် သက်သည်ဟု ယူဆကြမည်။ ကိုဝေလင်းသည် တရားခံဖြစ် သည်။ သို့နှင့်အမျှ ကိုဝေလင်းကို မုန်းမည်။ ကိုဝေလင်းနှင့် ပတ်သက်နေသော မေမေ့ကိုလည်း စိမ်းလာကြခြင်း ဖြစ်မည်။

ကိုဝေလင်းသည် မိမိတို့၏ ဝမ်းသာပျော်ရွှင်မှုကို လုယက်ယူမည့်သူ၊ ချမ်းမြေ့သော အိမ်ထောင်စုကို ပြိုကွဲအောင် ဖန်တီးသူဟု ယူဆကြပေမည်။

ယခုတော့ သည်အကြောင်းကို သန့်ကော ကိုဝေလင်းပါ နားလည်လာကြသည်။ သဘောပေါက် လာကြသည်။ ရင်မှာ ကောင်းနိုင်တော့ပါ။

Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေချင်သည်က တစ်မျိုး၊ ဖြစ်လာရသည်က တစ်မျိုး

သို့သော် ဤသည်ကို ကိုဝေလင်း မအံ့ဩမိပါ။ ထူးဆန်းသည် မထင်မိပါ။

သူတို့သာမက မိမိအနေနှင့် အထင်ကြီးခဲ့သော အဒေါ်ခေါင်းနှင့်တချက် ဖေ့လိုက်လျှင် ပျော့ကျလာမည်ဟု ထင်မှတ်ခဲ့သော အမေ၊ မိမိ၏ ခံစားချက်ကို နားလည်နိုင်စွမ်း ရှိခဲ့လိမ့်မည်ဟု ထင်ခဲ့သော အမေကိုယ်တိုင်ကပင် မိမိအား ဆန့်ကျင်ခဲ့သည် မဟုတ်လား။

သည်တစ်ပတ် ပဲခူးသို့ပြန်သောအခါ သူ ဖွင့်ပြောခဲ့သည်။ သူ မယဉ်သန့်အား လက်ထပ်ခွင့် တောင်းသည့်အကြောင်း။

သည်တော့ အမေကဆိုသည်။

"ဝေလင်း၊ နင်အရူးပဲ"

"ဗျာ"

"ဟုတ်တယ်၊ နင်အရူးပဲ၊ နွားပဲ။ ပြစမ်း၊ နင့်ဟာ ဘယ်လောက်ကောင်းလို့ မယဉ်သန့်ကို လက်ထပ်ခွင့် တောင်းခဲ့ရတာလဲ ဟင်"

"ဘာဖြစ်လို့လဲ အမေရဲ့"

"ဘာဖြစ်ရမှာလဲ၊ မယဉ်သန့်က အပျိုလား၊ မဟုတ်ဘူး မုဆိုးမ၊ ကလေး လေးယောက်အမေ။ အပျိုစစ်စစ်တွေ သူ့ထက် သာတာတွေ၊ သူ့ထက် နောက်ကြောင်းရှင်းတာတွေ ရနိုင်ရက်





သူ့ကိုမှ လက်ထပ်ရင် နင်ရူးလို့ပဲ ဖြစ်ရမှာပေါ့၊ နွားကျလို့ပဲ ဖြစ်ရမှာပေါ့"

သည်တော့လည်း သူသည် မယဉ်သန့်ကို အဘယ်မျှ ချစ်ခဲ့ရသည့်အကြောင်း၊ မယဉ်သန့် အဘယ်မျှ တော်သည့်အကြောင်းတွေ ပြောပြမိသည်။

အမေကတော့ သဘောမတူ၊ မတူရေးချ မတူဆိုသည် ချည်း။

"ဒီအတိုင်းဆိုရင် လူပျိုကြီး ဖြစ်နေတာကမှ ကောင်းဦးမယ်ပါဟယ်။ ဒီမယ် ဝေလင်း တကယ်လို့ နင်သာ မယဉ်သန့်နဲ့ လက်ထပ်ခဲ့ရင်လေ ငါ့ဆီကအမွေ တစ်ပြားတစ်ချပ်မှ မရဘူး ဟဲ့။ အကုန်လုံး လှူပစ်လိုက်မယ် သိလား"

အမေက ခြိမ်းခြောက်ခဲ့သေးသည်။

အမေလို မိန်းမတစ်ယောက်က သူနှင့်ဘဝတူ မယဉ်သန့်အပေါ် မညှာတာဘူးဆိုလျှင်၊ ကိုယ်ချင်းမစာဘူးဆိုလျှင်၊ မိမိ၏ အချစ်ကို နားမလည်နိုင်ဘူးဆိုလျှင် အခြားသူတို့ နားလည်နိုင်သည်မှာ ဘာမျှမဆန်းဟု ထင်သည်။ အံ့ဩစရာ ဘာမျှမရှိဟု အောက်မေ့သည်။

သို့သော် အမေ့မှာတော့ သက်ညှာခြင်းတရား ရှိသေးသည်။

"အေး၊ နင် ငါ့ဆီ ပို့ပို့ထားတဲ့ လခတစ်ဝက်တွေ စုထားတာရှိတယ်၊ အဲဒါကိုတော့ နင် ပြန်ရမှာပါ။ ကျန်တာတွေတော့


www.burmeseclassic.com

www.burmeseclassic.com



ငါ အကုန်လုံး ကျောင်းတွေ၊ ဇရပ်တွေ ဆောက်ပစ်လိုက်မှာပဲ သိလား”

အမေ ခြိမ်းခြောက်မှုကို မကြောက်ခဲ့ပါ။ အမေ့အမွေဆိုသည်ကိုလည်း မမျှော်လင့်ခဲ့ပါ။ ယောကျ်ားတစ်ယောက် အထူးသဖြင့် မိမိလို ပညာတတ် ယောကျ်ားရင့်မာကြီး တစ်ယောက်အနေနှင့် အမေ့ ထမီရေသိနား ခိုစားဖို့လည်း မရည်ရွယ်ခဲ့ပါ။

သို့ပေမယ့် သက်မာတို့လို၊ တူးမာတို့လို ကလေးများက မိမိအပေါ် နားမလည်နိုင်မှု၊ စာနာခြင်းတရား မထားနိုင်မှုတို့ကို တွေ့ရသောအခါတွင်ကား ကိုဝေလင်း တုန်လှုပ်မိသည်။ ချောက်ချားမိသည်။

အမေက ပေးစရာရှိသော အမွေကို လှူပစ်မည်ဆိုလျှင် သာစုအနုမောဒနာပင် ခေါ်လိုက်ချင်ပါသေးသည်။ ကလေးတွေက မိမိအား ဆန့်ကျင်လာမည် ဆိုလျှင်တော့ ပြဿနာမှာ မတွေးရဲစရာ ကောင်းလောက်အောင် ရှုပ်ထွေးလာမည် ဖြစ်ကြောင်းကို ကိုဝေလင်း သဘောပေါက်မိသည်။

သူသည် ကလေးများကို စည်းရုံးနိုင်အောင် ကြိုးစားသည်။

သည်တစ်ပတ် လေယာဉ်ဖြင့် မြစ်ကြီးနားမှ သစ်ခွပန်းများ ရောက်လာသည်။ ပန်းပင်ချည်းသာမဟုတ်။ တလောက သက်မာက အပင်ပါ စိုက်ကြည့်ချင်သည် ဆိုသဖြင့် အပင်များပါ ပါလာသည်။

Royal Snow Publications



သည်က ရာသီဥတုနှင့် များစွာ ဖြစ်ထွန်းနိုင်မည် မဟုတ်ကြောင်း သိပေမယ့် သူမှ စိတ်ချမ်းသာပါစေတော့ဟု မှာပေးခဲ့ခြင်း ဖြစ်သည်။

သစ်ခွတွေ ရောက်လာတော့ သူ မျက်နှာကို မျက်နှာရ လုပ်ကာ သက်မာထံ ယူလာသည်။

“သက်မာရေ၊ ဟောဒီမှာ ညည်းမှာထားတဲ့ သစ်ခွတွေ”

သက်မာသည် သစ်ခွကို စိတ်ဝင်စားဟန် မပြတော့။ သူ့ကို ခပ်စိမ်းစိမ်းကြည့်ကာ ‘ဟုတ်လား၊ ထားခဲ့လေ’ ဟု မပွင့်တစ်ပွင့် ဆိုသည်။

သူက သစ်ခွကို မည်သို့ ပျိုးရမည်၊ မည်သို့ စိုက်ရမည် ဆိုသည်များကို ပြောပြသည်။ သက်မာ အမှတ်မထား။

သည်လိုနှင့် နောက်တစ်ပတ် လာသောအခါ သစ်ခွများမှာ သက်မာလက်ဖျားနှင့်ပင် မတို့ခဲ့။

နောက်တစ်ကြိမ် သူ ရုပ်ရှင် လက်မှတ်တွေ ဝယ်လာသည်။

မယဉ်သန့်သည် “ရှော့ဟာဆန်” ပါသော ရုပ်ရှင်ကားများကို မလွတ်တမ်း ကြည့်လေ့ရှိသည်။ တက္ကသိုလ်ကျောင်းသူဘဝက အစွဲကလေးကြောင့်ပဲ ထင်ပါရဲ့။ သန့်သည် ရုပ်ရှင်မင်းသားထဲတွင် ရှော့ဟာဆန်ကို အနှစ်ခြိုက်ဆုံးဖြစ်သည်။ သန့်၏ သမီးများကလည်း အမေကိုတူသည်။ ရှော့ဟာဆန် ပရိသတ်။

Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုဝေလင်း ရှော့ဟာဆန်ပါသော ရုပ်ရှင်ကားအတွက် လက်မှတ်ဝယ်လာခဲ့ခြင်း ဖြစ်သည်။

သည်တစ်ခါတော့ တူးမာကို စည်းရုံးရန် ရည်ရွယ်၍ လက်မှတ်များ ပေးသည်။

"ကျေးဇူးတင်ပါတယ် ဦးဝေလင်း။ တူးမာတို့ စာမေးပွဲနီးနေပြီမို့ ရုပ်ရှင်မကြည့်တော့ပါဘူး"

သီတာကိုလည်း စာအုပ်အကြောင်း ပြော၍ မရတော့ပြီ။

အခါတိုင်းကဆိုလျှင် သီဂီသည် သူ့ကိုလက်အခံဆုံး။ သူက အမဲလိုက်သည့် အကြောင်းတွေ၊ ဆင်ဖမ်းသည့် အကြောင်းတွေကို စိတ်ဝင်စားတတ်သည်။ ကိုယ်တိုင်လည်း အကောင်အလှောင် ကလေးများကို မွေးမြူရန် ဝန်သနာပါသည်။ မွေ့ကြွေးကလေးများ၊ စာကလေးများမွေးထားသည်။

ယခုအခါ သူ့အား စကားစပ်၍ မရတော့ပြီ။ ကိုဝေလင်းမို့ ရောက်လာပြီဆိုလျှင် သီဂီသည် ညည့်ခန်းမှ လစ်ထွက်သွားတတ်မြဲ။

သည်တော့လည်း ကိုဝေလင်းသည် လာမည့်ဘေးပြေးတွေ့ဆိုသလို ကလေးတွေနှင့် ပတ်သက်၍ ပြတ်ပြတ်သားသား စကားဆိုရန် ဆုံးဖြတ်မိသည်။ မသိကျိုးကျင် အဖြစ်ထက် သိသိသာသာ ဖွင့်ဟတိုင်ပင်သည်က ပို၍ကောင်းမည် အောက်မေ့သည်။

သို့နှင့်ပင် သူသည် ဦးစွာ သက်မာနှင့် တွေ့ဆုံခဲ့သည်။





သက်မာအား ကျောင်း အပြန်တွင် သွားစောင့်သည်။ ူငယ်ချင်း၏ ကားကိုငှားကာ ကျောင်းဝင်းဝမှ စောင့်နေ ခဲ့သည်။

သက်မာ ကျောင်းဆင်းလာလျှင် သူက ခေါ်ယူသည်။

"သက်မာကို အိမ်လိုက်ပို့ပေးမယ်လေ"

"နေပါစေ။ သက်မာဘာသာ ဘတ်စ်ကားစီး ပြန် ပါ့မယ်"

"မဟုတ်ဘူးသက်မာ။ ကိုယ် သက်မာနဲ့လဲ စကားပြော ချင်နေတယ်။ သက်မာကို ပြောစရာတွေ ရှိနေတယ်"

"သက်မာမှာတော့ ဦးဝေလင်းကို ပြောစရာ ဘာမှ မရှိ ပါဘူး"

သက်မာ၏ တင်းမာသောမျက်နှာ၊ အေးတိအေးစက် နိုင်သော မျက်လုံး၊ တင်းကျပ်ပိရိသော နှုတ်ခမ်းများကို ကြည့် ကာ ကလေးများထဲတွင် ခေါင်းအမာဆုံး ဖြစ်မည်ဟု ကိုဝေလင်း ထင်သည်။

"ဒါဖြင့်ရင်လဲ ကိုယ်ပြောတာကို လိုက်နားထောင်ပါ။ လိုက်နားထောင်ပါဆိုလို့ အမိန့်ပေးသလိုများ ဖြစ်နေမလား မသိဘူး။ လိုက်နားထောင်ပါလို့ တောင်းပန်ချင်တာပါ သက်မာ"

သက်မာသည် သည်တော့မှ ကားပေါ်သို့ တက်ထိုင် သည်။

ကိုဝေလင်းသည် ကားကို အင်းလျားသို့ မောင်းယူလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သက်မာသည် စကားတစ်လုံးမှ မပြောဘဲ လိုက်လာသည်။

ဟိုယခင်က သန့်နှင့်အတူတကွ ထိုင်လေ့ရှိသော လှေလှော်အသင်း ရေစပ် ကသစ်ပင်တစ်ပင် ခြေရင်းတွင် ကားကို ထိုးဆိုက်လိုက်သည်။

"သက်မာ"

တောင့်တောင့်ကြီး ထိုင်နေသော သက်မာကို ကိုဝေလင်း ခေါ်သည်။

"ဟုတ်ကဲ့"

သက်မာသည် ကိုဝေလင်း၏ မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

"ဟောဟိုရေစပ်မှာ မြင်ရတဲ့ ကသစ်ပင်ကြီးဟာ ကိုယ့်အတွက် ရာဇဝင်ရှိခဲ့တဲ့ အပင်ပဲ သက်မာ။ ကိုယ့်အတွက် သင်္ကေတ တစ်ခုလို့လဲ ဆိုနိုင်ပါတယ်"

"ဒီမယ် ဦးဝေလင်း။ သက်မာကို ကဗျာ စပ်ပြမလို့လား၊ ဝတ္ထုဇာတ်ကြောင်း ပြောပြမလို့လား။ အဲဒါတွေ ဆိုရင်တော့ သက်မာ အချိန်ကုန်ခံပြီး နားမထောင်နိုင်ဘူး"

"ကဗျာတစ်ပုဒ်ထက် ကြေကွဲဖို့ကောင်းတဲ့၊ ဝတ္ထုတစ်ပုဒ်ထက် ဆွေးမြေ့ဖို့ကောင်းတဲ့ တကယ့် အဖြစ်အပျက်ကို ပြောမလို့ပါ သက်မာ။ ဒီအပင်ကြီးမှာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က တက္ကသိုလ်ကျောင်းသားဘဝက ကိုယ်ရယ် မယဉ်သန့်ရယ်





လာထိုင်နေကျပါ။ အဲ တစ်နေ့မှာတော့ ကိုယ်တစ်ယောက်တည်း အထီးတည်း တစ်ညလုံးထိုင်နေခဲ့မိတယ်။ ဆောင်းရာသီရဲ့ ညကလေး တစ်ညမှာပေါ့ကွယ်။ အင်မတန် အေးစက်နေတယ်။ နှင်းတွေကလဲ ပိန်းပိတ်အောင် ကျနေတယ်။ ခြင်တွေကလဲ တသောသောနဲ့ ကိုက်ခဲ့တယ်။ ကိုယ်ဟာ အေးတာတွေ၊ နှင်းတွေ၊ ခြင်ကိုက်တာတွေကို မသိနိုင်ဘူး။ မခံစားနိုင်ခဲ့ဘူး။ ကိုယ့်ရဲ့ အသည်းနှလုံးတွေဟာ မီးကျွမ်းထားသလို ပူနေတာကိုး၊ မီးကျီးခဲလို ရဲနေတာကိုး။ အဲဒီနေ့ဟာ ဘာနေ့လို့ ထင်သလဲ။ မယဉ်သန့်နဲ့ မင်းဖေဖေ ကိုမင်းမောင်တို့ လက်ထပ်တဲ့နေ့ပဲ"

"ဟုတ်လား"

"နေပါဦး သက်မာ၊ ကိုယ်ပြောတာကို ဆုံးအောင် နားထောင်ပါဦး။ အဲဒီနေ့ မတိုင်ခင်က ကိုယ်နဲ့ မယဉ်သန့်တို့ ဒီနေရာမှာ လာထိုင်ကြတယ်ဆိုတာ အကြောင်းမဲ့ မဟုတ်ဘူး။ အဓိပ္ပါယ်မဲ့ မဟုတ်ဘူး။ ကိုယ်တို့ဟာ ချစ်သူတွေအဖြစ်နဲ့ လာထိုင်ကြတာ။ ချစ်စကားတွေ ပြောခဲ့ကြတာ။ ချစ်တေးတွေ သီခဲ့ကြတာ။ ကိုယ်တို့ နှစ်ယောက်ဟာ အသည်းပေါက်မတတ် တစ်ယောက်ကိုတစ်ယောက် ချစ်ခဲ့ကြတယ် သက်မာ။ ဒါပေမယ့် ကိုယ်တစ်ယောက်တည်းလာထိုင်တဲ့ အခါမှာတော့ ကိုယ့်ရဲ့ အချစ်ဟာ ဆုံးပါးနေပြီဆိုတာ သိခဲ့ရတယ်။ ကိုယ့်ချစ်သူဟာ တစ်ပါးသူရဲ့ ကာမပိုင် မိန်းမတစ်ယောက် ဖြစ်နေပြီဆိုတာ တွေ့ခဲ့ရတယ်။ ကိုယ့်ရဲ့ ကမ္ဘာပျက်ခဲ့ရတယ်။ ကိုယ့်ရဲ့ အသည်း

www.burmeseclassic.com

www.burmeseclassic.com



နှလုံးဟာ မီးသင့်ခဲ့ရတယ်။ တော်ရုံတန်ရုံ စိတ်အားငယ်တတ်တဲ့ လူတစ်ယောက်ဆိုရင် ရေထဲကို ခုန်ချပြီး ကိုယ့်ကိုကိုယ် သတ်သေနိုင်လောက်တယ်"

"ကျွတ်ကျွတ်၊ တကယ် လွမ်းစရာကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ပဲနော်"

"မင်း ကိုယ့်ကို လှောင်နိုင်ပါတယ် သက်မာ၊ ကိုယ်တိုင် မခံစားဖူးတဲ့ လူအဖို့မှာတော့ အချစ်ဆိုတာမျိုးဟာ မီးထက် ပူပြင်းတယ်ဆိုတာဘယ်လိုလုပ် သိမလဲ။ ထားပါ၊ ဒါကို ပြောရတာက တကယ်လို့ ဟောဒီ ကညင်ပင်ကြီးသာ စကားပြောတတ်မယ်ဆိုရင် ကိုယ်နဲ့ မယဉ်သန့်တို့ ချစ်ခဲ့ကြတာကို သက်သေခံနိုင်ပါလိမ့်မယ်။ မယဉ်သန့်အတွက် ကိုယ် ပူဆွေး ဝမ်းနည်းခဲ့ရတာတွေကို ပြောပြနိုင်ပါလိမ့်မယ်"

သက်မာ၏ မျက်နှာကလေးသည် အတော်ကလေး တည်ငြိမ်သွားသည်။ သူက ကညင်ပင်ဆီသို့ ငေးကြည့်နေခဲ့သည်။

ကိုဝေလင်းက စကားဆက်ပါသည်။

"ကိုယ်နဲ့ မယဉ်သန့်တို့ဟာ ချစ်ခဲ့ကြတယ်၊ အကြောင်းမညီညွတ်လို့ လွဲခဲ့ရတယ်၊ မယဉ်သန့်ဟာ မင်းရဲ့ဖေဖေ ကိုမင်းမောင်ကို လက်ထပ်ခဲ့တယ်။ ကိုယ်ဟာ အခုထိ ဘယ် မိန်းမကိုမှ လက်မထပ်ခဲ့ဘူး"

"ဖေဖေဟာ ဦးဝေလင်းရဲ့အချစ်ကို လုယူခဲ့တယ်ပေါ့





နော်၊ ဖေဖေလွန်တာပေါ့"

"မဆိုလိုပါဘူး၊ လုယူခဲ့တယ်လို့ ကိုယ် ဘယ်တုန်းကမှ မပြောခဲ့ပါဘူး၊ ကိုမင်းမောင်ကိုလဲ နာကျည်းစိတ် တစ်ခါမှ မမွေးခဲ့ပါဘူး။ သူရှိသေးရင်မေးကြည့်ချင်ပါတယ်၊ သူနဲ့ မယဉ်သန့်တို့ရဲ့ အိမ်ထောင်ရေးကို ကိုယ် အနှောင့်အယှက်များ ပေးခဲ့မိသလားလို့၊ တစ်ခါမှ မပေးခဲ့ပါဘူး သက်မာ၊ ယုံပါ။ လူတွေ ရှေ့မှာလည်း ကိုမင်းမောင်ယူထားတဲ့ မိန်းမဟာ ကိုယ့်ချစ်သူပါဆိုပြီး ဝင့်ကြွားမှုတွေကိုလည်း မပြုခဲ့ပါဘူး။ ကုန်ကုန်ပြောရရင် ကိုမင်းမောင်တို့ ရန်ကုန်ပြောင်းလာတဲ့ အချိန်မှာတောင် ကိုယ်ဟာ သူတို့နဲ့ဝေးရာကို ထွက်ပြေးခဲ့တယ်။ ဒီအထိ ကိုယ့်ဘက်က အနစ်နာတွေ ခံခဲ့ပါတယ်ကွယ်"

"ဒီတော့"

"ဒီတော့ ကိုယ်ဟာ ဘဝတစ်လျှောက်လုံးမှာလဲ ဆုံးရှုံးခြင်းတွေ၊ အနစ်နာခံမှုတွေကို ရင်မှာပိုက်ထားခဲ့ရသူပါ။ ကိုယ့်မှာ တစ်လှည့်တစ်ပြန်လောက် အောင်မြင်မှုတွေ ရယူနိုင်ခွင့်တွေ မရှိသင့်ဘူးလား သက်မာ။ အခုအခြေအနေမှာ ယဉ်သန့်နဲ့ ပြန်တွေ့ရတယ်၊ မယဉ်သန့်ကို ကိုယ်ဟာ ချစ်နေဆဲဘဲ ရှိတယ်၊ မယဉ်သန့်ကလည်း ကိုယ့်ကို ချစ်နေဆဲလို့ ယုံကြည်ရတယ်။ သူကလည်း လွတ်လွတ်လပ်လပ်၊ ကိုယ်ကလည်း လွတ်လွတ်လပ်လပ်ပဲ။ ဒီတော့ ကိုယ် သူ့ကို လက်ထက်ချင်တယ်၊ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် လွတ်လွတ်



www.burmeseclassic.com

www.burmeseclassic.com

လပ်လပ် ဘဝနဲ့ လက်ထက်တယ်ဆိုတာ ဘာမှ မဆန်းပါဘူး။ အထူးသဖြင့် ကိုယ်နဲ့ မယဉ်သန့်လို ချစ်သူဟောင်းတွေ လက်ထက်မယ်ဆိုတဲ့ ကိစ္စကို အဆန်းတစ်ကြယ် မရှိစေချင်ဘူး သက်မာ"

"ဆန်းကြယ်တယ်လို့တော့ မဟုတ်ပါဘူး ဦးဝေလင်း"

"ဒါပေမယ့် သက်မာဟာ ကိုယ်တို့ လက်ထပ်မှာကို တော့ မလိုလားဘူး မဟုတ်လား ဟင်"

"ဒါကတော့ ဦးဝေလင်း ထင်ထားသလို ဒေါ်လေးရဲ့ ဘဝဟာ လွတ်လပ်မှုမရှိလို့ပေါ့။ သူ့မှာ သမီးဆိုတဲ့ အနှောင်အဖွဲ့တွေ ရှိနေလို့ပေါ့။ လောကမှာ လင်မရှိတော့တာနဲ့၊ မယား မရှိတော့တာနဲ့ လွတ်လပ်ပြီလို့ မခေါ်ဆိုနိုင်ဘူးဆိုတာ ဦးဝေလင်းလို ပုဂ္ဂိုလ်က ပိုပြီး သိနိုင်ပါလိမ့်မယ်"

"ကိုယ့်အနေနဲ့ မယဉ်သန့်ရဲ့ အနှောင်အဖွဲ့ဟာ ကိုယ့် အနှောင်အဖွဲ့၊ မယဉ်သန့်ရဲ့ တာဝန်ဟာ ကိုယ့်တာဝန်လို့ သတ် မှတ်ပြီးသားပါ သက်မာ"

"သက်မာတို့အနေနဲ့ ကိုယ့်ဘဝကို ကိုယ်ပြုစုပျိုးထောင် ရာမှာ ဘယ်သူ့ကိုမှ တာဝန်တွေ ပုံပေးမထားချင်ပါဘူး"

"သက်မာရယ် မင်းဟာ ကိုယ်ထင်ထားတာထက် မာနကြီးတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ သိပါပြီ၊ ဒါပေမယ့် သက်မာ၊ ကိုယ်ဟာ မင်းရဲ့မာနကို ရိုက်ချိုးပြီးမှ မင်းတို့ မိသားစု ထဲကို ဝင်လာချင်တဲ့ လူစားမျိုး မဟုတ်ဘူးဆိုတာကိုတော့





သဘောပေါက်စေချင်တယ်။ ကိုယ်တောင်းပန်နေတာပါ သက်မာ၊ လိုလိုချင်ချင် တောင့်တောင့်တတနဲ့ ပြောနေတာပါ"

"အေးလေ၊ ဦးဝေလင်းဟာ ဒေါ်လေးအပေါ် ဒီလောက် အထိ သံယောဇဉ်ကြီးကြီးနဲ့ ချစ်ခဲ့တယ်၊ ဒေါ်လေး အိမ်ထောင် ပြုခဲ့တာတောင် ဦးဝေလင်းက အိမ်ထောင်မပြုဘူး၊ အချစ် ဟောင်းကိုသာ အနှစ်နာခံ ပေါင်းမယ့် စိတ်ထားရှိတယ်၊ အခု လည်း ဘာမဟုတ်တဲ့ သက်မာကိုတောင် အလေးတစ်ယူနဲ့ တောင်းပန်နေတယ်ဆိုတော့ ဦးဝေလင်းရဲ့ အချစ်ဟာ လေးစား စရာကောင်းပါတယ်။ တပ်ဂျ်မဟာကို တည်ခဲ့တဲ့ ရှာဂျဟန် ဘုရင်ရဲ့ အချစ်နဲ့တောင် နှိုင်းသင့်တယ် ထင်ပါတယ်"

"အခုထိ ကိုယ့်ကို လှောင်ရက်တုန်းပဲလား သက်မာ"

"သက်မာ မလှောင်ပါဘူး၊ ဦးဝေလင်းရဲ့ အချစ်ကို အသိ အမှတ်ပြုနေတာပါ"

"ဒါပေမယ့် မင်းရဲ့အသံက လှောင်နေတယ် သက်မာ၊ မင်းရဲ့မျက်လုံးတွေက ရယ်နေကြတယ်"

"ဟုတ်လား၊ ဒါဆိုရင်တော့ မတတ်နိုင်ပါဘူး။ ထားပါ ဦးဝေလင်း၊ သက်မာ ပြောချင်တာက တစ်မျိုးပါ။ သက်မာတို့ ဘက်က အခက်အခဲပါ"

"ဘာလဲဟင်"

"ယောက်ျားတွေက နေရာတကာမှာ သူတို့ချည်း အသားယူရေးကြလို့သာ၊ မိန်းမတွေကို နှိမ်ခဲ့လို့သာ ပထွေးဆိုတဲ့


www.burmeseclassic.com

www.burmeseclassic.com

လူစားရဲ့ မကောင်းကြောင်းကို မရေးခဲ့တာပဲဖြစ်မယ်။ မိထွေးဆိုတာမျိုးဟာ မိထွေးတော် ဂေါတမီက လွဲလို့ ဘယ်သူမှ မကောင်းဘူးလို့ ပြောကြတယ်။ ပထွေးဆိုတာကကော ကောင်းနိုင်ပါ့မလား။ မိထွေးတော် ဂေါတမီလို ကောင်းတဲ့ ပထွေးမျိုး ရှိပါတယ်ဆိုတာကိုတောင် နှိုင်းပြစရာ မရှိခဲ့ပါဘူး ဦးဝေလင်း"

"သက်မာရယ်၊ ကိုယ်ဟာ ပထွေးဆိုတဲ့ နာမည်ကိုတောင် ခံယူဖို့ ဝန်လေးသူပါ"

"အခက်အခဲက ဒါပဲ ဦးဝေလင်း၊ ပြဿနာက ဒါပဲ သက်မာတို့ဟာ ပထွေးဆိုတဲ့ လူတန်းစားကို သက်မာတို့ရဲ့ မိသားစုထဲ အဝင်မခံနိုင်ဘူး၊ လက်မခံနိုင်ဘူး။ ဦးဝေလင်းကို မဟုတ်ပါဘူး၊ ဘယ်ပထွေးကိုမဆို လက်မခံနိုင်တာမျိုးပါ"

ကိုဝေလင်းသည် သက်ပြင်းကို ရှိုက်လိုက်မိသည်။

သူသည်အရွယ်နှင့် မလိုက်ဖက်အောင် တည်ငြိမ်နေသော၊ တင်းမာပြတ်သားသော သက်မာ၏ မျက်နှာကို စိတ်ပျက်လက်ပျက်ကြီး စိုက်ကြည့်နေလိုက်မိသည်။

ရှေ့နေမင်း စောင်မမှ ထောင်လုံးလုံးကျဟူသော စကားပုံကို ယခင်က ကြားရုံသာ ကြားဖူးသည်၊ ယခုတော့ မျက်မြင်ကိုယ်တွေ့ တွေ့ရလေပြီ။

သက်မာနှင့် တွေ့ရလေမှပင် လုံးလုံးကြီး စိတ်ဓာတ်ကျရလေတော့သည်။ ကိုဝေလင်းမှာ ဘာပြန်ပြောရမည် မသိတော့နိုင်လောက်အောင် ဖြစ်သွားရသည်။





"ဒီလောက်ဆိုရင် သက်မာတို့ရဲ့ သဘောကို သိလောက်ပြီ ထင်ပါတယ်နော်။ သက်မာအနေနဲ့တောင် ဒီလောက်ဆိုရင် ကျန်တဲ့ ကလေးတွေ ဘယ်လိုရှိမယ်ဆိုတာ တွေးသာကြည့်ပေတော့။ သက်မာဟာ အပြစ်ရှာတတ်တဲ့ ဝံပုလွေ မဟုတ်ပါဘူး။ မိခင်သိုးအုပ်ကို ကာကွယ်နေတဲ့ သိုးကလေး တစ်ကောင်ရယ်ပါဆိုတာ ဦးဝေလင်း သဘောပေါက်စေချင်ပါတယ်"

မိခင်သိုးအုပ်ကို ကာကွယ်နေသော သိုးကလေးတဲ့။ ကိုဝေလင်းကတော့ သက်မာ၏ မျက်နှာသွင်ပြင်ကို ကြည့်ကာ ယင်းသို့မထင်ပါ။ တကယ်တော့လည်း သက်မာ၏ အသွင်အပြင်က မိခင်သိုးအုပ်ကို ကာကွယ်နေသော ခြင်္သေ့ တစ်ကောင်နှင့် ပိုမိုတူနေသည်။ တင်းမာသည်၊ ခက်ထန်သည်။

"ကဲ ဦးဝေလင်း၊ သက်မာ အိမ်ပြန်ချိန် တန်ပါပြီ"

သက်မာက ကိုဝေလင်းအား မကြည့်ဘဲ ပြောလိုက်သည်။ ကိုဝေလင်းသည် ကားကို စက်နှိုးလိုက်ရလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# ၁၁

စိတ်နဲ့ ငါနဲ့ ညစ်မိပါရဲ့ ဆိုသလိုပါပဲ။ သန် သည် သည်ရက်များအတွင်း မပျော်နိုင်

တဘက်က ကိုဝေလင်း။ တစ်ဘက်က ကလေးများ။ သူတို့ လွန်ဆွဲပွဲ အလယ်တွင် သန့်ပါနေသည်။ မည်သည့်ဘက် အလေးပေးရမည်မှန်း မသိတတ်နိုင်။

ကိုဝေလင်းကို ကြည့်ပြန်တော့လည်း သနားစ ကောင်းသည်။ ကရုဏာသက်စရာ ဖြစ်နေသည်။ သူသ သန့်၏အချစ်ကို ဖွဲကြီးစွာ တောင်းခံနေသည်။ ကလေးတွေ ပတ်သက်၍လည်း သည်းခံသည်။ စိတ်ရှည်စွာဖြင့်ပင် ကလေး တွေကို စည်းရုံးနိုင်အောင် ကြိုးစားနေကြောင်း တွေ့ရသည်

ယခုတော့လည်း စစ်မျက်နှာက ပြောင်းလဲသွားခဲ့ပေ ကိုဝေလင်းအဖို့ သန့်အား လက်ထပ်နိုင်ခွင့် ရရေးမှာ အက စင်စစ် သန့်၏ ဆန္ဒနှင့် သန့်၏ ဆုံးဖြတ်မှုအပေါ တည်မနေတော့ပေ။ ကလေးများ၏ ဆန္ဒနှင့်ကလေးများ အဆုံးအဖြတ်ကို ခံယူရမည့် အခြေအနေသို့ ရောက်ရှိနေပေ





သူ ကလေးများကို စိတ်ရှည်ရှည်ဖြင့် စည်းရုံးနေသည်ကို တွေ့ရသည်မှာ ကရုဏာသက်စရာ ကောင်းလှပါသည်။ သနားစရာ ကောင်းလှပါသည်။

ကလေးများ၏ အလို လိုက်သည်။ အကြိုက် ဆောင်သည်။ သို့စင်လျက် ကလေးများဘက်က သူ့အား ဆက်ဆံရာတွင် တင်းမာလှသည်။ ပြတ်လှသည်။

ယခုအခါတွင် ယခင်ကလို အားနာပြုံးကလေးပင် ပြုံးပြဖော်မရတော့။ မလွဲမကင်းသာသည့် အနေဖြင့်ပင် စကား မပြောတော့။

ကိုဝေလင်းမို့ အိမ်သို့ ရောက်လာပြီဆိုလျှင် အိမ်မှာ ပြဿနာတက်လာတော့သည်။ မကြည်မသာ၊ မလိုတမာ မျက်နှာများကို တွေ့ရမည်။ အိမ်အတွင်းပိုင်းဆီမှ ဝုန်းခနဲ ဒိုင်းခနဲ အသံများ ကြားရမည်။ ဆောင့်ဆောင့်အောင့်အောင့် ခြေနင်းသံ၊ မကြားတကြားပြောသံတို့ ပေါ်လာတတ်သည်။

ကိုဝေလင်းကတော့ သည်အသံများကို ကြားရလေလျှင် ပြုံး၍ ပြောတတ်သည်။

"ကိုယ့်ကို စစ်ကြေငြာနေကြပြီ သန့်၊ ပြန်ဦးမှပဲ"

သန့်အနေနှင့် ကလေးများကို မဆုံးမတတ်တော့။ ဆုံးမလျှင်လည်း နာယူမည်မထင်။ ပြီး မိမိကိုယ် မိမိ အပြစ်ကျူးလွန်သူပမာ ထင်ထားမှုကလည်း သန့်အား စိတ်အားငယ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



သန့် ပြောမိပါသည်။

“ကိုဝေလင်းရယ်၊ သန့်နဲ့ ကိုဝေလင်းတို့ရဲ့ ကုသိုလ်ကံ ကိုက မကောင်းတာပါ။ ဘဝအကျိုးပေးကိုက ဆိုးခဲ့တာပါ။ ပထမတစ်ကြိမ်တုန်းက လူကြီးတွေက ဖျက်လို့ ပျက်ခဲ့ရတယ်။ အခုတစ်ကြိမ်ကျတော့ ပြဿနာက ကလေးတွေနဲ့ ပတ်သက်ပြီး ဝင်လာပြန်ပြီ။ ဒီလောက်တောင် ဖြစ်လုတာ သန့်ကို မေ့လိုက်ပါ တော့လား ဟင်”

သည်တော့လည်း ကိုဝေလင်းက သန့်အား ပြန်လည် ဖျောင့်ဖျခဲ့သည်။

“ဘာဖြစ်လို့ အလွယ်တကူနဲ့ လက်မြှောက် အရှုံးပေး မှာလဲသန့်၊ ဒီပွဲမှာ ကိုယ်တို့ နိုင်ရမှာပါ။ ဘာကြောင့်လဲဆိုတော့ ကိုယ်တို့ရဲ့ အချစ်ဟာ စစ်မှန်လို့ပဲ။ ကိုယ်တို့ရဲ့ အချစ်စစ် အရှိ မှန်ကို သူတို့ နားမလည်သေးလို့ပါ၊ နားလည်လာရင် အဆင်ပြေ သွားမှာပါ သန့်”

သန့်က အားလျော့စွာ ပြောမိသည်။

“အဲဒီလို နားလည်လာမယ့် အချိန်ဟာ ဘယ်အချိန်ရယ် ဖြစ်မလဲ ဟင်။ သန့်တို့ရဲ့ ဆံပင်တွေ ဖြူတဲ့အချိန်ကျမှ၊ ပါးရေ နားရေတွေ တွန့်တဲ့အချိန်ကျမှ ဖြစ်မလား မသိဘူး”

“ဒီတော့လဲ အဲဒီအချိန်ကျမှပဲ လက်ထပ်ကြတာပေါ့ သန့်ရယ်၊ မဟုတ်လား”

ကိုဝေလင်းက ရယ်မောပြောဆိုပေမယ့် သန့် မရယ်နိုင်





ပါ၊ ကိုဝေလင်းဘက်က သံသယရှင်းသွားရသော ကိစ္စတစ်ရပ် ရှိသည်။ ၎င်းမှာ သန့်သည် မိမိအား လက်ထပ်လိုလျက် ရှိသည် ဆိုသော အချက်ပင် ဖြစ်ပါသည်။ ဤသည်ကို သန့်အနေနှင့် ပါးစပ်မှ ထုတ်ဖော်ပြောဆိုရန် မလိုတော့ဘဲ အလိုလို နားလည် ရသည်။ စဉ်းစားပါရစေဟု ပြောခဲ့သော ခုနစ်ရက်လည်း ကျော်လွန်လာခဲ့ပြီ။

ကလေးတွေနှင့် ပတ်သက်၍ ပြဿနာပေါ်လာသည် ပင် ခပ်ကောင်းကောင်းဟု ကိုဝေလင်း တစ်ခါတရံ အောက်မေ့သည်။ အကြောင်းမှု သန့်သည် လက်ထပ်ရေးအတွက် ခေါင်းခါ မနေတော့သောကြောင့်ဖြစ်သည်။ တစ်ထစ်တော့ အောင်မြင်လာပြီပေါ့။ သို့သော် ပန်းတိုင်အရောက် သွားဖို့အတွက် ကြားမှာ အခက်အခဲတွေက မနည်းလှပါကလား။

“ဒီကနေ့ခေတ် ကလေးတွေဟာ ကိုယ်တို့ခေတ်က ကလေးတွေထက် ပိုပြီး တော်ကြတာတော့ အမှန်ပဲ သန့်။ သူတို့ဟာ ကိုယ်တို့ထက် ပိုပြီး မြင်တတ်ကြတယ်၊ စကားတွေလဲ ပြီး တတ်နေကြသလိုပဲ။ သူတို့ကို စကားနိုင်လုပြောဖို့တောင် ခက်အောင်ပဲ”

ကိုဝေလင်းက ဝန်ခံစကား ဆိုလာသည်။

“ဟုတ်တယ် ကိုဝေလင်း၊ သန့်လဲ ဒါကို သတိပြုမိတယ်။ ဒါပေမယ့် ဒါဟာလဲ ဝမ်းသာစရာပါ။ ခေတ်ဆိုတာ ရေစီးကြောင်းလို အမြဲတမ်း ပြောင်းလဲနေတာပဲ မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲနေရမှာလဲ မမှာတာပဲ မဟုတ်လား"

"သူတို့ စာတွေ ပိုဖတ်လာကြတယ်၊ အသိအမြင် ပိုပြီး ကြွယ်ဝလာကြတယ်။ ကိုယ်တို့ခေတ်တုန်းက ဆယ့်လေးငါး ခြောက်နှစ်ဆိုတာ စာဖတ်ကောင်းတဲ့ အရွယ်လို့ မထင်ကြဘူး။ လူကြီးတွေကလဲ ကျောင်းစာကလွဲလို့ ပြင်ပစာကို ဖတ်ခွင့် မပြုကြဘူး"

"အဲဒီလို ပိုတော်လာကြလို့လဲ သန့်တို့မှာ ပိုပြီး အခက်အခဲ တွေ့ကြရတယ်ဆိုတာ ကိုဝေလင်း တွေးမိရဲ့လား ဟင်"

မှန်သည်။ သန့်ပြောသလိုပင် ဖြစ်သည်။ သက်မာတို့ လူစုသည် ကိုဝေလင်း ထင်မှတ်ထားသည်ထက် ပို၍ တော်နေ ကြသည် အမှန်။

အစသော် သူတို့သည် ကိုဝေလင်းအား ပြောင်ပြောင် တင်းတင်း ဆန့်ကျင်ကြသည်။ သူတို့၏ အပြုအမူများသည် ရိုင်းစိုင်းသလို ဖြစ်နေကြသည်။

သို့သော် မကြာမီ သူတို့က သေနင်္ဂဗြူဟာ ပြောင်းလိုက် ကြသည်။

ကိုဝေလင်း အိမ်သို့ လာလည်သည်ကို မသိယောင် ဆောင်ကြသည်။ အနေခင့်အယုက် မတွေ့သလို နေကြသည်။ ကိုဝေလင်းနှင့် သန့်တို့ကိစ္စမှာ မိမိတို့နှင့် မပတ်သက်လေဟန် ရှိကြသည်။





ကိုဝေလင်း အားတက်လာမိဆဲမှာပင် ကြီးမားသော ထိုးစစ်နှင့် ကြုံဆုံလိုက်ရသည်။

တူးမာက စကားဆိုလာခြင်း ဖြစ်သည်။

"ဦးဦးကို တူးမာ ပြောစရာရှိတယ်"

"ပြောလေ"

"ဦးဦး မေမေနဲ့ လက်ထက်ဖို့အတွက် အခက်အခဲ ဖြစ်နေတယ် မဟုတ်လား ဟင်"

"အင်းလေ"

"ဒီအတွက် တူးမာတို့ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒီထက်စိတ်မကောင်းရတာ ရှိသေးတယ်"

"ဘာလဲဟင်"

"မေမေ လက်ထပ်သွားမှာ စိုးတာပေါ့။ အဲဒီ စိတ်ဟာ ဦးတို့ မေမေတို့ လက်ထပ်ဖို့ အခက်အခဲ ဖြစ်နေတာကို စိတ် မကောင်း ဖြစ်ရတာထက် အဆတရာလောက် ပိုတယ် ဦးဦး။ တူးမာတို့မှာ နေ့တိုင်း ဒီအတွက် ပြဿနာ ဖြစ်နေရတယ်။ စာမကျက်နိုင်ကြဘူး။ အို အားလုံးပဲ စုမိရင် ဒီအကြောင်းကိုသာ ပြောနေမိကြတယ်"

"တူးမာရယ်"

"ဒီလို ပြောရတာ ဝမ်းနည်းပါတယ်။ ဒါပေမယ့် ဦးဦးရယ် တူးမာတို့ကတော့ ဒီအတိုင်းပဲ ဖြစ်နေကြရတယ်၊ ဒီအတိုင်း ခံစားနေကြရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေလင်း သက်ပြင်း ရှိုက်မိပြီ။ သစ်ပင်စိုက်သူ၊ စိတ်ရှည်သူသည် တူးမာ၏ စကားနှင့်ပင် စိတ်ပျက်လက်ပျက် ဖြစ်လာရပြီ။

ထိုနေ့က ကိုဝေလင်း သန့်တို့ အိမ်မှအပြန် ကားရပ်ထားရာသို့ လျှောက်လာဆဲ နောက်မှ တဖုတ်ဖုတ်နှင့် ပြေးလာနေသော ခြေသံကို ကြားရသည်။

"ဦးဦး၊ ဦးဦး"

နောက်မှ ခေါ်သံကို ကြားရသည်။

လှဲ့ကြည့်သောအခါ သီဂီကို တွေ့ရသည်။ ရပ်စောင့်နေမိသည်။

"ဘာလဲ သီဂီ"

"ဦးဦး အတွက် စာ"

သီဂီသည် ကိုဝေလင်း၏ လက်ထဲသို့ စာတစ်စောင်ကို ထည့်ပေးသည်။ ဆန်းကြယ်သည်ထင်ကာ စာကို လက်ခံထားလိုက်ရသည်။ သီဂီသည် နောက်ကြောင်းသို့ ပြန်လှဲ့ပြေးသည်။

ကားသို့ ရောက်လျှင် စာရွက်ကလေးကို ဖြန့်ဖတ်မိသည်။

စာသည် မိမိအား လိပ်မူမထားပါ။ စာရွက်ပိုင်းကလေးမျှသာ ဖြစ်သည်။ အင်္ဂလိပ်လို ရေးထားသည်။ တိုတိုကလေးသာ ဖြစ်သည်။ သက်မာ၏လက်ရေး ဖြစ်သည်။





*The great man is he, who does not lose his child's heart.*

***Mencius.***

သိလိုက်ပါသည်။ ရိပ်မိလိုက်ပါပြီ။

**"လူကြီးလူကောင်းဆိုတာ ကလေးတွေရဲ့ အသည်းကို ဘယ်အခါမှ မစွဲပါဘူး"** တဲ့....။

တူးမာ အဘယ်ကြောင့် မိမိအား စကားစပ် လာပြောခဲ့သည်၊ အဘယ်ကြောင့် သူတို့ စိတ်နှလုံး ညှို့ချုံးရသည့်အကြောင်း ဆိုခဲ့သည်ကို ကိုဝေလင်း သဘောပေါက်ခဲ့ပါပြီ။

သည်စာကြောင့်ပင် ကိုဝေလင်း ခြေလှမ်း တုံ့ခဲ့ရသည်။ နောက် သန့်အိမ်သို့ မသွားတော့ပါ ဆုံးဖြတ်လိုက်ရသည်။

သူသည် သန့်ကို မြို့ထဲတွင်ပင် တွေ့အောင်ရှာသည်။

တွေ့ကြပြီ ဆိုသောအခါ စာကို ပေးသည်။

"သန့် သမီးတွေ ပညာတတ်လိုက်ပုံကတော့ ပြောပြောချင်တော့ပါဘူး သန့်ရယ်"

သူသည် ကြေကြေကွဲကွဲ ပြုံး၍ ဆိုမိသည်။

သန့်သည် စာကို ဖတ်ပြီး ရုတ်တရက် သဘောပေါက်ပုံရ၏။

"သူတို့ ဘာကို ဆိုလိုတာလဲ ဟင်" မေးရသေးသည်။

ကိုဝေလင်းက သက်ပြင်းရှိုက်ရင်းမှ ဖြေသည်။

"ကြည့်ရတာ စကားပုံတစ်ခုကို ပြန်ရေးပေးတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပါ။ ရှေးပညာရှိရဲ့ စကားပဲ ဖြစ်မှာပါ။ ခပ်လွယ်လွယ် ဘာသာ ပြန်ရရင် '**မြင့်မြတ်သူ ဟူသည် သူ့ကလေး၏ အသည်းနှလုံးကို ကြေကွဲခြင်း မဖြစ်စေပါ**' လို့ ဆိုလိုတာပါ။ သဘောကတော့ ကိုယ့်ကြောင့် သူတို့ရဲ့ အသည်းနှလုံးဟာ ကြေကွဲခဲ့ရတယ်။ ကိုယ်ဟာ မြင့်မြတ်သူဖြစ်ရင် ဆက်ပြီး ကြေကွဲအောင် မလုပ်ပါနဲ့လို့ ပြောခဲ့တာပါ"

သန့်သည်လည်း သူနှင့် ရောနှောကာ သက်ပြင်း ရှိုက်လိုက်မိသည်။

"မလွယ်ပါလား ကိုဝေလင်းရယ်"

"ဟုတ်တယ် သန့် မလွယ်တာတော့ အမှန်ပဲ။ ကိုယ် ဆုံးဖြတ်ချက် ချလိုက်ပါပြီ သန့်ရယ်၊ ကိုယ် သန့်တို့အိမ်ကို မလာတော့ပါဘူး။ သူတို့ရဲ့ စိတ်နှလုံးကို ပူလောင်အောင် မလုပ်တော့ပါဘူး။ ကိုယ့်ကိုယ်ကို မြင့်မြတ်သူ တစ်ယောက်လို့တော့ မထင်ပါဘူး။ ဒါပေမယ့် လောလောဆယ်မှာတော့ ကိုယ် သူတို့နဲ့ ဘက်ပြိုင်နေဖို့ မသင့်ဘူး။ အပြေးနဲ့ အလိုက်လို ဖြစ်နေတာကိုး။ ဒီတော့ ကိုယ့်ဘက်ကပဲ အရှုံးပေးလိုက်ပါမယ်ကွယ်။ ကိုယ် သန့်တို့အိမ်မလာတော့ပါဘူး"

ကိုဝေလင်းသည် စိတ်မချမ်းမြေ့နိုင်သလို ရှိသည်။ သန့်မှာလည်း စိတ်မချမ်းမြေ့နိုင်။ ကိုဝေလင်းကိုလည်း ပို၍ သနားသည်။ ပို၍ အားနာရသလို ရှိသည်။

"ဒါပေမယ့် သန့် ကိုဝေလင်းကို ပစ်မထားပါဘူး။ သန့်





လာတွေ့မှာပါ ကိုဝေလင်းရယ်။ အခုအခါမှာတော့ ယုံပါရှင်ရယ်။ သန့်ဟာ ကိုဝေလင်းဘက်မှာ ရှိပါတယ်။ ဒီအခက်အခဲတွေကို ကိုဝေလင်းနဲ့ လက်တွဲပြီး ဖြေရှင်းပါမယ်။ ဒီအခက်အခဲတွေ ပြေလည်သွားတာနဲ့ တစ်ပြိုင်နက် သန့် ကိုဝေလင်းကို လက်ထပ်မယ်"

"ကြားရတာ ဝမ်းသာပါတယ် သန့်။ သန့်ဟာ ကိုယ့်အပေါ် စာနာနိုင်စွမ်းရှိတယ်ဆိုတာ ကိုယ်သိပါပြီ"

"ဩော် ကိုဝေလင်းရယ်။ စဉ်းစားကြည့်ပါဦး။ ကိုဝေလင်းဟာ တစ်လျှောက်လုံး အနာခံလာတဲ့ လူဆိုတာ ဒီကမ္ဘာမှာ သန့်ထက်ပိုသိနိုင်သူ ဘယ်သူရှိဦးမှာလဲလို့"

"ကျေနပ်ပါပြီ အချစ်ရယ်။ ကိုယ့်အပေါ် ဒီလောက် စာနာနိုင်တာကို တွေ့ရတာနဲ့ပဲ တစ်လျှောက်လုံး အနစ်နာ ခံခဲ့ရသမျှကို ဖြေနိုင်စွမ်းရှိခဲ့ပါပြီကွယ်"

သို့ဖြင့် ကိုဝေလင်း သန့်တို့ အိမ်သို့ ရောက်မလာလေတော့။ ကိုဝေလင်း၏ မျက်နှာကို သန့်၏ အိမ်တွင် မတွေ့ရတော့။

သို့သော် သန့်နှင့် ကိုဝေလင်းတို့၏ ချစ်ကမ္ဘာကား ဆိတ်သုဉ်းခြင်း မရှိခဲ့ပါ။ ပျက်စီးခြင်း မရှိခဲ့ပါ။ သန့်သည် အခွင့်ရလေတိုင်း ကိုဝေလင်းနှင့် တွေ့ဆုံခဲ့သည်၊ တွေ့ခဲ့သည်။ သန့်အနေနှင့် သည်မျှတော့ လိုက်လျောရလိမ့်မည် ထင်သည်။ ကိုဝေလင်းပြောခဲ့သလို ဘာမျှ မရှိသည်နှင့်စာလျှင် တစ်စုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ရာ ရှိနေသည်က ပို၍ ဖြေသာသေးသည် ဆိုသလိုပါပဲ။

သို့တိုင်အောင် သန့်တို့၏ ပြဿနာက သည်မျှနှင့် ပြီးစီးမသွားခဲ့။ သည်မျှနှင့် အဆုံးသတ်မသွားခဲ့။ သည်ပြဿနာထဲမှာ ဒေါ်ခင်တင့် ပါလာပြီ ဆိုသောအခါ အခြေအနေသည် ပိုမိုဆိုးရွားခဲ့သည်ဟု ဆိုရမည်ပင်။

သည်တစ်ပတ် ဒေါ်ခင်တင့် အိမ်သို့ ရောက်လာသောအခါ သန့်မှာ အနေကျပ်ရသည်။ ဒေါ်ခင်တင့်သည် ကလေးများနှင့် အခါတိုင်းကထက် စည်းစည်းလုံးလုံး ရှိနေကြောင်း မြင်ရသည်။ ကလေးများက ဒေါ်ခင်တင့်အား သန့်နှင့် ကိုဝေလင်းအကြောင်းကို မပြောဘဲ နေမည်မဟုတ်။ အသိမပေးဘဲ နေမည်မဟုတ်။

သည်သို့ဖြင့် ကလေးများနှင့် ဒေါ်ခင်တင့်တို့ ပိုမိုစည်းလုံးမိကြသည်။ သန့်သည် ပို၍ အထီးကျန်ဆန်ခြင်းကို ခံစားရသည်။ သူတို့ကို ကြည့်လိုက်ပြီဆိုလျှင် ဘယ်အခါမဆို တီးတိုးတီးတိုး လုပ်နေတတ်ကြသည်။ အစဉ်သဖြင့် လျှို့ဝှက်မှုတွေ ရှိနေသလို ဖြစ်သည်။

ကြာသော် သန့်သည် ဤသည်ကို စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။ ထို့ကြောင့်ပင် ဖွင့်မေးရတော့သည်။

"မမတင့်ကို သမီးတို့က ဘာပြောလဲ ဟင်"

"ဘာပြောလို့လဲ သန့်"

"သန့်အကြောင်း မပြောဘူးလား။ သန့်နဲ့ ကိုဝေလင်းရဲ့အကြောင်း မတိုင်ဘူးလား"

"ပြောတယ်၊ တိုင်တယ်။ မမတင့်လဲ သန့်ကို ဒီအကြောင်း မေးမလို့ပဲ။ သူတို့ပြောတာတွေ အမှန်ပဲလားသန့်"

"မှန်ပါတယ်၊ သူတို့ပြောသလို သန့်နဲ့ ကိုယ်ဝေလင်းတို့ လက်ထပ်ကြမလို့"

သန့် မညာချင်တော့ပါ။ ခေါင်း မရှောင်ချင်တော့ပါ။ ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"သန့် ဒီလောက် မိုက်လိမ့်မယ်လို့ အစက မမတင့် မထင်ဘူး"

"သန့် မိုက်တယ်လား၊ ဒီလိုပဲ ယူဆသလား။ လောကမှာ လူ့ရယ်လို့ ဖြစ်လာပြီး အိမ်ထောင်သားမွေး ပြုကြတာဟာ မိုက်တယ်လို့ ခေါ်သလား မမတင့်။ ဒီလိုဆိုရင် သန့် အစ်ကိုမင်းမောင်ကို လက်ထက်ခဲ့တာဟာကော မိုက်တာပဲလား။ ဒီတုန်းက အစ်ကိုမင်းမောင်ကို လက်ထက်ဖို့ တိုက်တွန်းတဲ့ အထဲမှာ မမတင့်လဲ ပါခဲ့တာပဲ"

"မမတင့် ဆိုလိုတာက ဒါမဟုတ်ပါဘူး။ လူဆိုတာ တစ်သက်မှာ တစ်ခါ အိမ်ထောင်ပြုတာ ဘာဆန်းသလဲ"

"တစ်ပင်လဲမှ တစ်ပင်ထူ ဆိုတဲ့ စကားကကော မမတင့်"

"ဒါကတော့ ကိုယ်လိုရာ ဆွဲပြောတဲ့ စကားပဲဖြစ်မှာပါ။ မလိုအပ်ပါဘူးသန့်ရယ်၊ မမတင့်ဆိုရင် ဒီအတိုင်း နေလာတာပဲ။





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ဒီအသက်အရွယ် ရောက်လာတာပဲ"

"မမတင့်ကတော့ နေနိုင်မှာပေါ့၊ မမတင့်က ကိုယ့်ငွေကို ထိမှာ စိုးတာကိုး။ ကိုယ်မှတစ်ပါး တစ်ခြားသူ ငွေကို ထိလာမှာ စိုးတာကိုး"

"ဒါပေမယ့် မမတင့် ဘယ်လောက် ရက်ရောတယ် ဆိုတာ လူတကာသိတယ်။ မမတင့်ရဲ့ ကျောင်းဇရပ်တွေ မြို့မှာ ဆိုရင် လက်ညှိုးထိုးလို့တောင် မလွဲဘူး"

"ဒါက ဒေါ်ခင်တင့်ဆိုတဲ့ နာမည်ကို ရွှေစာလုံးကြီးနဲ့ ထိုးထားတာ မြင်ချင်လို့ မဟုတ်လား။ မမတင့် လှူတာတွေက သိန်းနဲ့ သောင်းနဲ့ ချီခဲ့တယ်ဆိုတာ သိပါတယ်။ မမတင့် တစ်ခါ လှူတဲ့အလှူဟာ သန့်တို့အဖို့ဆိုရင် ဘဝတစ်ခုလုံးပါ ပြောင်းလဲ သွားစေနိုင်ခဲ့တယ်။ ဒါပေမယ့် မမတင့်ဟာ သန့်တို့နဲ့ ပတ်သက် ရင်တော့ ခြူးတစ်ပြားတောင် မကုန်ခဲ့ပါဘူး"

"တော်တော် သန့်၊ ညည်း ကျုပ်ရဲ့ အလှူအတန်းနဲ့ ပတ်သက်ပြီး ဘာမှ ပြောစရာမလိုဘူး။ အခုဟာက ဘုရားကိစ္စ တရားကိစ္စမဟုတ်ဘူး။ အိမ်ထောင်ရေးကိစ္စ။ ညည်း အိမ်ထောင် မပြုဘဲ နေတဲ့အတွက် ညည်းမှာ အလုံးအရပ် ပျက်စရာ အ ကြောင်း ဘာမှမရှိဘူး"

"ဒါပေမယ့် သန့်ဟာ ကျောက်တုံး ကျောက်ခဲ မဟုတ်ဘူး၊ သစ်တုံး၊ သစ်ငုတ် မဟုတ်ဘူး၊ အသွေးအသားနဲ့ လူ"





"အေးပေါ့လေ၊ ကျုပ်ကလည်း ဒီလို မစွပ်စွဲပါဘူး။ ဒါပေမယ့် ညည်း စဉ်းစားကြည့်စမ်း သန့်။ ညည်းမှာက သမီး တွေနဲ့၊ အရွယ်ရောက်နေတဲ့ သမီးတွေနဲ့။ တစ်ခါတစ်ခါ သတင်း စာ ထဲမှာ ပါလာတဲ့ သတင်းတွေ ကြည့်ပါဦး။ ပထွေးရဲ့ အစော် ကားခံရတဲ့ မယားပါ သမီးဆိုတဲ့ သတင်းမျိုးဟာ မကြားချင် အဆုံးပဲ"

"မမတင့် လူတစ်ဘက်သားကို ဘာလို့ ဒီလောက် အထင်သေးချင်ရတာလဲ။ ကိုဝေလင်းအကြောင်း သန့် အသိဆုံး ပါ၊ နားအလည်ဆုံးပါ၊ ဒီလိုယုတ်မာတဲ့ စိတ်ထားမျိုး မရှိဘူး ဆိုတာ ကျိန်ဝံ့တယ် မမတင့်"

"ညည်းကတော့ ညည်းလူကို အထင်ကြီးပေမပေါ့၊ ကျုပ်ကလည်း ဖြစ်နိုင်တဲ့ အကြောင်းတွေ ပြောတာပါ၊ မတင့် တယ်တဲ့ ကိစ္စကို ပြောတာပါ။ ညည်းမှာ ဆန္ဒရှိနေရင် ဝေလင်း မကဘူး ဘယ်သူ့ကိုမဆို ယူနိုင်တယ်။ ညည်းဟာ အရွယ်ရောက် နေတဲ့ မိန်းမတစ်ယောက်ပဲ၊ ကိုယ်ကိုကိုယ် ဆုံးဖြတ်နိုင်တဲ့ မိန်းမ တစ်ယောက်ပဲ။ ဒီတော့ ညည်း လက်ထက်ချင်တယ်ဆိုရင် လက်ထပ်ပါ။ ဒါပေမယ့် ဒီအိမ်ပေါ်မှာတော့ မဟုတ်ဘူး"

"ဘာရယ် မမတင့်"

"ဒီအိမ်ဟာ ကျုပ်မောင်ရဲ့ချွေးနဲ့၊ သွေးနဲ့ ဆောက်ခဲ့ရတဲ့ အိမ်၊ ဒီအိမ်မှာ တစ်ခြားသူနဲ့ စံစားနေတာကို ကျုပ် မကြည့် ရက်ဖူး"


www.burmeseclassic.com

www.burmeseclassic.com


သန့် အဖို့ သည်ပြဿနာမှာ အသစ်အဆန်း ဖြစ်သည်။ ဒေါ်ခင်တင့်၏ စကားမှာ မထင်မှတ် မမျှော်လင့်ခဲ့သော စကား ဖြစ်သည်။ ထို့ကြောင့်လည်း သန့်မှာ အံ့အားသင့်သွားရသည်။ ရင်ထဲမှာ ကျင်ကနဲနေအောင် နာကျင်ခဲ့ရသည်။

"နောက်တစ်ခု ရှိသေးတယ်၊ ကလေးတွေနဲ့ ပတ်သက်တဲ့ကိစ္စ"

"ကလေးတွေ"

"ဟုတ်တယ်။ ပြောမယ့်သာ ပြောရတယ်။ ကလေးတွေ အတွက်လဲ ညည်း နောက်ဆံတင်းစရာ မလိုပါဘူး။ ကျ တူမတွေကို ကျုပ်မွေးနိုင်ပါတယ်"

"ဩော် မမတင့်က သန့်ကို ဒီအိမ်ပေါ်က မောင်းချ တင် မကဘူး သန့်ရဲ့ ကလေးတွေနဲ့ပါ ခွဲပစ်ဦး မလို့ပေါ့လေ"

"ထင်ချင်သလို ထင်နိုင်တယ်။ ကျုပ်တူမတွေကိုတော့ ပထွေးလက်ထဲမှာ မထားရစ်ခဲ့နိုင်ပါဘူး။ ညည်းဒီလောက်တော့ စွန့်စားရမှာပဲ သန့်"

"မမတင့် သန့်ကို အကြပ်ကိုင်နေတာပဲ။ ခြိမ်းချောက်နေ တာပဲ။ ဒီလိုအကြပ်ကိုင်မှုတွေ ခြိမ်းချောက်မှုတွေနဲ့ သန့်တို့ တစ်ကြိမ်က အနိုင်ယူခဲ့ပြီးပြီ။ ဒီတစ်ခါမှာတော့ မရတော့ဘူး မမတင့်။ ဒီအိမ်ဟာ အစ်ကိုမင်းမောင်ရဲ့ ချွေးနဲ့၊ သွေးနဲ့ ဆောက်ခဲ့တာဆိုရင် ထား။ သန့် မယူပါဘူး။ မမတင့်ပဲ ယူပါ။ ကလေးတွေ နဲ့ ခွဲဖို့ဆိုတာတော့ ဘယ်တော့မှ မဖြစ်နိုင်ဘူး။

Royal Snow
Publications

သိပါတယ် မမတင့်ရယ်။ အခုအချိန်မှာ မမတင့်အဖို့ အကူအညီ လိုလာပြီ မဟုတ်လား။ လက်တိုလက်တောင်း လိုလာပြီ မဟုတ်လား။ ငယ်ငယ်ကတည်းက ကလေးတွေကို ယူမွေးခဲ့မယ် ဆိုရင် သန့် ဘာမှ မပြောချင်ဘူး။ အခုလို သန့်က ရင်အုပ်မကွာ မွေးလာပြီး အရွယ်ရောက်မှ ကောက်ယူချင်တာမျိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ နောက်တစ်ခုက သန့် အိမ်ထောင် ပြုမယ်ဆိုတာ အားလုံး အတွက်ပဲ။ အားလုံးရဲ့ ရှေ့ရေးပဲ။ သန့်တို့ စိတ်ရှည်ကြပါတယ်။ သန့်တို့ အချိန်ကို စောင့်ကြမယ်။ ကလေးတွေ နားလည်လာတဲ့အထိ စောင့်မယ်။ တစ်နေ့မှာတော့ သူတို့လဲ နားလည်လာစကောင်းရဲ့ ထင်တယ်။ ဒါပဲ မမတင့်"

"အေးလေ၊ ကြိုးစားကြည့်အုံးပေါ့။ ကြည့်ကြသေး တာပေါ့"

သည်လိုဖြင့် ဒေါ်ခင်တင့် ရောက်လာခြင်းသည် သန့် အတွက် ရန်သူ တိုးလာခြင်းဖြစ်သည်။ ကလေးတွေ အတွက်မှာ စစ်ကူ ရောက်လာခြင်းပင် ဖြစ်ပါလိမ့်မည်။

× × ×

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com

# ၁၂

သန့်သည် စိတ်ပျက်လက်ပျက် ဖြစ်နေသည်။ ခေါင်းမှာ ရှုပ်ထွေးနောက်ကျိနေသည်။ အိမ်မှာ တိုက်ပွဲ ပြင်းထန်လာသည်နှင့်အမျှ သန့်သည် ပြင်ပမှာ အားကိုး ရာ ရှာမိသည်။ ထို့ကြောင့်လည်း သည်ရက်အတွင်း ကိုဝေလင်း နှင့် မကြာခဏ ဆုံတွေ့ဖြစ်ခဲ့ကြခြင်းဖြစ်မည်။

ကိုဝေလင်းနှင့် တွေ့ရလျှင်တော့ သန့်သည် ရင်တွင်း ခံစားရသမျှကို ဖွင့်အံပြသည်။ စိတ်ရှုပ်ထွေး နောက်ကျရသမျှ ကို ဖွင့်ပြောပြသည်။ သည်သို့ဖြင့် ရင်မှာ အနည်းအကျဉ်း သလို ပေါ့ပါးလာရသည်တော့အမှန်။ ပြီး ကိုဝေလင်း၏ နှစ်သိမ့် ဖျောင့်ဖျပေးမှုကလည်း သန့်၏စိတ်ကို သက်သာရာ ရစေ ခဲ့သည်။

သည်ကနေ့လည်း သန့် စိတ်ညစ်ညစ်နှင့်ပင် ကိုဝေ လင်းထံ ဖုန်းဆက်မိသည်။ တွေ့ရန် ချိန်းဆိုလိုက်သည်။ ဒေါ်ခင် တင့်နှင့် ကတောက် ကဆ ဖြစ်ခဲ့ရခြင်းသည် သန့်အတွက် အဆိုး ရွားဆုံးသော အခြေအနေကို ဖန်တီးပေးခဲ့ခြင်း ဖြစ်လေသည်။





သို့သော် ဒေါ်ခင်တင့်သည် ကနေ့နံနက်စောစော သင်္ဘောဖြင့် ဘိုကလေးသို့ ပြန်သွားခဲ့ပြီ ဖြစ်လေသည်။

သည်တစ်ခါတွေ့ကြသည်မှာတော့ ကိုဝေလင်း၏ တည်းခိုအိမ်မှာ ဖြစ်သည်။

အိမ်ကလေးသည် လူသူကင်းရှင်းကာ ချောင်ကျသော နေရာမှာ ရှိသည်။ ကျောက်ကုန်းရပ်ကွက်မှာရှိသည်။ ကျယ်ဝန်းသော ခြံအလယ်တွင် ဘန်ဂလိုဆန်ဆန် တစ်ထပ်တိုက်ကလေး ဆောက်ထားသည်။

ကိုဝေလင်းက သန့် ငြင်းပယ်နေသည့်ကြားမှ သည်နေရာသို့ ခေါ်လာခြင်းဖြစ်သည်။

"အိမ်မှာ ဘယ်သူမှ မရှိကြဘူး သန့်ရဲ့၊ အိမ်ရှင် အမျိုးသမီးက နေ့စေ့ လစေ့ ဖြစ်နေပြီ၊ မီးဖွားဖို့ သူ့မိဖမြို့ကို သွားတယ်၊ သူ့အမျိုးသားက လိုက်ပို့ပေးတယ်။ သူတို့မရှိတုန်း ကိုယ်ဒီအိမ်နဲ့ကားကို သုံးလေးရက်လောက်တော့ အပိုင်စား ရနေမယ်လေ"

သန့်က ကိုဝေလင်းအား ဒေါ်ခင်တင့်နှင့် ကတောက်ကဆ ဖြစ်ရသည့်အကြောင်းကို ပြောပြသည်။ မနေ့ညက အခြေအနေကို ရှင်းပြသည်။

"သန့် တကယ်တမ်း ဒီအခွင့်အရေးတွေ အဆုံးပါးခံသင့်သလား စဉ်းစားကြည့်ပါဦး ကိုဝေလင်းရယ်။ သန့်လဲ ကိုမင်းမောင်ကို ဆယ်နှစ်ကျော် အလုပ်အကျွေး ပြုခဲ့ရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ သန့်အစွမ်းအစနဲ့ အိမ်ကလေးတစ်လုံးဖြစ်အောင် ဖန်တီးထားရတာပဲ မဟုတ်လား"

"ကိုယ်တော့ ငွေကြေးကိစ္စနဲ့ပတ်သက်လို့ ဘာမှ မပြော ချင်ဘူးသန့်။ လောကကြီးမှာ ကိုယ်မပြောချင်ဆုံးအရာဟာ ပစ္စည်းဥစ္စာနဲ့ပတ်သက်တဲ့ အကြောင်းတွေပဲ။ အဲ ကလေးတွေနဲ့ ပတ်သက်လို့တော့ ပြောချင်တယ်။ ကလေးတွေကို သန့်ဘာလို့ အဆုံးရှုံး ခံရမှာလဲ။ ကလေးတွေကို အဆုံးရှုံး ခံရမယ်ဆိုရင် ကိုယ့်ကို လက်ထပ်တာဟာ ဘာ အဓိပ္ပါယ်ရှိတော့မှာလဲ"

ကိုဝေလင်းကလည်း မကြေမနပ် ဆိုသည်။

"သန့် သဘောပေါက်မိပြီကိုဝေလင်း။ မုဆိုးမဆိုတာမျိုး တစ်ခုလပ်ဆိုတာမျိုးဟာ လောကမှာ အင်မတန် မျက်နှာငယ်ကြ ရတယ်၊ အခွင့်အရေး ဆုံးရှုံးရတယ်။ ဒါကလဲ ပတ်ဝန်းကျင်က ပြုပြင်ယူကြတာ၊ ပတ်ဝန်းကျင်က နှိမ်ချင်ကြ၊ လူမှုအခွင့်အရေး ကို ကန့်သတ်ချင်ကြလို့ဆိုတာ သန့် သဘောပေါက်လာမိပြီ"

"သန့်ရယ်၊ ကိုယ်ကတော့ အားလုံးကိုပဲ နားလည် နေခဲ့ ပါတယ်"

"ဒီရက်တွေအတွင်းမှာ ကိုဝေလင်းသာ မရှိရင် သန့် စိတ္တဇဆေးရုံကို ရောက်တယ်၊ တကယ်ပဲ။ ဒီအထိ စိတ်ပျက် လက်ပျက် ဖြစ်ရတယ်"

"ကိုယ်သိပါတယ် သန့်ရယ်၊ ဒါကြောင့် ကိုယ်လဲ မောင်ကြီး မပြန်နိုင်တယ် ဖြစ်နေရတာပေါ့"





သန့်သည် သက်ပြင်းရှိုက်လိုက်ကာ ပြတင်းပေါက်ဆီ သို့ ငေးကြည့် နေလိုက်မိသည်။

ပြတင်းပေါက် မှန်မှတစ်ဆင့် ကြည့်လိုက်သောအခါ အိမ်ခြံဝန်း အတွင်းမှာ စိုက်ပျိုးထားသော ပန်းပင်များကို မြင်ရ သည်။ ပန်း ချဉ်ပေါင်ပင်တန်းသည် ဆေးရေး ပန်းချီကား တစ်ချပ်နှယ် ရောင်စုံအပွင့်များဖြင့် လှပတင့်တယ်နေသည်။ စိန် ခြယ်ပန်းများသည် အဝါရောင် ကတ္တီပါ ကားချပ်နှယ် ဖြစ် နေသည်။

ခြံစည်းရိုးအစပ်တွင် ဝါးရုံပင်တန်းများ ရှိသည်။ ကောင်းကင်တိမ်တိုက်များကို နောက်ခံထားကာ ဝါးပင်တို့ ယိမ်း ထိုးနေပုံမှာ ကြည့်၍ ကောင်းလှသေးတော့သည်။ ရာသီသည် အုံ့ပျပျ ဖြစ်နေသည်။ မိုးကား မရွာသေး။ သို့သော် ရွာမည့်ဟန် ဖြင့် မာန်ပျိုးနေသည်။

"သန့်ရေ၊ သန့်အတွက် ကိုယ် စားစရာတစ်ခုခု လုပ် လိုက်ဦးမယ်"

ကိုဝေလင်း၏ အသံကြောင့် နောက်သို့ လှည့်ကြည့် လိုက်သည်။

"လုပ်တတ်လို့လား ကိုဝေလင်းရယ်"

"စောင့်ကြည့်ပေါ့သန့်၊ အထင်သေးလို့ကွယ်။ ကိုယ် တောထဲမှာ တစ်ကိုယ်တည်း နေလာတဲ့လူပါ။ တစ်ခါတစ်ခါ ကိုယ့်ထမင်းကိုယ် ချက်ပြီး ကိုယ့်အဝတ်ကိုယ် လျှော်လာရတဲ့ လူပါ"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့လည်း သန့်သည် ကိုဝေလင်းကို ဂရုဏာသက်သလို ကြည့်လိုက်မိသည်။ ကိုဝေလင်းသည် မီးဖိုခန်းသို့ ဝင်သွားသည်။ သန့်သည် ပြတင်းဝတွင်ပင် ရပ်လျက်သား ကျန်ရစ်သည်။

မီးပေါက်ကလေးများ ကျလာသည်ကို မြင်ရသည်။ အစသော် ဖွဲရုံသာ။ ခဏအကြာတွင် ဖွဲရာမှ သည်းလာသည်။ တံစက်မြိတ်မှ မိုးရေစက်များ လျှောကျလာသည်။

သန့်သည် ယောကျ်ားတန်မဲ့ ကိုယ့်ထမင်း ကိုယ်ချက်စားရကာ၊ ကိုယ့်အဝတ် ကိုယ်လျှော် ဝတ်နေရပါသည်ဆိုသော ကိုဝေလင်း၏ အဖြစ်နှင့် မိန်းမတန်မဲ့နှင့် ယောကျ်ားများနှင့် ရင်ဘောင်တန်းကာ ပစ္စည်းရှာနေရသော မိမိ၏ဘဝကို နှိုင်းယှဉ်စဉ်းစားနေမိသည်။

ကိုဝေလင်းသည် ကော်ဖီနှစ်ခွက်၊ ပေါင်မုန့် ယိုသုတ်နှစ်ချပ်ဖြင့် ဧည့်ခန်းအတွင်းသို့ ပြန်ဝင်လာသည်။

သူပြန်ဝင်လာသည်ကို သိပုံမရ။ သန့်သည် ပြတင်းတွင် ရပ်ကာ သူ့ကို ကျောပေးထားဆဲ အနေအထားအတိုင်း ရှိနေသည်။ တွေတွေကလေး ငေးနေဆဲဖြစ်သည်။

ကိုဝေလင်းသည် သန့်၏အတွေးကို အနှောင့်အယှက်မပေးလိုသေးသည်နှင့် တိတ်တဆိတ်ပင် သန့်အား ကျောဘက်မှ ကြည့်နေမိသည်။

သန့်၏ ပုခုံးလုံးလုံးကလေးများ၊ ဖြူဖွေး သန့်စင်သော လက်မောင်းအိုးကလေးများ၊ သွယ်နွဲ့ ကြော့ရှင်းသော ကျောပြင်၊ ပြည့်ဖြိုးသော တင်ပါးဆုံနှင့် သွယ်ရှုးသော ပေါင်တံတို့ကို ငေးကြည့်နေမိသည်။ သူ့စိတ်အစဉ်ဝယ် ငယ်စဉ်က သန့်နှင့် ယခုသန့်ကို နှိုင်းယှဉ်နေမိသည်။ ဘာမှ မပြောင်းလဲဟု ထင်ဆဲ။ သန့်ကို မြင့်ရလျှင် ယခင်ကလိုပင် စွဲမက်နေမိဆဲ။

သူသည် ထိုင်ရာမှ ဖြည်းညှင်းစွာ ထလိုက်သည်။ သန့်ထံ တိုးတိတ်စွာ ချဉ်းကပ်လာသည်။ ကျောမှာကပ်၍ ရပ်လိုက်သည်။ သန့်၏ ပုခုံးနှစ်ဖက်ကို ငြင်သာစွာ ဆုပ်ကိုင်လိုက်သည်။ သန့်သည် ကိုဝေလင်းဘက်သို့ စောင်းငဲ့ကြည့်သည်။ အရည်ငန်ဖြင့် ရွှန်းလဲ့နေသော သန့်၏ မျက်ဝန်းအစုံနှင့် သူ့မျက်ဝန်းတို့ ဆုံမိသည်။

သန့်၏ မျက်နှာကလေးသည် ရွှန်းလဲ့သော မျက်ဝန်းအစုံကြောင့် ဝင်းပနေသည်ဟု ထင်သည်။ ဟဟကလေး ပွင့်မနေသော သန့်၏ နှုတ်ခမ်းနှစ်ခုကြားမှ ပုလဲနှစ်သို့ဖြူလွှသော သွားကလေးများကို မြင်နေရသည်။ သန့်၏ ကိုယ်ရနံ့သည် သင်းနေသည်။

"သန့်"

သူက ခေါ်စမ်း ကြည့်မိသည်။

"ရှင်၊ ကိုဝေလင်း"

"ဩော် သန့်ရယ်၊ အခုထိ ကိုဝေလင်းလို့ ခေါ်နေတုန်းပဲလား"




Royal Snow Publications
www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခေါ်ရမှာလဲ ဟင်"

"နာမည် အပြည့်အစုံခေါ်တာ သူစိမ်း ဆန်လွန်းမနေဘူးလား ဟင်"

"ပြောလေ၊ ဘယ်လိုခေါ်ရမှာလဲလို့။ ဘယ်လိုခေါ်စေချင်သလဲလို့"

"အရင်က သန့် ကိုယ့်ကို ဘယ်လိုခေါ်ခဲ့သလဲ"

"ကိုဝေ လို့"

"အဲဒီလိုပဲ ခေါ်ပေါ့ သန့်ရယ်"

"ခေါ်ချင်ပါဘူး"

"ဒါဖြင့် မောင်လို့"

"ဟင့်အင်း၊ ခေါ်ဝံ့ပါဘူး"

"ဒါဖြင့် ဘယ်လိုခေါ်မှာလဲ"

"ကိုဝေလို့၊ မောင်လို့"

သန့်က ကန့်ကလန့် ကလေး ပြောလိုက်သည်။

ကိုဝေလင်းသည် သန့်၏ ကိုယ်ကို တင်းကျပ်စွာ ဖက်လိုက်သည်။ ပွင့်ဟဟကလေး ဖြစ်နေသော သန့်၏ နှုတ်ခမ်းများကို သူ့နှုတ်ခမ်းဖြင့် ဖိကပ်လိုက်မိသည်။

သန့်သည် အတန်ကြာမျှ သူ့အနမ်းကို တုံ့ပြန်မိပြီးမှ သတိရလာသလို သူ့ရင်ခွင်မှ ရုန်းထွက်လိုက်သည်။ ကိုယ်ချင်းခွာလိုက်သည်။

တော်ပါသေးရဲ့ဟု အောက်မေ့သည်။





အကြောင်းမူ ယင်းအချိန်မှာပင် အိမ်ရှေ့မှ ဖယ်မလီယာကားကလေးစီး ဖြတ်သွားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"ဘယ်မှာလဲဟင် သန့်အတွက် စားစရာ"

အာရုံကို လွှဲပြောင်းလိုက်သည်။

ကိုဝေလင်းက သန့်အား စားပွဲသို့ ခေါ်လာသည်။ ဆိုဖာတွင် ထိုင်လိုက်ကြသည်။

သန့်က ကော်ဖီကို မြည်းစမ်းကြည့်သည်။

"အင်း မဆိုးပါဘူး၊ အရသာရှိအောင် ဖျော်တတ်သားပဲ"

ရယ်မောပြောဆိုလိုက်သည်။

"ကိုယ်တို့ရဲ့ အချိန်တွေဟာ အခိုးခံခဲ့ရတယ် သန့်"

"ဟင်"

"ဟုတ်တယ်၊ ကိုယ်တို့ဘဝထဲက ဆယ်နှစ်ကျော် အချိန်တွေဟာ အခိုးခံခဲ့ရတယ်။ တကယ်လို့ ဒီအချိန်တွေသာ အခိုးမခံခဲ့ရရင် ကိုယ်နဲ့ သန့်တို့ရဲ့ ဘဝဟာ အခုလို တိတ်တခိုး ဆုံတွေ့ရတာမျိုး ဖြစ်နေခဲ့မှာ မဟုတ်ဘူးပေါ့ သန့်"

"သန့်ကတော့ အဲလိုမထင်ဘူး။ ဘဝက ဝဋ်ကြွေးတစ်ခုကို ပေးဆပ်ခဲ့ရတယ်လို့ပဲ မြင်မိတယ်"

"ဘာပဲဖြစ်ဖြစ် အခု သန့်နဲ့ ပြန်တွေ့ရတဲ့အတွက် ကိုယ်ဝမ်းသာမိတယ်၊ သန့်နဲ့တွေ့ရလို့ ကိုယ့်ဘဝဟာ ပြန်လည် နုပျိုလာတယ်လို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သန့်မှာလဲ ဒီလိုပါပဲ မောင်ရယ်"

"ဒါကြောင့် အချစ်ဆိုတာ ထာဝရ နုပျိုနေတတ်တယ်လို့ ပြောကြတာ ထင်ပါရဲ့"

ကိုဝေလင်းသည် သန့်၏မျက်နှာကို စူးစိုက်ကြည့်မိပြန်သည်။ သန့်၏နှုတ်ခမ်းမှ နှုတ်ခမ်းနီသည် တစ်ဝက်တစ်ပြက် ပျက်ပြယ်လျက်ရှိကြောင်း တွေ့ရသည်။

သူသည် ရင်ခုန်လျက် ရှိသည်။ နှလုံးသွေး လည်ပတ်မှုအဟုန်မှာ သူ့ရင်ကို ပူနွေးလာစေသည်။

သူ့စိတ်အစဉ်သည် သန့်နှင့် ဝေးနေရသော ကာလများဆီသို့ ရောက်နေသည်။ သည်စဉ်က သူသည် သန့်၏ မျက်နှာကို အတွေးအိပ်မက်သဖွယ် မြင်နေခဲ့သည်။ စိတ်မှန်းဖြင့် လွမ်းခဲ့သည်။ သန့်နှင့် ကွဲကွာစတုန်းက လသာညများတွင် လဝန်းကို ငေးမောရင်း အိပ်မပျော်သော ညများနှင့် ရင်ဆိုင်ခဲ့ရသည်ကို သတိရနေမိသေးသည်။ မယ်ဒလင်တီးနည်းကို မမေ့မပျောက် ရှိစဉ်က လိပ်ပြာကန်ဘောင်မှာ အထီးတည်း ထိုင်ရင်း ကိုသန်းလှိုင်၏ 'ကန်သာလိပ်ပြာ ကြည့်လေတိုင်းတွင်၊ အတိတ်က ချောက်လှန့်လာတာမြင်' ဆိုသော ဥဿာလှိုင်ထိပ်ထားသီချင်းကို ဆွေးဆွေးမြေ့မြေ့ သီဆိုခဲ့ဖူးတာ အမှတ်ရမိသေးသည်။ သည်နောက်မှာတော့ သူသည် သန့်ကို မေ့ဖြစ်အောင် ကြိုးစားသည်။ အဆိုအတီး ဝါသနာကိုလည်း စွန့်လိုက်သည်။

ယခုတော့လည်း ကံမျက်စိလည်ကာ သန့်နှင့် ပြန်လည်





ဆုံတွေ့ရသည်။ အဘယ်အခါမျှ မြင်ရတော့မည်မထင်သော သန့်၏ မျက်နှာကို အမှတ်ထင်ထင် ပြန်လည် မြင်တွေ့နေရပြန်သည်။ သို့သော် အခက်အခဲ အသင်္ချေ၊ ပြဿနာအနန္တနှင့်။

ဘာပဲပြောပြော သည်သို့ ပြဿနာများ၊ အခက်အခဲများကြားမှာပင် သန့်နှင့်တွေ့ရသည်ကို သူကြည်နူးမိသည်။ သန့်နှင့် ဆုံရသည်ကို ကျေနပ်မိသည်။ သူ၏ဘဝသည် နုပျိုလှုပ်လာသည်ဟု ထင်မိပါသည်။

သန့်သည် ထိုင်ရာမှ ထရပ်လိုက်သည်။ ကော်ဖီပန်းကန်ကို ဆွဲယူလိုက်သည်။

"ဘာလုပ်မလို့လဲ သန့်"

"ပန်းကန်တွေ သန့် ဆေးပါ့မယ်"

"နေပါစေသန့်ရယ်၊ ကိုယ်ပဲဆေးပါ့မယ်"

"ဟင့်အင်း သန့် ငရဲကြီးနေပါ့မယ်"

သန့်ကို တားမရ၊ ထို့ကြောင့် မီးဖိုခန်းသို့ ပို့ပေးရသည်။ လက်ဆေးကြွေဇလုံတွင် ပန်းကန်များ ဆေးကြောသည်ကို စောင့်ကြည့်နေသည်။

"ဒီအိမ်ရှင်မ မဆိုးဘူး။ တော်တော် သပ်သပ်ယပ်ယပ် နေတတ်တယ်နော်"

"ဟုတ်တယ်၊ မိုက်ကြီးတပြုံပြုံနဲ့ လျှောက်လုပ်နေတာပဲ၊ တားလို့လည်း မရဘူး"

"သန့် တွေးမိပြီ ကိုဝေ၊ ကိုဝေ ဒီအိမ်ထောင်စုကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အားကျနေတယ် မဟုတ်လား"

ကိုဝေလင်းက သနံ့၏ အမေးကို ရယ်မောပစ် လိုက်သည်။

အိမ်ရှေ့ခန်းသို့ ပြန်ထွက်မည် အပြုတွင် ကိုဝေလင်းသည် သနံ့အား တားဆီးလိုက်သည်။ သူသည် သနံ့၏ ကိုယ်ကို ဆွဲယူထွေးပွေ့လိုက်သည်။ သနံ့၏ ပါးပြင်ကို ခပ်ဖွဖွ နမ်းလိုက်သည်။

"ဒါကို အားကျမိတာချည်း မဟုတ်ပါဘူး သနံ့ရယ်၊ ကိုယ့်မှာ သနံ့ကို ချစ်နေတာလည်း ပါပါသေးတယ်။ ချစ်ရက်နဲ့ ခွဲခွာနေရတယ်ဆိုတာ ကြေကွဲစရာ ကောင်းလှပါတယ်။ ကိုယ့် ချစ်သူကို ထာဝရ တယုတယနေချင်တယ်၊ ဒီဆန္ဒတွေလည်း ပါပါတယ်သနံ့"

"သနံ့ သဘောပေါက်ပါတယ် ကိုဝေ၊ သနံ့ ကိုယ်တိုင်လည်း ကိုဝေလိုပါပဲ"

"ဟိုတုန်းကတော့ မသိဘူး၊ အခုတော့ အခိုးခံရတဲ့ ဘဝထဲက နေ့ရက်တွေကို နမြောမိသလိုပဲ"

"ဒါကြောင့် ကိုယ်တော့ ဆုတောင်းနေမိတယ် သနံ့၊ ကြေကွဲခဲ့ရသမျှကို အတိုးချပြီး ချစ်ရတဲ့ ကိုယ် ဖြစ်ရပါလို၏လို့"

"ဩော် ကိုဝေရယ်"

သနံ့ သည် ကိုဝေလင်းအား တင်းတင်း ကျပ်ကျပ်ကြီး ပြန်လည် ဖက်တွယ် ထားလိုက်မိသည်။ ကိုဝေလင်း၏ အနမ်း





ကိုလည်း ကြည်ဖြူစွာပင် ခံယူလိုက်မိသည်။

ကိုဝေလင်းသည် သနံ့၏ ဆံထုံးကို ဖြေလျှော့လိုက်သည်။ ဆံပင်ကို သနံ့၏ ကိုယ်ပေါ်မှာ ဝဲကျနေစေသည်။ "သနံ့"ဟု ခေါ်လိုက်သော သူ၏ အသံမှာ တုန်လှုပ်နေသလိုပင် ဖြစ်သည်။

စင်စစ် သနံ့သည်လည်း တုန်လှုပ်နေသလိုပင် ဖြစ်သည်။ သနံ့၏ နှလုံးသားသည် ပူနွေးတုန်ရီနေသည်ပင် ဖြစ်သည်။ အပျိုပေါက်ကလေး တစ်ယောက်လို ရင်ခုန်နွေးရသည်ဟု ထင်သည်။

ကိုဝေလင်း၏ အထိအတွေ့သည် သိမ်မွေ့သော်လည်း အနမ်းတို့ကို ရှည်ကြာ ကြမ်းတမ်းသည်။ သနံ့သည် မျက်စိအစုံကို မှေးမှိတ်ထားလိုက်သည်။ သူ့ရင်ခွင်မှာ မျက်နှာအပ်ထားမိသည်။ သူ၏ နှလုံးတစ်ထိတ်ထိတ်ခုန်သံသည် သနံ့၏ ပါးပြင်ကို လာတိုးနေသည်။ နားမှာ ကြားနေရသည်။

အပြင်တွင် မိုးသည် သည်းထန်နေလေသည်။ အိမ်အမိုးနှင့် မိုးရေစက်တို့ ထိတွေ့သံသည် ညံစီနေသည်။ ဝါးရုံကို လေတိုးသံ ကြားနေရသည်။ ပန်းချဉ်ပေါင်ပွင့်တို့သည် လေအတိုး၌ ယိမ်းနွဲ့နေကြသည်။

ရုတ်တရက် မိုးထစ်ချုန်းသံ ကြားရသည်။

သနံ့သည် လန့်ဖျပ်သွားမိသည်။ ထိုအခါမှ သတိရသလို ကိုဝေလင်း၏ ကိုယ်မှ မိမိကိုယ်ကို ရုန်းထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သန့်သည် လက်မှ နာရီကို ငုံ့ကြည့်သည်။

"သန့် ပြန်ဦးမှပဲ ကိုဝေလင်းရယ်"

သန့်က ကြေငြာလိုက်သည်။

"သာယာကြည်နူးမှုအတွက် ရတဲ့အချိန်ဟာ သိပ်နည်းပါးတာပဲနော်၊ အခုလိုကျတော့လည်း အချိန်တွေဟာ သိပ်ကုန်မြန်တာပဲနော်"

ကိုဝေလင်းက အားမလို အားမရဟန်ဖြင့် ညည်းသည်။

သန့်သည် ဆံပင်ကို ပြန်လည် ထုံးဖွဲ့သည်။

"ကိုယ်လိုက်ပို့မယ်လေ"

"သန့်ကို ဘတ်စ်ကားဂိတ်အထိသာ ပို့ပေးပါ ကိုဝေ သန့် ဘတ်စ်ကားစီးပြီး ပြန်ပါ့မယ်"

"ကောင်းပြီလေ"

သို့ဖြင့် မကြာမီ သန့်တို့ သည်အိမ်ကလေးကို ကျောခိုင်းခဲ့ကြသည်။ ခြံထဲမှ ထွက်ခဲ့ကြသည်။

ခြံစည်းရိုး ဝါးရုံပင်များသည် သန့်အား လက်ပြနှုတ်ဆက်သလို ယိမ်းနွဲ့၍ ကျန်ခဲ့ကြလေသည်။

× × ×



# ၁၃

သန့်အိမ်သို့ ပြန်ရောက်သောအခါ မိုးမစဲသေး။ ပို၍ပင် သည်းသည်းမဲမဲ ရွာနေသည်။

သန့်သည် အတော်ချည်း နောက်ကျပြီးမှ အိမ်သို့ ပြန်ရောက်လာနိုင်သည်။ အိမ်ပြန်ရောက်ချိန်မှာ ငါးနာရီခွဲနေပြီ။ ကိုဝေလင်းက သန့်အား ဘတ်စ်ကားဂိတ်မှာ ချထားပေးခဲ့သည်။ ထိုနေရာမှ ကြာမြင့်စွာ ကားစောင့်နေခဲ့ရသည်။

အိမ်သို့ တူးမာတို့ ရောက်နှင့်နေပြီဖြစ်ကြောင်း တွေ့ရသည်။ ညီအစ်မ တစ်သိုက်သည် မီးဖိုခန်းတွင် ချက်ပြုတ်နေကြသည်။

သန့်သည် ကလေးများကို တွေ့ရသောအခါ မိမိကိုယ်မိမိအပြစ် တစ်စုံတစ်ရာကို ကျူးလွန်ထားမိသူ ပမာ ခံစားရသည်။

အခါတိုင်းကဆိုလျှင် သန့်သည် သူတို့ထက်စောစွာ ပြန်လာသည်။ အကြောင်းထူးမရှိဘဲ နောက်ကျခံလေ့မရှိ။ သူတို့ထက် စောစွာ ပြန်လာကာ ချက်ပြုတ်ထားနှင့်မြဲ။ သူတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com

အိမ်သို့ ပြန်ရောက်လာပြီဆိုလျှင် အစဉ်လို ဆာလောင်လာတတ်ကြမြဲပင်။ သည်ကနေ့တော့ သန့်သည် စိတ်အလိုကို အတော်ချည်း လိုက်ခဲ့မိသည်။ မိမိ၏ တာဝန်ဝတ္တရားများ ပျက်ကွက်ခဲ့မိသည်။ တကယ်တော့လည်း သန့်လို မိန်းမတစ်ယောက်သည် ချစ်သူနှင့်အချိန်ကုန်ခံ၍ နေနိုင်လောက်အောင် အားလပ်သော မိန်းမမျိုးမဟုတ်ခဲ့။ ထို့ကြောင့်ပင် ဘာမျှမသိရှာဘဲ သူတို့ဘာသာ ညီညီညာညာ ချက်ပြုတ်နေကြသော ကလေးများကို မြင်ရသည့်အခါ သန့်၏ ရင်မှာ နင့်သွားရသည်။ မိမိကိုယ်မိမိ အပြစ် ကျူးလွန်ထားမိသူပမာ ခံစားရသည်။

အိမ်မှာ သက်မာကို မတွေ့ရ။

သက်မာသည် ယခုတလော အိမ်အပြန် နောက်ကျနေတတ်သည်။ တစ်ခါတရံ လမ်းမီးများထွန်းချိန်ကျမှ အိမ်သို့ ပြန်လာတတ်သည်။ ပြီး သက်မာနှင့် ပတ်သက်သော သတင်းများက မကောင်းလှ။ သက်မာတွင် အတွဲရှိနေပြီဆိုသော သတင်းကို တူးမာက ပြောပြခဲ့သည်။

"သူ့ဘဲက အတွင်းဝန်တစ်ယောက်ရဲ့ သားလို့ ပြောကြတယ် မေမေ၊ ဒါပေမယ့် တကယ့်လမ်းသရဲပါပဲ၊ ဆံပင်ရှည်ရှည်ဂစ်တာနဲ့၊ ဟီးရိုးအင်းလည်း စွဲနေသတဲ့" —

တူးမာက စိုးရိမ်ကြီးစွာ ဆိုသည်။

ပြောမယ် ပြောမယ်နှင့် မပြောဖြစ်ခဲ့။ မေးမယ် မေးမယ်နှင့် မမေးဖြစ်ခဲ့။ ဤသည်မှာလည်း ယခုတလောတွင် တတ်နိုင်





သမျှ ပြဿနာများကို ရှောင်နေရသောကြောင့် ဖြစ်သည်။ အခြေအနေသည် အလိုလိုနေရင်း တင်းမာနေသောကြောင့်ဖြစ်သည်။

အကယ်၍ သက်မာသည် ကောင်းကောင်းမွန်မွန် လူတစ်ယောက်ကို တွဲနေသည်ဆိုလျှင်တော့ သန့် ဘာမျှ မပြောလိုပါ။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုသလို သူ့အရွယ်ကို လိုက်၍ သည်အရာမျိုးက ဖြစ်ပျက်လာတတ်သည်ပဲ မဟုတ်လား။

သို့ပေမယ့် သက်မာ၏ သတင်းသည် လျစ်လျူရှုထိုက်သော အဖြစ်မျိုးမဟုတ်။

ပြီး သည်ကနေ့ ပြဿနာအားလုံး၏ ထိပ်ဖျားသို့ တက်လာသော ဟီးရိုးအင်း ပါလာပြီဆိုသောအခါ သန့်မှာ ရင်တုန် ပန်းတုန် ဖြစ်ရသည်။

သည်ကနေ့ မိဘတိုင်းကို ချောက်လှန့်နေသော တစ္ဆေမှာ ဟီးရိုးအင်းပင် ဖြစ်သည်။ သားယောကျ်ားကလေးများအတွက် သာမက သမီးမိန်းကလေးများ အတွက်လည်း စိုးရိမ်မကင်း ဖြစ်ရသည်။ အကြောင်းမူ ဟီးရိုးအင်းကို မိန်းကလေးများပါ သုံးစွဲနေသည်ဆိုသော သတင်းကြောင့် ဖြစ်သည်။

သန့်အနေနှင့် ကိုယ်တွေ့ကား မကြုံဖူးပါ။ သို့သော် ကလေးများ၏ ပြောသံကြားနှင့်ပင် သန့်မှာ ကျောချမ်းရသည်။ တုန်လှုပ်ရသည်။ သည်အထဲက သက်မာနှင့် ပတ်သက်လာရပြီဆိုသောအခါ သန့်သည် သည်ပြဿနာကို သည်အတိုင်း လွှတ်ထား၍ မရတော့ကြောင်း တွေးမိသည်။ သက်မာကို ဆုံးမဦးမှ။



www.burmeseclassic.com

www.burmeseclassic.com

သန့်သည် မိမိကိုယ်ကိုလည်း ပြုပြင်ဦးမှဟု ဆုံးဖြတ်သည်။ နောက်နောင် သည်သို့ အိမ်ပြန် နောက်မကျစေရ။ ကိုဝေလင်းနှင့် တွေ့သည့်ကိစ္စကိုလည်း ဆင်ခြင်ဦးမှ။

သို့ဖြင့် သန့်သည် သက်မာအပြန်ကို လည်တဆန့်ဆန့်ဖြင့် စောင့်သည်။

မိုးသည် သည်းသည်ထက် သည်းလာကြောင်း တွေ့ရသည်။ လေကလည်း တိုက်ခတ်နေသည်။ ဝန်းကျင်သည် မှောင်လာသည်။ လျှပ်စစ်မီးများ လင်းလက်လာပြီ။

တူးမာတို့ ထမင်းစားကြပြီ။ သန့်သည် ဝင်မစားသေးဘဲ၊ သက်မာကို စောင့်သည်။ သက်မာနှင့်ကျမှ အတူစားမည်ဟု စိတ်ကူးထားသည်။

သက်မာ ပြန်မလာခဲ့။ တစ်စတစ်စ ညဉ့်နက်လာခဲ့ပြီ။ ခုနစ်နာရီမှသည် ရှစ်နာရီ၊ ရှစ်နာရီမှသည် ကိုးနာရီ။

"သက်မာကလည်းကွာ အခုထိ ပြန်မလာဘူး။ ဘယ်တွေ လျှောက်သွားနေလဲ မသိဘူး"

တူးမာက ညည်းသည်။

သန့်သည် စိုးရိမ်ရပြီ။ တုန်လှုပ်ရပြီ။ အငြိမ်ထိုင်နေ၍ မဖြစ်တော့။ သက်မာသည် အခါတိုင်းနေ့များက နောက်ကျသည်ဆိုသော်လည်း ယခုလောက် တစ်ခါမျှ နောက်မကျခဲ့။

သန့်သည် ထီးတစ်ချောင်းဆွဲကာ အိမ်မှထွက်ရသည်။ အနီးနားနှစ်အိမ်ကျော်တွင် တယ်လီဖုန်းရှိသောအိမ် ရှိသည်။ အိမ်ရှင်ကို တောင်းပန်ကာ ဖုန်းဆက်ရသည်။ သက်မာ၏ သူငယ်ချင်းအိမ်များသို့ ဖြစ်သည်။ အဖြေမှာ တစ်ညီတည်းဖြစ်သည်။ သက်မာ မလာ။

သန့်သည် စိတ်အားလျော့စွာ အိမ်သို့ပြန်လာရသည်။

ဘာလုပ်ရမည် မသိတတ်တော့။ သက်မာ တစ်စုံတစ်ခု ဖြစ်လေပြီလားဟူသော စိုးရိမ်စိတ်သည် ချိုးနှိမ်မရအောင် ပေါ်ပေါက်လာသည်။

ခဏတော့ စောင့်ကြည့်ဦးမည်။ အကယ်၍ ဆယ်နာရီထိုးသည့်အချိန်အထိ ပြန်မလာလျှင်တော့ သန့် လိုက်တော့မည်။ ရဲဌာနတွေ ဘာတွေ တိုင်တော့မည်ဟု စိတ်ကူးသည်။

သို့သော် သက်မာသည် ကိုးနာရီ လေးဆယ့်ငါးမိနစ်တွင်ကား အိမ်သို့ ပြန်ရောက်လာသည်။

သက်မာ အိမ်သို့ ပြန်ရောက်လာသည့်အချိန်မှာ အဆိုးဝါးဆုံးအချိန်ဖြစ်သည်။ မိုးသည် ရေပြည့်အိုးကို သွန်ချလိုက်ဘိသကဲ့သို့ သည်းကြီးမည်းကြီး ရွာသည်။ အုံးအင်းသရော ရွာချလိုက်ခြင်း ဖြစ်သည်။ လေသည် အသံကြီးစွာဖြင့် တိုက်ခတ်လိုက်သည်။ သစ်ကိုင်းကျိုးကျဟန်တူသည်။ သစ်ပင် လဲဟန်တူသည်။ သစ်ပင်သည် ဓာတ်ကြိုးအပေါ်သို့ လဲကျလေသလားမသိ။ ရုတ်တရက် လမ်းပေါ်မှ လျှပ်စစ်မီးများ ပြတ်တောက်သွားလေသည်။ ဝန်းကျင်မှာ မှောင်အတိကျသွား လေသည်။

သက်မာ၏ တစ်ကိုယ်လုံး မိုးရွှဲရွှဲစိုနေသည်။ ခြေဖျား





Royal Snow Publications

www.burmeseclassic.com

www.burmeseclassic.com



မှသည် ဆံပင်အထိ မိုးစိုနေသည်။

သို့သော် သူ့မျက်နှာထားမှာ အခါတိုင်းကထက် တင်းမာနေသည် အမှန်။

"တူးမာတို့ မအိပ်ကြသေးဘူးကိုး"

သူက အိမ်အဝင်တွင် လှမ်းပြောလိုက်သည်။ ထို နောက် ရေချိုးခန်းဘက်သို့ လျှောက်သွားသည်။ ရေချိုးခန်းမှ ရေကျသံများ ကြားရသည်။

သန့်သည် တစ်စုံတစ်ခုပြောမည် ပြုပြီးမှ မပြောဘဲ နေလိုက်သည်။ သက်မာ လုပ်ပုံကိုင်ပုံကို စောင့်ကြည့်နေသည်။ ရင်ထဲမှာ တစ်နုံ့နုံ့ ဖြစ်နေသည်။ ပါးစပ်မှာ ယားနေသည်။

စင်စစ် နောက်ကျမှု၊ စိုးရိမ်ရမှုတို့က အကြောင်း မဟုတ်။ မထေမဲ့မြင်ပုံစံကို မကြိုက်။ ဖြစ်သင့်သည်မှာ မည်သည့် အကြောင်းကြောင့် နောက်ကျသည်ကို မုသားအနေနှင့်ပဲ ဖြစ်ဖြစ် ပြောသင့်သည်။ ဖြေရှင်းသင့်သည် ထင်သည်။ ယခုသော် သက်မာ၏ ပုံစံက မိမိကို လုံးဝအရေးမစိုက်သလို ဖြစ်နေသည်။ သူလုပ်ချင်ရာ လုပ်နိုင်ခွင့် ရှိသည် ဆိုသည်မျိုး ဖြစ်နေသည်။

သက်မာသည် စိမ်ပြေနပြေ ရေချိုးသည်။ အဝတ်အစား များကို လဲလှယ်ဝတ်ဆင်ပြီးမှ အိမ်ရှေ့ခန်းသို့ ထွက်လာသည်။

သီတာနှင့် သီဂီတို့က အိပ်နှင့်ကြပြီ။ တူးမာသည် မိခင် ၏ တင်းမာသောမျက်နှာ၊ ဒေါသရောင်လွှမ်းသော မျက်လုံးကို မြင်ရကာ စိတ်ထဲမှာ ထင့်နေသည်။ တစ်စုံတရာ ဖြစ်လာ တော့မည်ကို ကြိုတင်သိထားသည်။ ထို့ကြောင့် စိုးရိမ်မကင်း ဖြစ်ကာ မအိပ်နိုင်ဘဲ ရှိနေသည်။ သက်မာကိုလည်း တီးတိုးပြော မိသည်။

"သက်မာ၊ မင်းဘယ်တွေ လျှောက်သွားနေတာလဲ ဟင်၊ တို့တစ်တွေ စိုးရိမ်လိုက်ရတာ၊ မေမေလည်း ဒေါသဖြစ်လှပြီ"

"ကိုယ် ရုပ်ရှင်ကြည့်နေတာ"

"မင်းရဲ့ ဘဲနဲ့လား"

"ဟင့်အင်း၊ တစ်ယောက်တည်းပါ"

"အို တစ်ယောက်တည်း ဒီအချိန်မှာ ရုပ်ရှင်ကြည့်တယ်"

တူးမာသည် မယုံနိုင်အောင် ရှိနေသည်။ သက်မာက တော့ အရေးမစိုက်သလို လုပ်နေသည်။

"ဆာလိုက်တာကွာ"

သက်မာသည် ထမင်းစားပွဲသို့ လျှောက်သွားသည်။

"သက်မာ ခဏ"

သန့်က လှမ်းခေါ်သဖြင့် သက်မာ ခြေလှမ်း တုံ့သွား သည်။ ရပ်နေလိုက်သည်။

"ဒီကို လာပါဦး"

သန့်သည် ကုလားထိုင်မှ လှမ်းခေါ်ခြင်း ဖြစ်သည်။ သက်မာသည် သန့်ရှေ့သို့ လျှောက်လာသည်။

ဒေါသကြောင့် တစ်လက်လက်တောက်နေသော သန့် ၏ မျက်လုံးအစုံကို သက်မာ တွေ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com



သက်မာ၏ အမူအယာက ထုံပေပေ။ သန့်ကို ရဲတင်းစွာ ရင်ဆိုင်လိုက်သည်။

"မင်း ဘယ်သွားနေသလဲ"

သန့်၏ အသံက မာနေသည်။

"ရုပ်ရှင်ကြည့်တယ်"

သက်မာ၏အသံက ပြတ်လှသည်။

"ဒီအချိန်ဟာ မိန်းကလေးတစ်ယောက်တည်း ရုပ်ရှင်ကြည့်တဲ့ အချိန်လား"

"အချိန်က ဘာရှိသေးလို့လဲ၊ ပြီးတော့ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ"

"မင်းမဲ့တိုင်းပြည် မဟုတ်တာတော့ သိတာပေါ့၊ ဒါပေမယ့် မင်းတစ်ယောက်တည်း ဘယ်တုန်းက ရုပ်ရှင်ကြည့်ရဖူးလို့လဲ၊ ပြစရာရှိရင် ကိုယ်တိုင်လိုက်ပြတာပဲ မဟုတ်လား"

"ဒါပေမယ့် ဒီနေ့ တမင်ကြည့်တ"

"မင်း ကိုယ့်ကို အရွဲ့တိုက်နေတာလား သက်မာ"

"ဆိုချင် ဆိုနိုင်ပါတယ်"

"ဘာ...."

သန့်သည် ထိုင်ရာမှ ခုန်ထလိုက်မိသည်။ သန့်၏ ကိုယ်မှာ တဆတ်ဆတ် တုန်နေသည်။

"မေမေ၊ မေမေ"

တူးမာက စိုးရိမ်တကြီး ဆိုလိုက်သည်။





သက်မာသည် သန့်အား မထီလေးစား ကြည့်လိုက်သည်။

"ဟုတ်တယ်၊ သက်မာ တမင် အချိန်ဖြုန်းတာပဲ၊ တမင် ရုပ်ရှင်ကြည့်တာပဲ။ ဒီမှာ ဒေါ်လေး၊ သက်မာကို ဘာအပြစ်မှ မပြောနဲ့၊ မဆုံးမနဲ့။ ဒေါ်လေးကိုယ် ဒေါ်လေး အရင် အပြစ်ပြော၊ အရင်ဆုံးမ"

"သက်မာရယ်၊ တော်ပါတော့ ဆို"

တူးမာသည် အထိတ်တလန့် အော်လိုက်သည်။

သန့်သည် သက်မာနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"မင်း ဘာကို ဆိုလိုတာလဲ သက်မာ"

"သက်မာ ဘာကိုဆိုလိုတာလဲဆိုတာ ရှင်းမပြဘဲ သိဖို့ကောင်းတယ်။ ကိုယ့်ဟာကိုယ် ဘာလုပ်ခဲ့တယ်ဆိုတာ နားလည်ဖို့ ကောင်းတယ်"

"ကိုယ် ဘာလုပ်လို့လဲ"

"မုန်လာဥ မလုပ်ချင်ပါနဲ့ နော်၊ လောကမှာ ဆိတ်ကွယ်ရာဆိုတာ အင်မတန် ရှားပါတယ်။ ဒေါ်လေး ဒီကနေ့ ဘယ်သွားပြီး ဘာလုပ်တယ်ဆိုတာ သက်မာ အားလုံးသိတယ်။ ပြန်ပြောပြရဦးမလား၊ ပထမ မြို့ထဲသွားတယ်၊ ကိုဝေလင်းနဲ့ တွေ့တယ်။ နောက်တော့ အိမ်ကလေးတစ်အိမ်ကို သွားတယ်။ နောက်ပိုင်း ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဒေါ်လေးအသိဆုံး နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သန့်သည် ရုတ်တရက်တွင် ဘာပြန်ပြောရမည် မသိတတ်နိုင်လောက်အောင် ဖြစ်သွားသည်။ သန့်၏ မျက်နှာသည် နီသွားသည်။ ရင်ထဲမှာလည်း ရှိန်းခနဲ ဖြစ်သွားသည်။ သည်အချိန်မှပင် သူ ကိုဝေလင်း၏ တည်းခိုအိမ်တွင် ရှိစဉ်က ကိုဝေလင်း၏ အနမ်းကို ခံယူပြီးစက အိမ်ရှေ့မှ ဖယ်မလီယာကားကလေးတစ်စီး ဖြတ်မောင်းသွားသည်ကို ပြန်လည်သတိရမိတော့သည်။

"မင်း.... မင်း၊ ကိုယ့်ကို ခြေရာခံနေတယ်ပေါ့လေ"

သန့်၏ အမေးကို သက်မာက ရယ်မောပစ်လိုက်သည်။

"သက်မာတို့မှာလဲ နားနဲ့ မျက်လုံးနဲ့ပါပဲ ဒေါ်လေး။ လူတစ်ယောက် ဘာလုပ်နေတယ်ဆိုတာ ကြားနိုင်တာပဲ၊ မြင်နိုင်တာပဲ"

"ဟုတ်တယ်၊ ကိုယ် ကိုဝေလင်းနဲ့ သွားတွေ့တယ်၊ ဒါ ဘာဆန်းသလဲ။ ကိုယ်ဟာ မင်းတို့ရဲ့ အမေ၊ ကိုယ့်ကိုယ်ကို ထိန်းနိုင်တယ်။ ပြီးတော့ ကိုဝေလင်းနဲ့ကလဲ ..."

"သိပါတယ်၊ သိပါတယ်၊ မဏ္ဍာပ်တိုင် တက်ပြစရာ မလိုပါဘူး၊ ကိုဝေလင်းနဲ့ ယူကြမယ်ဆိုတာ သိပါတယ်၊ ငယ်ချစ်တွေဆိုတာ သိပါတယ်။ ဖေဖေ့ကို မချစ်ဘဲနဲ့ ယူခဲ့ရတယ်၊ တကယ် ချစ်တာက ကိုဝေလင်း၊ ဒီလိုမဟုတ်လား ဒေါ်လေး"

"ဟုတ်တယ်၊ ဟုတ်တယ်။ မင်းကြားတာတွေ အားလုံး ဟုတ်တယ်၊ ဘာဖြစ်လဲ။ ဒါပေမယ့် ကိုယ့်ဘက်က ဘာဝတ္တရား





ပျက်ခဲ့သလဲ သက်မာ။ ကိုယ်ဟာ မင်းတို့ကို ရင်အုပ်မကွာ မွေးခဲ့တယ်။ အခုထိ မင်းတို့ဟာ ကိုယ့်အုပ်ချုပ်မှုအောက်မှာ ရှိတယ်"

သက်မာသည် မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကြောင့် သက်မာကို ဆုံးမမယ်ဆိုရင် ကိုယ့်ကိုယ်ကို အရင်ဆုံးမ၊ သက်မာကို အပြစ်ပြောမယ်ကြံရင်ကိုယ့်ကိုယ်ကို အရင်အပြစ်ပြော။ ခေါင်က မိုးမလုံရင် တံစက်မြိတ်က ဘယ်လို မိုးလုံမှာလဲ"

"မင်းလွန်လာပြီ သက်မာ၊ မင်းပြောတာတွေဟာ လူကြီးလူငယ်ပြောတာမျိုး မဟုတ်တော့ဘူး"

"မတတ်နိုင်ဘူး၊ ပြောစရာရှိတာတော့ ပြောရမှာပဲ"

"တော်ပြီ သက်မာ၊ တော်ပြီ၊ ကိုယ့်မှာ ထိုက်သင့်သလောက် အပြစ်ရှိတယ်ဆိုတာ ဝန်ခံတယ်။ ဒါပေမယ့် မင်းထင် သလောက် သိက္ခာမဲ့တဲ့ မိန်းမတစ်ယောက် မဟုတ်ခဲ့ဘူး ဆိုတာတော့ ယုံ၊ နောက်တစ်ခုက ကိုယ့်ကို အရွဲ့တိုက်ပြီး ဆင်ရာ လျှောက်လုပ်စရာ မလိုဘူး။ ဒီအဖြစ်မျိုး ဒီတစ်ခါ နောက်ဆုံး ဖြစ်ပါစေ"

"ဒါကို သက်မာ ဘယ်လိုလုပ် ဝန်ခံနိုင်မလဲ၊ သက်မာလဲ အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ဆယ့်ရှစ်နှစ်ပြည့်ပြီဖြစ်တဲ့ လူတစ်ယောက်ပဲ၊ သက်မာဘာသာ လုပ်ချင်တာလုပ်နိုင်ခွင့်ရှိတယ်။ ဒေါ်လေးတောင် လုပ်ချင်ရာ လုပ်နိုင်ခွင့်ရှိရင် သက်မာမှာကော ဘာလို့ မရှိရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်မာသည် ပြောရင်းမှ နောက်သို့ လှည့်လိုက်သည်။ သန့်သည် သက်မာ၏ လက်မောင်းအိုးကို ဖမ်းဆွဲထားလိုက်သည်။ သက်မာကို မျက်နှာချင်းဆိုင်သို့ ဆွဲယူလိုက်သည်။

"မင်း ကိုယ့်ကို အတိအလင်း ဆန့်ကျင်နေတာပေါ့လေ"

"ဒေါ်လေးက ဘယ်လိုထင်လို့လဲ"

"ကြည့်စမ်း၊ ပြောလေ ကဲလေပါလားဟင်။ ကဲ ဟယ်၊ ဒီလောက်တောင် ခေါင်းမာချင်တဲ့ကောင်မ မာအုံး"

သန့်သည် စိတ်မထိန်းတော့နိုင်၊ သက်မာ၏ နားထင်စပ်ကို လွဲရိုက်ပစ်လိုက်သည်။

သက်မာသည် ရုတ်တရက် ခံလိုက်ရသဖြင့် လက်ကို ရှောင်လွှဲခြင်းမပြုလိုက်နိုင်။ အရိုက်ခံလိုက်ရသည်။ သက်မာ၏ ဆံပင်စသည် ဖွာခနဲ လွင့်သွားသည်။ ကိုယ်မှာ ယိုင်သွားသည်။

သက်မာ၏မျက်နှာသည် တင်းမာသွားသည်။ ခက်ထန်သွားသည်။ မေးကြောထောင်သွားသည်။ မျက်လုံးများ အရောင်တောက်သွားသည်။ သက်မာ၏လက်တစ်ဘက်သည် မြောက်တက် သွားသည်။ သန့်၏မျက်နှာပေါ်သို့ ကျရောက်သွားသည်။

သန့်မှာလည်း မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ကြက်သေ,သေသွားသည်။ ပါးတစ်ဖက်မှာ ပူကနဲဖြစ်သွားသည်။ ပြီးလျှင် ရှက်ကြောက် ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းတို့ဖြင့် သန့်၏ မျက်နှာမှာ ရဲတွတ်သွားသည်။





"ကြည့်စမ်း၊ ပြန်လုပ်တယ်ပေါ့လေ၊ လူကြီးကို ပြန်လုပ်တယ်ပေါ့လေ"

သန့်သည် သက်မာ၏ ဆံပင်ကို စုဆွဲလိုက်သည်။ သက်မာက သန့်၏ လက်များကို။ တွန်းဖယ်ပစ်ရင်းမှ သန့်၏ ရင်ပတ်ကို တွန်းပစ်လိုက်သည်။

"တော်ကြပါတော့၊ တော်ကြပါတော့၊ ကျေးဇူးပြုပြီး တော်ကြပါတော့"

တူးမာသည် သန့်နှင့်သက်မာအကြားသို့ ဝင်ရပ်သည်။ နှစ်ယောက်လုံးကို တွန်းပစ်လိုက်သည်။ တူးမာသည် နှစ်ယောက်လုံးထက် ပိုမိုသန်မာလေရာ သန့်နှင့်သက်မာတို့ လူချင်းကွဲသွားသည်။

သီတာနှင့် သီဂီတို့ လန့်နိုးလာကြသည်။ အိပ်ယာမှ ဝုန်းဝုန်းဒိုင်းဒိုင်း ထလာကြသည်။

"လူကြီးဆိုပြီး မတရား လုပ်လို့မရဘူး၊ ခံသင့်မှ ခံနိုင်မယ် ဒါပဲ"

"သက်မာရယ်၊ ညည်း အခု မွေးကျေးဇူးတွေ ဆပ်လိုက်တာပေါ့လေ၊ ဟုတ်လား။ ညည်းကို သုံးနှစ်သမီးအရွယ်ကတည်းက မွေးလာရတဲ့ ကျေးဇူးကို ဒီနည်းနဲ့ ပြန်ဆပ်လိုက်တာပေါ့လေ။ ညည်းအတွက်နဲ့ ဘဝတစ်ခုလုံး အဆုံးရှုံးခံခဲ့ရတာကို ဒီနည်းနဲ့ တုံ့ပြန်တာပေါ့၊ ဟုတ်လား"

သန့်သည် ငိုတော့မလို ရယ်တော့မယောင် ဖြစ်နေရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှက်သည်၊ ဝမ်းနည်းသည်၊ နာကျည်းသည်။ ယင်း ခံစားမှုတို့ဖြင့် သန့်၏ကိုယ်မှာ တဆတ်ဆတ် တုန်နေသည်။

သီတာသည် အဖြစ်အပျက် အလုံးစုံကို နားမလည်နိုင်သေးပဲ ငေးကြည့်နေသည်။ သီဂီကား ငိုရှိုက်လျက်ရှိသည်။ တူးမာသည် စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

ပြင်ပတွင် မိုးသည် သည်းသည်ထက် သည်းနေသည်။ လေသည် တဝုန်းဝုန်း တိုက်ခတ်ဆဲ။ သက်မာက အခဲမကြေသေး။

"မပြောချင်လို့ ကြည့်နေတာ ကြာပြီ၊ ရင်ထဲမှာ နာနေရတာ ကြာပြီ။ ဖေဖေဆုံးရတဲ့ တရားခံဟာ ဘယ်သူ မှတ်သလဲ၊ ဒေါ်လေးကြောင့်၊ ဖေဖေ့ကို ဒေါ်လေးသတ်လိုက်တာ"

"ဘာ၊ ဘာပြောတယ်"

"ဖေဖေဟာ တစ်လျှောက်လုံး စိတ်မချမ်းသာခဲ့ရဘူး၊ သက်မာသိတယ်။ ဒေါ်လေးဟာ ဖေဖေ့ကို ပညာရှိ နှိပ်စက်ခဲ့တယ်၊ ဖေဖေ့ကို အရက်သမားဖြစ်အောင် လုပ်ခဲ့တယ်"

"တော်စမ်းပါ၊ ညည်းအဒေါ်ရဲ့ လေသံနဲ့ လျှောက်ပြောမနေစမ်းပါနဲ့။ ဘယ်လိုလဲ သက်မာ၊ ညည်းနဲ့ ညည်းအဒေါ်မခင်တင့်တို့ တစ်လေသံတည်း ထွက်နေပါလား"

"ကြီးကြီးမေလဲ သိတာပဲ၊ သက်မာလဲ သိတာပဲ၊ ဒေါ်လေးဟာ ဖေဖေ့ကိုမချစ်ဘဲနဲ့ ယူခဲ့တယ်။ ဒီနောက် တစ်ရှိရှိနဲ့ ပညာရှိနှိပ်စက်နည်းနဲ့ နှိပ်စက်ခဲ့တယ်။ ဖေဖေခရီး သွားရမယ့်





ညက ဒေါ်လေးနဲ့ ကတောက်ကဆ ဖြစ်ခဲ့ကြတယ်။ နောက်တော့ ဖေဖေ ဆုံးတာ ကြားရတာပဲ။ ဖေဖေဆုံးတုန်းကရော ဒေါ်လေး ငိုခဲ့သလား၊ မျက်ရည်တစ်စက် ကျခဲ့သလား"

"သက်မာ၊ ညည်းမသိတာတွေ လျှောက်ပြော မနေစမ်းနဲ့၊ ဒါဟာ ကိုယ့်ရဲ့ပုဂ္ဂလိက ခံစားချက်ပဲ"

"မပြေးသော် ကန်ရာရှိ ဆိုသလိုပေါ့၊ အားလုံးကို သတ္တုချကြည့်လိုက်ရင် အဖြေဟာ ဒါပဲ ထွက်မှာပဲ"

"ကဲ တော်ကြပါတော့လို့ ဆိုတာ မရဘူးလား၊ သေကုန်ရင် အေးမယ်၊ အားလုံး သေကုန်ရင် အေးမယ်"

တူးမာက ကုန်းအော်ပစ်လိုက်သည်။

သန့်သည် နာကျည်းစွာ ပြုံးလိုက်မိသည်။

"သြော်၊ အခုတော့ မင်းတို့က ကိုယ့်ကို လူသတ်သမအဖြစ်နဲ့တောင် စွပ်စွဲနေကြပြီကိုး။ ထားပါ သက်မာ၊ မင်းတို့က တရားခံ ရှာနေကြတယ် မဟုတ်လား၊ ကိုယ့်အပေါ် အပြစ်ပုံချချင်ကြတယ် မဟုတ်လား၊ ထင်ချင်သလိုသာ ထင်ကြတော့၊ အမှန်တရားကို ဘုရားမှသိမှာပဲ။ ကိုယ်မပြောတော့ဘူး သက်မာ ကိုယ်ဘာမှ မပြောတော့ဘူး၊ မင်းတို့ အနိုင်ယူကြ၊ မင်းတို့ အသာယူကြ၊ ဝမ်းနဲ့လွယ်မမွေးခဲ့ရင် အမိသော်လဲ သားတော်ခဲ ဆိုတဲ့ စကားကို ကိုယ်သဘောပေါက်ရပြီ၊ သက်မာ မင်းထင်သလိုလုပ်၊ မင်းနေချင်သလိုနေ။ ကိုယ် နောက်ကို ဆုံးမမိရင် မင်းအခုလုပ်သလိုပဲ လုပ်ပါ။ ကြားလား၊ ကျန်တဲ့ ပါးတစ်ဘက်ကို ထပ်ရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

"အေး ကိုယ့်မှာက အမှား ရှိနေခဲ့ပြီကိုး၊ သံပုရာတစ်ခြမ်းနဲ့ ခြေလို့ရတဲ့အဖြစ် ဖြစ်ခဲ့ပြီကိုး။ တစ်သက်လုံးကောင်းခဲ့သမျှ ဒီအမှားကလေးတစ်ခုကြောင့် အဆိုးဖြစ်ခဲ့ရတာပဲ။ ကိုယ်အရှုံးပေးလိုက်ပါပြီ၊ လက်မြှောက်လိုက်ပါပြီ။ ကိုယ့်ကိုယ်ဟာ ငယ်ငယ်ကတည်းက သူများ အခြယ်လှယ်ခံဘဝနဲ့ ကျင်လည်ခဲ့ရတယ်။ ကိုယ့်ဖို့ လူဖြစ်ရတာထက် သူများအဖို့ လူဖြစ်ခဲ့ရတယ်။ တစ်သက်မှာ တစ်ခါ ဆိုသလို ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြည့်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် မအောင်မြင်ဘူး။ ထားလိုက်ပါတော့လေ။ ဘဝက ဝဋ်ကြွေးမကုန်သေးဘူးလို့ဘဲ အောက်မေ့ပါတယ်။ မင်းကို ကိုယ်ခွင့်လွှတ်ပါတယ် သက်မာ။ ဒီဘဝတင်မက သံသရာမှာလဲ ပြုံးနိုင်ပါစေလို့ ကိုယ်ဆုတောင်းပါတယ်။ မင်းပြုံးနိုင်ဖို့အတွက် ကိုယ် အရာရာကို စွန့်လွှတ်မယ်၊ အနစ်နာခံမယ်။ မင်းရဲ့အပြုံးအတွက် ကိုယ့်မျက်ရည်ကို ပေးပါမယ်။ ကျေနပ်တော့ သက်မာ။ ကိုယ့်ကို ကျေနပ်တော့"

သန့်သည် ပြောရင်းမှာပင် ထိန်းချုပ် မထားနိုင်တော့ဘဲ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။ သီတာနှင့် သီဂီသည် သန့်နှင့် ရောနှော ငိုကြွေးလိုက်ကြသည်။

သန့်သည် သီဂီအား ရင်တွင် ပွေ့ဖက်ထားလိုက်သည်။

"ကဲ အိပ်ကြပါစို့သမီး၊ စိတ်အေးအေးထားပြီး အိပ်လိုက်။ အားလုံးကို မေ့ထားပြီး အိပ်လိုက်ကြစို့။ မိုးလင်းလာရင် ပြဿနာတွေ အားလုံးရှင်းသွားမှာပါကွယ်။ အားလုံးရှင်းသွားအောင် မေမေလုပ်ပေးမှာပါ။ ကဲ သက်မာ မင်းလဲ အိပ်တော့"





သန့်သည် အိပ်ခန်းတွင်းသို့ ဝင်ခဲ့သည်။ ခေါင်းအုံးတွင် မျက်နှာအပ်ကာ ငိုချလိုက်မိသည်။

ပထမသော် ကလေးများသည် သူတို့၏ အိပ်ခန်းသို့ မဝင်ကြသေး။ ဘာစကားမျှ မပြောဘဲ ဧည့်ခန်းတွင် ငြိမ်သက်စွာ ထိုင်နေခဲ့ကြသည်။ အတန်ကြာမှ အိပ်ခန်းသို့ ဝင်သွားသော သူတို့၏ ခြေသံများကို ကြားရသည်။

သန့်သည် မျက်ရည် လိမ်းကျံသော ပါးဖြင့် ခေါင်းအုံးကို အပ်ထားမိသည်။ အိပ်၍ကား မပျော်နိုင်ပါ။ သန့်၏ နားမှာ ကိုဝေလင်း ပြောခဲ့သော စကားကိုသာ အထပ်ထပ် အခါခါ ကြားနေရသည်။

"သာယာကြည်နူးမှုအတွက် ရတဲ့အချိန်ဟာ သိပ်နည်းပါးတာပဲနော်" တဲ့။

မှန်ပါသည်။

သန့်အဖို့ သာယာကြည်နူးမှုအတွက် ရရှိသော အချိန်သည် တကယ်ပဲ နည်းပါးလှပါကလား။

သက်မာကတော့ အောင်နိုင်သူတစ်ယောက်လို ဖြစ်သည်။ စိတ်ထဲမှာ ကျေနပ် နှစ်သိမ့်နေခဲ့သည်။ အိပ်ခန်းထဲသို့ ဝင်လာသည်။ တူးမာသည် ခုတင်ပေါ်သို့ ရောက်နှင့်နေပြီ။ သက်မာဘက်သို့ ကျောပေးပြီး လှဲလျောင်းနေသည်။

နှစ်ယောက်တစ်ခန်း ခုတင်တစ်လုံးကျ အိပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်မာနှင့် တူးမာအတွက် နှစ်ယောက်အိပ် ခုတင်တစ်လုံး ရထားသည်။

"တူးမာ"

သက်မာခေါ်သည်။

"ဟင်"

ထူးသံကြားရသည်။ တူးမာသည် စောင်းလျက်သားပင် ရှိသည်။ သည်ဘက်သို့ လှည့်မလာ။

"အိပ်တော့မလား"

"အင်း"

"ဆောရီးပဲကွာ၊ အစက ကိုယ် ဒီလောက်အထိ ဖြစ်သွားလိမ့်မယ် မထင်ဘူး"

တူးမာသည် စောင်းလှည့်လိုက်သည်။ သက်မာ၏ မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

"ကိုယ့်ကို တောင်းပန်နေစရာ မလိုပါဘူး သက်မာ မင်းတောင်းပန်ရမှာက မေမေ့ကိုပဲ။ မင်းလွန်တယ်၊ သိပ်လွန်တယ်။ မေမေလို မအေမျိုးမို့ပေါ့။ ကိုယ်လို မအေမျိုးသာဆိုရင် မင်းကို အရေးဆုတ်ပစ်တယ် သိလား"

"ဒါပေမယ့် သူ ဘာမှ ပြန်မပြောနိုင်တာက၊ သူ မှားခဲ့လို့ပေါ့၊ ကိုယ်မှန်နေလို့ပေါ့"

"မင်းနဲ့ကိုယ် ရန်မဖြစ်ချင်ဘူး သက်မာ၊ အငြင်းမပွားချင်ဘူး။ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ် မဆုံးဖြတ်ချင်ဘူး။ ဒါပေမယ့် မင်းလွန်တယ်၊ ဒါပဲပြောချင်တယ်။ အေးလေ မင်းကတော့ မအေအရင်းမှ မဟုတ်ပဲ၊ ကိုယ့်လို ခံစားချက် ဘယ်ရှိမလဲ။ ကိုယ့်အဖို့ကတော့ မအေလုပ်တဲ့လူ ဘယ်လောက်ပဲမှားမှား၊ နောက်ဆုံး ကိုယ့်မအေဟာ ပြည့်တန်ဆာပဲ ဖြစ်နေနေ ဘယ်တော့မှ မအေ့ကို ဒါမျိုးမလုပ်ဘူး။ မေမေဟာ အခု ပြည့်တန်ဆာလောက်တော့ မယုတ်နိမ့်သေးပါဘူးကွာ"

"ကိုဝေလင်းနဲ့ ပတ်သက်လို့ကော မင်း ဘယ်လို ယူဆသလဲဟင်"

"ကိုဝေလင်းကို ကိုယ်လဲ ဆန့်ကျင်ခဲ့တာပဲ၊ ဒါကို မင်း အသိပဲ သက်မာ။ ဒါပေမယ့် ကိုယ့်ရဲ့ ကြည်နူးမှုအတွက် သူ တစ်ပါးရဲ့ သာယာမှုကို လုယူတာကတော့ မတရားဘူး ထင်တယ်"

"ဒါ ဒါဖြင့် မင်းကိုယ့်ကို စိတ်ဆိုးနေတယ်ပေါ့"

"ဆိုးတယ်၊ အို သိပ်စိတ်ဆိုးတယ်"

တူးမာသည် တစ်ဖက်သို့ ပြန်လှည့်သွားသည်။

သက်မာသည် တွေတွေဝေဝေကလေး ဖြစ်သွားသည်။ အောင်နိုင်သူအသွင် ကော့ထားသောရင်သည် ပျော့ကျသွားသည်။ မာနတရားဖြင့် တောက်ပြောင်နေသော မျက်ဝန်းများသည် ဝေရီသွားသည်။

သူသည် သက်ပြင်းတစ်ချက် ရှိုက်လျက် ခုတင်ပေါ်သို့ လှဲလျောင်းလိုက်သည်။

တစ်ဖက်မှ တူးမာ၏ ရှိုက်သံကို ကြားနေရလေသည်။

× × ×



Royal Snow
Publications

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com



# ၁၄

နောက်တစ်နေ့နံနက်တွင် သန့်သည် အိပ်ယာမှ စောစီးစွာ နိုးလာသည်။ စင်စစ်တွင်မူ ညက တစ်ညလုံး အိပ်မရခဲ့။ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော် သွားပြီး ချက်ချင်း ပြန်နိုးလာခြင်းဖြစ်သည်။

သန့်သည် အခါတိုင်းကလိုပင် ရေနွေးအိုးကို မီးဖိုပေါ် သို့တင်ထားလိုက်သည်။ ဘုရားစင်ရှိရာသို့လာပြီး ဘုရားဝတ်ပြု သည်။

သန့်နှင့် မရေးမနှောင်းမှာပင် ကလေးများ နိုးလာကြ သည်။ တူးမာ၊ သီတာ၊ သိင်္ဂီတို့သည် သန့်အပါးမှာ ထိုင်လျက် ဘုရားကို ဝတ်ပြုကြသည်။ ထို့နောက် မီးဖိုခန်းသို့ ဝင်ကြသည်။

သန့်သည် အိမ်တံခါးများကို ဖွင့်လိုက်သည်။ နံနက် ခင်း၏ ရှင်းသန့်သော လေသည် သန့်အား ဆီးကြိုလိုက်သည်။ ကျေးငှက်တို့၏ စိုးစိုးစီစီအသံသည် သန့်အား နှုတ်ခွန်းဆက် လိုက်သည်။ မိုးစဲစ နံနက်ခင်းသည် နေခြည်နုနုအောက်ဝယ် သစ်လွင် လန်းဆန်းနေသည်။



သန့်သည် နံနက်ခင်း၏ ရှင်းသန့်သော လေကို အားပါးတရ ရှူရှိုက်လိုက်သည်။ ထိုအခါ အင်အား ပြည့်ဝလာလေသည်လား ထင်ရသည်။ စိတ်မှာ လန်းဆတ်လာသည်တော့ အမှန်။

တူးမာသည် ထုံးစံအတိုင်း ထမင်းအိုး တည်နေပြီ။ သီတာက ကော်ဖီဖျော်နေသည်။ သိင်္ဂီသည် ပေါင်မုန့် မီးကင်နေသည်။ အားလုံး ယခင်နေ့များကလိုပင် အသီးသီး အသက အသက လှုပ်ရှားနေကြသည်။ သက်မာတစ်ယောက်သာလျှင် သည်အထဲတွင် ပါဝင်လာခြင်း မရှိဘဲ ဖြစ်နေသည်။

အားလုံးပင် အိပ်ရေးပျက်ထားဟန်ဖြင့် မျက်တွင်းကလေးများ ချိုင့်နေသည်။ မျက်လုံးများ ဝေါင်းစင်းစင်း ဖြစ်နေသည်။ စိတ်ထဲတွင်လည်း ရှုပ်ထွေး နောက်ကျုနေပုံရသည်။ သို့သော် အားလုံးကပင် ယင်းကို ဖုံးကွယ်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း တွေ့ရသည်။

သန့်တို့ အိမ်ကလေးသည် နံနက်သို့ ရောက်လေတိုင်း အသက်ဝင် လှုပ်ရှားလာတတ်သည်။ ကိုယ့်တာဝန် ကိုယ်သိတတ်စွာ ထမ်းဆောင်ကြသည်။ နံနက်ခင်းတွင် နိုးထတတ်သော ကျေးငှက်ကလေးများလို စာစာညံညံ ရှိတတ်မြဲ ဖြစ်ခဲ့သည်။

သို့သော် ညက ဖြစ်ပျက်ခဲ့သော အရေးအခင်းကြောင့် ယနေ့ နံနက်မှာတော့ စာစာညံညံမရှိ။ တိတ်ဆိတ်စွာပင် မြဲဝတ်ကို ပြုနေကြသည်။ စက်ရုပ်များနှယ် လှုပ်ရှားနေကြ



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ထင်ရသည်။

ဤသည်ကိုကြည့်တာ သန့် စိတ်မကောင်း။

မကြာမီ သက်မာ အိပ်ခန်းထဲမှ ထွက်လာသည်။ သူသည် အသင့်ပြင်ထားသော အိပ်ယာလိပ်၊ လက်ဆွဲသေတ္တာတို့ဖြင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။

"ဒါက ဘာသဘောလဲ သက်မာ"

တူးမာက သက်မာကို ကြည့်ကာ နားမလည်နိုင်သလို မေးသည်။

သက်မာ အဖြေမပေး။

သန့်သည် သက်မာကို စူးစိုက် နေမိသည်မှတစ်ပါး ဘာမျှ မပြောမိ။

သက်မာသည် သန့်အပါးသို့ တိုးလာသည်။

"သက်မာ သွားတော့မယ်"

"ဟင်"

"သက်မာ ဘိုကလေးကို သွားတော့မယ်၊ ကြီးကြီးမေဆီ သွားတော့မယ်"

"ဘာဖြစ်လို့ သွားရမှာလဲ"

သန့်သည် အသက်ဝင် လှုပ်ရှားလာသည်။

"သက်မာအတွက် ဒေါ်လေးမှာ စိတ် အနှောင့်အယှက်ဖြစ်နေရတယ် မဟုတ်လား"

"မဟုတ်သေးဘူး သက်မာ"

Royal Snow
Publications



"မမသက်မာ မသွားပါနဲ့"

သဂီက ငိုမဲ့မဲ့မျက်နှာထားဖြင့် ဝင်တားသည်။

"ဟုတ်တယ် ဒေါ်လေး၊ သက်မာ ဒီအိမ်မှာ ဆက်နေဖို့ မကောင်းတော့ပါဘူး။ သက်မာ ညက တစ်ညလုံးအိပ်မပျော်ခဲ့ဘူး။ ကိုယ့်ဘာလုပ်ပြီး ဘာပြောခဲ့တယ် ဆိုတာတွေ အပြန်ပြန် အလှန်လှန် စဉ်းစားပါတယ်၊ တွေးပါတယ်။ သက်မာ လွန်ခဲ့တယ်။ သက်မာဟာ ဒေါ်လေးကိုလဲ ကိုယ်ထိလက်ရောက် စော်ကားမိခဲ့တယ်"

"ဒီအတွက် မင်းကို ကိုယ် ခွင့်လွှတ်ပါတယ်လို့ ပြောခဲ့ပြီပဲ"

"အဲဒီလို ခွင့်လွှတ်တဲ့အတွက် သက်မာရဲ့ စိတ်တစ်မျိုးပြောင်းခဲ့တာပဲ။ ဒေါ်လေးက သက်မာကို ခွင့်မလွှတ်ခဲ့ရင် သိပ်ကောင်းမှာပဲ။ ခုတော့ ဒေါ်လေးရဲ့ သည်းခံ ခွင့်လွှတ်မှုက သက်မာရဲ့ ကိုယ်ကို သက်မာ ဘာသာ ခွင့်မလွှတ်နိုင်အောင် ဖန်တီးခဲ့တာပဲ"

"မေ့လိုက်ပါတော့ သက်မာ၊ ဒါကို မေ့လိုက်ပါတော့"

"မမေ့နိုင်ဘူး၊ သက်မာ မမေ့နိုင်ဘူး။ အမှန်တော့ သက်မာရဲ့ စိုးရိမ်စိတ်တွေ လွန်ကဲနေခဲ့တာပါ။ သက်မာ ဒေါ်လေးကို ဆန့်ကျင်ခဲ့တယ်၊ အပြစ်ရှာခဲ့တယ်၊ စင်စစ်တော့ ါတွေဟာ ကြီးကြီးမေရဲ့ စကားတွေကို နားထောင်မိခဲ့တာပါ ါတယ်။ ဒေါ်လေးပြောသလို ကြီးကြီးမေ ပြောခဲ့တဲ့စကားတွေ

Royal Snow
Publications

www.burmeseclassic.com

www.burmeseclassic.com

ကို ပြန်ပြောမိတာပဲ၊ အမှန်မှာ ဒီလို သွေးခွဲတဲ့ စကားမျိုးတွေ သက်မာကြားခဲ့ရတာ ကြာပါပြီ၊ လူမှန်းသိတတ်စ အရွယ်ကတည်းကပဲ။ ဒါပေမယ့် ဟိုတုန်းက နားမယောင်ခဲ့ဘူး၊ ဒီတစ်ခါမှ ဒီလိုဖြစ်ရတာဟာ အကြောင်းရှိပါတယ်။

"သက်မာဟာ ဒီ မိသားစုအပေါ်မှာ သံယောဇဉ် ကြီးပါတယ်၊ ဒီမိသားစု ပြိုကွဲပြီး တစ်ယောက် တစ်ခြားစီ ဖြစ်သွားမှာကို စိုးရိမ်ခဲ့မိတယ်။ ဦးဝေလင်း ဒီမိသားစုအတွင်း ဝင်လာမှာကို မလိုလားမိဘူး။ သူမှ မဟုတ်ဘူး၊ ဘယ်သူစိမ်း တစ်ယောက်မှ ဝင်မလာစေချင်ဘူး။ ဒါကြောင့် သက်မာသူ့ကို အပြင်းအထန် ဆန့်ကျင်ခဲ့တယ်၊ ဒီလိုကနေ တဖြည်းဖြည်း ကိုယ့်မိသားစုကို ကိုယ်ဆန့်ကျင်မိသလို ဖြစ်လာခဲ့တယ်"

"သက်မာရယ်၊ ကိုယ်နားလည်ပါတယ်၊ ကိုယ်သဘော ပေါက်ပါတယ်"

"သက်မာဟာ ချစ်ခြင်း မေတ္တာတရား ငတ်မွတ်ခဲ့သူပါ၊ သုံးနှစ်သမီးအရွယ်ကတည်းက မေမေဆုံးခဲ့တယ်။ တစ်ခါ ဖေဖေကလည်း ခွန့်ခွာသွားပြန်တယ်။ ဒေါ်လေးဆီက ချစ်ခြင်း မေတ္တာ တရားကို ရခဲ့ပေမယ့် မရောင့်ရဲနိုင်ခဲ့ဘူး၊ အားမရဘူး၊ တစ်ခါတစ်လေ ဒေါ်လေးနဲ့ အမျှားကို ဆန့်ကျင်မိတာဟာ အဲဒီ မရောင့်ရဲနိုင်တဲ့ စိတ်တွေပါတယ်။ တစ်ခါတစ်ခါ ဆိုးကြည့်ပါ တယ်၊ သည်းခံခွင့်လွှတ်မှုကို ရခဲ့တော့မှ စိတ်ထဲမှာ နေသာ ထိုင်သာ ရှိတယ်။ ဒီအကြားက အားလုံးရဲ့ ချစ်ခြင်းမေတ္တာ





အပေါ်မှာ သံသယ ဝင်နေမိတယ်။ တကယ်တော့ ကိုယ့်ကိုယ်ကို မိဘဆိုး၊ ဖတဆိုးဆိုတဲ့ အားငယ်မှုက သူတစ်ပါးရဲ့ ချစ်ခြင်း မေတ္တာ အပေါ်မှာ သံသယ ဝင်စေခဲ့တာပဲ"

သက်မာသည် တကယ့် မိန်းမကြီးတစ်ယောက်လို ဖြစ်သည်။ တည်ငြိမ် သိမ်မွေ့စွာဖြင့် ပြောနေခြင်း ဖြစ်သည်။ သန့်သည် သက်မာကို ကြည့်ရင်း အစ်မ မယဉ်ခန့်ကို သတိရလာသည်။အစ်မ မယဉ်ခန့်ကို လွမ်းလာသည်။ သက်မာသည် စကား ဆက်သည်ကို ငေး၍ ကြည့်နေမိသည်။

"ညက အဖြစ်ဟာ သိပ် အရုပ်ဆိုးတာပဲ၊ မဖြစ်သင့်တဲ့ အဖြစ်ဆိုတာ စဉ်းစားမိပါပြီ။ သက်မာ မှားပါတယ် ဒေါ်လေး ရယ်။ မနေ့က သက်မာ အလိုလိုစိတ်တိုနေတယ်၊ စိတ်ထဲမှာ သိပ်ကျဉ်းကျပ် နေမိတယ်၊ ဒါနဲ့ စိတ်ပြေ လက်ပျောက် ဆိုသလို သက်မာကို ပိုးနေတဲ့ ကျော်ကျော်မိုးရဲ့ ကားနဲ့လိုက်သွားတယ်။ ဒေါ်လေးနဲ့ ကိုဝေလင်းကို တွေ့ရတော့ စိတ်ထဲမှာ ပိုပြီးဒေါသ ဖြစ်သွားတယ်၊ ဒါနဲ့ ကျောက်ကုန်းအိမ်အထိ လိုက်ကြည့်တယ်၊ နောက်တော့ ကျော်ကျော်စိုးကို မြို့ထဲပို့ခိုင်းပြီး ရုပ်ရှင် နှမ်ပွဲ ဆက်ကြည့်ပစ်လိုက်တယ်။ ဒါနဲ့ အိမ်ပြန် နောက်ကျတာပဲ၊ တကယ်တော့ ဒေါ်လေးကို ရန်လိုပြီး တမင် အရွဲ့တိုက်ခဲ့တာပဲ"

"ကိုယ်သိပါတယ် သက်မာ"

"ဒါပေမယ့် အခြေအနေတွေက လွန်ကုန်ခဲ့တယ်။ သက်မာရဲ့ အပြုအမူဟာ သိပ်ကို ရိုင်းစိုင်းခဲ့တယ်။ ပထမတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ရိုင်းစိုင်းခဲ့တာကိုပဲ ကျေနပ်နေမိသေးတယ်။ ညက အိပ်မပျော်နိုင်ဘဲ တောင်စဉ်းစားမြောက်စဉ်းစားနဲ့ စဉ်းစားလိုက်တော့မှ သက်မာ အပေါ်မှာ ဒေါ်လေး ကောင်းခဲ့တာတွေကို သတိရလာတယ်။ သုံးလေးနှစ်သမီး အရွယ်တုန်းက ချိနဲ့နေတဲ့ သက်မာ ခြေထောက်တွေ သန်လာအောင် မနက်တိုင်း နင်းတောထဲမှာ လက်ဆွဲပြီး လမ်းလျှောက်ပေးခဲ့တာတွေ၊ ကလေး ဆေးရုံမှာ မအိပ်မနေ ပြုစုခဲ့တာတွေ၊ သမီးတွေနဲ့ စာရင်တောင်မှ သက်မာ ကို ညာတာခဲ့တာတွေ တွေးလာမိတယ်။ သက်မာ နောင်တရမိ ပါတယ်"

"မင်းဆီက ဒီစကားတွေ ကြားရတာ ဝမ်းသာပါတယ် သက်မာ၊ လူဆိုတာ အမှားနဲ့ မကင်းကြပါဘူး၊ အမှားကို အမှားလို့ သိတဲ့လူဟာ လူတော်ပါပဲ။ ဒါပေမယ့်လဲ မင်းကို ကိုယ်ညကတည်းက ခွင့်လွှတ်ကြောင်း ပြောခဲ့ပြီးသားပါ"

"သက်မာ ဖတ်ဖူးတယ်၊ '**လက်နှင့် ရိုက်ပုတ်သည်၊ ခြေနှင့် ကန်ကြောက်သည်၊ ပါးစပ်ဖြင့် ဆဲရေးသည်၊ သို့သော် အပြစ်မယူ။ ချစ်မြဲ ချစ်လေ့ရှိသောသူသည် မိခင်**' တဲ့။ ဒေါ်လေးဟာ မိခင်နဲ့တူတဲ့ မိန်းမတစ်ယောက်ပါ၊ ဒီလိုမိန်းမမျိုးကို စော်ကားမိတဲ့ သက်မာဟာ တစ်နေ့မှာ ဝဋ်လည်မှာပဲဆိုတာ တွေးမိပါတယ်။ ဒေါ်လေးက နေပေမယ့် ငရဲက မနေပါဘူး"

"တော်ပါတော့ သက်မာရယ်၊ ဒါတွေကို မေ့လိုက်ပါတော့ကွယ်။ ပြီးတော့ မင်း ဘယ်ကိုမှ မသွားရဘူး၊ မင်းကို





ဒေါ်လေး သွားခွင့်မပြုဘူး"

"ဟုတ်ပါတယ် မမသက်မာ၊ မသွားပါနဲ့၊ သီဂီတို့ကို ခွဲမသွားပါနဲ့"

သီဂီက ဝင်တားသည်။ သက်မာက ခေါင်းမာစွာ ပြောနေဆဲ။

"သက်မာ သွားပါရစေ"

"အခုတော့ မသွားပါနဲ့ဦး သက်မာ၊ တကယ်လို့သွားချင်သပဆိုရင် နောက်မှသွားပါ။ ပြဿနာကို ရေဖျားဆုံးဖျားကြည့် ပါဦး။ ဒီကနေ့ အဆုံးအဖြတ်ပေးမှာပါ။ မင်းလိုချင်တဲ့ ပုံစံနဲ့ ပြီးသွားမှာပါ။ ကဲ တူးမာ သူ့သေတ္တာတွေ၊ အိပ်ရာလိပ်တွေ ပြန်သွင်းထားလိုက်စမ်း"

တူးမာသည် သေတ္တာနှင့် အိပ်ရာလိပ်များကို ဆွဲယူသွားသည်။

သက်မာသည် သန့်ရှေ့မှာ ကျုံ့ကျုံ့ထိုင်ချလိုက်သည်။ မျက်ရည်ပိုးပိုးပေါက်ပေါက် ကျနေသည်။ လက်အုပ်ချီလိုက်သည်။

"ဒေါ်လေးကို သက်မာ ကန်တော့ပါတယ်၊ သက်မာရဲ့ အမှားအတွက် ကန်တော့ပါတယ်။ ခွင့်လွှတ်ပါလို့တော့ တောင်းပန်ပါဘူး ဒေါ်လေး။ သက်မာကို ခွင့်မလွှတ်ပါနဲ့၊ ခွင့်လည်း မလွှတ်ထိုက်ပါဘူး"

သန့်သည် သက်မာ၏ လက်ကို ဆွဲယူကာ ရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com


ထစေလိုက်သည်။

"ခွင့်လွှတ်ပြီးသားပါ သက်မာ၊ လူဆိုတာ တစ်သက်မှာ တစ်ခါ မှားကြမှာပဲ။ သောတာပန်တွေမှ မဟုတ်ပဲ၊ တရားရှင်တွေမှ မဟုတ်ပဲ။ ကိုယ့်လိုလူတောင် မှားသေးရင် သက်မာ မှားတာ မဆန်းပါဘူး။ တိတ်ပါသက်မာ၊ မေ့ထားလိုက်စမ်း၊ မနေ့ညက အဖြစ်တွေကို မေ့ထားလိုက် သိလား"

သက်မာသည် ရှိုက်နေဆဲ။

သန့်က သီတာဘက်သို့ လှမ်းပြောသည်။

"သီတာ သမီး၊ မေမေဈေးသွားမယ်၊ ငြုပ်တစ်ဆုံလောက် ထောင်းထားလိုက်နော်"

သီတာက ခေါင်းညိတ်ပြသည်။

သန့်သည် လက်ဆွဲခြင်းကို ယူလိုက်သည်။ အိမ်မှ ထွက်ခဲ့သည်။ ခပ်လှမ်းလှမ်းသို့ အရောက်တွင် အိမ်ဆီသို့ သမင်လည်ပြန် ကြည့်မိသည်။

နံနက်ခင်း နေရောင်အောက်တွင် တောက်ပနေသော အိမ်ကလေး၊ စိမ်းမြသစ်လွင်သော မိုးနံနက်တွင် လှပနေသည့် အိမ်ကလေး၊ မိသားစု စုံစုံညီညီဖြင့် သာယာသော အသံတို့ ညံစီနေတတ်ခဲ့သည့် အိမ်ကလေး။ သည်အိမ်ကလေးကို သန့်မည်သို့ စွန့်ပစ်ရက်ပါမည်နည်း။ မည်သူကလည်း စွန့်ပစ်သွားချင်ပါမည်နည်း။ အကြောင်းကြောင်းကြောင့်သာ ခွဲခွာဖို့ စဉ်းစားကြရခြင်းဖြစ်သည်။



သည်အိမ် သည်မိသားစု တည်တံ့ရေးအတွက် သန့်သည် မိမိ၏ အသွေးအသားကိုပင်ပေးရစေတော့ ပေးမည်ဟု သန္နိဋ္ဌာန် ချလိုက်သည်။

သန့်၏ ရင်သည် ပေါ့ပါးသွားသည်။ သန့်၏ ခြေလှမ်းများသည် သွက်လက်လာသည်။

× × ×

တယ်လီဖုန်း ခေါင်းလောင်းသံသည် ကြာမြင့်စွာကတည်းက မြည်နေဟန် တူသည်။

ကိုဝေလင်းသည် တယ်လီဖုန်း ခေါင်းလောင်းသံကြောင့် အိပ်ရာမှ လန့်နိုးလာသည်။ သူသည် စပ်ကျင်ဆဲဖြစ်သော မျက်စိကို ပွတ်သပ်ရင်း အိပ်ရာမှ ထလိုက်ရသည်။

ညက အတော်ချည်း ညဉ့်နက်မှ အိပ်ပျော်ခဲ့သည်ကို သတိရနေသည်။ မိုးအေးအေးနှင့် စာတစ်အုပ်ပြီးအောင် ဖတ်ခဲ့မိသည်။ အိပ်မည်ကြံတော့ သုံးနာရီခွဲနေပြီ။ တကယ် အိပ်ဖြစ်ချိန်မှာ လေးနာရီ ဖြစ်သည်။

နာရီကို လှမ်းကြည့်မိသည်။ ခုနစ်နာရီခွဲမျှသာ ရှိသေးကြောင်း တွေ့ရသည်။

ဘယ်သူပါလိမ့်။ အဘယ်ကြောင့် စောစောစီးစီး ဖုန်းဆက်ပါလိမ့် တွေးရင်း စကားပြောခွက်ကို ကောက်ယူလိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟလို" ထူးလိုက်သည်။ တစ်ဘက်မှ အသံပေါ်လာသည်။

"ကိုဝေ"

"ဩော် သန့်၊ အစောကြီးပါလား"

"ဟုတ်တယ် ကိုဝေ၊ သန့် ဈေးလာရင်း လမ်းဘေးဖုန်းကနေ ပြောနေတာ"

"အကြောင်းထူး ရှိလို့လား ဟင်"

"အကြောင်းထူး၊ အင်း၊ ထူးကောင်း ထူးပါလိမ့်မယ်"

"ဘာများပါလိမ့်"

"တွေ့တော့မှပြောမယ်၊ ကိုဝေ အပြင်ထွက်နှင့်နေမှာစိုးလို့....၊ သန့် ကိုဝေ့အိမ်ကိုလာမလို့"

"အခုလား"

"ဟင့်အင်း ဆယ့်တစ်နာရီလောက် ကျမှပါ၊ စောင့်နေမယ် မဟုတ်လား"

"စောင့်မှာပေါ့၊ ကိုယ့် အိမ်မှာ မနက်စာ စားပါလား"

"မစားပါဘူး၊ စားပြီးမှ လာမှာ၊ ဒါပဲ ကိုဝေ။ ဆက်ဆက်စောင့်နော်"

"အင်းပါ၊ စိတ်ချပါ"

စကားပြောခွက်ကို ချသွားသည်။

သူသည် စကားပြောခွက်ကို ကိုင်ထားမိဆဲဖြစ်သည်။ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လျက် ကျန်ရစ်ရသည်။





သန့်၏အသံကို အကဲမရ။ တစ်မျိုးထင်သည်။သန့်၏အသံသည် အခါတိုင်းကလိုမကြည်။ အစ်တစ်တစ်ဖြစ်နေသည်။ ပြောပုံကလည်း တစ်မျိုးပါပဲ။ ပြတ်တောက်တောက် နိုင်နေသည်ဟု ထင်သည်။ အရေးတကြီး ပြောစရာရှိ၍သာ စောစောစီးစီး ဖုန်းဆက်ခြင်းဖြစ်မည်။ ဘာပြောမလို့ပါလိမ့်။ ဘာများအရေးတကြီး ရှိနေပါလိမ့်။

သို့ဖြင့် ကိုဝေလင်းသည် သန့်အလာကို စောင့်သည်။ မျှော်သည်။ သန့်သည် ဆယ့်တစ်နာရီထိုးမှ ရောက်လာသည်။

သန့်၏ မျက်နှာကို ကြည့်ရသည်မှာ အကဲမရ။ သန့်၏ ဆံပင်သည် အကျအန ဖီးသင်ထားခြင်းမရှိ။ သန့်၏ မျက်နှာမှာ အသေအချာ မှုံနံ့သာ သထားခြင်း မရှိ။ ဆံပင်ကို ဖြစ်သလို ထုံးဖွဲ့ထားခဲ့ပုံရသည်။ မျက်နှာကို သနပ်ခါးရေကျဲသာ လိမ်းကျံထားသည်။

သန့်၏ မျက်လုံးတို့သည် ရီဝေလျက် ရှိသည်။ သန့်၏ မျက်နှာမှာ မှုန်တေလျက်ရှိသည်။ ဤသည်ကို မြင်ရကတည်းက ကိုဝေလင်း ရင်ခုန်လျက် ရှိရပြီ။ ထိတ်လန့်ပူပန်လျက် ရှိရပြီ။

သန့်သည် အိမ်အတွင်းသို့ ဝင်လာသည်။ ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။ စကားတစ်ခွန်းမျှ မပြောသေး။ ကိုဝေလင်း၏ မျက်နှာကိုသာ တစ်ချိန်လုံး စိုက်ကြည့်နေသည်။ သန့်၏ သွင်ပြင်မှုယာကြောင့် ကိုဝေလင်းမှာလည်း အာစေးထည့်ထားခြင်း ခံရသူလို ဖြစ်သည်။ ဘာမျှ မပြောတတ်။ ဘာပြောရမည်

www.burmeseclassic.com



လည်း မသိ။

သူသည် သန့်၏ အပါးမှာကပ်၍ ထိုင်ချလိုက်သည်။ သန့်၏ လက်ဖဝါးကလေးများကို သူ့လက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။ ထို့နောက် သန့်၏ကိုယ်ကို ဆွဲယူလိုက်သည်။ အလိုက်သင့်ပါလာသည်။ သန့်၏ကိုယ်ကို ထွေးပွေ့ကာ နှုတ်ခမ်းကို နမ်းသည်။ သန့်သည် သူ၏အနမ်းကို ပြင်းထန်စွာ တုံ့ပြန်သည်။

အတော်ချည်းကြာမှ လူချင်းခွာလိုက်သည်။ ထိုအခါ သန့်၏ ပါးပြင်သို့ တစ်လိမ့်လိမ့် လျှောကျလာသော မျက်ရည်များကို မြင်ရသည်။

"သန့်ရယ်"

ကိုဝေလင်းသည် သက်ပြင်းရှိုက်ရင်းမှ ခေါ်လိုက်သည်။

"သန့် ဘာဖြစ်လာသလဲ ဟင်"

သူက စိတ်မကောင်းစွာ မေးမိသည်။

သန့်သည်စကားပြန်မရ။ တိတ်တိတ်တဆိတ် ရှိုက်နေသည်။

"ပြောစမ်းပါ သန့်ရယ်၊ သန့် ဘာဖြစ်လာသလဲ"

သည်အခါကျမှ သန့်၏ နှုတ်ခမ်းကလေးများသည် တရွရွလှုပ်လာသည်။

"ကိုဝေ ပြောတာ မှတ်မိသေးသလား၊ သာယာကြည်နူးမှုအတွက် ရတဲ့အချိန်ဟာ သိပ်နည်းတာပဲ ဆိုတာလေ။ ဟုတ်တယ် ကိုဝေ၊ သန့်တို့အဖို့ ကြေကွဲမှုအတွက် ပေးရတဲ့အချိန်တွေ





က သိပ်များပြီး သာယာကြည်နူးမှုအတွက် ရတဲ့အချိန်က နည်းလှပါတယ်"

"သန့် ဘာကို ဆိုလိုတာလဲကွယ်"

"ကိုဝေရေ သန့်တို့ အိပ်မက်က လန့်နိုးကြရပြန်ပြီ"

"ဟင်...."

"ဟုတ်တယ်၊ သာယာမှု အိပ်မက်မှာ နစ်မြောနေရာက လန့်နိုးကြရပြီ၊ လန့်နိုးရမယ့်အချိန်ဟာ ဆိုက်ရောက်လာပြန်ပြီ"

"သန့်ရယ်"

"ကိုဝေရယ်၊ သန့်ကို နမ်းစမ်းပါ၊ အားပါးတရ နမ်းလိုက်စမ်းပါ"

သန့်သည် ကိုဝေလင်း၏ ရင်ခွင်အတွင်းသို့ ပစ်လှဲလိုက်သည်။ သူကိုယ်တိုင် ကိုဝေလင်း၏ လည်ကုတ်ကို ဖက်တွယ်ကာ၊ ဆံပင်ကြမ်းကြမ်းကြီးများအတွင်း လက်ကို ထိုးထည့်လိုက်ကာ ပွတ်သပ်ရင်း မွတ်သိပ်စွာ၊ ကြမ်းတမ်းစွာ နမ်းသည်။

"ဒါပဲ မောင်ရယ်၊ သန့် အပေးနိုင်ဆုံးဟာ ဒါပဲ၊ သန့် အနေနဲ့ ဒီထက်မကာ ပေးနိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်၊ ဒါပေမယ့် ခွင့်မပြုကြဘူး၊ သန့်တို့မှာ အရနိုင်ဆုံး အခွင့်အရေးဟာ ဒီထက် မပိုဘူး"

ကိုဝေလင်းသည် သန့်၏ မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ သူ့စိတ်ထဲမှာ တစ်စုံတစ်ရာကို သိလာသည်ဟု တော့ ထင်သည်။ ထိုအရာကို မည်သည့်အရာဟု နားလည်မိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့နှင့်အမျှ တုန်လှုပ်ရခြင်းသည် သူ့ရင်ကို စိုးမိုးလာသည်။ ရင်မှာ ပူပန်လာရသလို ရှိသည်။

"ကိုဝေ ရန်ကုန်ကိုပြောင်းဖို့ လုပ်ပြီးပြီးလား"

"အင်း"

"ဘယ်တော့လောက် ပြောင်းလာရမှာလဲ ဟင်"

"အတိအကျတော့ မသိဘူး၊ သိပ်ကြာလှမယ်တော့ မထင်ဘူး"

"အဲဒါကို ပြန်ဖျက်လိုက်တော့ ကိုဝေ"

ကိုဝေလင်း၏ ခေါင်းသည် ငိုက်စိုက်ကျသွားသည်။ သူ့ရင်ထဲမှာ ဆို့နင့်လာသလို ရှိသည်။ ကြေကွဲသွားရသလိုရှိသည်။

"ပြန်ဖျက်လိုက်တော့ ကိုဝေရေ၊ ကိုဝေရဲ့ တောတောင်တွေဆီ ပြန်သွားပါ၊ သစ်ပင်တွေဆီကို ပြန်သွားပါ၊ ဖုန်းဆိုးမြေတွေ၊ ကျပ်တီးပြင်တွေ၊ လွင်တီးခေါင်တွေဆီကိုပဲ ပြန်သွားပါတော့ မောင်ရယ်"

"ဘာဖြစ်လို့လဲ သန့်ရယ်"

"သန့် ကိုဝေ့ကို လက်မထပ်နိုင်တော့ဘူး"

ကိုဝေလင်း၏ မေးကြောသည် ထောင်ထသွားသည်။ သူ၏ မျက်နှာသည် တင်းမာ အိုမင်းသွားသည်။ သူ၏မျက်လုံးသည် မျက်ရည်ကြည် ဝေ့လည်လာသည်။

"ဘာဖြစ်လို့လဲ သန့်ရယ်"

သူက ဆွေးမြေ့သောအသံဖြင့် မေးလိုက်ပြန်သည်။





သန့်သည် ယမန်နေ့ညက အဖြစ်များကို ပြန်လည်ပြောပြနေသည်။ သက်မာ၏ အကြောင်း၊ သက်မာနှင့် သန့်တို့၏ ပဋိပက္ခအကြောင်းများကို တစ်လုံးမကျန် ပြောပြလိုက်သည်။

ကိုဝေလင်းသည် ငေးနေလေသည်။ သန့်၏ စကားများကို နားထောင်ရင်းမှ သူ၏ရည်မှန်းချက်တောင်ကြီး တအိအိ ပြိုကျလာသည်ကို မြင်ယောင်နေရသည်။ မျှော်မှန်းချက် အစိုင်အခဲများ အရည်ပျော်ဆင်းနေသည်ကို တွေ့နေရသည်။

သန့်၏ အသံသည် သူ၏ နားအတွင်းသို့ ခါးသီးပူလောင်စွာ ဝင်လာသည်။ သူ၏ နှလုံးသားကို တအိအိ ဖွဲ့ချွေနေသည်ဟု အောက်မေ့သည်။

"သန့် မထင်ဘူး၊ ဒီလောက်အထိ တင်းတင်းမာမာ ဖြစ်ရလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ အခုတော့ သန့်တို့က အရှုံးပေးလိုက်ကြပါစို့ ကိုဝေရယ်။ သန့်တို့ဘက်ကပဲ လက်နက် ချလိုက်ကြပါစို့။ သန့်မှာ သူတို့ကို စည်းရုံးဖို့ အင်အားလဲ မရှိတော့ဘူး။ ရင်ဆိုင်ဖို့ သတ္တိလဲ မရှိတော့ဘူး။ နောက်တစ်ခုက သန့်စကားတစ်ခု ကြားဖူးတယ် ကိုဝေ။ 'အိမ်ထောင်စုတစ်စု၊ မိသားစုတစ်စုဟာ စင်စစ်မှာတော့ နိုင်ငံတော်တစ်ခုပဲ' တဲ့။ 'မိဘဆိုတာဟာ နိုင်ငံတစ်ခုရဲ့ ခေါင်းဆောင်တွေပဲ' တဲ့။ 'သားသမီးဆိုတာ နိုင်ငံအတွင်းမှာ မှီတင်းနေကြတဲ့ ပြည်သူပြည်သားတွေပါ။ ခေါင်းဆောင်ဟာ အများကိုမဆန့်ကျင်ရဘူး၊ ကိုယ်ရဲ့ ကိုယ်ရေးကိုယ်တာကို မေ့ထားရမယ်၊ တတ်နိုင်သမျှ အနစ်နာခံရမယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဒါမှလဲ ခေါင်းဆောင်ပီသမယ်။ မိသားတစ်စုရဲ့ အကြီးအကဲဖြစ်တဲ့ သနဲ့ဟာ ဒီမိသားစုရဲ့ ခေါင်းဆောင်ပါပဲ' သနဲ့ဟာ သနဲ့ရဲ့ ကိုယ်ရေးကိုယ်တာကို မေ့ထားရမယ်၊ အနစ်နာခံရမယ်။ သဘောထားကြီးရမယ်၊ ခေါင်းဆောင်ပီသရမယ်။ ဒါကြောင့်ပဲ သနဲ့ရဲ့ ကိုယ်ကျိုးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ရပါတယ် ကိုဝေ။ သနဲ့ကို နားလည်ပါ။ သနဲ့လိုပဲ သဘောထားကြီးပါ။ ပြီးတော့....ပြီးတော့.... သနဲ့ကို ခွင့်လွှတ်ပါ မောင်ရယ်"

သနဲ့၏ စကားအဆုံးတွင် တိတ်ဆိတ်သွားသည်။ ငြိမ်သက်သွားသည်။

ကိုဝေလင်းသည် ငူငူငိုင်ငိုင် ထိုင်နေမိဆဲ။ ဘာမျှလည်း မပြောတတ်တော့။ ဘာမျှလည်း မပြောချင်တော့။ ကြေကွဲရခြင်းသည် သူ၏နှုတ်ကို ဆွံ့အနေစေသည်။

သူ၏ မျက်စိထဲမှာတော့ တစ်ခါက အဖြစ်ကို အပြေးအလွှား မြင်ယောင်လာသည်။

ရတနာဆောင် ညှိခန်းမ။ ငိုရှိုက်လျက်က ကျောခိုင်းသွားသော သနဲ့။ အင်းယားကန်စောင်းမှ ကညင်ပင်။ သစ်မြစ်ဆုံမှာ ထိုင်နေသော သူ။ သည်စဉ်ကလည်း ယခုလို ငူငူငိုင်ငိုင်ကြီး ထိုင်နေခဲ့မိသည်။ အထွတ်အထိပ်ဖြစ်သော ခံစားရမှုကြောင့် အေးမြခြင်း၊ လေတိုင်ခြင်း၊ ခြင်ကိုက်ခြင်း စသည်တို့ကို အသိမဲ့ကာ တုံ့ပြန်မှုကင်းနေသော သူ့အသွင်ကို သူ့ဖာသာ ပြန်မြင်လာသည်။

Royal Snow
Publications



ယခုလည်း သည်သို့ပင် ရှိရပြန်ချေပြီ။

လူတစ်ယောက်တွင် ကြေကွဲရခြင်းကို နှစ်ခါပြန် မခံစားရစကောင်းဟု သူထင်ခဲ့သည်။ တစ်ခါအနစ်နာခံခဲ့လျှင် နောက်တစ်ခါ၌ အသာခံစားရစမြဲဟု နီတိဆရာတို့က ဆိုထားသည်။ သို့သော် ယင်းစကားသည် သူ့အတွက်မဟုတ်။ သူနှင့်မဆိုင်။ နီတိဆရာသည်ပင် ပညာရှိ သတိဖြစ်ခဲဆိုသလို ဖြစ်ခဲ့လေသလား၊ သူ့ကံကိုကပဲ ဆိုးရွားလွန်းလေသလား မတွေးတတ်တော့ပါ

သူသည် အမေ့မျက်နှာကို ကွက်ခနဲ မြင်ယောင်မိပြန်သေးသည်။ မနေ့က အမေ့ထံမှ စာတစ်စောင်ကို သူရခဲ့သေးသည်။ အမေက 'ဝေလင်းရေ၊ အေးမြကြည် အကြောင်းကြားရတာ မနိမ့်ဘူးဟဲ့၊ သူနဲ့တက္ကသိုလ်မှာ အတူနေဖူးတဲ့ မိန်းကလေးတစ်ယောက်က ပြောပြတာ။ သူကရိုးပုံရိုးလက်၊ အေးပုံအေးစက်နဲ့ အတော်လာတယ်။ တက္ကသိုလ်မှာတုန်းက ယောကျ်ားကလေး တရုန်းရုန်းနဲ့ နေခဲ့ဆိုပဲ။ နင့်ကို သူနဲ့ သဘောမတူနိုင်တော့ဘူး။ တစ်ခြားလူလည်း စဉ်းစားလို့မရဘူး။ ဒီတော့ မထူးပါဘူးဟယ်၊ နင့်ဟာမကိုပဲ ယူချင်ယူတော့။ ဂုလေးကြီးတွေပါလာတယ်ဆိုတော့ မြေးမချီရပေမယ့် မြစ်လောက်တော့ ချီရမှာပေါ့၊ ဟုတ်စ'။ အမေသည် စာတွင် ယင်းသို့ ခတ်ရွှင်ရွှင်ခတ်သောသော ရေးထားသည်။ သည်တစ်ခါ အမေနှင့် မျက်နှာချင်းဆိုင်ရလျှင် မည်သို့ဖြေရှင်းရမည်နည်း။ အမေ့ကို မည်သို့

Royal Snow
Publications
www.burmeseclassic.com

www.burmeseclassic.com

ပြောရပါ မည်နည်း။ သူမတွေးတတ်တော့။

"ကိုဝေ"

သန့်ကခေါ်သည်။ သူသည် သန့်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

"အဲဒီလို တိတ်တိတ်ဆိတ်ဆိတ်ကြီး လုပ်မနေစမ်းပါနဲ့ ကိုဝေရယ်၊ သန့် ရင်နာလွန်းလို့ပါ၊ စကားတစ်ခွန်းလောက် ပြောစမ်းပါ"

"ကိုယ် ဘာပြောရမှာလည်း ဟင်"

"တစ်ခုခု၊ ဘာဖြစ်ဖြစ်"

"ကိုယ်ပြန်တော့မယ်၊ ကိုယ့်ရဲ့ တောတောင်တွေ သစ်ပင်တွေ၊ ခရောင်းတောတွေ၊ ဖုန်းဆိုးမြေတွေဆီ ကိုယ်ပြန်ပါတော့မယ် သန့်ရယ်။ လောကမှာ ကိုယ်နဲ့ထိုက်တန်တာ ဒါတွေပဲလို့ ကိုယ်သဘောပေါက်ပါတယ်။ အဲဒီကိုပဲ ကိုယ်ပြန်ပါတော့မယ် အချစ်ရယ်"

× × ×

Royal Snow Publications

# ၁၅

ပုရွက်အုံကို တုတ်နှင့် ဆွလိုက်သည့်ပမာ၊ ရေပြည့်အိုးကို ရိုက်ခွဲလိုက်သည့်နှယ် ဖြစ်ပါသည်။

လူတို့သည် အရုတ်ရုတ် အသဲသဲ၊ အရှုပ်ရှုပ် အထွေးထွေး ဖြစ်နေသည်။ အကျပ်ကျပ် အညပ်ညပ်၊ အပြွတ်ပြွတ် အသိပ်သိပ်ရှိနေသည်။ အတိုးအတိုး အဝှေ့ဝှေ့၊ အပြေးပြေး အလွှားလွှားရှိနေကြသည်။

သြော် ရထား ထွက်တော့မှာပါကလား။

ရန်ကုန် ဘူတာကြီးသည် အခါတိုင်းကလိုပင် ကြက်ပျံမကျ စည်ကားသိုက်မြိုက်လျက်ရှိသည်။ လူသံသူသံ၊ မီးရထား စက်ခေါင်းသံတို့ဖြင့် စီညံလျက်ရှိသည်။ မေးသံမြန်းသံ၊ အော်သံဟစ်သံ၊ နှုတ်ဆက်သံတို့ဖြင့် ဆူညံလျက်ရှိသည်။

ကိုဝေလင်းသည် မီးရထား တံခါးပေါက်မှနေ၍ စင်္ကြံလမ်းသို့ ငေးကြည့်လျက်ရှိသည်။ အသံပလံများကို နားမှာ ကြားနေရသည်။ သို့သော် သူ့ပကာကို မျက်စိအမြင်တွင် ရှုပ်ထွေးသော

Royal Snow Publications
www.burmeseclassic.com

www.burmeseclassic.com

လူတွေကို မြင်နေကြည့်နေရသည်ဟု မထင်။ နားမကြားနေရသော အသံတို့ကိုလည်း ပကတိအတိုင်း ကြားနေရသည်ဟု မအောက်မေ့။ သူ့အမြင်သည် ဝါးလျက် ရှိသည်။ သူ့အကြားအာရုံမှာလည်း ဘာမျှ မယ်မယ်ရရမရှိ။

သူသိနေသည်မှာတော့ မကြာမြင့်မီ ကာလအတွင်း မီးရထားသည် သူ့ကို သယ်ဆောင်ကာ ဝေးလံသောနေရာသို့ ထွက်ခွာသွားလိမ့်မည်ဟူ၍ ဖြစ်သည်။ သူသည် မကြာမီကာလအတွင်း သည်မြေကို ကျောခိုင်းခဲ့ရလိမ့်မည် ဟူ၍ ဖြစ်သည်။

မြန်မြန် ထွက်ပါတော့၊ မြန်မြန်ခွာပါတော့ဟုလည်း ဆုတောင်းနေမိသည်။

BURMESE CLASSIC .com

ဆယ်နှစ်တာမျှ ခွဲခွာခဲ့ရသော နေရာ။ ဆူညံစည်ကားသော နေရာ။ ပြင်ပအမြင်တွင် သုခဘုံနှယ် ထင်ရသောနေရာ။ သည်နေရာမှ သူ ဒုတိယမ္ပိ ခွဲခွာရပေဦးတော့မည်။ သည်နေရာနှင့် ဝေးသောနေရာသို့ ပြေးရပေဦးမည်။ သည်နေရာတွင် သူ့အတွက် ဘာမျှမရှိ။ သည်နေရာမှာပင် သူ့ရင်သည် ဟင်းလင်းပွင့်ခဲ့ရပြီ။ သူ၏ခံစားတတ်ခြင်း ဝေဒနာဟူသမျှကို သည်မှာထားခဲ့ရပေပြီ။ ရင်နာတတ်ခြင်းဟူသည်ပင် သူ့အဖို့ ကျောက်ဝက်သက် စသော ဝေဒနာများလို တစ်ခါဖြစ်ပြီး နောက်မဖြစ်နိုင်သည့်ပမာ ခံစားရကောင်းမှန်း မသိတတ်တော့ပြီ။

'ရထားထွက်ရန် ငါးမိနစ်သာ လိုတော့သည်' ဆိုသော စာတန်းကလေး ပျောက်ကွယ်သွားသည်။ တတိယနှင့် နောက်





ဆုံးခေါင်းလောင်းသံ ပေါ်လာသည်။ မီးရထားသည် နှုတ်ဆက်ဥသြသံကို ပြုလိုက်ပြီ။

တစ်နေရာမှ စစ်ထွက်ယောကျ်ား ဖြစ်ဟန်တူသော အမျိုးသားသည် ရင်သွေးဖြစ်ဟန်တူသော ကလေးငယ်ကို အပြီးသတ် နမ်းရှုပ်ကာ ဇနီး၏လက်သို့ ပြန်ပေးလိုက်သည်။ ငယ်ရွယ်လှပသော လုံမသည် ငိုမဲ့မဲ့မျက်နှာဖြင့် ရည်းစားသည် ဖြစ်ဟန်တူသော လုလင်ကို နှုတ်ဆက်နေသည်။

ကိုဝေလင်းသည် သူနှင့်မနီးမဝေးမှ ယင်းရှုခင်းကို ကြည့်ရင်း အေးစက်စွာ ပြုံးလိုက်သည်။ တွေ့ကြုံဆုံကွဲ ဖြစ်မြဲခမ္မာတာကို သူကောင်းစွာ နှလုံးသွင်းမိသည်။

သူ၏ကိုယ်မှာ ငြိမ့်ကနဲ ဖြစ်သွားသည်။ ရထားထွက်ပေပြီ။

နေခဲ့ပေတော့ မြို့ရန်ကုန်ရယ်။ နေခဲ့ပေတော့ သန့်ရယ်၊ နေခဲ့ပေတော့ ကြမ္မာဆိုးတွေရယ်။

သူ့ စိတ်ထဲမှာ တီးတိုးရွတ်ဆိုမိသည်။

သူသည် နောက်ဆုံး နှုတ်ဆက်သည့်အနေနှင့် နီယွန်မီးရောင်များဖြင့် တန်ဆာဆင်ထားသော မြို့ရန်ကုန်ကို ငေးကြည့်လိုက်သည်။ နေ့လယ်ခင်းတမျှ လင်းထိန်နေသော ဘူတာရုံအတွင်းသို့ ဝဲ၍ ကြည့်လိုက်သည်။

သည်စဉ်မှာပင် သူ၏ကိုယ်သည် ဆတ်ကနဲ ဖြစ်သွားရသည်။ သူ၏ အာရုံသည် ဖျပ်ကနဲ နိုးကြားသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအစုံမှာ ပြုံးကျယ်သွားရသည်။

"သက်မာ"

သူ့နှုတ်မှ အသံ တိုးထွက်သွားသည်။

သက်မာသည် လူအုပ်အကြားမှာ တိုးထွက်လာသည်။ ရွေ့စပြနေသော ရထား၏ အထက်တန်းတွဲဆီသို့ လာနေသည်။ ရထားတွဲများအတွင်း အပြေးအလွှား လိုက်ကြည့်နေသည်။ သက်မာ၏ နောက်တွင်ကား တူးမာ၊ သီတာနှင့် သီဂီ။

သူတို့ ဘာလာလုပ်ကြပါလိမ့်။ ဧည့်သည်တစ်ယောက်ယောက်ကို လိုက်ပို့ခြင်းလေသလား ထင်သည်။ ကိုယ့်ကို လိုက်ပို့တာတော့ မဖြစ်နိုင်ပါဘူး အောက်မေ့သည်။

သို့သော် သက်မာသည် အရေးတစ်ကြီး ထိတ်ထိတ်ပျာပျာနှင့်ဖြစ်နေသည်။

ထို့ကြောင့်ပင် သူသည် အငြိမ်အသက် မနေနိုင်တော့ဘဲ ပြတင်းပေါက်တွင် ရပ်လိုက်ရသည်။ ကိုယ်တစ်ပိုင်း ထုတ်ပြလိုက်ရသည်။

သက်မာသည် သူ့ကိုတွေ့သွားသည်။ ချက်ချင်းမှာပင် မျက်နှာသည် ဝင်းထိန်သွားသည်။ အပြုံးပေါ်လာသည်။

ရထားကာ အရှိန်ရစပြုပြီ။

"ဦးဝေလင်း၊ ဦးဝေလင်း"

သက်မာ ခုန်ပေါက်အော်ဟစ်၍ ခေါ်လိုက်သည်။ သက်မာသည် လက်ကလေးကို တဆတ်ဆတ် လှုပ်ပြသည်။





ထိုလက်ထဲမှ ဖြူဖွေးသော စာအိတ်သည်-သက်မာနှယ်ပင် ခုန်ပျံနေသည်။

သက်မာနှင့် သူတို့ နီးကပ်လာသည်။

"ဦးဝေလင်း၊ စာ စာ ဦးဝေလင်းအတွက်စာ"

သက်မာက လက်ကမ်းပေးသည်။ ကိုဝေလင်းသည် သက်မာ၏လက်မှ စာကို အမိအရ ဖမ်းဆွဲလိုက်ရသည်။ လက်ထဲမှာ စာအိတ် ပါလာသည်။

သက်မာသည် စင်္ကြံလမ်းတွင် ရပ်လျက်ကျန်ရစ်ခဲ့သည်။ မိန်းမငယ်က လက်ပြနှုတ်ဆက်နေသည်။ သက်မာနှယ်ပင် ခပ်လှမ်းလှမ်းမှ တူးမာတို့ကလည်း လက်ပြနှုတ်ဆက်လျက် ရှိကြသည်။ ကိုဝေလင်းမှာလည်း ပြန်လည် လက်ပြနှုတ်ဆက်မိသည်။ သူတို့၏ အသွင်များ ဝေး၍ဝေး၍ သေး၍သေး၍ ကျန်ရစ်သည်။ အမြင်မှ ပျောက်ကွယ်သွားသည်။

အသွင်အပြင်များ ပျောက်ကွယ်သွားမှ သူသည် ဆိုဖာတွင် ထိုင်လိုက်သည်။ လက်ထဲမှ စာအိတ်ကို နားမလည်နိုင်စွာ ကြည့်မိသည်။

စာအိတ်ပေါ်တွင် ဝိုင်းစက်ညီညာသော လက်ရေးဖြင့် 'ဦးဝေလင်းသို့' ဟု ရေးထားသည်။ သက်မာ၏ လက်ရေးပင်ဖြစ်စကောင်းပါသည်။

ကိုဝေလင်းသည် စာအိတ်ကို ဖောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဦးဦးဝေလင်းရှင့်

သမီးတို့ ရှိသေစွာ စာရေးပါသည်။

အဖြစ်အပျက်အားလုံးအတွက် သမီးတို့ စိတ် မကောင်းကြပါ။ စိတ်မကောင်းနိုင်ကြပါ။ အမှန်တော့ အဖြစ်အပျက်တွေက တစ်ဦးနှင့်တစ်ဦး နားမလည်မှု၊ သံသယရှိမှုများကြောင့် ဆိုးဆိုးရွားရွား ဖြစ်ခဲ့ရသည် ထင်ပါသည်။

အခုတော့ တစ်ဦးကိုတစ်ဦး နားလည်ကြပြီ ထင်ပါသည်။ သံသယများလည်း ပြေပျောက်ခဲ့ပြီဟု အောက်မေ့ပါသည်။

မေမေအိမ်သို့ ပြန်လာပါသည်။ ဦးဦးဝေလင်းနှင့် ပြတ်ပြတ်သားသား ဖြစ်ခဲ့ကြပြီ၊ ဦးဦးဝေလင်း ပြန်တော့မည်ဆိုသည့် အကြောင်းများ သိရပါသည်။ မေမေသည် သမီးတို့အား ပြုံး၍ ပြောပြခဲ့ခြင်းဖြစ်ပါသည်။ သို့သော် မေမေသည် တိတ်တဆိတ် ကျိတ်၍ ငိုရှိုက်ခဲ့သည့် အဖြစ်ကို သမီးတို့ သိကြပါသည်။ မေမေ သူ့ကိုယ်သူ အနစ်နာခံ၍ သမီးများ စိတ်ချမ်းသာအောင် ဆောင်ရွက်ခဲ့ကြောင်း နားလည်ရပါသည်။

သို့ဖြင့် သမီးတို့ဘာသာ စုဝေးဆွေးနွေး၍ တိုင်ပင်ကာ ဤစာကို ရေးပါသည်။

ကိုယ့်ပျော်ရွှင်မှုအတွက် သက်သက်ကြည့်ကာ မေမေ့ကြည်နူးမှုကို လုယက် မယူလိုတော့ပါ။ မေမေ့အား နားလည်စွာ





ခွင့်လွှတ်ပြီး မေမေနှင့်အတူ ပျော်ရွှင်ကြည်နူးမှုရှာရန် သန္နိဋ္ဌာန် ချလိုက်ကြပါသည်။

သည်တော့ ဦးဦးဝေလင်း ပြန်လာခဲ့ပါ။ ရန်ကုန်ကို၊ သမီးတို့ဆီကို ပြန်လာခဲ့ပါ။

သည်တစ်ခါ အစစအရာရာ အဆင်ပြေရပါစေမည်။ ဦးဦးအတွက် အာမခံချက် အပြည့်အဝ ရရပါစေမည်။

ဦးဦးဝေလင်း ပြန်လာပါ။ အမြန်ပြန်လာခဲ့ပါ။

မေမေနှင့်တကွ သမီးတို့အားလုံး မျှော်နေပါမည်။

သမီးများ

သက်မာ၊ တူးမာ၊ သီတာ၊ သီဂီ

P.S

ဦးဦးပြန်လာရင် သီဂီဖို့ ငှက်လှလှကလေးတွေ၊ သစ်ခွပန်းတွေ ယူခဲ့ပါ။

သီဂီ

ကိုဝေလင်းသည် စာရွက်ကလေးကို ခေါက်လိုက်ပြီး နှစ်နှစ်ကာကာ ပြုံးလိုက်သည်။

သူ၏ ရင်သည် နွေးလာသည်။ နှလုံးသားသည် ယခုမှ ပြန်လည် အလုပ်လုပ်သည့်နှယ် တဆတ်ဆတ် ခုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တုန်ရီသောလက်ဖြင့် သူသည် စာခေါက်ကလေးကို အင်္ကျီအိတ် အတွင်း ထည့်လိုက်သည်။

အစကတော့ ပဲခူးကို မဝင်ဘူးလို့ပါပဲ။ ကိုယ့်ဌာန ကိုယ့်ဒေသ အရောက် ပြန်မလို့ပါပဲ။ သစ်တောများ၊ တောင် ကတုံးများ၊ လွင်တီးခေါင်များ၊ ဖုန်းဆိုးမြေများဆီသို့ ပြန်မလို့ ပါပဲ။ အမေ့ကို ဝင်ပြီး နှုတ်ဆက်ချင်ပေမယ့် ကိုယ့်အဖြစ်က မလှလေတော့ တွေ့ရမှာ ဝန်လေးခဲ့သည်။ အမေနှင့် မျက်နှာချင်း မဆိုင်လိုခဲ့။ တစ်ချိုးတည်းပြေးဖို့သာ စိတ်ကူးခဲ့သည်။

ယခုတော့ ပဲခူးကို ဝင်ရဦးမည်။ အမေနှင့် တွေ့ရဦး မည်။ အမေ့ကို နှုတ်ဆက်ရမည်။ သို့သော် မကြာခင် အမေ့သား ပြန်လာမည့်အကြောင်း ပြောရဦးမည်။

ပြီး အမေနှင့် တွေ့ကာမှ အမေ့ချွေးမ မယဉ်သန့်နှင့် သူ၏ သမီးများအကြောင်းကိုလည်း အမေ့ကို တစ်နင့်တစ်ပိုး ကြီး ပြောပြရဦးမည်။

ပြတင်းပေါက်မှတစ်ဆင့် ပြင်ပသို့ အမှတ်မထင် လှမ်း ကြည့်မိသည်။ ပြင်ပရှိ မိုးဥတု၏ ရှုခင်းအားလုံးသည်....

စိမ်းလျက်....

မြလျက်....

သာယာလျက်ပါကလား....။ ။

မောင်သိန်းဆိုင်

23, Aug, 1973

စာမူခွင့်ပြုချက်အမှတ်

– အတိတ်မေ့နေသော မိန်းမလှတစ်ဦး

– ရိုးသားတည်ကြည်သော ဆရာဝန်တစ်ဦး

– မှန်ကန် ဖြောင့်မတ်သော ရှေးဟောင်း သုတေသီတစ်ဦး

သည်သုံးဦးတို့အကြားမှ –

– မရှုနိုင် မကယ်နိုင်အဖြစ်

– မတွေးနိုင် မအန်နိုင်အဖြစ်

လှိုင်းဂုက်ရခြင်းအစုံ၊ **ရင်စုန်ရခြင်းအစော**

# နန္ဒဝန်မှပြည်သိတာ

# မောင်သိန်းဆိုင်

(လုံးချင်းစာအုပ်အဖြစ် တစ်ကြိမ်မှ မထုတ်ဝေရသေးသော စာအုပ်)

ပန်းချီဝသုန်၏ မျက်နှာဖုံး

စာမျက်နှာ ၅၀၀ နီးပါး

ထူထူထဲထဲ ခန့်ခန့်ငြားငြား

လှလှပပ

www.burmeseclassic.com